www.burmeseclassic.com

# ဖိုးကျော့

# မဟာလိဒို



www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏ရှေးဦးစကား

စာရေးသူသည် မိမိစာအုပ်၌ လည်းကောင်း သူတစ်ပါး စာအုပ်၌ လည်းကောင်း အမှာဆိုသည့် စာကိုရေးရန် အလွန်ဝန်လေးတတ်ပါသည်။ အကြောင်းမှာ စာဖတ်သူ ဖတ်မည့် စာအုပ်၏ အဆိုး အကောင်းကို စာဖတ်သူကသာ အဆုံးအဖြတ် ပေးစေချင်သော ဆန္ဒကြောင့်ဖြစ်ပါသည်။ စာအုပ်အပေါ် ရှေးဦးမဆွ လမ်းပြမလုပ်သင့်ဟု ထင်၍လည်း ဖြစ်ပါသည်။

သို့သော် ဤ "မဟာလီဒို" နှင့် ပတ်သက်၍မူ စာဖတ်သူများအား ကြိုတင် အသိပေးထားစရာ ရှိသည်မှာ . . . ဤ "မဟာလီဒို" စာအုပ်ထဲက အချို့အစိတ်အပိုင်းများသည် မဂ္ဂဇင်းများ၌ ပါဖူးပြီးသားဖြစ်ပါသည်။ သို့သော် မဂ္ဂဇင်းများ၌ ရေးသားရခြင်းမှာ စာမျက်နှာကို ငဲ့ရသဖြင့် အတိုချုံး၍ ရေးရသဖြင့် "မဟာလီဒို" သည် ပြီးပြည့်စုံခြင်း မရှိပေ။ ယခု ဤစာအုပ်၌မူ မဟာလီဒိုနှင့် ပတ်သက်၍ စုဆောင်းကြားသိသမျှတို့ ထည့်သွင်းရေးသားခြင်း ဖြစ်ပါသည်။ ❑

✍

မိုးဝေး

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၀၆၉၉၀၆၀၅
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၀၂၂၀၆၀၉
ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ
အုပ်ရေ - ၅၀၀
ထုတ်ဝေသူ
ဦးကျော်ဆန်း (ရဲအောင်စာပေ)
အမှတ်(၂)၊ ချွန်းလမ်း-၁၊ မင်္ဂလာတောင်ညွန့်မြို့နယ်
ရန်ကုန်မြို့။
ပုံနှိပ်သူ
ဦးမျိုးမြင့် (ပွင့်သစ်ရောင်စုံပုံနှိပ်တိုက်)
အမှတ် ၁၄၂၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။
စာအုပ်ချုပ်
ဝင်းပပ စာအုပ်ချုပ်လုပ်ငန်း ၊ အမှတ် (၁၅၂)၊
သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။ ဖုန်း-၂၉၆၀၃၃
ဖြန့်ချိရေး
ရမ္မဝတီ စာပေတိုက်
တန်ဖိုး - ၁၃၀၀ ကျပ်

# ၁။

မဟာလီဒို ဆိုသည်မှာ အိန္ဒိယနိုင်ငံ အာသံပြည်နှင့် ဘင်္ဂလားနယ် ကို ဆက်သွယ်ကာ လီဒိုမြို့မှ အစပြုခဲ့သော မဟာလမ်းမကြီး၏ အမည် ဖြစ်သည်။ ထိုလမ်းကို ၁၉၄၃ - ခုနှစ် ဒီဇင်ဘာလ တစ်ရက်နေ့ ဒုတိယ ကမ္ဘာစစ်အတွင်းက စတင်ဖောက်လုပ်ခဲ့ခြင်း ဖြစ်သည်။

ထို လီဒိုလမ်းမကို လီဒိုမြို့မှ ကျွန်ုပ်တို့ မြန်မာနိုင်ငံ ပတ်ကိုင်တောင်တန်း၊ ရှင်ဗွေယံ၊ တနိုင်း၊ ဟူးကောင်း၊ မိုးကောင်း၊ မြစ်ကြီးနားမှ ဧရာဝတီမြစ်ကိုဖြတ်ကာ ဗန်းမော်၊ လားရှိုးမှတစ်ဖန် တရုတ်ပြည်ဘက်ရှိ မာကိုပိုလိုလမ်းမကြီးနှင့် ဆက်သွယ်ရန် ဖြစ်လေသည်။ ခရီးမိုင်ပေါင်းမှာ ၁၄၀၀ - ခန့် ရှည်လျားလေသည်။

ထိုလမ်းကို ဆောက်လုပ်ရာတွင် တံတားပေါင်း အတိုအရှည် ၁၃၀၀ ကျော်၊ အရေးပေါ်အဆောက်အဦ ၂၃၀၀ - ကျော်၊ မော်တော်ကား စက်ပြင်ရုံနှင့် လက်နက်တပ်ဆင်ရုံပေါင်း ၇၀ - ကျော်၊ ဟူးကောင်းတောင်ကြားရှိ ရှင်ဗွေယံအတွက် စက်ကြီး၊ စက်ငယ် ၂၀ - ကျော်၊ ခုနှစ်တန်လေးသော တွင်ခုံစက်ကြီး ၂ - လုံးနှင့် စက်ပြင်ရုံ ၂ - ရုံ ထိုစက်ပြင်ရုံ နှစ်ရုံ၌ မော်တော်ကား စက်ပစ္စည်း အစိတ်အပိုင်း အားလုံးကို အပြီးအစီး ပြုလုပ်ပေးနိုင်သည်ထိ ပြီးပြည့်စုံသည်။

ထိုအပြင် လမ်းတစ်လျှောက်တွင် လေယာဉ်ကွင်း ၁၀ - ကျော်နှင့် အရေးပေါ်လူနာသယ် လေယာဉ်ကွင်းငယ်အပိုင်းပေါင်း ၆၀၀ - ကျော်ကို သီးသန့် အလုပ်သမားပေါင်း ၁၆၀၀၀ နှင့် ဖောက်လုပ်ခဲ့ကြသည်။ ကုန်ကျ စရိတ်မှာ ဒေါ်လာသန်း ၁၃၀ - သန်း ဖြစ်သည်။ ၁၉၄၃ - ခုနှစ်မှ စခဲ့သော ထိုလမ်းကို ၁၉၄၅ - ခုနှစ်တွင် အဆုံးသတ်ခဲ့သည်။

ယခု ဖော်ပြလတ္တံ့သော အကြောင်းအရာများမှာ ထိုသုံးနှစ်တာကာလတွင် လီဒိုလမ်းမကြီး ဖောက်လုပ်ရာ၌ ကိုယ်တိုင်ပါဝင်ကြုံတွေ့ခဲ့ကြရသော ကျွန်ုပ်တို့ မြန်မာနိုင်ငံမှ တိုင်းရင်းသားများ ဖြစ်ကြ

www.burmeseclassic.com

www.burmeseclassic.com



သည့် ချင်း၊ ကချင်၊ နာဂ၊ လီဆူး၊ ယောရင်စသည် အလုပ်သမားများ၏ ပြောပြချက် ကိုယ်တွေ့များကို ရေးသားထားခြင်း ဖြစ်ပါသည်။

အရှေ့တောင်တွင် ယိုးဒယား မြန်မာလမ်းမကြီးသည် သေမင်းတမန်လမ်းမကြီး ဖြစ်ခဲ့သလို အနောက်မြောက်တွင်လည်း အိန္ဒိယ မြန်မာလမ်းမကြီး ဤ "လီဒို" သည် သေမင်းတမန် လမ်းမကြီး ဖြစ်ခဲ့လေသည်။

၁၉၄၃ - ခုနှစ် မတိုင်မီ ကာလနှင့် ၁၉၄၅ - ခုနှစ် ကာလကို စစ်အထူးသတင်းထောက် - Frank Owen က သူ၏ The Campaign in Burma စာအုပ်တွင် အောက်ပါအတိုင်း ရေးသားဖော်ပြခဲ့သည်။

မိုးကာလတစ်နေ့တွင် မောင့်ဘက်တန်သည် စတီးဝဲလ်နှင့်တွေ့ဆုံရန် ဟူးကောင်းတောင်ကြားပေါ်မှ လေယာဉ်နှင့် ဖြတ်သန်းသွားသည်။ အောက်၌ မြင်နေရသော မြစ်တစ်ခု၏အမည်ကို သိလို၍ ဘေးမှာအတူပါလာသော အမေရိကန်အရာရှိကို မေးကြည့်ရာ -

"ဟာ . . . ဒါမြစ်မဟုတ်ဘူးခင်ဗျ၊ လီဒိုလမ်းလေ" ဟု အမေရိကန်အရာရှိက ပြောသည်။

လီဒိုလမ်းကား မြစ်ထင်မှတ်ရလောက်အောင် ရှည်လျားပြီး ရေစီးကြောင်းကြီးသဖွယ် ဖြစ်နေသည်။ ပထမ ဤလီဒိုလမ်း ဖောက်လုပ်ရေး စီမံကိန်းနှင့် ပတ်သက်၍ မြေတိုင်းအရာရှိကြီးများနှင့် ဆွေးနွေးသော အခါ -

" ဟာ . . . ကြုံကြုံဖန်ဖန် မဖြစ်နိုင်တာကြီးဘဲ "ဟု မြေတိုင်းအရာရှိကြီးများက ပြောခဲ့ကြသည်။

သို့သော် နောင်တွင် လုပ်သား၊ စစ်သား လူပေါင်း ၅၀၀၀၀- နှင့် လုပ်ခဲ့ကြရသော ထိုမဟာလီဒို လမ်းမကြီးကို စတီးဝဲလ်၏ အကြမ်းရာထားချက်၌မူ ဤလမ်းကို လူ ၂၀၀ - လောက်၊ မြေတွန်း ကျွဲရိုင်းစက် ၃ - လုံး လောက်ဆိုလျှင် ဖြစ်နိုင်သည်ဟု ဆိုခဲ့သည်။

တကယ်လုပ်ကြသောအခါ ရွှံ့ဗွက်ကြီးထဲ မြုပ်ကျနေသော အပိုင်းကလေး ၂ - မိုင်လောက်ကို သစ်သားတွေ၊ တုံးတွေနှင့် သိပ်ဖို့ယူကြရသော အမေရိကန် အင်ဂျင်နီယာတွေမှာ နေ့ရောညပါ လုပ်ကြရ



သည်ထိ ရက်ပေါင်း ၄၀ - ကြာမှ ရေလွတ်လာ၏။ ဤလို ဖို့လိုက်ကြမှလည်း ရှေ့တန်း၌ လုပ်နေသူများထံသို့ ပစ္စည်းများ သယ်ယူပို့နိုင်တော့သည်။

လီဒိုဟူသည်ကား ပြဟ္မပုတ္တရမြစ်ဝှမ်းရှိ ဘင်္ဂလားအာသံ မီးရထား လမ်းဆုံ မြို့ကလေး လီဒို၏ အမည်ကို အစွဲပြု၍ ခေါ်တွင် ထားသော လမ်းအမည် ဖြစ်သည်။ ထိုလမ်းသည် ပေ ၅၀၀၀ - မျှမြင့်သော ပတ်ကိုင် တောင်တန်းကြီးကို ဝိုက်ခါ၊ ဝေ့ခါ၊ တက်လိုက်၊ ဆင်းလိုက်နှင့် ဖောက်လာပြီး ရှင်ဗွေယံဘက်သို့ ဆင်းထွက်လာ၏။

ထို့နောက် တဖန် ချင်းတွင်းမြစ်အဖျား ချိုင့်ဝှမ်းအိုင်ကြီးကို ဖြတ်၍ ဟူးကောင်း တောင်ကြားဘက်မှ ကျော်လွှားကာ မိုးကောင်း တောင်ကြားဆီသို့ ရောက်လာပြန်သည်။ ထိုမှတဖန် မြစ်ကြီးနားသို့ ဖောက်လုပ်ပြီး ဧရာဝတီ မြစ်တစ်ဘက်ကမ်းမှ ဗန်းမော်ကိုဖြတ်ကာ တရုတ်မြန်မာ လမ်းမကြီးကို လာဆက်သည်။

ဒုတိယ ကမ္ဘာစစ်ကြီးမဖြစ်မီ အချိန်အတန်ကြာကပင် အင်္ဂလိပ်တို့သည် အိန္ဒိယနှင့် မြန်မာပြည်ကို ထိုနေရာအတိုင်း လမ်းကြီး ဆက်ဖောက်ရန် ကြံစည်ခဲ့ကြဖူး၏။ သို့သော် မဖောက်လုပ်နိုင်ခဲ့ကြချေ။ ၁၉၄၂ - ခုနှစ် စစ်စ, ဖြစ်ခါမှ အပူတပြင်း ဖောက်ကို ဖောက်လုပ်ရတော့မည် ဖြစ်လာသည်။

ထိုအခါမှ စက်အား၊ ပစ္စည်းအား တောင့်တင်းသော အမေရိကန် တို့ကသာ ဖောက်ကြရန် သဘောတူပြီး ဂျင်နရယ် ဝေဘဲလ်က ဗိုလ်ချုပ်ကြီး စတီးဝဲလ်ကို လွှဲအပ်လိုက်ရခြင်းဖြစ်သည်။

ယင်းသို့ စတီးဝဲလ်တို့ အမေရိကန်အဖွဲ့က စတင်သောအချိန်မှာ ၁၉၄၂ - ခု ဒီဇင်ဘာလ ၁ - ရက်နေ့ကဖြစ်သည်။ ထိုအချိန်တွင် မြန်မာပြည်ကို ဂျပန်တပ်များပင် ရောက်ခါနီး အချိန်ဖြစ်သည်။ တရုတ်ပြည်ချန်ကေရှိတ် အစိုးရသို့ မြန်မာပြည် ရန်ကုန်မြို့မှတဆင့် တရုတ်မြန်မာလမ်းမကြီးသို့ တင်ပို့နေခဲ့ရသော အမေရိကန် စစ်ပစ္စည်းများမှာ တရုတ်မြန်မာ လမ်းမကြီးကို ဂျပန်အလိုတော်ကျ ၁၉၄၁ - ခုနှစ်က ပိတ်လိုက်ရသဖြင့် အမေရိကန်နှင့် တရုတ်တို့သည် ဤ မဟာလီဒို လမ်းကို အရံအတား စီစဉ်လိုက်ကြခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်ထိ ဂျပန်နှင့် အင်္ဂလိပ်၊ အမေရိကန်တို့သည် စစ်မဖြစ်ကြသေး။ အပေးအယူ ရှိနေကြသေးသည်။ မည်သို့မည်ပုံ အပေးအယူ လုပ်နေကြရသည်ကို နောက်ကြောင်းပြန်ကြည့်ရသော် . . .

ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ခါနီးသော ၁၉၃၉ - ခုနှစ်မှ စစ်အတွင်း ၁၉၄၂ - ခုနှစ်အထိ အနောက်ဘက် ဥရောပအရှေ့၌ ဗြိတိသျှတို့ မည်သို့ အခြေဆိုက်နေသည်ကို ပထမလှမ်းကြည့်ရပေမည်။

ဂျာမနီ (နာဇီ) တို့က စစ်စ၍ ကြေညာလိုက်သော နေ့မှာ ၁၉၃၉ ခုနှစ် စက်တင်ဘာလ ၁ - ရက်နေ့ ဖြစ်၏။ ဗြိတိသျှတို့က ထို ကြေငြာသော ရက်မှာ စက်တင်ဘာ ၃ - ရက်နေ့ နံနက် ၁၁ - နာရီတွင်ဖြစ်သည်။

ထိုရက်မတိုင်မီက ပြေရာပြေကြောင်းဆွေးနွေးသော "မြူနစ် ဆွေးနွေးပွဲလည်းပျက်သွားပြီ။ ဗြိတိသျှတို့မှာ ထိုစာချုပ်ပျက်ခါမှ နေ့ကြီးသုတ်ပျာ စစ်ပြင်ဆင်မှုများ လုပ်ရတော့သည်။

ဂျာမန်တို့မှာမူ ၁၉၃၂ - ခုနှစ် ဟစ်တလာ တက်လာကတည်းက "ဗာဆိုင်း" စာချုပ်ကြီးကို နင်းဆုတ်ပစ်ရန် ကြွေးကြော်ပြီး ဖြစ်၏။ ထို စာချုပ်အရ "လက်နက်ကိုင်တပ်များမထားရ" ဟု ဂျာမန် အပေါ် စည်းကမ်းသတ်မှတ်ခဲ့သော "ဗာဆိုင်း" စာချုပ်ကိုဖျက်ခါ လက်နက်ထုတ်လုပ်မှုနှင့် တပ်ဆင်မှုများကို ပြောင်ပြောင်ပင် ချိုးဖောက် စိုင်းပြင်းလာသည်။

ထို့နောက် ၁၉၃၅ - ခုနှစ်တွင် အတိအလင်း ဂျာမန်လက်နက် ကိုင် တပ်ကြီးများ ဖွဲ့လိုက်၏။ ထိုအခါ ပြင်သစ်ထက် ၅၀ - ရာခိုင်နှုန်းမျှ စစ်အင်အား သာလာချေပြီ။ ပြင်သစ်မှာ ဂျာမနီ၏ အကဲကိုကြည့်၍ ဗြိတိသျှတို့နှင့် မဟာမိတ်စာချုပ်အပြင် စစ်စာချုပ်ပါ ချုပ်လိုက်ရ၏။ "မက်ဂီနော့" ခံတပ်ကြီးကိုလည်း တည်ဆောက်လိုက်ရသည်။

၁၉၃၆ - ခုနှစ်တွင် ဂျာမနီခေါင်းဆောင်နှင့် အီတာလီဖက်ဆစ် ခေါင်းဆောင် မူဆိုလိုနီတို့သည် ဝင်ရိုးတန်းနိုင်ငံဖွဲ့ရန် စည်းလုံး ရှိကြပြီး ယင်းနှစ် အောက်တိုဘာလတွင် သဘောတူ လက်မှတ်ထိုးလိုက်ကြသည်။ ထိုအခါ ဟန်ဂေရီနှင့် ဗိုလီဗီးယားတို့လည်း ထိုဝင်ရိုးတန်း အဖွဲ့တွင် ဝင်ပါလာ၏။



ထိုအချိန်ထိ ဗြိတိသျှတို့မှာ ပထမကမ္ဘာစစ်က အကြွေးပင် မကြေသေး။ နောက်စစ်အတွက် ပြင်ဆင်ရန်ထက် "ဗာဆိုင်း" စာချုပ်ကြီး ကိုသာ လက်ညှိုးတွင်တွင်ထိုး၍ ပြောနေကြရုံ ရှိသေးသည်။ ဥရောပ တစ်ခွင်မှာကား ဟစ်တလာနှင့် မူဆိုလိုနီတို့၏ ကြုံးဝါးသံများနှင့် ပဲ့တင် ထပ် ဟည်းတိုက်နေပြီ။

ထိုအချိန် ဗြိတိသျှ နန်းရင်းဝန် ချိန်ဘာလိန်မှာ ငြိမ်းချမ်းရေး အတွက် ဟိုပြေး သည်ပြေး လုပ်နေ၏။ စစ်ပြင်ဆင်မှုကား ဗြိတိသျှတို့ အဖို့ အတော်နောက်ကျနေပြီ။ ပါလီမန်တွင်လည်း ကြွက်ကြွက်ညံနေ၏။ ကိုလိုနီ ပြည်နယ်များကလည်း တစ်ဘက်တွင် ဆူပူလာကြသည်။ ထိုအထဲတွင် မြန်မာပြည်လည်း ပါလေသည်။

၁၉၃၉ - ခုနှစ် စစ်ကြေညာသော စက်တင်ဘာလ အတွင်း၌ပင် လန်ဒန်နှင့် ဗြိတိသျှ ပင်လယ်ကမ်းခြေမှာ ဂျာမနီလေတပ်၏ ဗုံးဒဏ်ကို ခံလိုက်ရသည်။ ထိုလ (၉) ရက်နေ့၌ ချိန်ဘာလိန် အစိုးရကို ဖြုတ်ချ၍ စစ်ကက်ဘိနက်ကို ပြောင်းဖွဲ့ရ၏။ ထိုအခါ ချာချီမှာ နန်းရင်းဝန်ရော ကာကွယ်ရေး တာဝန်ခံပါ ဖြစ်လာသည်။ ဗြိတိသျှ တို့မှာ ကိုယ့်ပြည် ကာကွယ်ရေးအတွက် စိုင်းပြင်းရရုံမျှမကသေး၊ ပြင်သစ်သို့လည်း စစ်ကူအဖြစ် လက်နက်စုံတပ်ဆင်၍ သယ်ယူပို့ဆောင် ရေးယာဉ်များပါ စစ်သား ၂၅၀၀၀၀ နှင့် ရေလက်ကြားကို ဖြတ်ပို့ လိုက်ရသေး၏။ စက်တင်ဘာ ၂၉ - ရက်နေ့တွင် စားသုံးကုန်ကို ရာရှင် ကပ်နှင့် ဝေနေရ၏။ အမြတ်တော်ကြေးကိုလည်း တစ်ပေါင်လျှင် တစ်ဝက်မျှထိကောက်ရန် မြှင့်လိုက်၏။

စစ်တပ်နှင့် စစ်စရိတ်များ တိုးချဲ့ရန် အရပ်သူ အရပ်သား များထံသို့ ငွေချေးစာချုပ်များ ဖြန့်ဝေလိုက်ရာ၊ ပထမအရစ် ပေါင်သန်း ပေါင်း ၄၇၅ - သန်းရ၏။ ဒုတိယအရစ် ၆၁၅ - သန်းရ၏။ တတိယ အရစ် ၆၂၈ - သန်းရ၏။ စတုတ္ထအရစ် ၇၄၁ - သန်းမျှထိရ၏။ စုစု ပေါင်း အလှူငွေများပါ ပေါင်သန်းပေါင်း ၁၀၃၈၃ - မျှထိ ရရှိသည်။ အင်္ဂလန်လူထု၏ တိုင်းပြည်အပေါ် စေတနာကား ချီးကျူးလောက် ပေသည်။

အင်္ဂလိပ်ကို ထိုသောအခါမှ ကနေဒါ တောင်အာဖရိက

www.burmeseclassic.com

www.burmeseclassic.com



ဩစတြေးလီးယ နယူးဇီလန်စသော ဗြိတိသျှ ဒိုမီနီယံ မျက်နှာဖြူတို့လည်း ကြွလာကြသည်။ ဤအချိန်ကျမှ ဗြိတိသျှတို့မှာ အတိအလင်း စစ်ပြင်ဆင်ရေး စိုင်းပြင်းလာနိုင်၏။

ထိုအချိန်၌ ဂျာမန်တို့မှာမူ ဥရောပတစ်ခွင်ကို ဒလကြမ်းတိုက်ခါ တပ်ဖြန့်နေချေပြီ။ ဂျာမနီ၏ အရှေ့ဘက် ပိုလန် ချက်ကိုစလိုဗက်ကီးယား ဖင်လန် နော်ဝေအထိ ဂျာမန် နာဇီတပ်တို့ ကျယ်ပြန့်နေပြီ။ အနောက်ဘက်တွင်လည်း ဘယ်လဂျီယံ ဟော်လန်ကိုလွှမ်း၍ ပြင်သစ်ကိုပင် တိုက်နေပြီ။ ၁၉၄၀ - ခု မေလ ၂၆ - ရက်နေ့မှာ အင်္ဂလိပ်နှင့် မဟာမိတ် စစ်တပ်များကို ဂျာမန်တို့က "ဒန်းကပ်"တွင် ဝိတ်ဝိုင်းတိုက်ကြရာ အင်္ဂလိပ်ရေလက်ကြားကိုဖြတ်၍ အင်္ဂလန်သို့ သေပြေး ရှင်ပြေး အဖြစ် ရရာလှေငယ်၊ တက်ကျိုးပါမကျန် ဖြစ်သလို ဒုန်းစိုင်း ပြန်ဆုတ်ကြရ၏။ ထို "ဒန်းကပ်" တိုက်ပွဲတွင် အင်္ဂလိပ်တို့ တပ်များမှာ ရှိသမျှ စစ်ပစ္စည်း အသုံးအဆောင်အားလုံး ပြင်သစ်ဘက်ကမ်းခြေတွင် ဂျာမန်လက်သို့ အဆုံးခံ၍ ဇွန်းပြန်ကျရသော ပွဲဖြစ်လေသည်။

မေလ ၂၆ - ရက်မှ ဇွန်လ ၃ - ရက်နေ့အထိ ဒန်းကပ်မှ ဂျာမန် ကုန်းတပ် ရေတပ် လေတပ်တို့၏ဒဏ်ကို အလူးအလဲခံရခါ ရေလက် ကြားကို ကူးပြေးခဲ့ကြရသည်။ အင်္ဂလန်ကမ်းပေါ်သို့ မဟာမိတ် ပြင်သစ် စစ်သားများပါ စုစုပေါင်း ၃၃၇၀၀၀ - မျှ ဆုတ်ခဲ့ကြရသည်။ အင်္ဂလန် ကမ်းခြေဘက်တွင် ရှိသမျှ လှေငယ်၊ ရွက်လှေပါမကျန် ရေလက်ကြားကို ဖြတ်ကူး၍ သယ်ယူကြရာ မော်တော်စက်လှေရော လှေငယ်ပါ စင်းရေ ပေါင်း ၁၁၉၄၀ - မျှသည် အသက်စွန့်၍ အသွားအပြန် အခေါက်ခေါက် ကယ်ယူကြရသည်။ မေလ ၂၆ - ရက်မှ ဇွန်လ ၃ - ရက်နေ့ အထိ ၇ - ရက်ကြာ ဆုတ်ခွါခဲ့ကြရသည်။

ထိုအခါမှ အင်္ဂလန် စက်ရုံများတွင် စစ်ပစ္စည်းလက်နက် အသုံးအဆောင်များချည်း ထုတ်လုပ်ကြရတော့သည်။ အင်္ဂလန် လူဦးရေ၏ တစ်ဝက်မျှသည် ထိုအလုပ်ရုံများ၌ နေ့ရောညပါ ဒလစပ်ကြီး အားသွန်ခွန်စိုက် လုပ်နေကြရလေပြီ။ ဤကြားထဲကပင် ဂျာမန်လေတပ်၏ ရန်ကလည်း ကြီးမားလှသည်။ တစ်နေ့ ၅ - ကြိမ်ထက်မနည်း လန်ဒန်မြို့ပေါ်ကို ဗုံးချနေ၏။ ကမ်းခြေတွေမှာ စက်သေနတ်သံမစဲ ဖြစ်နေသည်။



ဂျာမန်လေယာဉ်အုပ်မှာ တစ်ခါလာလျှင် တစ်ရာထက်မနည်း။ ပစ်ချခံရတာတွေလည်း အများကြီးဖြစ်၏။

ပြင်သစ်ပြည် ပါရီမြို့တော်မှာ ၁၉၄၀ - ခုနှစ်၊ ဇွန်လ ၁၄ - ရက်နေ့ မနက်အစောကစ၍ ဂျာမန်တပ်စစ်ဦးဆိုက်လာသည်။ ၁၅ - ရက်နေ့ တွင် ပါရီကား လုံးဝကျသွားလေသည်။

အင်္ဂလန်မှာ ၁၉၃၉ - ခုနှစ် စက်တင်ဘာလ ၁၉ - ရက်မှစ၍ ၁၉၄၂ - ခုနှစ် ဩဂုတ်လအထိ ၃ - နှစ်မျှအတွင်း လူပေါင်း ၉၉၉၀ မျှသေ၏။ အိမ်ပေါင်း ( ၂ - သန်း၊ ၇ - သိန်းကျော် ) ပျက်၏။ မီးလောင်၏၊ ပြို၏။ ဤနှုန်းသည် အင်္ဂလန် အိမ်ခြေစုစုပေါင်း၏ ၅ - ပုံ ၁ - ပုံဖြစ်သည်။

ထိုသုံးနှစ်အတွင်း ရေကြောင်း၌လည်း ကုန်သင်္ဘောကြီးငယ် ပေါင်း ၈၀၀ - ကျော် အနှစ်ခံရ၏။ ၁၉၄၁ - ခုနှစ် မြေထဲပင်လယ် ခရိတီကျွန်း တိုက်ပွဲတစ်ခု၌ပင် ဗြိတိသျှ ရေတပ်သင်္ဘောများ အတော်များများ နာသွား၏။ ဂျာမန်ယူဘုတ်တို့မှာ မြောက်ပင်လယ်နှင့် မြေထဲပင်လယ်တို့၌ ထင်သလိုရမ်းနေကြသည်။ ဂျာမန်သလိုက် ရေမြှုပ်ဗုံးတွေကလည်း မနည်းပေ။

ထိုသုံးနှစ်အတွင်းတွင် ဗြိတိသျှတို့မှာ ဆူဒန် မော်ရိုကို လစ်ဗီးယား ကျွန်းဆီးယားစသော အာဖရိက စစ်မျက်နှာများ၌လည်း မရှုမလှ ဖြစ်နေရ၏။ အဘီစီနီးယားနှင့် ဗြိတိသျှ ဆိုမာလီလင်း စစ်မျက်နှာမှ လွဲ၍ အားလုံးဆုံးရှုံး ဆုတ်နေရ၏။

တဖန် ဥရောပဘက်ဖြစ်သော ပြင်သစ်၊ စပိန်၊ ဂရိစ်၊ ဆိုက်ပရပ်စ် မော်လ်တာ၊ မြေထဲပင်လယ် မြောက်ဘက်တစ်ဝိုက်၌လည်း ဂျာမန် နာဇီတပ်တို့၏ အဖိအနှိပ်ကို ခံနေရသည်။

ရေတပ်ဖက်တွင်လည်း ဗြိတိသျှတို့၏ အားကောင်းလှသော "ဟုဒ်" ခေါ် သင်္ဘောကြီးကို ဂျာမန် "ဘစ္စမတ်" စစ်သင်္ဘောက နှစ်ပစ်လိုက်နိုင်၏။ အတ်ခ်ရွိုင်ရယ်ခေါ် အင်္ဂလိပ်တို့၏ လေယာဉ်ပျံတင် သင်္ဘောကြီးမှာလည်း ဂျိဘရော်လ်တာအနီး၌ အနှစ်ခံလိုက်ရပြန်သည်။ ထို အတ်ခ်ရွိုင်ရယ် အနှစ်ခံရသောရက်မှာ အရှေ့ဘက်၌ ဂျပန်တို့က ပထမဆုံးအကြိမ် ရန်ကုန်ကို ဗုံးလာချသော ၁၉၄၁ - ခု ဒီဇင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com



၂၃ - ရက်နေ့မတိုင်မီ တစ်ရက်အလိုဖြစ်သော ဒီဇင်ဘာ ၂၂ - ရက်နေ့ ဖြစ်လေသည်။

၁၉၄၁ - ခု ဩဂုတ်လတွင် ဗြိတိသျှ နန်းရင်းဝန် ချာချီသည် အမေရိကန် သမတရုစဗဲ့နှင့် အတ္တလန်တိတ် သမုဒ္ဒရာတွင်း၌ ပရင့်စ် အော့ဖ်ဝေးလ် သင်္ဘောကြီးပေါ်တွင် ၂၆ - နိုင်ငံ မဟာမိတ်တပ်ပေါင်း စုပွဲ့ရေးကို ဆွေးနွေးကြသည်။ အတ္တလန်တိတ် သမုဒ္ဒရာ၌ ဆွေးနွေး သောကြောင့် "အတ္တလန်တိတ်ချာတာ" ဟု ခေါ်၏။ ထို စာချုပ်ပါ သဘောအချို့တွင် စစ်ကြီးအတွင်း မဟာမိတ်တို့ဘက်မှ လူအား ငွေ အား ကူညီသော လက်အောက်ခံ နိုင်ငံတို့အား စစ်ပြီးသောအခါ ကိုယ် ပိုင်လွတ်လပ်သော အစိုးရများ ဖြစ်စေရမယ်ဆိုသော အချက်တစ်ချက် ပါ၏။

ယင်း ကြေညာချက်နှင့် ပတ်သက်၍ မြန်မာပြည် ဥပဒေ လွှတ်တော်ဝင် ခေါင်းဆောင်အချို့က ဗြိတိသျှ ကိုလိုနီဆိုင်ရာ ရုံး ကြေးနန်းရိုက် မေးသောအခါ မြန်မာပြည်နှင့် မဆိုင်သလိုလို ပြန်ကြ သည်ဟု သိခဲ့ရ၏။

သို့သော် အရင်တစ်နှစ် ၁၉၄၀ - ခုနှစ် ဆောင်းကုန်စ မြန်မာပြည် (ဗမာပြည်) သို့ ဗိလပ်မှ ဆာစတက်ဖို့ဒ်ခရစ် ရောက်လာ မြန်မာခေါင်းဆောင်များကို တီးခေါက်ကြည့်သည်။ ထိုအချိန်က (ဂု ရေကျော်လမ်းတွင်ရှိသော ဒို့ဗမာအစည်းအရုံးသို့ တစ်နေ့သော ည တွင် ဆာစတက်ဖို့ဒ်ခရစ်ရောက်လာပြီး စစ်ကြီးအရေး၌ အင်္ဂလိပ်တို့ တွဲရန် - တွဲလျှင် စစ်ပြီးသောအခါ ကိုယ်ပိုင်ဆုံးဖြတ်ခွင့် လမ်းကြော ဖြစ်သော ဒိုမီနီယံ အုပ်ချုပ်ရေးကို ဗြိတိသျှ အာဏာပိုင်တို့က စဉ်း လိမ့်မည်ဖြစ်သော သဘောထားပါသည့် စကားများနှင့် သခင်များအ ဆွေးနွေး၏။ ဒို့ဗမာသခင်များက လုံးဝလွတ်လပ် ရေးသာလိုသည် ဆိုကြသည်။ ထိုအချိန်က သခင်တွေမှာ ဒိုမီနီယံ၏ အဓိပ္ပါယ်ကို ရေ လည်လည်လည်း မသိသေး။ ထို့ကြောင့် ထိုဒိုမီနီယံဆိုသည့် အသံကို မကြားချင်ကြဖြစ်နေ၏။ ထို့ပြင် ဤစစ်ကြီးတွင် ဗြိတိသျှတို့ ပြုတ်သွ သော် သူ့ဘက်က ကူမိသော နိုင်ငံများလည်း ဂျောက်ကျမှာ စိုးရိမ် သည်ဟု မြင်မိကြသည်။ သခင်အနည်းငယ်က "စဉ်းစားချင်သည



ဟုဆို၏။ သခင်ခပ်များများက "အင်္ဂလိပ်ကိုမယုံ၊ ထို့ကြောင့် မပေါင်းလို ဒီအချက်ဘဲ ဒင်းကို အလဲချတာကောင်းသည်" ဟု ယူဆကြသည်။

ဆိုလိုရင်းမှာ အင်္ဂလိပ်တို့တွင် ၁၉၄၀၊ ၄၁၊ ၄၂ အထိ ဟိုက ကူပါ၊ ဒီကကူပါနှင့် အရှုံးပိုင်း ဖြစ်နေကြောင်းကို သဘောပေါက်ရန် မျှသာဖြစ်၏။

ယခု "အတ္တလန်တိတ်ချာတာ" မဟာမိတ်စာချုပ် အဖွဲ့ဖွဲ့ရန် ကြေငြာသောအခါ လက်အောက်ခံ နိုင်ငံများ ကိုယ်ပိုင်လွတ်လပ်သော အစိုးရဖွဲ့ရေးတွင် မဟာမိတ် ၂၆ - နိုင်ငံ ပါလာသောကြောင့် နည်း နည်းအားရှိသွားဟန်တူသည်။ မြန်မာပြည်လို နိုင်ငံမျိုးနှင့် ထိုစာချုပ် မဆိုင်သလို အင်္ဂလိပ်က လုပ်လာပြန်သည်။

သို့သော် အင်္ဂလိပ်တို့သည် အရှေ့ဘက်ရန်ကို ဂရုပြုမိဟန် တော့ရှိသည်။ အာရှအရှေ့တောင်ရှိ ကိုလိုနီနှင့် ရေကြောင်းကို ကာကွယ်ရန် အရေးကြီးမှန်းတော့ သိကြသည်။ ထို့အတွက် စင်္ကာပူကို အလွန်ခိုင်မာ သော ရေတပ်စခန်းကြီးအဖြစ် ၁၉၃၉ - ခုနှစ်မှာ စတင်၍ ငွေပေါင်း ပေါင်သန်း ၆၀ အကုန်အကျခံ၍ တည်ဆောက်ခြင်းဖြစ်သည်။ ဗြိတိသျှ စစ်သား ၆၀၀၀၀ ကိုလည်း ပို့လိုက်သည်။ အတ္တလန်တိတ်ချာတာ ကိစ္စ ဆွေးနွေးရန် ချာချီနှင့် ရုစဗဲ့တို့ တွေ့ဆုံတိုင်ပင်ကြရာ၌ ၎င်းအပေါ်မှာ ပင် ဆွေးနွေးပွဲ ကျင်းပခဲ့သော ပရင့်စ်အော့ဖ်ဝေး စစ်သင်္ဘောကြီးနှင့် ရီပါးလ်စ် စစ်သင်္ဘောကြီး ၂ - စင်းကိုလည်း စင်္ကာပူရေတပ် စခန်းကြီး သို့ ပို့လိုက်၏။ နောက်ထပ် ဝေါ်ရခါးနှင့် ကုလားစစ်သား ဩစတြေးလီး ယား နယူးဇီလန် စစ်သားပေါင်း (၄၀၀၀၀) ကိုလည်း ထပ်ပို့လိုက်သေး ၏။ ထိုအချိန်မှာ အရှေ့ဘက်၌ ဂျပန်က စစ်စ, ကြေငြာရန် ရက်နီးနေပြီ။

ထိုအချိန် ၁၉၄၁ - ခုနှစ် ဇွန်လ ၂၂ - ရက်နေ့ကစ၍ ရုရှား ကို စတိုက်လာသော နာဇီတပ်များပင် ဒီဇင်ဘာလ၌ ယူကရိန်းကိုလွန်၍ ပေါ်လင်မြစ်ဝှမ်းဆီသို့ရင်း၊ မြောက်ဘက်၌ လီနင်ဂရက် စစ်မျက်နှာ တွင်ရင်း တိုက်နေကြပြီ။ ရုရှားတို့မှာ မြေလှန်စနစ်နှင့် ဟဆုတ်တည်း ဆုတ်ပြေးနေရ၏။

ရုရှား၌သာမဟုတ်။ အီဂျစ်တွင်လည်း အီတလီတပ်တို့ တိုက် နေပြီ။ ၁၉၃၆ - ခုနှစ်က အီဂျစ်နှင့် ဗြိတိသျှတို့၏ စာချုပ်အရ စုံအောင်

www.burmeseclassic.com

www.burmeseclassic.com



တူးမြောင်း ကာကွယ်ရေးအတွက် ဗြိတိသျှတို့ မျက်လုံးပြူးနေချိန်ဖြစ်၏။ ဘင်ဂါလီနှင့် ထိုဘရုပ်မှ ဗြိတိသျှတပ်များ ဆုတ်နေရဆဲဖြစ်သည်။

အရှေ့ဘက်က ဂျပန်၏ တောင်းဆိုချက်အရ အင်္ဂလိပ်တို့သည် တရုတ်မြန်မာ လမ်းမကြီးကိုပါ ဂျပန်ကျေနပ်အောင် ၁၉၄၁ - ခုနှစ် ဇူလိုင်လလယ်တွင် ပိတ်ပေးခဲ့ရ၏။ ထိုလမ်းမကြီးမှာ ချန်ကေရှိတ်တရုတ်တို့က ကုန်းပိုင်းမှ စစ်လက်နက် ပစ္စည်းများ သယ်ယူရန် ဗြိတိသျှတို့နှင့် တိုင်ပင်ဖွင့်ခဲ့သော လမ်းကြီးဖြစ်၏။ ဖောက်ရသော အကြောင်းရင်းမှာ တရုတ်ပင်လယ် ကမ်းခြေတစ်ခုလုံး ဂျပန်က ပိတ်လုနီးပါးထိ တိုက်ထား၍ နောက်ပိုင်း ကုန်းလမ်းတစ်ခုကို ဖောက်ရခြင်းဖြစ်သည်။

၁၉၃၉ - ခုနှစ်မှ စ, ဖောက်ရာ ကူမင်း၊ ယူနံဖူးမှ လားရှိုးအထိ မိုင်ပေါင်း ၁၆၀၀ ရှည်၏။ လူပေါင်း ၃- သိန်းမျှနှင့် အရေးတကြီး ဖောက်ရသဖြင့် ၁၉၄၀ - ပြည့်နှစ်လောက်က ပြီးစီးသည်။ ထိုနှစ်တွင်ပင် အမေရိကန်က စစ်ပစ္စည်းများကို ရန်ကုန်ဆိပ်ကမ်းမှ တဆင့် ထိုလမ်းကိုဖြတ်၍ တရုတ်ပြည်သို့ပို့သည်။ တရုတ်ငွေစက္ကူများလည်း ရန်ကုန်တွင် ပုံနှိပ်ရန် ပြင်သစ်သို့ ကံထရိုက်ပေးထားရာ ယခင်ကင်းဘဲလမ်း (ယခုငါးထပ်ကြီးဘုရားလမ်း)က သောမတ်ဒီလာရူးတိုက်ကြီးကို ဆောက်ပြီး တရုတ်ငွေစက္ကူများ ထုတ်လုပ်၏။

ယင်းသို့ မြန်မာပြည်မှ တရုတ်ပြည်သို့ စစ်ပစ္စည်းနှင့် ငွေစက္ကူများ ပို့ပေးနေသောကိစ္စကို ဂျပန်သည် မျက်စောင်းနီကြီးနှင့် လှမ်းကြည့်ပြီး အင်္ဂလိပ်အား ထိုလမ်းမကြီး ပိတ်ပေးရန် ခပ်တင်းတင်း တောင်းဆိုလိုက်ခြင်းဖြစ်သည်။

အင်္ဂလိပ်အနေနှင့်မူ ဤသို့ လိုက်လျောလိုက်ပါမှ ဂျပန်၏ အရှေ့ဘက်ရန်က အနည်းငယ် စိတ်ချရမည်ဟုယူ၍ ဂျပန်ကို ချော့လိုက်ခြင်းပင်ဖြစ်သည်။

သို့သော် ဂျပန်ကား ဤသို့မဟုတ်ပေ။ အင်္ဂလိပ်ရော အမေရိကန်ကိုပါ တွယ်နိုင်ရန် ချက်ကောင်းချောင်းနေသူဖြစ်၏။ အမေရိကန်ကို ဂျပန်က တွယ်ချင်နေသည်မှာ ဤသို့ဖြစ်သည်။

ဂျပန်နှင့် အမေရိကန်တို့သည် ၁၉၃၉ - ခုနှစ် မတိုင်မီက ကုန် စာချုပ်တစ်ခုချုပ်ထားခဲ့ကြ၏။ သဘောမှာ အမေရိကန်က သူ့တွင် အလဟဿ ပိုလျှံနေသော သံတိုသံစများ ရောင်းရန်ကို ဂျပန်က ဝယ်ရန် သဘောတူပြီး ဆက်ဆံခဲ့ကြ၏။ ၁၉၃၈ - ခုနှစ် ဂျပန်က တရုတ်ကို တိုက်နေသောအခါ အမေရိကန်က မကျေနပ်ပေ။ တရုတ်ပြည်၌ မော်စီတုံးစသော ကွန်မြူနစ်တို့ တစတစ ပြန့်ပွားလာနေသည်ကို အမေရိကန်က မလိုလားသည့်အတိုင်း ချန်ကေရှိတ်ကို အမေရိကန်ပေါက် တရုတ်အမျိုးသမီးတစ်ဦးနှင့် မြူဆွယ်ယူပြီး ကွန်မြူနစ် ဆန့်ကျင်ရေး လုပ်ထားခဲ့သည်မှာ ကြာပြီဖြစ်သည်။

ယခုလို ဂျပန်က ချန်ကေရှိတ်၏ တရုတ်ပြည်ကို တိုက်သောအခါ ကွန်မြူနစ် ဆန့်ကျင်ရေးတိုက်ပွဲအတွက် အမေရိကန်က ပေးပို့ရသော လက်နက်ပစ္စည်းများသည် ကွန်မြူနစ်ကို တိုက်ရာ၌ ကုန်ရသည်ထက် ဂျပန်ကို ပြန်လည်တိုက်ခိုက်ရေး၌ ပို၍ကုန်နေ၏။ ထို့ပြင် ကွန်မြူနစ် ဆန့်ကျင်ရေးအတွက် လည်းကောင်းက အားပေးမွေးမြူထားသော ချန်ကေရှိတ်ကို တိုက်လာသော ဂျပန်ကိုမလိုလားပေ။ ဤအတွက် တရုတ်ပြည်အားတိုက်ရန် ဂျပန်ကို အမေရိကန်က အရေးဆိုသည်။ ဂျပန်ကမလျှော့ချေ။ တိုက်မြဲတိုက်၏။

သို့အတွက် ၁၉၃၉ - ခုနှစ်ပိုင်း အတွင်းမှာပင် ဂျပန်သို့ ရောင်းချနေကြ သံတိုသံစ တင်ပို့ခြင်းကို အမေရိကန်က ရပ်ပစ်ပြီး စာချုပ်ကို ဖျက်လိုက်၏။ အမေရိကန်ရှိ ဂျပန်အမျိုးသားတို့၏ အကျိုးစီးပွားအားလုံးကိုလည်း ပိတ်ပစ်လိုက်၏။

တရုတ်ကို “မတိုက်ပါ” ဟု အရောင်းအဝယ်စာချုပ်ကို ကတိဝန်ခံချက်ရမှ အသစ်ပြန်ချုပ်ပြီး သံတိုသံစ ဆက်ရောင်းမည်ဟု အမေရိကန်က စကားခေါ်နေစဉ် . . .

အမေရိကန်၏ ကတိကို လက်မခံဘဲ ကာပြန်သည့် အနေနှင့် ဂျပန် သည် လည်းကောင်း နှစ် ၁၉၃၉ - ခုထဲမှာပင် ဥရောပ၌ ဗိုလ်ကျစိုးမိုးလာသော ဂျာမနီ အီတလီတို့၏ ဝင်ရိုးတန်းအဖွဲ့သို့ ဝင်လိုက်လေသည်။

ထိုအချက်ကြောင့်လည်း အင်္ဂလိပ်သည် ဝင်ရိုးတန်း အဖွဲ့ဝင် ဂျပန်ကို အရှေ့ဘက်ကိုလိုနီများအတွက် ချော့သည့်အနေနှင့်တရုတ်မြန်မာ လမ်းမကြီးကိစ္စတွင် ဂျပန်အလိုကျ ပိတ်လိုက်ရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့အခါ အမေရိကန်၏ အငြိုးအငြင်ကိုလည်း အင်္ဂလန်မှာ မခံနိုင်သဖြင့် ၃ - လမျှ ဂျပန်ကျွေနပ်ရုံ ခေတ္တပိတ်ခြင်းမျှသာပါဟု မျက်နှာငယ်နှင့် အောက်ရေခံ တောင်းပန်ရသေးသည်။

ဤအထိ ဗြိတိသျှတို့မှာ ဥရောပနှင့် အရှေ့အလယ်ပိုင်းတဝိုက် စစ်မှတ်နာများ၌လည်း အရေးမလှ။ အရှေ့ဘက် ဂျပန်ကိုလည်း မျက်နှာငယ်ခံခါ လိုက်လျောနေရဖြစ်နေသည်မှာ စစ်ဖြစ်သည်မှစ၍ ၁၉၄၁- ခုနှစ် ကုန်ခါနီး တစ်လခန့်အလိုထိ ဖြစ်လေသည်။

ဤသို့ အနောက်ဘက်၌ အင်္ဂလိပ်နှင့် ရုရှားတို့ ကိစ္စများနေကြသည်ကိုကြည့်ကာ ဂျပန်သည် အချက်ကောင်း ပေါ်ပြီဟူ၍ ယူဆကာ ယက်ခမောင်းထ၍ ခတ်လိုက်လေပြီ။

၁၉၄၁ - ခုနှစ် ဒီဇင်ဘာလ ၇ - ရက်နေ့တွင် ဂျပန် ရေငုတ်သင်္ဘောများသည် ပစိဖိတ်သမုဒ္ဒရာအလယ် ဟာဝယ ဝေယံကျွန်းရှိ ပါးလ်ဟားဘားခေါ် အမေရိကန် ရေတပ်စခန်း ပုလဲဆိပ်ကမ်းကို စ၍တိုက်တော့သည်။ ထိုနေ့တွင်ပင် ဂျပန် အမေရိကန်နှင့် အင်္ဂလိပ်ကို စစ်ကြေငြာလိုက်ပြန်သည်။ ထိုနေ့တွင်ပင်တဆက်တည်း ရှုံဟဲမြို့ အပြည်ပြည်ဆိုင်ရာ ရပ်ကွက်ကို ဂျပန် သိမ်းလိုက်၏။

ပြင်သစ် အင်ဒိုချိုင်းနား ယခု ( ဗီယက်နမ် ) ကိုမူ ဂျပန်သည် အနောက်ဥရောပ၌ ပြင်သစ်ကို ဂျာမန်သိမ်းပြီးသော နောက် ၃ - လ ကြာခန့်ကပင် အတင်းဝင်ရောက်ခါ လေယာဉ်ပျံကွင်းများ တည်ဆောက်ထားပြီးဖြစ်၏။ ဂျပန် စစ်တပ်များလည်း ပို့ထားပြီဖြစ်ရာ ယိုးဒယား နယ်စပ်အထိပင် ဖြန့်ထားပြီး အရန်သင့်ဖြစ်နှင့်ထားသည်။

ပုလဲဆိပ်ကမ်းကို တိုက်စဉ်က အမေရိကန် ရေငုတ်သင်္ဘော ၃ - စင်း၊ စစ်သင်္ဘောကြီး တစ်စင်း၊ တိုက်လေယာဉ် ၄၁ - စင်း၊ စစ်ပစ္စည်းနှင့် ရေနံဓါတ်ဆီအမြောက်အမျာ မီးလောင်ပျက်စီးသွား၏။

နောက်တစ်နေ့ ဒီဇင်ဘာ ၈ - ရက်နေ့တွင် အင်ဒိုချိုင်းနား၌ အသင့်ရှိနေသော ဂျပန်တပ်များသည် ယိုးဒယားကိုဝင်ပြီး ဖြန့်လိုက်၏။ ယိုးဒယားက တိုက်ဟန်ယောင် ခေတ္တသာဆောင်ပြီး ဂျပန်နှင့် မဟာမိတ်ဖွဲ့ လုပ်လိုက်၏။

ဒီဇင်ဘာ ၉ - ရက်နေ့တွင် ယိုးဒယားထဲက ဂျပန်တပ်များ



အချို့ မာလာယုဘက်ကို ချီတက်သည်။ ယိုးဒယားတပ် အချို့ပါ အကူပါသည်။ ဟောင်ကောင်ကို လည်းကောင်းနေ့ စတိုက်ပြီး ဒီဇင်ဘာလ ၂၄ -ရက်နေ့ သိမ်းပိုက်လိုက်သည်။

ဖိလပိုင် မနီလာမြို့သို့ ဒီဇင်ဘာလ ၁၁ - ရက်နေ့တွင် ချီလာပြန်သည်။ အမေရိကန်တပ်က ခံချနေသဖြင့် ဇန္နဝါရီလ ၂ - ရက်နေ့ကျမှ မနီလာကို ဂျပန်ရသည်။ ထိုတိုက်ပွဲမှ အမေရိကန် တပ်များလည်း ဘာတန် ကျွန်းဆွယ်သို့ဆုတ်၍ တစ်ခါခုခံကြရာ ၄ - လကြာမှ ဂျပန်က ဖိလပိုင်ကို သိမ်းနိုင်သွားသည်။

ဂျပန်တပ် မာလာယုထဲရောက်သွားသော ဒီဇင်ဘာလ ၁၀- ရက်နေ့တွင် စင်္ကာပူ ရေတပ်အတွက် ဗြိတိသျှတို့က အလွန်အားကိုးအားထားနှင့် ပို့လိုက်သော စစ်သင်္ဘောကြီး ၂ - စင်း၊ ပရင့်စ်အော့ဖ်ဝေးလ်နှင့် ရီးပါးလ်စ်ကို ဂျပန်လေတပ်က နှစ်မြှုပ်ပစ်လိုက်သည်။ နှစ်မြှုပ်ပစ်လိုက်သည်မှာ အလွန်ယဉ်သည်။ ဗုံးအပြည့်တင်ထားသော ဂျပန်လေယာဉ်ပျံသည် အပေါ်တည့်တည့်မှစိုက်ဆင်းလာပြီး သင်္ဘောကြီးတွေ၏ ခေါင်းတိုင်ထဲသို့ ထိုးချဖောက်ခွဲလိုက်ခြင်းဖြစ်သည်။ ဂျပန် လေယာဉ်ပျံသမားလည်း တခါတည်း အသေခံသွား၏။ ၂ - စင်းစလုံး တစ်ချိန်တည်းလို ဤအတိုင်း ပေါက်ကွဲနစ်မြှုပ်သွားသည်။

ဤတွင် ဂျပန်တို့၏ တိုက်ခိုက်ပုံကိုကြည့်၍ ဗြိတိသျှတပ်များမှာ မျက်လုံးပြူး မျက်ဆံပြူးနှင့် သွေးပျက်မတတ် ဖြစ်သွားကြသည်။

စင်္ကာပူကိုမူ ဖေဖော်ဝါရီလဆန်း ၉ - ရက်နေ့မှ တိုက်သည်။ စင်္ကာ ပူသည် ရေကြောင်းခံတပ်ကိုသာ အားကိုးထားလေရာ စင်္ကာပူရှိ ဗြိတိသျှတပ်တို့သည် ဂျပန်တပ်များ ရေကြောင်းဘက်မှသာ အကြီးအကျယ် ဝင်လာလိမ့်မည်ဟု မျှော်လင့်ထားကြပြီး ရေဘက်ကိုသာ အမြောက်တွေဆင်ခါ စောင့်နေကြသည်။

ဂျပန် တကယ်ဝင်လာသောအခါ မာလာယု ကုန်းပိုင်းမှ လှည့်ဝင်သိမ်းသည်။ စင်္ကာပူ ရေတပ်ကြီးမှာ ရှေ့ကိုငေးနေတုန်း နောက်ကျောမှ ဇက်ပိုးဝင်အုပ်ခါ ဖနောင့်နှင့်ပါ ဆောင့်ကန်ခံလိုက်ရသလို ဖေဖော်ဝါရီလ ၁၄ - ရက်နေ့တွင် ကျသွားလေသည်။

ဗြိတိသျှတပ်သား ၆၀၀၀၀၊ သြစတြေးလျှနှင့် ဂေါ်ရခါး ကုလား

www.burmeseclassic.com

www.burmeseclassic.com



ပန့်ချာဝီ တပ်သားပေါင်း (၄၀၀၀၀) ကျော်နှင့် စစ်လက်နက် ပစ္စည်းပေါင်းများစွာ ဂျပန်တို့ဆီ၌ အသိမ်းခံလိုက်ရသည်။

ဗိုလ်လွတ်တော်တွင် မစ္စတာချာချီသည် စင်္ကာပူ ကျဆုံးခံရခြင်းအတွက် ရင်ကွဲပက်လက် မချိမဆန့်ဖြင့် "ဒီတစ်ချီ စင်္ကာပူခံရတာ ဗြိတိသျှ ရာဇဝင်မှာအနာဆုံးဘဲ"ဟု ညည်းညူကာ မရှုနိုင်၊ မရှိုက်နိုင် ဖြစ်သွား၏။

သင်္ဘောကြီး ၂ - စင်းနှင့် စစ်သား လေးသောင်းကျော်မှာ အာဖရိက စစ်မြေပြင်မှ အရေးတကြီး ပို့လိုက်သော တပ်သားများဖြစ်၏။ စင်္ကာပူရောက်ပြီး ရက်ပိုင်းခန့်တွင် ပြုတ်သွားရာ ဂျပန်တို့ လက်ဝ, တွက်အပ်ဖို့ ပို့လိုက်သလိုဖြစ်သွားသည့်အတွက် ပါလီမန်တစ်ခုလုံး မှိုင်ကျသွားခြင်းဖြစ်သည်။

ယိုးဒယားထဲ ရောက်ရှိနေသော မြောက်ပိုင်းရှိ ဂျပန်တပ်များသည် မြန်မာပြည် တောင်ဘက်စွန်း ကော့သောင်းမှ လည်းကောင်း၊ မြဝတီ မဲဆောက်မှ မော်လမြိုင်သို့လည်းကောင်း၊ တဟုန်ထိုး ချီလာကြရာ ဇန္နဝါရီ လထဲတွင်ပင် မော်လမြိုင်တွင် တာဝန်ကျနေသော ဗြိတိသျှ ၁၇ - တပ်မနှင့် ရင်ဆိုင်ကြရသည်။

ဗြိတိသျှတို့၏ ၁၇ - တပ်မသည် ဂျပန်တပ်ကို မော်လမြိုင်၌ ၂၄ နာရီပင် မခံနိုင်ပေ။ မုတ္တမဘက်သို့ ဆုတ်ခါ မီးရထားလမ်းအတိုင်း ခံလိုက်၊ ဆုတ်လိုက်နှင့် ပဲခူး ရန်ကုန်ဘက်ကို ဗြိတိသျှတို့၏ "အောင်မြင်စွာဆုတ်ခွာနည်း" နှင့် ဆုတ်ခွာလာကြရလေသည်။

❑ ❑ ❑

## ၂။

ဤသို့ဖြင့် မြန်မာပြည်ကို ဂျပန်က သိမ်းယူသိုက်သောအခါ ဤ လီဒိုလမ်းမှာ အင်္ဂလိပ်၊ အမေရိကန်တို့အတွက် အရှုံးတကယ် လို အပ်လာတော့သည်။ ထို့ကြောင့် စတီးဝဲလ်တို့သည် အလုံတပြင်း ဤ လီဒိုလမ်းကို မရမနေ ဖြစ်သည့်နည်းနှင့် ဖောက်လုပ်ကြရလေတော့သည်။

ဖြစ်သည့်နည်းနှင့် ဖောက်လုပ်ကြရသည်ဖြစ်၍ လမ်း၏ မြေအနေအထားနှင့် ဖြတ်သန်းသွားရမည့် မြစ်ချောင်းတို့၏ သဘောသဘာဝတို့ကိုလည်း ကြိုတင်ပြီး ဘာတစ်ခုမှ စေ့စေ့စပ်စပ် လေ့လာစုံစမ်းခွင့် မရခဲ့ကြ။ "ဒီကနေ့ ဒီကိုဖောက်၊ နောက်တစ်ခါ ဘယ်နေရာရောက်ပြီး ဘယ်ကိုဆက်" စသည်လောက်ကိုသာ အကြမ်း "အုကြောင်း" ဆွဲဖောက် လုပ်လိုက်ကြရသည်။ ဖောက်သွားရင်းဖြင့်သာလျှင် တွေ့ကြုံလာသော အခက်အခဲများကို လမ်းလုပ်သူများက အသင့်လျော်ဆုံးဖြစ်အောင် ဖန်တီး၊ တားဆီး၊ ကျော်လွှားသွားကြရခြင်းဖြစ်၏။ ဘယ်နှစ်မိုင်မှာ ညည်သို့ ရှိ၍ သဲကျောက်ခဲ မည်မျှကုန်မည်။ ဘယ်နေရာ ဘယ်နေရာတွေမှာ ချောင်းကို ဖြတ်ရမည်ဖြစ်၍ ဘယ်ချောင်းက ဘယ်လောက် အရှည် တံတား၊ ဘယ်အမျိုးအစားလုပ်ရမည်။ အဘယ်ရွှံ့ဗွက် စမ်းအိုင်တွေက ဘယ်လောက်ကျယ်၍ ဘယ်လို စုတ်နစ်သွားတတ်သော သဘောရှိသည်။ စသည်တို့ကိုလည်း ဘာမျှ လေ့လာ တိုင်းထွာချိန်မရခဲ့ကြ။ ယခုမှ လေ့လာနေ၍လည်း မဖြစ်တော့။ ဂျပန်စစ်တပ်တွေ လွှမ်းမိုးသော နယ်မြေတွေကိုလည်း ဖြတ်ကျော်ကြရမည်ဖြစ်၍ နောင်ခါမှ နောင်ခါ ဖျေး။ လမ်းဖြစ်သွားဖို့သာ အရေးကြီးနေချိန်ရောက်နေသည်။ သူတို့၏ မူမှာ ဖြစ်သလိုဖောက်မည်ဟူသော ဆုံးဖြတ်ချက်သည်သာ အပြတ်သားဆုံး အမိန့်ဖြစ်နေသည်။

"အုကြောင်း" ချရန်ကား မခက်လှ။ မူလကပင် လားဝန်တင် သွား လမ်းမျှလောက်တော့ ရှိခဲ့ဖူးသည်။ ထို့နောက် စစ်ဖြစ်လာသော

www.burmeseclassic.com

www.burmeseclassic.com



အခါ စစ်ပြေးဒုက္ခသည်တို့ ဆုတ်ကြ ပြေးကြသဖြင့် ခြေကျင်လမ်း အနေနှင့် လမ်းအကြမ်း မှန်းချေချနိုင်လောက်ရုံမျှတော့ရှိနေသည်။

စတီးဝဲလ်တို့မှာ စသည်နှင့် တပြိုင်နက် မြေတွန်းစက်တွေ၊ တွဲရိုင်းစက်တွေ၊ မြေကော်စက်ကြီးတွေ၊ မြေသိပ်စက်ကြီးတွေ၊ ဝန်ချီစက်တွေ၊ လမ်းလိမ့်စက်တွေ၊ ကျောက်ခွဲစက်တွေ စသည့် စက်တွေချည်း တစ်ခါတည်း လီဒိုမီးရထားလမ်းဆုံဘူတာသို့ မီးရထားတွေနှင့် သယ်ယူလာကာ ချလိုက်ကြ၏။ ထိုစက်တွေ သယ်ယူလာခဲ့ရသော ခရီးလမ်းတား မိုင်ပေါင်း ၁၂၀၀ - ရှည်လျားသော အမေရိကန်မှ အိန္ဒိယ အရှေ့မြောက်စွန်း အာသံမီးရထားလမ်းဆုံး လီဒိုအထိဖြစ်သည်။ တိုက်ကြီး ၃ - တိုက်၊ သမုဒ္ဒရာ ၂ - စင်းကို ကျော်ဖြတ်၍ ခဲခဲယဉ်းယဉ်း သယ်ပိုးခဲ့ရသော စက်တွေဖြစ်၏။

စက်တွေရောက်လာသည်နှင့် တပြိုင်နက် ဆိုင်းမပါ ဗုံမဆင် တစ်ခါတည်း အုကြောင်းဆွဲသူကဆွဲ၊ နောက်ကရသမျှ အလုပ်သမားတွေနှင့် စ, တွယ်လိုက်ကြသည်။ တောတွေကိုရှင်း၊ တောင်တွေကိုဖြတ်၊ ချောင်းတွေကိုကျော်၊ ဗွက်တွေနွံတွေကိုဖို့၊ တစ်ခါတစ်ခါ မြင့်သည့် နေရာမှာ ဘဝင် ထိမလားထင်ရ၏။ တိမ်တွေက လမ်းလုပ်သားတွေ၏ ခြေသလုံး ကြားမှ ဖြတ်ပြီး တဝေ့ဝေ့ ပြေးနေ၏။ နိမ့်ပြီး ဆင်းသွားသော နေရာမှာလည်း အဝိစိများ နီးနေပလားထင်ရ၏။ ဤသို့ဖြင့် တောင်စောင်း၊ တောင်ကမ်းပါးကြီးတွေ၊ တောကြီးမြက်မဲတွေ၊ ချောင်းကြီး၊ အိုင်ကြီး၊ ဗွက်ကြီးတွေ အလီလီ အလာလာကိုဝေ့ခါ၊ ကွေ့ခါ၊ ပိုက်ခါ၊ ချီးခါ နိမ့်ချည်တစ်လှည့်၊ မြင့်ချည်တစ်လီဖြင့် အတွင်ဒလကြမ်း ဖောက်လာကြ လေသည်။

လမ်းကြီးမှာ အတော်စိတ်ကူးယဉ်ယဉ်နှင့် ဖောက်လုပ်ထားသဖြင့် ဥရောပသမိုင်းမှ ရောမခေတ် လမ်းကြီးမျိုးထက်ပင် ခန့်ညားသေး၏။ အကျယ်ပေ ၃၀ - ရှိ၍ အသွားလမ်း၊ အပြန်လမ်း ၂ - ကြောင်းတွဲ ဖြစ်သည်။ ကျောက်ခင်း၊ ကျောက်ကာ၊ ရေဆင်း၊ ရေစီးဘေးမြောင်းတွေနှင့် တောင်စောင်းက ကျရေကို တမံနှင့်လွှဲလျှက် တံတားတွေကလည်း အခန့်စားတွေချည်းဖြစ်တော့၏။

တစ်ခါတစ်ရံ ပူလိုက်သည့် နေက သွေးကြွက်ကြွက် ဆူဝေလာမ



တတ်။ တစ်ခါတစ်ရံတော့လည်း ချမ်းလိုက် အေးလိုက်သည်က ခိုက်ခိုက်တုန်။ အနိမ့်ပိုင်း ဖုံထူသည့် နေရာတွေကလည်း အသက်ရှူကြပ်မတတ်။ ဗွက်တွေ နွံတွေ ထူသည့်နေရာကျတော့လည်း ဖက်ဖုတ်တွေ တိရစ္ဆာန်အသေတွေနှင့် ပုတ်လို့ဟောင်လို့။ မိုးရွာသည့် အခါကျတော့လည်း ရေတွေက ဒလဟော၊ မြူတွေဆိုင်းပြီ ဆိုတော့လည်း ဘယ်မှမမြင်ရ၊ ရှေ့တစ်လံ နှစ်လံကိုပင် စမ်းတဝါးဝါး။ သို့သော် နေ့ခင်းသာမဟုတ်၊ ညပါ မနားတမ်း လုပ်ကြသည်။ တစ်နေ့ တစ်မိုင်နှုန်းတော့ ရောက်ရမည် ဟူသည်က မဟာဥပဒေသဖြစ်သည်။

ထိုလမ်းတွင် ငှက်ဖျားကတော့ မင်းအမူဆုံး အာဏာပိုင်ဖြစ်သည်။ အားလုံးတွင် သောက်သုံးရေက ပြဿနာကြီး အခက်အခဲဆုံး။ တစ်ချို့နေရာတွင် ၁၀ - မိုင်အတွင်း ရှာချင်တိုင်းရှာ ရေတစ်ပေါက်မှ မတွေ့ရ။ ထို့ကြောင့် ရေသယ်ကားတွေက မိုင်ပေါင်းများစွာ လိုက်ပို့နေရသည်။

၁၉၄၄ - ခုနှစ်သို့ ရောက်သောအခါ လမ်းမကြီးမှာ အခက်အခဲတွေ ကျော်လွန်၍ ပြီးမြောက်ခါနီးမှာ မိုးကြီး သဲသဲမဲမဲက မြန်မာပြည်မြောက်ပိုင်းကို ရွာချလိုက်သည်။ ထိုအခါ လမ်းမကြီး၏ အစိတ်အပိုင်းများစွာသည် ရေအောက်သို့ရောက်သွားသည်။ အချို့ ချောင်းကြီးတို့သည် တစ်ညအတွင်း ပေ ၃၀ - ခန့်ထိ မြင့်တက်လာသော ရေလုံးကြီးတွေက ဝါးလုံးထိုး လိမ့်ဆင်းကျလာ၏။ တံတားတွေ အတော်များများ လွင့်ပါ ပျက်စီးသွားသည်။ နေရာများစွာတို့တွင် လမ်းကြီးကို ရေတိုက်စားသွား၏။ အဆိုးတကာ့ အဆိုးဆုံးမှာ နာဂ တောင်ကြောတစ်ပိုင်းတလမ်းမကြီးတလျှောက် အကုန်ဗွက်ပေါက်သွားခြင်းဖြစ်သည်။ လမ်းမကြီးမှာ ဗွက်ပင်လယ်ထဲ နစ်မြုပ်သွား၏။

ထိုနေရာ၌ ရနိုင်သမျှသော ကျောက်များမှာ ဖွတ်ချေးကျောက်များသာဖြစ်၏။ ယင်း ဖွတ်ချေးကျောက်ကိုပင် ခင်းခဲ့ကြရသဖြင့် ဝန်ကြီးတွေ၊ ဝန်တင်ကားကြီးတွေ အလီလီအလာလာ ဖြတ်သန်းသွားထားသော ဖွတ်ချေးကျောက်တွေမှာ ပေါင်ဒါမှုန့်ဖြစ်၍ မိုးရေနှင့်မိပြီဖက်လိုက်သောအခါ ဗွက်ကြီး နွံပြင်ကြီး ဖြစ်သွားပြန်သည်။ ထိုအခါ ဗြဟ္မပုတ္တရမြစ်အထိ လှမ်းပြီး မြစ်တွင်းရှိ ကျောက်စရစ်နှင့် မျက်ဆံကြောင်ကျောက်

www.burmeseclassic.com

www.burmeseclassic.com



တွေကို တားကြိုးတွေနှင့် သယ်ကြရပြန်သည်။ လုပ်သားတွေ ကားတွေမှာ သွတ်သွက်လည်ကုန်ကြသည်။

အချို့နေရာတွင် မိုင်ပေါင်းများစွာ တောင်စောင်းတစ်လျှောက် လမ်းကြီး ဘီဆင်းသွားခဲ့သည်။ အချို့ချိုင့်ဝှမ်းကို ဖြတ်ဖောက်ထားသော လမ်းအပိုင်းကမူ လုံးဝ ပျောက်သွားသဖြင့် တောင်ကမ္ဘားယံ အမြင့်ပိုင်းတွေထိ ရွှေဖောက်ပြန်ဆက်ကြရပြန်သည်။

တံတား ဆိုသည်မှာလည်း လီဒိုမှ ယူနမ်အထိ ကိုက်နှုန်း (၃) မိုင်လျှင် တစ်ခုကျ ဆောက်သွားရသည်။ ထိုနှစ်က မိုးဦး ၂ - လလောက်တွင် မိုးရေချိန် ၁၇၅ - လက်မမျှ ရွာချလိုက်ရာ လမ်းကြီးတစ်လျှောက်လုံးကို ရေလွှတ်ရာသို့ ပြန်ဖောက်ကြရပြန်လေသည်။

အင်ဂျင်နီယာတွေက အင်ဂျင်နီယာတွက် တွက်၏။ စစ်သားတွေက စစ်မျက်စိနှင့် ကြည့်၏။ စစ်အတွင်းဖြစ်၍ အင်ဂျင်နီယာက အလျှော့ပေးလိုက်ရသည်။ သို့နှင့် စစ်အမြင်အတိုင်း လုပ်လိုက်ကြရသည်။

ထိုသို့ ကမောက်ကမ ဖြစ်နေကြချိန်မှာ ဝင်းဂိတ်အထူးတပ်တွေကလည်း အကုန်ပြန်သွားကြသည် မဟုတ်ဘဲ လင်တိန်တို့ အဖွဲ့မှာ ကျန်နေခဲ့သေးသည်။ လမ်းရှေ့ဦးနှင့် ဝင်းဂိတ်တို့အဖွဲ့မှာ ကပ်နေလေပြီ။ ကြားတွင် မိုင်အနည်းငယ်မျှသာ လွှာလွှာကလေး ခြားနေသည်။ ဝင်းဂိတ်တပ်ကို လေကြောင်းမှ ဖြည့်တင်း၍ ကောင်းကောင်းပေးနေနိုင်ပါ၏။ သို့သော် ချွေတာရေးမျက်စိနှင့် ကြည့်လျှင် ရက်ရက်စက်စက် အားနိုတ်ကြီးလေးလှသည်။

လမ်းကလည်း အမြန်ဆက်မိရန် အရေးကြီးနေ၏။ အမှတ် ၁၄ - တပ်မတော်မှာ ထိုအချိန်တွင် မဏိပူရ၌ ဂျပန်တို့နှင့် မီးကုန်ယမ်းကုန် ကြနေရသည်ဖြစ်ရာ စီးတီးဝဲလ်တို့ဘက်ကို မလှည့်ကြည့်အား။ သို့ဖြင့် ဝင်းဂိတ်တပ်ကို စတီးဝဲလ်လက်အောက်သို့ ဂျင်နရယ်စလင်းက လွှဲပေးလိုက်ရ၏။ ထိုအချိန်၌ ယူနမ်ဘက်မှ ဖို့စ်ဝိုင် တရုတ် တပ်သားတို့ကလည်း တရုတ်နယ်စပ်ကို ဝင်လုလု တကဲကဲချိန်နေသော ဂျပန်တွေကို စ,တိုက် နေရပြီဖြစ်ရာ ဝင်းဂိတ်တပ်ရော၊ ဖို့စ်ဝိုင် တရုတ်တပ်ရော အမေရိကန် လေတပ်ဗိုလ်မှူးချုပ် ဖွန်အက်စ် ဒီဂင်၏ လက်အောက်သို့ ရောက်သွားရပြန်သည်။ ဒီဂင်မှာ လီဒိုလမ်း ဖောက်လုပ်နေသော စတီးဝဲလ်ကို ကူညီရန် အမေရိကန် လေတပ် ဦးစီးဌာနမှ အမှတ် ၃ - လေကြောင်းချီ တိုက်ခိုက်ရေး တပ်ဖွဲ့အဖြစ် သီးသန့်လွှတ်ထားသူဖြစ်သည်။ ၎င်းအဖွဲ့သည် မဟာမိတ်တပ်ပေါင်းစု လေတပ်ဗိုလ်ချုပ် မေဂျာဂျင်နရယ် ဟောဝဒ်စီဒေးဗစ်ဆင် အုပ်ချုပ်သော လေတပ် ဗိုလ်မှူးချုပ် အိုးလ်နှင့်လည်း တွဲဘက်ဆောင်ရွက်နေရသည်။



စတီးဝဲလ်၏ လမ်းလုပ်ငန်းမှာ ရိုးရိုးလမ်းဖောက်သွားရုံမျှ မဟုတ်။ ရန်သူကို တိုက်ခိုက် ဖောက်လုပ်သွားရမည်ဖြစ်ရာ သူ့လမ်းကိစ္စတွင် အမေရိကန်က လေ့ကျင့်ပေးထားသော ယူနမ်တရုတ်တပ်မကြီး ၂၂ နှင့် ၃၈ - နှစ်ခုကလည်း ကူညီပါနေရသည်။ ထို့အပြင် အမေရိကန် စစ်တပ်များ၏ ပစိဖိတ်စစ်မျက်နှာမှ စစ်သားများကိုလည်း ဖြည့်ထားသေးသည်။

ယင်း အမေရိကတပ်များမှာ တောတွင်းတိုက်ပွဲကို အမေရိကနှင့် အိန္ဒိယပြည်၌ လေ့လာခဲ့သော်လည်း ထပ်မံ၍ တိုက်ကြည့်ရန် စတီးဝဲလ်ထံသို့ ပို့လိုက်ခြင်းဖြစ်သည်။ လေကြောင်းနှင့် တွဲတိုက်ရသော တောတွင်းတိုက်ပွဲကို သဘောပေါက် ကျွမ်းကျင်ရန်ဟုဆိုသည်။ ထို အမေရိကန် စစ်သားများနှင့် ဝင်းဂိတ်တပ်တို့ကို အသက် ၃၉ - နှစ်ရှိ ဗိုလ်မှူးချုပ် မာရေးက အုပ်ချုပ်သည်။ ထို့ကြောင့် သူတို့ကို "မာရေး" တပ်များဟု ခေါ်ကြသည်။

မာရေးမှာ စစ်မဖြစ်မီက ဂျပန်ပြည်ကိုသွားရောက်၍ နည်းပြလေ့ကျင့်ပေးခဲ့ဖူးသူ ဖြစ်၏။ ထို့ပြင် ၁၉၄၂ - ခုနှစ် ကတည်းက မြန်မာပြည် စစ်မြေပြင်၌ စတီးဝဲလ်နှင့် တွဲတိုက်ခဲ့သူလည်း ဖြစ်သည်။ ထို့ကြောင့် သူသည် မြန်မာပြည် အနေအထားကိုရော ဂျပန်စစ် ပရိယာယ်ကိုပါ သိနေသူဖြစ်သည်။

မဟာလီဒိုလမ်းဖောက်ရာတွင် တရုတ်စစ်တပ်တို့က ရှေ့ဆုံးမှ တပ်ဦးချိပြီး ရန်သူကိုတိုက်ထုတ်ပစ်ရသေးသည်။ တောတောင်တို့ကို တရုတ်တပ်နှင့် အမေရိကန်တပ်တို့ တိုက်ကင်းမပြတ် လှည့်နေရသည်။ ၎င်းတို့က တိုက်ခိုက်ရှင်းလင်းပြီဆိုသည်နှင့် အုကြောင်း ချမှတ်ပေးသူများက စစ်သားများ၏ အကာအရံနှင့် အုကြောင်းချကြရသည်။ ထို့နောက်မှာ မြေတွန်းစက်ကြီးတွေက မြေညှိကာတက်လာသည်။ မြေ

www.burmeseclassic.com

www.burmeseclassic.com

တွန်းစက်တွေကို သံချပ်တွေ ကာထားရသည်။ ထို့နောက်မှာ အင်ဂျင်နီယာများက တိုင်းထွာ၍ အလုပ်တာဝန် အဆင့်ဆင့်ကို ချမှတ်သည်။ နောက် တောရှင်းသမားများ၊ သစ်ကိုင်းဖြတ်သမားများ၊ သစ်ကိုင်းဖယ်ရှင်းသူများတို့က ပေါက်ဆိန်တွေ လွှတွေနှင့် အလုပ်ဝင်လာကြသည်။ ကားတွေကလည်း မြေလမ်းအကြမ်းရသည်နှင့် တပြိုင်နက် ပစ္စည်းတွေ တင်၍ အဆက်တည်းလိုက်ပါလာကြသည်။

ရှေ့က မြေတွန်းစက်၊ မြေညှိစက်တို့က အတတ်နိုင်ဆုံး အစွမ်းကုန် လုပ်ပေးသွားကြ၏။ ကျောက်ဆောင် ကျောက်ကမ်းပါး တောင်စောင်းများကို မိုင်းခွဲသူတွေက တက်ခွဲနေစဉ် မြေတွန်းစက်များက ဂိုက်အနည်းငယ် အကွာမှ ရပ်စောင့်နေရသည်။ ပေါက်ကွဲပြီးသည်နှင့် ချက်ချင်းထိုးဝင် ဖယ်ရှားကြရသည်။

ဤရှေ့ပြေး မြေညှိလုပ်ငန်း နောက်ကမှ မြေသိပ်စက်နှင့် အတူ ကျောက်ခင်းသူ၊ မြေလောင်းသူ၊ မြောင်းဖောက်သူ၊ တံတားခင်းသူတို့ တစ်သီကြီး လိုက်ပါလာကြသည်။ ထို့အပြင် လမ်း၏ နှစ်ဘက်ဝဲယာကိုလည်း ကွက်လပ်ကျယ်ကျယ် နေရာရှင်းသွားအောင် တောခုတ်ပစ်ရသေးသည်။ ဤသို့ မခုတ်လျှင် မိုးရွာက ရေမြန်မြန်မခြောက်ဘဲ ဗွက်တင်လာမှာစိုးရသည်။ ဘေးနှစ်ဘက်ကို အလင်းဖွင့်ထားမှ နေရောင်မြန်မြန်ကျရောက်ပြီး ရေခမ်းလမ်းခြောက်မည်ဖြစ်သည်။

ပထမအစက စစ်အလုပ်သမားတွေမှာ ပေါက်တူး၊ ပေါက်ပြား၊ တူးရွင်း၊ ဂေါ်ပြား၊ ဓါး၊ လွှ၊ ပေါက်ဆိန်တွေအပြင် ရိုင်ဖယ်ကလည်း လူစေ့၊ လက်စေ့ လွယ်ထားကြရသေးသည်။ ဘေးမှ စစ်တပ်တွေရှိနေသော်လည်း ဂျပန်များသည် ကပ်သီးကပ်သတ် ဆီလိုအမြဲအပေါက်ရှာ၍ တိုက်ခိုက်တတ်သည်။ အလုပ်လုပ်နေသူများကို တဟုန်ထိုး ပြေးပြီးဝင်ချမ်းသွားတတ်သည်လည်းရှိသည်။ ထိုအခါမျိုးတွင် စစ်သားအလုပ်သမားများမှာ သေနတ်ချိန်ချိန်ပင် မရလိုက်သဖြင့် လက်ထဲက ဂေါ်ပြားနှင့်ပင် ကောက်ရိုက်တန် ရိုက်ကြရသည်။

မဟာလီဒိုလမ်းမကြီးကို ဖောက်လုပ်ရာတွင် အလုပ်သမားများမှာလည်း လူမျိုးစုံလှသည်။ တရုတ်၊ ချင်း၊ ကချင်၊ နာဂ၊ ကုလား၊ ဂေါ်ရခါး၊ ဂါရိုစ်၊ ပန်ချာပီနှင့် ဒေသခံ မျိုးနွယ်စုများ အများအပြား



ပါဝင်ကြသည်။ အချို့ ခနန်းများရှိ လူ ၂၀၀၀ - လောက်မှာ ဘာသာစကားအမျိုးပေါင်း ၂၀၀ - လောက်ကို ပြောဆိုနေကြသည်။ ထို့ကြောင့် နောက်ဆုံး၌မူ ကမ္ဘာသုံး သင်္ကေတဖြစ်သော မျက်စိ၊ နား၊ နှာ၊ အင်္ဂါခြေလက်တို့နှင့်သာ အရှင်းဆုံး၊ အမြန်ဆုံးသိရှိနိုင်ရန် ပြောဆိုဆက်သွယ်ကြရတော့သည်။

မိုးရွာ၍ မြေတွေချော်လျှင် ဘူးလ်ဒိုဇာ မြေညှိစက်၊ မြေတွန်းစက်၊ မြေကော်စက်များသည် ဖင်ကဖြစ်ဖြစ်၊ ခေါင်းကဖြစ်ဖြစ် အိကျလာသော မြေနှင့် အောက်သို့ ပေ ၁၀၀၀ - မှ ကျသွားသည်။ တစ်ခါတစ်ခါ အချို့နေရာ၌ တိမ်တိုက်ကြီးတွေကျလာသဖြင့် လမ်းကိုပင် လုံးဝမမြင်ရသော နေ့တွေလည်းရှိခဲ့သည်။ တစ်ချို့နေရာ၌ မြေမာသည်ထင်၍ ရပ်ထားသော စက်ကြီးသည် မိုးရွာသည်နှင့် တပြိုင်နက်လိုလို ထိုနေရာ ဗွက်ထဲ မြုပ်သွားသည်။ ထိုဒေသ အချို့မြေတွေမှာ အပေါ်ကျောကသာ မာတင်းနေသော်လည်း အောက်တွင် ထူးတွင်းတွေ ဝပ်နေသည်။ လူများ နေထိုင်သွားလာမှု လုံးဝဆိတ်သုဉ်းနေသော မြေရိုင်းနယ်ရိုင်းတွေဖြစ်၍ မြေတွေ ပွနေသည်။

ဤမျှ ရာသီကြမ်း၊ တောကြမ်း၊ တောင်ကြမ်းကြီးတွေမှာ ရှေ့ပြေး အင်ဂျင်နီယာတပ်ဖွဲ့၌ ၈၀% နှုန်းမျှ ဖျားနာကြ၏။ ထို့ကြောင့် အင်ဂျင်နီယာမှူးကြီး ကာနယ်ဟာ့ရှ်ဖီးလ်က -

"ဟာ . . . ဒီလမ်းမကြီး ဖောက်ရတာ ကျုပ်ဖြင့် အစက နှုံးများသွားရချည်ရဲ့လို့ ထင်မိတယ်၊ မဟုတ်ဘူးဗျိုး . . . ပညာတိုးပါတယ်" တဲ့။

ဤလမ်းဖောက်ခေါင်းဆောင် လုပ်ငန်းဆိုင်ရာ အရာရှိကြီးကား အမေရိကန် တက္ကသိုလ်ပါမောက္ခ [illegible] မေဂျာချုပ်နရယ်လူးဝစ်အေပစ်ခ်ဆိုသူ ငွေရောင် ဆံပင်ပိုင်ရှင် ခေါင်းဖြူကြီးဖြစ်၏။ ပစ်ခ်သည် အမေရိကန် အလယ်ပိုင်း ရေရှားသော အရပ်အတွက် မစ်ဆိုရီရေကာတာကြီးကို တည်ဆောက်ခဲ့သူဖြစ်သည်။ သူသည် လယ်ယာကေပေါင်း သန်းကျော်ကို ရေပေးနိုင်ရန် လုပ်ဆောင်ခဲ့သူဖြစ်သည်။

ယခု မြန်မာပြည်မြောက်ပိုင်း ဤလီဒိုလမ်းမှာမူ သူလိုချင်သော ရေထက် အဆပေါင်းများစွာပိုနေသော ရေတွေကို သူတွေ့နေရပြန်

www.burmeseclassic.com

www.burmeseclassic.com



သည်။

မည်သို့ဆိုစေ စတီးဝဲလ်သည် ငွဲသန်သန်နှင့် ၁၉၄၃ - ခုနှစ်က ထောင်ဖောက်လုပ်ခဲ့ရာ ၁၉၄၄ - ခုနှစ်အဝင်တွင် ရှင်ဗွေယံခေါ် တောင်ပေါ်စခန်း၌ စတီးဝဲလ် အခြေချလိုက်နိုင်သည်။ သို့သော် ၂၄- နာရီပင် မပြည့်သေး -

"လားဝန်တင်တစ်ကောင်သွားနေရင်း လမ်းထဲမှာ မြေမြှုပ်သွားရလို့"

"ဟူကောင်းဘက် အတက်လမ်းတွေက လူသွားစရာတောင် မတွေ့နိုင်တော့ဘူး။ ညက မိုးမှာ ပါသွားပါပြီ"

"အေး၊ သုံး၊ ကိုး၊ လေးက သတင်းပို့ပါတယ်။ ဂျပ်ကာတစ်ကောင် လှုပ်ရှားနေတုန်းပါ"

အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေး တပ်ရင်းကြီးပေါင်း (၁၀) ရင်းဆီမှ နာရီမလပ် သတင်းဆိုးတွေကို ကြားနေရသည်။

သည်ထက်ဆိုးသည်မှာကား .....

❑ ❑ ❑

၃။

ဒီဇင်ဘာလ၏ အလွန်သာသာယာယာရှိသော နေ့တစ်နေ့ ဖြစ်သည်။

ဤနေ့၌ နေရောင်ခြည်ကို မနက်ကပင် မြင်ရသည်။ ခါတိုင်းနေ့တွေလို ပေ (၄၀၀၀) ကျော်မြင့်သော တောင်ပေါ်တွင် မှိုင်းတိုက်ခြင်း၊ မြူဆိုင်းခြင်း၊ အလုပ်သမားများကြားတွင် တိမ်ထုတွေ အခဲလိုက်၊ အစုလိုက်လည်း ပြေးလွှားနေကြခြင်းမရှိ။ တောင်ချိုင့် ချိုင့်ဝှမ်းများကြားတွင် တိမ်ထုပြင်ကြီး ဝပ်နေသည်ကိုလည်း မမြင်ရ။ ထို့ကြောင့် အလုပ်သမားများသည် တက်တက်ကြွကြွနှင့် ပျော်ရွှင်နေကြသည်။

စတီးဝဲလ်၏ လမ်းလုပ်သား ထောင်ပေါင်းများစွာကို စစ်တပ်ပုံစံအတိုင်း တပ်စိတ်၊ တပ်စု၊ တပ်ခွဲစသည်ဖြင့် ဖွဲ့စည်းထားရာ ရာသီဥတုကောင်းသော ဤနေ့မှာ တက်စုလိုက်၊ တပ်ခွဲလိုက်၊ တပ်စိတ်လိုက် အလုပ်လုပ်နေကြသည်။ တောင်ကုန်းအမှတ် (၁၀၄) နှင့် တောင်ကုန်းအမှတ် (၁၀၅) ကြားရှိ ချိုင့်ဝှမ်းကို ဗို (၁၀၈) အဖွဲ့က ဘင်္ဂလားနယ်သား အိုတစ်ယာကြီး မစ္စတာကိုရာမန်က ဦးဆောင်သည်။

နံနက် ရှစ်နာရီခန့်တွင် ကိုရာမန်ကြီး ပေါက်ချလာသည်။ ကူလီခေါင်း၊ သို့မဟုတ် တပ်စိပ်ခေါင်းဆောင်တွေကို ဝီစီမှုတ်ပြီး လှမ်းစုလိုက်သည်။ တပ်စိပ်ခေါင်းဆောင်တွေက ကိုရာမန်နားသွားစုကြသည်။ သူက တပ်စိပ် ခေါင်းဆောင်များကို လမ်းအလင်းဖွင့်ရန်ကိစ္စ မှာကြားပြီး တောင်ကုန်း အမှတ် (၁၀၅) တောင်ခြေဘက် တက်သွားသည်။ (၁၀၅) တောင်ခြေဘက်တွင် မြေထိုးစက်ကြီးနှစ်စီးနှင့် မြေကော်စက်ကြီး တစ်စီးတို့က တဂျိဂျိမြည်သံနှင့်အတူ အလုပ်လုပ်နေကြသည်။

တပ်စိပ်ခေါင်းဆောင်များသည် အိုတစ်ယာကြီး အမိန့်ပေးထားခဲ့သလို ပေ ၃၀ - ခန့်ရှိ အုကြောင်းလမ်းမကြီး၏ ဘေးနှစ်ဘက်ကို တောရှင်း အလင်းဖွင့်ရန် ထပ်ဆင့်အမိန့်ပေးကြသည်။ လမ်းဘေး နှစ်ဘက်ရှိ တောများကို တစ်လံ၊ နှစ်လံ တောရှင်းထားမှ လမ်းကို နေ

www.burmeseclassic.com

www.burmeseclassic.com



ရောင်ခြည်ရမည်။ နေရောင်ခြည်ရမှ လမ်းမြန်မြန် ခြောက်မည်။ လမ်းခြောက်မှ ရိက္ခာပို့ ကားများနှင့် အိန္ဒိယ၊ အာသံပြည်မှ ရှာဖွေစုဆောင်းလာသော အလုပ်သမား ထောင်ပေါင်းများစွာကို လမ်းလုပ်ငန်း ရှေ့တန်းသို့ မြန်မြန် ပို့နိုင်မည်ဖြစ်သည်။

အလုပ်သမားများမှာ အိန္ဒိယ၊ မဏိပူရ၊ အာသံမှ ကူလီကုလားများ၊ ဂေါ်ရခါးများ၊ ပန်ချာပီများ၊ ဒေသခံ ချင်း၊ နာဂ၊ ကချင်၊ ရောရှုံနှင့် တောင်ပေါ်သား မျိုးနွယ်စုများ အများအပြားပါဝင်ကြသည်။ အာသံပြည်နယ်၌ တစ်နေ့ကူလီလုပ်မှ တစ်မတ်ရသော ကုလားအလုပ်သမားများနည်းတူ တောင်ပေါ်သား အလုပ်သမားများကိုလည်း အားလုံး တစ်နေ့ ငါးကျပ်အပြင် ရိက္ခာလည်း အပြည့်အစုံ ပေးထားရာ အလုပ်သမားများမှာ ပျော်ပျော်ကြီးပင် အလုပ်လုပ်နေကြသည်။

ထိုအထဲတွင် အာသံပြည်နယ်သား "ဒူရခါး" ဦးစီးသော အလုပ်သမားတစ်စုသည် လမ်းမကြီးတောင်ဘက် မြေတစ်ခြမ်းဖို့ထားသော ဗွက်အိုင်ကြီးတစ်ခုနားရှိ ချုံတောများကို အလင်းဖွင့် လမ်းရှင်းနေကြသည်။ အလုပ်သမားများမှာ လူမျိုးစုံ၊ ဘာသာစကား မျိုးစုံဖြစ်ရာ တစ်ယောက်စကားကို တစ်ယောက် နားလည်ကြသည် မဟုတ်။ လက်ဟန်ခြေဟန်နှင့်သာပြ၍ လုပ်ကိုင်နေကြခြင်း ဖြစ်သည်။

ထိုသို့ လုပ်ကိုင်နေကြရာ ကူလီခေါင်း တပ်ကြပ်ဖြစ်သူ ဒူရဂါးက သစ်ပင်ကြီးများ၏ အကိုင်းအခက်များကိုလည်း တတ်နိုင်သလောက် ခုတ်ဖြတ် ရှင်းလင်းထားကြရန် လက်ညှိုးထိုးပြ ည်ကို သစ်ပင်ကြီးတွေကို မြင်သည်နှင့် ခုတ်ချင်၊ လှဲချင်နေကြသော တောင်ပေါ်သားများက သစ်ပင်ကြီးတစ်ပင်ကို လှဲချလိုက်ရာ အာသံပြည်သား ကုလားလေးတစ်ယောက်က သူမလွတ်မှာစိုး၍ ပြေးရှောင်လိုက်စဉ် လမ်းဘေးရှိ ဗွက်အိုင်ကြီးထဲ ခြေချော်ကျသွားလေ၏။ အာသံပြည်သား ကုလားလေး အော်သံနှင့်အတူ လူမျိုးစုံတို့၏ ဘာသာမျိုးစုံ အော်လိုက်ကြသံများက ချိုင့်ဝှမ်းတစ်ခုလုံး ပဲ့တင်ထပ်သွားသည်။

အကြောင်းမှာ ရွှံ့နွံဗွက်ထဲ ခါးထိနစ်မြုပ်သွားသော ကုလားလေးကို ရုတ်တရက် မင်တက်မိ ငေးကြည့်နေကြစဉ် သစ်ရွက်ပုတ်တွေနှင့် မည်းတူးနေသော ရေထဲမှ တစ်ထွာတစ်မိုက်ခန့်ရှည်သော မျှော့ကြီးများသည် ချက်ချင်းရေထဲကပေါ်လာပြီး ကုလားလေးကိုယ်ပေါ် ပြေးတက်လာကြသည်။ ကျောကုန်းတွင် ဖြုတ်ဖုကြီးတွေထနေသော အရာအထောင်မကသည့် နစ်ချို့ မျှော့ကြီးများသည် စက္ကန့်ပိုင်းအတွင်းမှာပင် ကုလားလေးကိုယ်ပေါ် တွယ်တက်လိုက်ကြရာ မင်တက်မိ ကြည့်နေကြသော အလုပ်သမားများ၏ မျက်စိအောက်၌ပင် ချက်ချင်း ကုလားလေးကို မမြင်ရတော့ဘဲ မျှော့ကောင်ကြီးများက ဖုံးလွှမ်းသွားလေသည်။

အရာအထောင်မကသော မျှော့ကောင်ကြီးများမှာ ကုလားလေးနှင့်အတူ တစ်ယောက်ဖက်၊ နှစ်ယောက်ဖက်လောက် အလုံးကြီးဖြစ်ကာ ရွှံ့နွံဗွက်ထဲ နစ်သွား၏။ ထိုအခါ "အမား . . . အမား . . ." အော်ဟစ်နေသော ကုလားလေးအသံလည်း ပျောက်သွားသည်။ ကုလားလေးရုပ်ကိုလည်း လုံးဝမမြင်ရတော့။ ထိုကုလားလေးနှင့် မျှော့ကြီးခဲ၊ မျှော့ကြီးလုံး မြုပ်သွားရာပေါ်သို့ နောက်ထပ် ပြေးလိုက်လာကြသော တစ်ထွာတစ်မိုက်ရှည် မျှော့ကြီးများသည် သူ့ထက်ငါဦး ပြေးလိုက်လာပြီး ထိုနေရာအောက် ငုတ်ဆင်းသွားကြပြန်သည်။ သို့သော် ဗွက်အိုင်ကြီးထဲရှိ နောက်ထပ် မျှော့ကြီးများမှာလည်း ဘယ်ကဘယ်လို ပြေးလိုက်လာကြသည်မသိ ထိုနေရာတစ်ဝိုက်၌ လူးလာကူးခတ် အနံ့ခံ လိုက်ရှာနေကြသည်မှာ လှမ်းကြည့်နေကြသော အလုပ်သမားများအားလုံးပင် ကြက်သီး ဖြန်းဖြန်းထသွားကြသည်။

အဖြစ်အပျက်မှာ မြန်ဆန်လွန်းလှသဖြင့် အထိတ်တလန့် အော်လိုက်ကြသံကြား၍ ကူလီခေါင်း အိုဗာစီယာများ ဗွက်အိုင်နား ပြေးရောက်လာကြချိန်မှာ ဗွက်အိုင်ထဲတွင် တစ်ထွာတစ်မိုက် ရှည်လျားသော မျှော့မည်းကြီး အရာအထောင်များ ရေပေါ်တွင် ကူးခပ် ပြေးလွှားနေ ကြရသည်ကိုသာ မြင်ကြရတော့သည်။ ကုလားလေးမှာ ဘယ်အဝီစိထိ ရောက်သွားပြီလား၊ မျှော့ကြီးများ သွေးစုတ်ကိုက်ခဲ စားသောက်ပစ်လိုက်ကြ၍ အရိုးပင် ကျန်သေးရဲ့လား မသိပေ။

"ဒူရခါး" က အိုဗာစီယာများအား သူမြင်လိုက်ရသော မြင်ကွင်းကို အစီရင်ခံ ပြောပြသောအခါ အိုဗာစီယာများမှာလည်း တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ကာ ကြက်သီးထသွားကြသည်။ အာသံပြည်သား ကုလားလေး၏ အလောင်းကိုပင် မည်သို့ ရှာဖွေ ဆယ်ယူကြရမည်ကို မည်သူမျှ



www.burmeseclassic.com

www.burmeseclassic.com



မကြံတတ်ကြ။ မည်းတူးနေသော သစ်ရွက်သစ်ခတ်ပုတ် ဖွက်အိုင်ထဲကို အလောင်းဆယ်ရန် မည်သူဆင်းဝံ့မည်နည်း။ ဆင်းလာသော လူအား လူသေွးစုတ်ရန် လိုက်လန် ရှာဖွေနေကြသော တစ်ထွာတစ်မိုက်ရှည် မျှော့ကြီးများကား ယခုထိ ရွံ့နွံ့ရေပေါ်မှာ လူးလားခေါက်ပြန် သွားလာနေကြတုန်း။

ထို့ကြောင့် နောက်ဆုံးတွင် အာသံပြည်သား ကုလားလေး၏ မှတ်ပုံတင် အလုပ်သမားနံပတ်ကို ဒုရခါးအားမေးမြန်းကာ တပ်ခွဲမှူးကြီးရုံးသို့သာ ပို့လိုက်ကြရလေသည်။ ဤသေမင်း တမန်လမ်းမဖြစ်သော မဟာလီဒိုလမ်းမကြီး၌ အသက်စွန့်သွားရရှာသော အာသံပြည်သား ကုလားလေး၏ အဖြစ်ဆိုးကြီးကမူ လုပ်ဖော်ကိုင်ဖက် အလုပ်သမားများ၏ နှလုံးသားတွင် သံမှိုစွဲသလို စွဲထင်ကျန်ရစ်ခဲ့လေသည်။

သည်လိုနှင့် ထောင်ပေါင်းများစွာသော လမ်းလုပ်သားများသည် ရှင်ဗွေယံချိုင့်ဝှမ်းမှ ဟူးကောင်းတောင်တန်းကြီးများပေါ်သို့ ချီတက် ဆက်လုပ်လာကြရပြန်သည်။

ဟူးကောင်းတောင်ကြား၏ အေ (၃) တောရှင်း ရှေ့ပြေးအဖွဲ့က စီ ( ၄ ) နှင့် စီ ( ၅ ) ကြားတွင် ပြဿနာတစ်ခု ပေါ်လာပြန်သည်။ “မူရာကျီ” ခေါင်းဆောင်သော တောရှင်းအဖွဲ့က အုကြောင်း လမ်းထိတ်တည့်တည့်ရှိ တောကို ဒေသခံ နာဂနှင့် ကချင်အမျိုးသားများကို တောခုတ်ခိုင်းသည်။

ကချင်နှင့် နာဂအမျိုးသားများက ခုတ်မည်။ သို့သော် “ခဏ” ဟု လက်ဟန်ခြေဟန် ပြကာ သူတို့ခုတ်တွင် ရှင်းလင်းရမည့် တောကိုကြည့်ပြီး အချင်းချင်းစကား တွတ်ထိုးနေကြသည်။ နာဂကြီးတစ်ယောက်တမူ တောင်အောက်ဘက် နောက်ကြောင်းပြန် ပြေးဆင်းသွားသည်။

“ဟေ့ - လူ၊ ဘာ - လဲ၊ ဘာလဲ” ဟု မူရာကျီ ပါးစပ်က အသံထွက်သွားသည်။ မူရာကျီ ဘာပြောလိုက်သည်ကို မသိသော နာဂလုပ်သားများက သူတို့အဖွဲ့လူကြီး မူရာကျီကို ငေးကြည့်နေကြသည်။

“ဟေ့ - ကောင်တွေ၊ ဘာငေးကြည့်နေကြတာလဲ၊ သွားကြလေကွ၊ သွား တောရှင်းကြပါဆို ဘာလုပ်နေကြတာလဲ။



ဤတစ်ခါတော့ စကားနှင့် ပြောရုံဖြင့် မလုံလောက်မှန်း သိသဖြင့် လက်ဟန် ခြေဟန်နှင့်ပါ တောခုတ်ရန် လှမ်းပြသည်။ ဤသည်ကို နာဂအလုပ်သမားများကလည်း နားလည်ကြပုံရသည်။ သို့သော် သူတို့ရှေ့က တောထဲ၊ တောစ မည်သူမှ မသွားကြသေးဘဲ “ခဏ” ဟူသော သဘောနှင့်သာ လက်ကာပြနေကြပြန်သည်။

ခါတိုင်းလည်း တောခုတ်နေကျ ဖြစ်လျှက်နှင့် ဤနေ့မှ “ဒီကောင်တွေ ဘာဖြစ်နေကြပါလိမ့်” ဟု မူရာကျီ စိတ်တိုလာသည်။ သို့သော် နာဂလုပ်သားတွေမှာ လူတစ်မျိုးတွေ။ သူတို့ မလုပ်ချင်ပြီဆိုလျှင် သေနတ်လွယ်ထားသော တရုတ်စစ်သားများကိုပင် ကြောက်ကြသူတွေ မဟုတ်။ သူတို့ တစ်စုံတစ်ခု သဘောမတွေ့လျှင် သကြားမင်း နကင်းနှင့် ဆင်းလုပ်ခိုင်း၍ပင် ရသူများမဟုတ်။

ထို့ကြောင့် မူရာကျီက သူတို့နောက်တွင် ရှိနေကြသော ကုလားများကို ခေါ်ခိုင်းလိုက်သည်။ ကူလီကုလား လေးယောက်က ချက်ချင်း ပြေးတက်လာကြပြီး မူရာကျီ တုတ်ရှည်နှင့် လှမ်းပြထားသော တောကို စ ခုတ်လိုက်ကြသည်။ ထိုအချိန်ထိလည်း နာဂလုပ်သား ငါးယောက်က တောင်တက်တေးနှင့် တောခုတ်နေကြသော ကုလားလေးယောက်ကို အံ့ဩသလို လှမ်းကြည့်နေကြပြန်သည်။

“ဒီကောင်တွေကို တောခုတ်ခိုင်းလို့ မရရင် အောက်ဘက်ပြန်ချပြီး ငုတ်ဖော်ခိုင်းမှ” ဟူသော အတွေးမဆုံးမီပင် စောစောက တောင်အောက်ဘက် ဆင်းပြေးသွားသော နာဂကြီး ပြေးတက်ပြန်လာသည်။ ဘာအရွက်တွေမှန်းမသိသော အရွက်တစ်လှိုင်းကို ပွေ့ယူလာပြီး သူ့လူများကိုပေးသည်။ သူ့လူများက ထိုအရွက်တွေကို လုံးချေကာ သူတို့ ခြေမောက်နှင့် ခြေလက်တစ်ကိုယ်လုံးကို ကမန်းကတန်း ပွတ်တိုက်လိုက်ကြသည်။ ဤတစ်ခါတော့ မူရာကျီ ပြောဖို့ ပြဖို့ပင် မလိုဘဲ စောစောတမှ လာခုတ်နေကြသော ကုလားများဆီ ပြေးတက်သွားကြပြီး ဝိုင်းခုတ် တောရှင်းနေကြပြန်၏။ သည်နာဂတွေကို မူရာကျီမှာ ဘယ်လိုနားလည်ရမှန်းမသိ။ နောက်တော့ နတ်ကိုးကွယ်ကြသော သူတို့ အယူအဆနှင့် ညည်သူမျှ စ, မခုတ်ကြသေးသော တောကို နတ်အလိုကျ အယူအဆ လေ့ထုံးစံ တစ်ခုခုကြောင့်ဟုသာ ထင်လိုက်သည်။ ထို့ကြောင့်လည်း

www.burmeseclassic.com

www.burmeseclassic.com



မူရာကိုသည် တောင်အောက်ရှိ အလုပ်သမားများရှိရာသို့ ဆင်းလာသည်။

ဤမျှဆိုလျှင် ထိုအလုပ်သမားများကို စိတ်ချရပြီ။ မနက်စာထမင်းစား ဝီစီမမှုတ်မချင်း သူတို့ တောခုတ်နေကြပေလိမ့်မည်။

□ □ □

၄။

မိုးပင်မလင်းသေး။ ဘာဖြစ်ကြသည်မသိ။ လမ်းလုပ်သားများ နှစ်ဆယ်ကျော်နေနေကြသော တင်းဂုတဲထဲမှ ပွည်ပွည် အသံတွေကို ကြားနေရသည်။ ရန်ဖြစ်ကြတာလားဟုတွေးကာ မူရာကို နားစွင့်လိုက်သည်။ အသံက ပိုကျယ်လာသည်။ တစ်ယောက်တစ်ပေါက် ပြောဆိုဆူညံနေ ကြသံ။

"မူရာကို၊ မင်းကောင်တွေ ဘာဖြစ်နေကြတာလဲကွ။ နိုး . . . မိုးတောင်မလင်းသေးဘူး၊ သောက်ကန်းမသားတွေ"

မကာီပူရသား အလုပ်ကြပ်ဆာလာဒင်က သူ့ထုံးစံအတိုင်း ဆဲပြီးပြောသည်။

အသံကြားနေရသော ရွက်ဖျင်တင်းဂုထဲမှာ မူရာကို အုပ်ချုပ်ရသော ရှေ့ပြေး ချုံရှင်းအဖွဲ့က အလုပ်သမားများကိုထားသော တဲဖြစ်သည်။ ထို့ကြောင့်လည်း ဆာလာဒင်က စောင်ခြုံကွေးနေရာကပြော၏။ သူတို့ အလုပ်ကြပ်များနေကြသော တင်းဂုတဲနှင့် အလုပ်သမားများတဲမှာ လေးလံခန့်သာ ဝေးသည်။ ထို့ကြောင့် အသံတွေက ပိုဆူလာသောအခါ မူရာကိုက ထထိုင်လိုက်သည်။



"ရန်ဖြစ်ကြတာတော့ ဟုတ်ပုံမရဘူး" ဟူသော စကားမဆုံးမီပင် ဆာလာဒင်က "ပြောနိုင်လားကွ၊ မင်းကောင်တွေထဲ တောင်ပေါ်သားတွေ အများကြီးဘဲ" ဟု ဆာလာဒင်က ထပ်ပြောသည်။

လမ်းလုပ်သားတွေမှာ လူမျိုးစုံ၊ ဘာသာစုံဖြစ်သဖြင့် တစ်ခါတစ်ခါတော့ ရန်ဖြစ်ကြတာလည်း ရှိသည်။ သို့သော် ဤလိုမနက် ငါးနာရီကျော် အချိန်မျိုးမဟုတ်။ ညနေ ထမင်းစားသောက်ပြီး နားနေချိန်တွင် တစ်ယောက်နှင့်တစ်ယောက် စ, ကြနောက်ကြရာက မလေ့စနိုက်ချင်းမတူသဖြင့် အမိပွါယ်ကောက်လွဲကာ ရန်ဖြစ်ကြတာတော့ရှိသည်။ အထူးသဖြင့် စရိုက်ခြင်းမတူသော နာဂ၊ ကချင်နှင့် သူတို့ အာသံကုလားများ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသံတွေက ပိုကျယ်လာသဖြင့် မူရာကိုက အလုပ်သမားများတဲဘက် ဖျင်းရိ ဖျင်းတွဲပုံနှင့် ရောက်လာသည်။

"ဟေ့ - လူတွေ၊ ဘာတွေ ဖြစ်နေကြတာလဲ **တောတောစီးနင်း**" ဟု တဲဝက လှမ်းအော်ပြောကာ တဲထဲဝင်လာသည်။ သူ့အသံကိုကြားသဖြင့် အာသံသားတစ်ယောက်က "ကျောက်ကြီးပေါက်ပြီးဆပ်" ဟု လှမ်းပြောသည်။ မီးခွက်ထွန်းပြီး ဝိုင်းနေကြသော လူအုပ်နား မူရာကို ဝင်တိုးသွား၏။

မတ်တပ်ရပ်ပြီး တစ်ယောက်သောသူက နောက်လူများကို ပြနေသည်။ မီးရောင်နှင့် မြင်လိုက်ရသော ထိုသူကိုယ်ပေါ်မှ အနာလုံးများကိုမြင်ပြီး မူရာကို မျက်လုံးပြူးသွားသည်။ ပြောင်းဖူးစေ့လောက်ရှိသော အနာလုံးများကို ထိုသူက အကျႌချွတ်ပြနေသည်။ ထိုသူနားတွင် နောက်သုံးယောက်က တုံးလုံးပက်လက်။ ထိုသူလေးယောက်ကို နောက်အလုပ်သမား ကုလားများက ဝိုင်းကြည့်နေကြသည်။

တောင်ပေါ်သား နာဂနှင့် ချင်း၊ ကချင် အလုပ်သမားများကမူ အိပ်ရာမှ ထထိုင်၍ ကုလားအုပ်ထဲ လှမ်းကြည့်ပြီး တီးတိုးပြောနေကြသည်။

"ကြည့်စမ်းမယ်၊ ဘယ်လိုအနာတွေလဲ"

မူရာကိုက ထိုမတ်တပ်ရပ်နေသူနား တိုးကပ်ကြည့်သည်။

"ကျောက်ကြီးပေါက်တာဆပ်"

www.burmeseclassic.com

www.burmeseclassic.com



စောစောက အာသံသားက ထပ်ပြောပြန်သည်။

"မဟုတ်ပါဘူးကွ၊ ငါငယ်ငယ်က ကျောက်ပေါက်ဖူးပါတယ်"

လူကြီးတစ်ယောက်က ပြောပြန်သည်။ ထိုလူကြီးသာမဟုတ် မှုရာကိုလည်း ငယ်ငယ်က ကျောက်ပေါက်ဖူးသူပင်။ ကျောက်ရောဂါမှာ ဤသို့ ညတွင်းချင်း ပြောင်းဖူးစေ၊ သပြေသီးမှည့်လို ဖြစ်လာသည်မဟုတ်၊ တစ်ရက် နှစ်ရက်ကြာမှ ဖူးရောင်လာသည်၊ ပြီးတော့ ကျောက်ကြီး မပေါက်မီ နှစ်ရက် သုံးရက်လောက်ကပင် တစ်ကိုယ်လုံး ကိုတ်ခဲနာကျင် သည်၊ ပြီးတော့မှ ကျောက်ဖုတွေ ထွက်လာသည်၊

မှုရာကိုက ထိုသူမျက်နှာကို မော့ကြည့်သည်။ မှုရာကို မှတ်မိ၏။ သူအလုပ်သမား အာဇီမှာ မနေ့ကညနေထိ နာဂတွေနှင့်အတူ တော ခုတ်ခဲ့သူ။ ယခု သူ့လက်နှင့် ကျောကုန်း ခါးတို့တွင်ပြောင်းဖူးစေ့လောက် ရှိသော အဖုတွေက ညိုမဲနေသည်။

"ဘယ်လိုဖြစ်တာလဲကွ ဟင် - အာဇီ"

"ကျုပ်လဲမပြောတတ်ဘူး ဆာဂျင်၊ ခုလိုခုလုတွေ့လို့ ကိုင်ကြည့် တော့ အနာဖုတွေ ဖြစ်နေတယ်၊ ဒီလိုခွာလို့မရဘူး သေမလောက်နာ တယ်"

"မင်းက နာရုံနာတာ၊ ဟို သုံးယောက်ဆို ထတောင် မထနိုင် ဘူး"

"ဟော . . . မှုရာကိုက လှဲအိပ်နေကြသူ သုံးယောက်ဆီ လှည့် ကြည့်ကာ" ဟော. . . " ကနဲ အသံထွက်သွားပြန်သည်။ ထိုသုံးယောက် မျက်နှာကိုလည်း မှုရာကို မှတ်မိသည်။ ထိုသူသုံးယောက်မှာလည်း မနေ့ က နာဂတွေနှင့် တောခုတ်ခဲ့ကြသူတွေ။

"သူတို့လဲ ဒီလိုအနာပေါက်တာလား"

"ဟုတ်တယ်၊ အာဇီက တော်သေးတယ်။ ဟိုကောင် သုံးကောင် တစ်ကိုယ်လုံးမှာ အပ်ချစရာတောင်မရှိဘူး။ တစ်ကိုယ်လုံးပြည့်နေတာ"

မှုရာကိုက တစ်ချက်ကဲကြည့်လိုက်တော့ လှဲနေသူ သုံးယောက် စလုံးက ထထိုင်ကြသည်။ ပြီးဖြုံထားသော စောင်တွေကို ခွာချပြကြ၏။

အလုပ်ကြပ် မှုရာကိုမှာ "အမေလေး . . ." ဟု လန့်မအော် လိုက်မိအောင်ပင် မနည်း သတိထားလိုက်ရသည်။ သူတို့ သုံးယောက်၏



တစ်ကိုယ်လုံးတွင် ပြောင်းဖူးစေ့လောက်ရှိသော အနာလုံး အဖုတွေမှာ စောစောက လူကြီးပြောသလို အပ်ချစရာပင်မရှိ၊ တစ်ကိုယ်လုံးပြည့် နေ၏။

"မင်းတို့ ဘယ်လိုဖြစ်တာလဲ၊ နာလား၊ ဘယ်လိုတွေ့လဲ"

"ဘယ်လိုမှ မတွေ့ဘူး ဆာဂျင်၊ နာလဲမနာဘူး၊ မလှုပ်ချင်တာ ဘဲ တွေ့တယ်၊ အားမရှိတော့ဘူး"

ပြောရင်းကပင် ထိုသူအိပ်ရာထဲ ပြန်လှဲသွား၏။ နောက်နှစ် ယောက်ကတော့ ထိုင်ရင်းက လက်ထောက်ပြီး မျက်လုံး အပြူးသားနှင့် မှုရာကို၏ မျက်နှာကိုသာ အားကိုးတကြီးနှင့် ငေးကြည့်နေကြသည်၊ မှုရာကို သူတို့ သုံးယောက်၏ မျက်နှာကို သေသေချာချာ ကြည့်လိုက်ရာ သူတို့ သုံးယောက်စလုံး၏ မျက်နှာမှာ သွေးမရှိတော့သလိုပင်၊ ညတွင်း ချင်းလည်း မျက်လုံးဟောက်ပတ် ဖြစ်သွားကြသည်၊

ထိုအချိန်မှာပင် ဆာလာဒင်နှင့် မဏိပူရသား ရာဂျူ အလုပ် ကြပ်တို့လည်း ရောက်လာကြသည်၊ လူမမာ လေးဦးကိုယ်ပေါ်က အဖု အလုံးတွေကို မြင်လိုက်ကြရသောအခါ သူတို့မှာလည်း မျက်လုံးပြူး မျက်ဆံပြူး ဖြစ်ကုန်ကြသည်၊

"အံ့ဩစရာဘဲကွ မှုရာကို၊ ဆေးမှူးကို မြန်မြန်သွားခေါ်ပြီး ...င်းလူတွေကိုပြမှ ဖြစ်မှာပေါ့၊ မင်းဘာစဉ်းစားနေလဲ"

ဆာလာဒင်က သူ့ကို မဆဲရုံတမည် ပြောလိုက်တော့မှ ဆေးမှူး ကို ခေါ်ရန်သတိရသည်။ ထိုအချိန်မှာပင် စောစောက သူ့အနာကို ...ပ်ပြနေသော လူ၏ ကိုယ်ပေါ်က အနာဖုတစ်လုံးကို ဆာလာဒင်က ...တ်ကနဲ ဆွဲချကြည့်လိုက်ရာ "ထိုသူမှာ အမယ်လေးဗျ" ဟု အော်ပြီး ...နေရာ ရွှေ့သွားသည်၊ ပြီး မျက်ရည်ဝဲပြီး ဆာလာဒင်ကို ကြည့်ကာ ...ဆပ် - မလုပ်ပါနဲ့ဗျ၊ သေမလောက်နာတာ" ဟု တောင်းပန်သလို ...ပြောသည်။

"ခွေးမသား၊ ဆေးမှူးသွားခေါ်ပါဆို အာသံများ ပြန်နေလား ...သိဘူး။ ကြာလိုက်တာ"

လူနာက တစ်အားအော်လိုက်သဖြင့် လက်တွန့်သွားသော ဆာ ...လာဒင်က ကြာရမည်လားဟု မှုရာကိုကို ဆဲဆိုနေသည်။ ပြီးတော့မှ -

www.burmeseclassic.com

www.burmeseclassic.com



လူနာတွေ ကိုယ်ပေါ်ကအနာဖုတွေကို ကြည့်ပြီး "အံ့ဩစရာဘဲကွ၊ ညတွင်းချင်း ဖြစ်တာဆိုတော့ အင်း . . . တစ်ခုခုတော့ တစ်ခုခုဘဲကွ"ဟု ပြော နေ၏။

ဆေးမှူးသွားခေါ်သော မူရာကျိနှင့် ဆေးမှူး ဆာဂျင်ကြီး မာရဝါရိတို့ လူနာရှိရာ တဲနား ရောက်လာကြသောအခါ ပေ (၄၀၀၀) ကျော်မြင့်သော ဟူးကောင်း တောင်ပေါ်တွင် မိုးလင်းနေပြီ။ ထို့ကြောင့် ထူးထူးဆန်းဆန်း ဖြစ်နေသော လူနာတဲနားကို တစ်ခြားတဲများက အလုပ်သမားများလည်း အံ့ဩတကြီး လာကြည့် မေးမြန်းနေကြရာ လူတွေမှာ ရာချီ ရှိနေသည်။

ဆေးမှူးမာရဝါရိနှင့် မူရာကျိတို့ကို အလုပ်သမားများက လမ်းတိမ်းပေးကြသည်။ ပြီးတစ်ယောက်တစ်ပေါက် ထင်ရာမြင်လည်း ပြောနေကြသည်။ သို့သော် လူမျိုးစုံတို့မှာ တစ်ယောက်စကား တစ်ယောက် ကောင်းကောင်း နားလည်ကြသည်မဟုတ်။ အများစု ကြွက်ကြွက် ညံနေကြသည်ကတော့ အာသံနှင့် မဏိပူရ လုပ်သားများ။

လူနာများ၏ ကိုယ်ပေါ်က အနာလုံးများကို မြင်ရသောအခါ ဆေးမှူးကြီး မာရဝါရိမှာလည်း ထူထဲသော သူ့မျက်မှန်ထဲက မျက်လုံးကြီး ကျွတ်ကျမတတ် ပြူးပြူးကြီးကြည့်ကာ ရုတ်တရက် အံ့ဩသွားလေသည်။ သူသည် အသက်ငါးဆယ်ကျော်နေပြီ။ ဤလို ဝေဒနာရှင်မျိုးကို တစ်ခါမှ မတွေ့ဖူး၊ မမြင်ဖူး၊ မကုသဖူး။

"အမယ်လေးဆပ် - သေပါပြီ"

လူနာတစ်ယောက်၏ ကိုယ်ပေါ်က အနာဖုကို ဆွဲကြည့်လိုက်ရာ လူနာမှာ နာလွန်း၍ ဗွန်းပြန်မတတ် ဖြစ်သွားသည်။ မာရဝါရိကြီးလည်း လန့်သွားသည်။

"ဘယ်လိုပါလိမ့်" ဟု ဆေးမှူးက စပရစ်လောင်းလိုက်ပြီး ပြောင်းဖူးစေ့လောက်ရှိသော အနာဖုနား နှာခေါင်းကပ်ပြီး ကြည့်ပြန်သည်။ "ဟင် . . ." ဟု ဆိုပြီး -

"မူရာကျီ၊ အနာမဟုတ်ဘူး၊ အကောင်ကိုက်နေတာဗျ၊ ဆာလာဒင် လာကြည့်စမ်း" ဟု ဆိုသည်။

မူရာကျီနှင့် ဆာလာဒင်တို့ အနားကပ်ပြီး သေသေချာချာ အ



သာအယာ ကိုင်ကြည့်ကြသည်။

ဆေးမှူးကြီး ပြောသည်မှာ မှန်၏။

လူ့ကိုယ်ပေါ်တွင် တွယ်ကိုက်နေသည်မှာ ပိုးကောင်များပင်။ ခေါင်းမည်းမည်းနှင့် ခြေလက်တွေဟု ထင်ရသော အလွန်သေးငယ်သည့် အမျှင်လေး လေးငါးမျှင်ကိုလည်း ယခုမှတွေ့ကြရသည်။ ထိုတီရွှာန်၏ ခေါင်းမှာလည်း ကိုယ်လုံးကသာ ပြောင်းဖူးစေ့လောက် ရှိနေသော်လည်း ခေါင်းကမူ သန်းတစ်ကောင်၏ ခေါင်းလောက်ပင်မရှိ။

ဆေးမှူးကြီးက စပရစ်တပ်လောင်းကြီး ထိုတီရွှာန်ငယ်ကို ဆွဲကြည့်ပြန်၏။ စောစောကလိုပင် လူနာက ဗွန်းပြန်မတတ် အော်သည်။ အသက်ထွက်သွားမတတ် နာကျင်ကြောင်းကိုလည်း ငိုသံပါကြီးနှင့် ဗလုံးဗထွေးပြော၏။ မျက်ရည်တွေလည်း ကျလာသည်၊ မာရဝါရိကြီး သက်ပြင်းချ၏။

ထိုအချိန်မှာပင် သူ့ကို တစ်စုံတစ်ယောက်က နောက်ကနေ လက်တို့လိုက်သဖြင့် မာရဝါရိ လှည့်ကြည့်သည်။ ဆေးမှူးကြီး လှည့်ကြည့်သောအခါ မူရာကျိနှင့် ဆာလာဒင်တို့ကလည်း ပြိုင်တူ နောက်သို့ လှည့်ကြည့်လိုက်ကြသည်။

လူနာလေးယောက်နှင့် မနေ့က တောအတူ ရှင်းခဲ့ကြသော နာဂကြီးသည် ဘယ်အချိန်ကပင် သွားခူးလာသည်မသိ သစ်ရွက်စိမ်း တစ်စီးနှင့် သူတို့နောက်တွင် လာရပ်နေသည်။

သူ့ကိုမှတ်မိနေသော မူရာကျိက "ဘာလဲ" ဟု ခေါင်းဆတ် မေးလိုက်သောအခါ နာဂကြီးက "ဖယ်ကြ" ဟူသော သဘောနှင့် လက်ရမ်းပြသည်။ ဤသည်ကို ဆာလာဒင်က "သောက်ရေးထဲ ဒီကောင်ကြီးက ဘာလုပ်မလို့လဲ" ဟု ပြောလိုက်သေး၏။ ဆေးမှူးမာရဝါရိကမူ ခဏ ကြောင်ကြည့်နေသည်။ ထိုအချိန်မှာပင် သူ့လူနာဂ နှစ်ယောက် ကပါ ဝင်လာပြီး လဲနေသော လူနာတစ်ယောက်ကို ဆွဲထူသည်။ စောင်ကို ခွာလိုက်သောအခါ နာဂကြီးက လူနာကိုယ်ပေါ် သစ်ရွက်စိမ်း တွေချေပြီး အရေညှစ်ချသည်။ ချေပြီးထားသော သစ်ရွက်တွေနှင့်လည်း လူနာကို အသာအယာ ပွတ်သည်။ လူနာကို တစ်ယောက်ကနောက်မှ မှေးကိုင်ထားပြီး နောက်တစ်ယောက်ကပါ သစ်ရွက်စိမ်း အကြေတွေနှင့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပွတ်နေသည်။

စပရစ်အရက်ပျံနှင့် နှစ်ခါသုံးခါ လောင်းထားသော်လည်း လူနာ၏ အသားကို ကိုက်ခဲကာ တွဲလောင်းခိုနေကြသော တိရစ္ဆာန်ကောင်များသည် ချက်ချင်း တဖြုတ်ဖြုတ် ပြုတ်ကျလာကြသည်။ လူနာကလည်း ကယ်ပါ၊ ယူပါမအော်။ အသာပင် ငြိမ်နေ၏။

ဆေးမှူးကြီး မာရဝါရီနှင့် ဆာလာဒင်တို့မှာ အံ့ဩတကြီးနှင့် မင်တက်မိသွားကြသည်။ မုရာရီကမူ မနေ့က တောရှင်းခိုင်းရာတွင် ဤနာဂကြီး ဤလို အရွက်တွေပြေးခူးပြီး သူတို့ တစ်ကိုယ်လုံးကို ဤအရွက်တွေနှင့် ပွတ်တိုက်ပြီးမှ တောရှင်းခဲ့ကြသည်ကို သတိရကာ ဤတိရစ္ဆာန်တွေ ဤတောထဲ ရှိနေသည်ကို သိ၍ သူတို့ကိုယ်ကို ကာကွယ်ဆေးလိမ်းပြီးမှ တောခုတ်ကြသည်ကို ချက်ချင်းသတိရမိလိုက်သည်။

မထနိုင်သော လူနာသုံးယောက်ကို ဤနည်းနှင့် နာဂကြီးက သူ့လူနှစ်ယောက် အကူအညီနှင့် ကုသပြီး၍ ထူထူထောင်ထောင် မတ်တတ် ရပ်နိုင်သော အလုပ်သမား၏ကိုယ်ပေါ်မှ အကောင်များကိုလည်း ဆေးရွက်နှင့် မိနစ်ပိုင်းအတွင်း သပ်ချပေးလိုက်သည်။ သူတို့၏ ကိုယ်ပေါ်မှ တိရစ္ဆာန်ကောင်များ ကွာကျသွားသော်လည်း သုံးယောက်သော အလုပ်သမားများမှာ မတ်တတ်မရပ်နိုင်ကြသဖြင့် လူမျှောင် တိမ်းထားရသည်။

ဆေးမှူးကြီးက မတ်တတ်မရပ်နိုင်သော လူနာသုံးယောက်ကို ထမ်းစင်နှင့် ကားလမ်းသို့ချရန် မုရာရီနှင့် ဆာလာဒင်တို့ကို ပြောပြီး ဘာမှန်းမသိသော တိရစ္ဆာန်ပိုးကောင်ငယ် သုံးလေးကောင်ကို ဆရာဝန်ကြီးအားပြရန် နမူကောက်ယူနေစဉ် လူအုပ်ထဲမှ ဆံပင်စုတ်ဖွားနှင့် လူကြီးတစ်ယောက် ဝင်လာပြီး လူနာများကိုယ်ပေါ်မှ နာဂကြီး သပ်ချထား၍ စုပုံနေသော အကောင်ငယ်များကို သံခမောက်နှင့် ဝင်ကျုံးပြန်သည်။

လွင့်ပစ်ရန် ဝင်ကျုံးသည်ထင်၍ ဆေးမှူးကြီးက "နေဦးခဏ၊ ခင်ဗျားဘာလုပ်မလို့လဲ" ဟု ခပ်ဆတ်ဆတ် မေးလိုက်သည်ကို ထိုလူကြီးက နားလည်ပုံရ၏။ ပါးစပ်ဟပြီး "စားဖို့" ဟု လုပ်ပြလိုက်သောအခါ အားလုံး မျက်လုံးပြူးသွားကြပြန်သည်။



ထိုလူကြီးကို ကြည့်ရသည်မှာ လခရသောနေ့က မျက်နှာမှိုးထက်ပင် ဝမ်းသာသွားပုံရသည်။ ဘေးတွင် တစ်ကောင်တလေ လွင့်ကျနေသည်ကိုပင် လိုက်ကောက်ပြီး သံခမောက်ထဲထည့်ယူသွား၏။ သို့သော် ဆေးမှူးကြီးနှင့် အလုပ်ကြပ်တို့မှာ ထိုလူကြီးကို များစွာ ဂရုမထားလိုက်နိုင်ကြ။ မတ်တတ်ရပ်၍ပင် မရလောက်အောင် အားအင်ကုန်ခမ်းနေသော လူနာသုံးယောက်နှင့် နောက်လူနာတစ်ယောက်ကို ကားလမ်းပေါ်ချပြီး ရှေ့တန်းဆေးရုံ ရှင်ဗွေယံသို့ အမြန်ပို့ရန်သာ ကမန်းကတန်း စီစဉ်နေကြရသည်။

သူတို့၏ ရွှေ့ပြောင်းတောရှင်းအဖွဲ့မှာ တပ်ခွဲမှူးရုံးသို့ ပြေးပြီးကြိုးမဲ့ ကြေးနန်းနှင့် ဆေးရုံကို အကြောင်းကြားရန်၊ ကားသွား၍ ရသလောက် လူနာသယ်ယာဉ်အမြန်လာရန်တို့ကိုသာ အလောတကြီး စီစဉ်နေကြရသည်။ လူနာပို့လိုက်သွားကြရသော အလုပ်သမားများက လွဲလျှင် ကျန်အလုပ်သမားများမှာ ဆေးဆရာနာဂကြီးနားတွင် ဝိုင်းအုံပြီး တစ်ယောက်တစ်ပေါက် "ဘာကောင်ခေါ်လဲ၊ ဘယ်လိုကိုက်တာလဲ" နှင့် သွေးစုတ်ကောင်၏ အခြေအနေကို ဝိုင်းမေးနေကြသည်။

လုပ်သားကြီး ဆေးဆရာ နာဂကြီးက သူ့ဘာသာနှင့် "ဌုရိုကောင်" ဟုပြောသည်။ ဤအကောင်များမှာ ပကတိဆိုလျှင် သန်းတစ်ကောင်၏ ငါးပုံတစ်ပုံခန့်သာရှိသည်။ သစ်ပင်များပေါ်တွင် အစုအဖွဲ့နှင့်ရာ ထောင်ချီ၍ နေလေ့ရှိကြသည်။ တောထဲ ရောက်လာသော လူများပေါ် ခုန်ချ၍ အဝတ်တွင်းထဲဝင်ကာ လူသွေးကိုစုတ်သည်။ သို့သော် ညင်သာလွန်း၍ စုတ်မှန်းမသိ။ လူသွေးစုတ်ပြီးသောအခါ မူလက သေးသေးလေးဖြစ်သော အကောင်ငယ်များမှာ ယခုမြင်ကြရသလို ပြောင်ဖူးစေ့လို သွေးဝပြီး ဖူးဖူးရောင်လာသည်။ သေးငယ်သော်လည်း သူ၏ကိုက်အားမှာ အလွန်မြဲမြန် သန်မာသည်။ ရေနွေးပူနှင့် လောင်းချသော်လည်း အသက်သာသေသွားမည်၊ ကိုက်ထားသောပါးစပ်က ပြုတ်မကျ။ ဖူးဖူးရောင်နေသော ကိုယ်၏ အရေပြားမှာလည်း ပါးလွှာသလောက် ပျဉ်းတွဲ မာကြောသည်။ အပ်နှင့် ထိုးဖောက်သဖြင့် စုတ်ထားသောသွေးများထွက်ပြီး အကောင်သေသွားသော်လည်း ကိုက်ထားသည့်ပါးစပ်တပြုတ်မကျ။ အတင်းဆွဲဖြုတ်လျှင် လူတွေမှာ သေမလောက် နာကျင်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ကို ခံစားကြရသည်။ ထို့ကြောင့် သူတို့မသေမီ သူစောစောက လုပ်သလို "ငွေရှာ" ရွက်နှင့် ပွတ်လိုက်လျှင်တော့ ထိုအနံ့ကို မခံနိုင်သဖြင့် မူးမေ့ တာ ချက်ချင်း ပြုတ်ကျသည်။ ထို့ကြောင့် မနေ့က မူရာကို တောခုတ် နိုင်းရာ၌ သူတို့သည် "ငွေရှာ" ရွက်လိမ်းပြီး တောခုတ်ခဲ့ကြသည်။ ငွေရှာ ရွက်နံ့ရသော လူကိုယ်ကို သူတို့မကပ်ကြ။ ယခု လူနာ လေးယောက်မှာ မနေ့က သူတို့နှင့် တောအတူ ခုတ်ကြသူများမှန်း သူမှတ်မိသည်။ လူ စွမ်းကောင်းများလုပ်ပြီး မူရာကို နိုင်းတိုင်း ချက်ချင်း ပြေးတက်လာပြီး တောခုတ်ကြသည်ကို မနေ့ကပင် သူတို့ နာဂတွေက အံ့ဩတကြီး ဖြစ်ခဲ့ ကြရသည်ဟုဆိုသည်။

ရှင်ဗွေယ်တွင် မှက်ကိုက်၊ ဖြုတ်ကိုက်၊ ကြွက်ကောင်တွေ အသွေး လိုက် သစ်ပင်ပေါ်က ခုန်ချ တွယ်ကိုက်ကြသည်ကိုသာ ကြုံဖူးလာခဲ့ ကြသော အာသံ မဏိပူရသားတွေမှာ ဟူးကောင်း ဒေသခံ နာဂကြီး ပြောလိုက်သောစကားကို ကြားလိုက်ကြရသောအခါ အသဲထဲ အူထဲက ယားလာပြီး တစ်ကိုယ်လုံး ကြက်သီးထ အံ့ဩသွားကြသည်။ ရှင်ဗွေယ်၌ သူတို့ တွေ့ကြုံခဲ့ကြရသော ကြွက်ကောင်တွေမှာ လူသံကြားသည်နှင့် လူကိုယ်ပေါ်သို့ အသွေးလိုက်၊ အမျှင်လိုက် ခုန်ချလာကြသော်လည်း ရှည်ရှည်မျှင်မျှင်တွေ ဖြစ်သဖြင့် သိသာသည်။ ကောက်ယူ ဖမ်းလွှင့်ပစ် ၍ရသည်။ ယခု နာဂကြီးပြောသော ဇူရိုကောင် ဆိုသည်မှာ သန်းကောင် ၏ ငါးပုံတစ်ပုံခန့်သာရှိသဖြင့် လူပင်မသိလိုက်သည်မှာ ကြောက်စရာ ကောင်းလှသည်။ ထို့ကြောင့်လည်း တစ်ညလုံး ဇူရိုကောင်ခေါ် ပိုးမွှား ကောင်များ သွေးစုတ်ခံထားရသော ကုလားလေးယောက်မှာ သွေးခမ်း ၍ မသေရုံတမည်သာ ကျန်နေကြသည်။

တစ်ခုတော့ရှိသည်။ ရှင်ဗွေယံက ကြွက်ကောင်များကို ရေနံဆီ ဖြန်း၊ ဓာတ်ဆီ ဖြန်းသတ်၍လည်းကောင်း၊ ဓာတ်ဆီဖြန်းထားသောတော ကို မီးတိုက်၍လည်းကောင်း၊ လူကိုယ်ကို ဓာတ်ဆီ ရေနံဆီ လိမ်း၍လည်း ကောင်း၊ ဖလိုးဗလက်ပွတ်နှင့် ပိုးသတ်ဆေးဖြန်း၍ လည်းကောင်း နှိမ် နင်းခဲ့ကြရာ ယခု ဇူရိုကောင်များကိုလည်း ထိုသို့လုပ်လျှင် ရ၊ မရ စမ်းသတ်ကြည့်ရန် အိုဗာစီယာကြီးကို အကြံပေးကြည့်ကြလျှင် မကောင်း ဘူးလားဟု တစ်ယောက်က ကြောက်ကြောက်နှင့် ပြောသည်ကို နောက်



တစ်ယောက်က "မင်းကွာ . . . ခုနာဂကြီး တစ်ယောက်လုံး ရှိနေပြီးမှ အိုဗာစီယာကြီးက ရေနံဆီဓာတ်ဆီ အကုန်ခံရဦးမလား" ဟု ပြော လိုက်၏။ ထိုသူပြောသလိုပင် အမှန်တကယ်လည်း နောက်ပိုင်းမှာ တော ရှင်း၊ ရွှေ့ပြောင်းအဖွဲ့များကို ဒေသခံ နာဂနှင့် ကချင် အမျိုးသားတို့ ဦး ဆောင်လုပ်ကြသည်။ ဘာပြဿနာမှမရှိ။

အာသံမဏိပူရ ကုလားများက နာဂကြီး၏ စကားကို အံ့ဩ ကြသလို လူသွေးစုတ်ထား၍ ဖူးဖူးရောင်နေသော ဇူရိုကောင်များကို "စားရန်" ဟု သံခမောက်နှင့် စုပြုံကောက်ထည့်သွားသော တောင်ပေါ် သားကြီး၏ ဇူရိုကောင် စားသောက်နည်းကို မြင်ရလျှင် မူးမေ့၍ဖင်လဲ သွားကြမည်လားမသိပေ။

တစ်ညလုံး လူသွေးစုတ်ထား၍ ဖူးဖူးရောင်နေသော ဇူရို ကောင်များကို သံခမောက်နှင့် ထည့်ကောက်ယူသွားသော တောင်ပေါ် သားကြီးသည် သူတို့ အဖွဲ့ရှိရာ ရွက်ဖျင်တဲရှေ့ ဝမ်းသာအားရ ပြေးချ လာသည်။ သူတို့တဲ ရှေ့၌ ကျားရန်ကို ကြောက်၍ ညရောနေ့ပါ ထင်း တုံးကြီးတွေနှင့် မီးဖိုထားကြရာ သံခမောက်ထဲက ဇူရိုကောင်များကို ထိုမီးဖိုပေါ်တင်၍ ပဲလှော်လှော်သလို လှော်တော့သည်။ ကျက်မကျက်၊ သေမသေမသိ။ တင်းဂူတဲထဲရှိ သူ့အလုပ်သမားများနှင့် ပဲလှော်စား သလို ကျိုးကျိုးကြွပ်ကြွပ် တပျော်တပါး စားနေကြသည်။

သူတို့သည် နာဂကြီး အမည်ပေးလိုက်သော ဤဇူရိုကောင် များကို တောထဲတောင်ထဲ ကျီ (ချေ) ဆတ် အမဲလိုက်ရာ၌ ကျီဆတ်တို့၏ ကိုယ်ပေါ်တွင် တစ်ခါတစ်လေ ကိုးကောင်ဆယ်ကောင် ရှားရှားပါးပါး ကပ်ပါလာတတ်၍ ကျီဆတ်မီးဖုတ်ရာတွင် စားရတတ်ကြသည်။ ဤ ဇူရို ကောင်များကို ဤသို့စားလျှင် အနာရောဂါ ၉၆ - ပါး ပျောက်သည်။ အထူးသဖြင့် တသက်လုံး ငှက်ဖျားကို ကာကွယ်သည်။ အားခွန်ဗလ အလွန်တိုးတက်သည်ဟု ဘိုးစဉ်ဘောင်ဆက် ယုံကြည် စားသောက်လာ ကြသည်။

အမဲလိုက်ရင်း ဆတ်ချေတို့၌ ရှားရှားပါးပါး ကပ်ပါလာ၍ မြည်း ဝါးအဖြစ် စားခဲ့ကြရသော ဇူရိုကောင်များမှာ ယခု တစ်ညလုံး လူ့သွေး စုပ်ထားပြီး ဖူးဖူးရောင်နေသည်ကို မြင်ကြရသောအခါ အားလုံးသား

www.burmeseclassic.com

www.burmeseclassic.com



ရေကျပြီး ကြံ့တောင့်ကြံ့ခဲ ဆေးစွမ်းကောင်းတစ်လက်ဟု ယူဆကာ စားသောက်ပစ်လိုက်ကြခြင်းဖြစ်ပေသည်။

ထိုတောင်ပေါ်သားများသည် ဤလူရိုင်းကောင်များကိုသာ မြိန်ရေယှက်ရေ စားကြသော်လည်း တပ်ကပေးသော သူတို့၏ ရိက္ခာကိုသာ အသားဗူး၊ ငါးသေတ္တာဗူးများကိုမူ ဖောက်ဖွင့်နမ်းကြည့်ကာ အနံ့မခံနိုင်၍ အစက လွှင့်ပစ်ကျသည်။ နောက်တော့ ကုလား လုပ်သားများနှင့် အပေးအယူတည့်ကာ စီးကရက်၊ ဆေးတံသောက် ဆေးဗူးတွေနှင့် အလဲအလှယ်လုပ်ကြသည်။ အင်္ဂလိပ် အမေရိကန်တို့၏ စီးကရက်နှင့် ဆေးတံသောက်ဆေးဗူးတွေကိုတော့ သူတို့အလွန် ကြိုက်ကြသည်။ အားအားရှိ စီးကရက်ခဲ၍ ဝါးဆေးတံခဲ၍ ငြိမ့်နေကြ၏။ မနက် လတ်ဖက်ရည်၊ ကော်ဖီ၊ ဝီစီမှုတ်သံကိုပင် စောင်ခြုံကွေး နေကြရာမှ ခေါင်းထောင်၍ မကြည့်တတ်ကြ။ နောက်တော့မှ လက်ဖက်ရည် ကော်ဖီနှင့် စီးကရက် ဆေးတံတို့မှာ အင်္ဂလိပ်နှင့် အမေရိကန်တို့လို ခွဲခြားမရမှန်း သိသွားကြသည်။

ကုလား အလုပ်သမားများကို နာဂကြီးပြောသော လူရိုင်းကောင်များ အကိုက်ခံရသော နေ့ကစ၍ ရှင်ပွေယံရှိ ရှေ့တန်းဆေးရုံနှင့် မီးသတ်တပ်ဖွဲ့၊ အချက်ပြဆက်သွယ်ရေး၊ ဆောက်လုပ်ရေး တပ်သားများကို ဟူးကောင်းတောင်ကြားသို့ ရွှေ့ပြောင်းရန် စတင် စီစဉ်ကြရတော့သည်။

ရက်ပိုင်း အတွင်းမှာပင် မက်ဒီကယ်စတေးရှင်းခေါ်သော စကား၏ အတိုကောက် အမ် ဒီ အက်စ် ပေးလ် ဟူသော စာလုံးကြီးနှင့် ဟူးကောင်းတောင်ကုန်းပေါ်တွင် ဆေးရုံတစ်လုံး ပေါ်လာလေသည်။

❑ ❑ ❑

၅။

ဒီဇင်ဘာလ၏ တတိယပတ် ရာသီဥတုသာယာသော နေ့တစ်နေ့ တွင် ဂျပန်တို့၏ "ဒင်းနား" ကင်းထောက် လေယာဉ် တစ်စင်းသည် ဟူးကောင်းတောင်ကြားပေါ်က ဖြတ်ပျံသွားသည်။ ထို့ကြောင့်လည်း လီဒိုလမ်းမကြီးမှာ ပို၍ လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။ မလှုပ်ရှား၍လည်း မရတော့။ တက်နေဝန်း အောင်လံတော်ကြီးကို လွှင့်ထူလာသော နိပ္ပွန်တပ်မတော်ကြီးသည် "ဒေလီကို ချီတက်ကြစို့" ဟူသော ကြွေးကြော်သံမှာ အာသံ၏ မြို့တော်ဖြစ်သော အင်ဖာနှင့် ကိုဟီးမားကို တမုဟုတ်ချင်း ရိုက်ခတ်လာလေသည်။

ထိုအခါ ပထမ အချီတွင် မြန်မာပြည် ကြိုးဝိုင်း၌ အရှိုက်ကို အထိုးခံလိုက်ရပြီး ကြိုးဝိုင်း အပြင်ဘက်သို့ လွင့်စင်သွားခဲ့ရသော အင်္ဂလိပ်ဗိုလ်ချုပ်ကြီး ဆလင်းသည် ဒုတိယအချီ အိန္ဒိယကို ပွဲစရန် နိပ္ပွန်ဗိုလ်ချုပ်ကြီး မတ္တာဂုချိက ခေါင်းလောင်းသံ ပေးလိုက်ချိန်မှာ သူသည် အာသံပြည် လီဒိုနှင့် ရခိုင်ဒေသ မောင်တောထိ ကျယ်ပြန့်သော စစ်မျက်နှာကို ကွပ်ကဲနေရသည်။

မြောက်ဘက်အစွန်တွင်ရှိသော လီဒိုမှ တောင်ဘက်အစွန်တွင်ရှိသော မောင်တောသို့ မျဉ်းဖြောင့် ဆွဲလိုက်လျှင်ပင် မိုင်ပေါင်း ၅၀၀၊ ၆၀၀ အတွင်းရှိနေသည်။ တနည်းအားဖြင့်ဆိုလျှင် ဗိုလ်ချုပ်ကြီး ဆလင်းသည် အိန္ဒိယ + မြန်မာ နယ်စပ်တစ်လျှောက်ကို စစ်မျက်နှာဖွင့်ထားလိုက်ခြင်းပင်။

အင်ဖာမြောက်ဘက် မိုင် ၂၅၀ - အကွာရှိ မဟာလီဒိုတွင် ဗိုလ်ချုပ် ကြီးဆလင်း၏ ကွပ်ကဲမှုအောက်သို့ ရောက်နေသော အမေရိကန် ဗိုလ်ချုပ်ကြီး စတီးဝဲလ် ဦးစီးသည့် တရုတ်တပ်မ ၃၊ - ခုရှိနေ၏။

စတီးဝဲလ်သည် ဟူးကောင်းချိုင့်ဝှမ်းအတိုင်း အရှေ့တောင်ဘက် ဆင်းကန်လီဒိုမှ မြစ်ကြီးနားသို့ ရောက်နိုင်မည့် မဟာလီဒိုလမ်းမကြီးကို ဖောက်လုပ်နေပြီး လီဒိုလမ်းသည် တရုတ်မြန်မာလမ်းဟောင်း

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆက်မိရန် ရည်ရွယ်ထားသည်။

အင်ဖာအနောက် မြောက်ဘက် မိုင် - ၃၀၀ အကွာရှိ ရခိုင်တမ်းရိုးတန်း မြောက်ပိုင်းတွင် ဗိုလ်ချုပ်ကြီးဆလင်း၏ ကွပ်ကဲမှုအောက်သို့ ရောက်နေသော အမှတ် - ၁၅ တပ်မကြီးက မောင်တော ဘူသီးတောင်အတိုင်း ဂျပန်ကို ရင်ဆိုင်နေရသည်၊ အင်ဖာတွင်မူ ဗိုလ်ချုပ်ကြီး စကွန်း ဦးစီးသော အမှတ် - ၄၊ တပ်မကြီးက ဌာနချုပ် ဖွင့်ကာ မြောက်ဘက် ဘီးတိန်အထိ မိုင် ၂၀၀ - ကျယ်သော စစ်မျက်နှာကို ကာကွယ်ထားသည်၊

အမှတ် ၁၅ - တပ်မကြီးနှင့် အမှတ် ၄ - တပ်မကြီး ကြားတွင် တိုက်ရိုက်ဆက်သွယ်နိုင်သော လမ်းဟူ၍မရှိ။ တောထူ၊ တောင်များ၊ မတ်စောက်သော ချောက်ကမ်းပါးများ၊ တောင်ကျရေကြောင့် ကမ်းလျှံနေသော ချောင်းများဖြင့်သာ ဒွန်းရောယှက်တင် ကွန်ယက်အသွင်ဖြစ်နေ၏၊ လမ်းဟူ၍ မည်မည်ရရ ခေါ်မရသော ကန္တာရကြီး ကာဆီးနေလေသည်၊

ထို့ကြောင့် တပ်မတစ်ခုမှ တစ်ခုသို့ စစ်ကူပို့ရေးမှာ များစွာ နှောင့်နှေးရုံသာမက အချိန်မီ ရောက်ရှိလာရန်မှာလည်း မည်သို့မျှ မျှော်လင့်စရာမရှိ။ အင်ဖာမှ ရခိုင်ကမ်းရိုးတန်းသို့ စစ်ကူပို့လျှင်ဖြစ်စေ၊ ရခိုင်ကမ်းရိုးတန်းမှ အင်ဖာသို့ စစ်ကူလာလျှင်ဖြစ်စေ၊ တပ်မတစ်ခုသည် ရက်သတ္တပတ်ပေါင်း ၃ - ပတ်၊ သို့မဟုတ် ၄ - ပတ်ခန့်ကြာမှ ရောက်လာနိုင်သည်၊

အင်ဖာတွင် ဌာနချုပ်ဖွင့်ထားသော အမှတ် ၄ - တပ်မကြီးမှ အမှတ် ( ၇ ) တပ်မသည် ချင်းတောင်ရှိ တီးတိန်တွင်၎င်း၊ အမှတ် ( ၂၀ ) တပ်မသည် ချင်းတွင်း စစ်မျက်နှာရှိ တမူး တပိုက်တွင်၎င်း၊ တပ်စွဲလျှက်ရှိပြီး အမှတ် ၂၃ - တပ်နှင့် အမှတ် ၂၅၄ - တင့်ကား တပ်မဟာတို့မှာ တပ်ကူများအဖြစ် ထိုအချိန်က အင်ဖာတွင် ရှိနေကြသည်၊

အမှတ် ( ၄ ) တပ်မကြီးကို ဦးစီးသော ဗိုလ်ချုပ်ကြီး စကွန်းသည် မိုင် ၂၀၀ - ခန့် ကျယ်သော စစ်မျက်နှာ၌ ကပ်မ ၂ - ခုကို တီးတိန်နှင့် တမူးတစ်ပိုက်တွင် တပ်စွဲကာ ဂျပန် ဝင်လာနိုင်မည့် လမ်း



မှန်သမျှ အစောင့်အနေ ချထားရသည်။ တီးတိန် တစ်ဝိုက်တွင် တပ်စွဲထားသော "ကိုဝင်" ၏ အမှတ် ၁၇ - တပ်သည် ဖို့ဝ်ဒိုက်မှ ကလေးမြို့အထိ ကင်းအထပ်ထပ်ချထားရင်း ဂျပန်တို့၏ အမှတ် ၃၃ - တပ်မမှ တပ်ဖွဲ့ကလေးများနှင့် တိုက်ပွဲငယ်ကလေးများ ဖြစ်ပွားလျှက်ရှိသည်။

ကိုဝင်၏ အမှတ် ( ၁၇ ) တပ်မ တောင်ဘက် တောင်ပံတွင် ဒု/ ဗိုလ်မှူးကြီး အတ်စ်ဝဲလ် ဦးစီးသော ချင်းလဲဗီးတပ်ရှိသည်။ ဤတပ်ကို သူတို့က "အတ်စ်ဖို့စ်" ဟုခေါ်ကြသည်။ ဒုတိယ ကမ္ဘာစစ်ကြီး မဖြစ်မီက လူများဖြတ်သန်းကျော်နင်း၍ မရနိုင်ဟု ယူဆခဲ့ကြသော ကန္တာရကို ဝင်းဂိတ်နှင့် ဂျပန်စစ်ဗိုလ်များက လက်တွေ့ကျော်နင်း၍ ပြလိုက်သောအခါ မည်မျှခက်ခဲသည်ဟု ယူဆထားကြသော ကန္တာရကို ဖြစ်စေ လက်လွှတ်၍ မထားရဲလောက်အောင် ဖြစ်လာခဲ့၏။ ထို့ကြောင့် အတ်စ်ဖို့စ်မှ ချင်းလဲဗီးတပ်အား အမှတ် ၁၇ - တပ်မ၏ တောင်ဘက် တောင်ပံတွင် နေရာယူထားစေပြီး အနောက်ဘက်သို့ လှုပ်ရှားလာသမျှသော ဂျပန်တို့၏ ခြေလှမ်းကို စောင့်ကြည့်ရန် တာဝန်ပေးထားသည်၊

တမူးတစ်ဝိုက်တွင် တပ်စွဲထားသော "ဂရေစီ" ဦးစီးသည့် တပ်မဟာတစ်ခုအား ကဘော်ချောင်းအတိုင်း တောင်ဘက်သို့ "အားစမ်း" ရန် စေလွှတ်ထားပြီး အခြားတပ်မဟာတစ်ခုက "ယု" မြစ်ဝှမ်းအတိုင်း ချင်းတွင်းမြစ်ဘက် ချီနေသည်၊

အမှတ် ၂၀ - တပ်မ၏ မြောက်ဘက်တောင်ပံတွင် အမှတ် ၁၂ - နယ်ခြားစောင့်တပ်က တပ်မနှင့် မိုင် ၂၀ - ခန့်ကွာမှ နေ၍ တပ်မ၏ ဘယ်ဘက်တောင်ပံကို စောင့်ကြပ်ရသည့်အပြင် ချင်းတွင်းကို ဖြတ်ကျော်လာမည့် ဂျပန်များကိုလည်း သတိထားနေနေရသည်။

ဤကဲ့သို့ တပ်တောင်တာဗိုလ်ထုနှင့် လူစုကာ စောင့်ကြပ်လျှက်ရှိသော မိုင် ၂၀၀ - ခန့် ရှည်သည့် ချင်းတွင်း စစ်မျက်နှာတွင် "ဗွီ" တပ်ဖွဲ့ကလေးများကလည်း ဂျပန်တို့၏ သတင်းများကို ပိပိရိရိ ထောက်လှမ်းရင်း တိတ်တဆိတ် လှုပ်ရှားနေကြသည်။ ဗွီတပ်ဖွဲ့များ အနက် တီးတိန် အနောက်တောင်ဘက်ရှိ လူရှည် တောင်တန်းတွင် တာဝန်ယူထားသော တပ်ဖွဲ့တစ်ခုမှာ အထူးခြားဆုံးဖြစ်သည်။

စစ်ကြီးမဖြစ်မီကပင် လူရှည်တောင်တန်းတွင် သာသနာပြု၍

www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ခဲ့သော အင်္ဂလိပ် အမျိုးသမီးကြီး မစ္စ - ပရေဟမ် ဘောင်ဝါ ဦးစီးသော "နာဂ" အဖွဲ့သားများသည် အင်ဖာ အနောက်ဘက်ရှိ တောင်တန်းများတွင် တာဝန်ယူထားကြသည်။ အမှတ် ၄- တပ်မကြီးမှထောက်လှမ်းရေး ဌာနချုပ်သည် ချင်းတွင်းအရှေ့ဘက်ကမ်းမှ ဂျပန်တို့၏ လှုပ်ရှားမှုကို ပို၍တိတိကျကျ သိနိုင်ရန်အတွက် အထူးထောက်လှမ်းရေးအဖွဲ့ငယ်များကို "ဇက် - တပ်ဖွဲ့" ဟု အမည်ပေး၍ အရှေ့ ဘက်ကမ်းသို့ စေလွှတ်ခဲ့သည်။ အဖွဲ့ဝင်များမှာ ယခင်ကဤနယ်မြေ ဒေသတွင် လုပ်ကိုင်ဖူးသော သစ်တောအရာရှိများ အများဆုံးပါဝင်သည်။ သူတို့သည် မိုင် ၄၅၀ - အတွင်း သတင်းပို့နိုင်၊ ယူနိုင်သော ကြိုးမဲ့ကြေးနန်း စက်ကလေးများဖြင့် မိမိတို့၏ ယခင်က လူယုံတော်များကို အားကိုး၍ လျှို့ဝှက်စွာ လှုပ်ရှားနေကြသည်။

မြန်မာနယ်စပ်နှင့် မိုင် ၅၀- သာကွာသော၊ ယခင်က လူသူအရောက်အပေါက် မရှိသလောက် ဖြစ်ခဲ့သော၊ ပင်လယ်ရေမျက်နှာပြင်မှ ပေ ၂၆၀၀ - ခန့်သာ မြင့်သော်လည်း သုံးဘက်သုံးတန်မှ ပေ ၈၀၀၀ - ကျော်မြင့်သော တောင်စဉ် တောင်တန်းများ ဝိုင်းရံလျက်ရှိသည့် ပဒေသရာဇ် စနစ်ထွန်းကားရာ "အင်ဖာ ရွှေမြို့တော်သည် မကြာမတင်တွင် ကမ္ဘာတစ်ခွင်၌ ထင်ရှားကျော်ကြားလာရန် အချိန်မှာ နီးကပ်၍ လာနေပေသည်။

ဤသည်မှာ မြန်မာပြည် ကြိုးဝိုင်းအတွင်း၌ ပထမ အချီတွင် အရှိက်ကို အထိုးခံလိုက်ရပြီး ကြိုးဝိုင်း အပြင်ဘက်သို့ လွင့်စင်သွားခဲ့သော အင်္ဂလိပ် ဗိုလ်ချုပ်ကြီး ဆလင်းတို့၏ အခြေအနေဖြစ်သည်။

အရှေ့တောင် အာရှတစ်ခွင်ကို ပင့်လက်သီးဖြင့်ချည်း အချက်ပေါင်းများစွာ ဒရစပ်ထိုးနှက်ကာ တက်နေဝန်း အောင်လံတော်ကို လွှင့်ထူလာသော ဂျပန်တို့၏ အခြေအနေမှာ -

၁၉၄၃ - ခုနှစ် ဇွန်လမှ အစပြု၍ ဩဂုတ်လ ရောက်သည်အထိ အိန္ဒိယနိုင်ငံ အင်ဖာတိုက်ပွဲနှင့် ပတ်သက်၍ ဆွေးနွေးပွဲများကို တက်ာပူနှင့် ရန်ကုန်မြို့တွင် အဆက်မပြတ် ပြုလုပ်ခဲ့သည်။ အိန္ဒိယပြည် အင်ဖာအား တိုက်ခိုက်သိမ်း ယူရန်အတွက် အမှတ် ၁၅- တပ်မတော်က အစီအစဉ်များ ရေးဆွဲစေဟူသော ဆုံးဖြတ်ချက်ကို ဂျပန်စစ်အာဏာပိုင်



တို့က ၁၉၄၃ - ခု စက်တင်ဘာလတွင် အပြီးသတ် ချမှတ်လိုက်သည်။

အမှတ် - ၁၅၊ တပ်မတော်၏ ဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်ကြီး မတ္တာဂုချိမှာမူ အမိန့်မထွက်လာမီ ကတည်းကပင် မိမိ၏ ဘက်တော်သားများနှင့် အင်ဖာတိုက်ပွဲအတွက် အသေးစိတ် အစီအစဉ်ကို ရေးဆွဲထားနှင့်ပြီ။ တိုကျိုရှိ စစ်အာနာပိုင်များက မြန်မာပြည်၏ စစ်အာဏာပိုင်ဖြစ်သူ "ကဝါဘီ ထံသို့ အင်ဖာတိုက်ပွဲ ဆင်နွှဲရန် ခွင့်ပြုကြောင်း အကြောင်းကြားစာ ရောက်လာသည်။ ဇန္နဝါရီလ ကုန်ခါနီးတွင် ကဝါဘီက ဗိုလ်ချုပ်ကြီး မတ္တာဂုချိအား နောက်ဆုံး "တိုက်" မိန့်ကို ထုတ်ပြန်ပေးသည်။

ဤတိုက်ပွဲကို မဆင်နွှဲမီ အင်္ဂလိပ် အမှတ် ၁၄ - တပ်မတော်မှ ဗိုလ်ချုပ်ကြီး ဆလင်း၏ အာရုံကို တစ်ဘက်တွင် စူးစိုက်၍ နေစေရန်အတွက် ဆလင်း၏ လက်အောက်ရှိ ၁၅ - တပ်မကြီးအား ဖေဖော်ဝါရီလဆန်းမှစ၍ အခြားဂျပန်တပ်များက တိုက်ခိုက်စေ။ ဆလင်း၏ အမှတ် ၁၅ - တပ်မကြီးမှ ၅ - နှင့် ၇ - တပ်မနှစ်ခုသည် ရခိုင်ပြည် မြောက်ပိုင်းတွင် လှုပ်ရှားလျက်ရှိနေသည်။

ဂျပန်ဗိုလ်ချုပ်ကြီး မတ္တာဂုချိသည် တိုင်းသိပြည်သိ ဂျပန်တသိသော အောင်ပွဲကြီးကို ရယူရန်အတွက် သွက်လက်စွာပင် ဆောင်ရွက်ခဲ့သည်။ သို့သော် အဆင့်ဆင့်သော ဆွေးနွေးပွဲများ၊ အစောင်စောင်သော အစီရင် ခံစာများ၊ အမျိုးမျိုးသော ကန့်ကွက်ချက် များကြောင့် ၁၉၄၃ - ခု နှစ်ဦးလောက်တွင် ဆင်နွှဲရမည့် " အင်ဖာတိုက်ပွဲ" သည် တစ်နှစ်တိတိ ဖင့်နွှဲ၍ သွားခဲ့ရ၏။ ဤအချိန် အတောအတွင်းတွင် ၄၂ - ခုနှစ်က မြန်မာပြည်မှ ဆုတ်ခွာလာခဲ့ရသော အင်္ဂလိပ်တို့သည် စစ်ပွဲကြီး အောင်နိုင်ရေးအတွက် အဖက်ဖက်မှ ပြင်ဆင်တိုးချဲ့ရန် အချိန်ရသွား၏။

သို့နှင့် မတ္တာဂုချိသည် အင်ဖာအား အဖက်ဖက်မှ လေမုန်တိုင်းကြီး ဝင်မွှေသလို မွှေ၍တိုက်ရန် စီစဉ်လေတော့သည်။

ဂျပန်တို့ဘက်မှ ဗိုလ်ချုပ်ကြီး ယာနဂိဒါ ဦးစီးသော အမှတ် ၃၃ တပ်မသည် မတ်လ ၈ - ရက်နေ့တွင် အင်္ဂလိပ်၏ အမှတ် ၁၇ - တပ်မအား အငိုက်ဖမ်း၍ တိုက်ခိုက်ပြီးနောက် တီးတိန် အင်ဖာလမ်းကို

www.burmeseclassic.com

www.burmeseclassic.com



တီးတိန်မြောက်ဘက် မိုင် ၄၀ - အကွာရှိ တုန်းဇံ (ထွန်းဇံ) မှ နေ၍ ဖြတ်တောက်ရန်။ သို့ဖြင့် အင်ဖာသို့ ဆုတ်ခွာရန် တစ်လမ်းသာရှိသော ရန်သူ အမှတ် ၁၇ - တပ်မကို ဝိုင်းထားရန်၊ ထို့နောက် -

ယာနဂီဒါသည် တီးတိန် အင်ဖာလမ်းကို မိုင်တိုင် (၁၀၀) မှနေ၍ ပိတ်ဆို့ထားရန်။ သို့ဖြင့် အင်ဖာမှနေ၍ အမှတ် (၁၇) တပ်မအား စစ်ကူပေးရန်၊ လာမည့် ရန်သူများကို ဟန့်တားထားနိုင်မည် ဖြစ်သည်။ ထို့ပြင် ယာနဂီဒါသည် ဖို့ဝိုက်တွင် တပ်စွဲထားသော အမှတ် (၁၇) တပ်မမှ တပ်အချို့ကိုလည်း စောင့်ကြည့်ထားရမည် ဖြစ်ပြီး တစ်ချိန်တည်းတွင် ဗိုလ်ချုပ်ကလေး ယာမာမိုကို ဦးစီးသော အမှတ် (၃၃) တပ်မမှ ရဲရင့်သန်မာသည့် တပ်ဖွဲ့တစ်ဖွဲ့က ကဘော်ချောင်း အတိုင်း ကမူးသို့ ချီတက်ရမည်ဖြစ်သည်။

ဗိုလ်ချုပ်ယာနဂီဒါ ဦးစီးသော အမှတ် (၃၃) တပ်မက ဤသို့ချီတက် ပြီးနောက် ၇- ရက်မြောက်သော မတ်လ (၁၅) ရက်နေ့တွင် ဗိုလ်ချုပ် ဆာတိုတို့ ဦးစီးသော အမှတ် ၁၅၊ နှင့် ၃၁ - တပ်မ နှစ်ခုက ချင်းတွင်းသို့ တပြိုင်နက်ဖြတ်ကျော်၍ ယာတာဥချိက အင်ဖာအနောက် ဘက်မှတိုက်ကာ အင်ဖာ၊ ကိုဟီမားလမ်းကို ဖြတ်တောက်ရန်၊ ဗိုလ်ချုပ် ဆာတို၏ အမှတ် ၃၁ - တပ်မက ကိုဟီမားကို တိုက်ရိုက်သိမ်းပိုက်ရန်၊ သို့ဖြင့် အင်ဖာသို့ စစ်ကူသွားမည့် တပ်များကို ဟန့်တားရန်ဖြစ်သည်။

ဗိုလ်ချုပ်ကြီး မတ္တာဂုချိ၏ လက်အောက်တွင် အမှုထမ်းကြရသော ဗိုလ်ချုပ်သုံးဦးအနက် ဗိုလ်ချုပ် ယာနဂီဒါမှာ ထွင်ဉာဏ်ရှိသူ ပညာထက် မြက်သူဟု သတင်းကြီးသူဖြစ်သည်။ သူသည် ဂျပန်တို့ထဲတွင် အတော် အရစ်ရှည်သူဖြစ်ပြီး စစ်ဗိုလ်ချုပ်များတွင် တွေ့နိုင်ခဲသော မျက်နှာသေ၊ မျက်နှာရှိသူဖြစ်သည်။ သူသည် အစစအရာရာတွင် အနိုင်မိလွန်တတ်သူဖြစ်သည်။

ဗိုလ်ချုပ် ယာမာဥချိမှာ ဝက်စ်ပွိုင့် စစ်တက္ကသိုလ်တွင် တက်ရောက် သင်ကြားဖူးသူဖြစ်ပြီး လူယဉ်ကျေးတို့၏ အမူအရာ လက္ခဏာကို ဆောင်သူဖြစ်သည်။ ဝါရှင်တန်ရှိ ဂျပန်သံရုံးတွင် စစ်သံမှူးအဖြစ်လည်း ဆောင်ရွက်ခဲ့ဖူးသည်။ သူသည် စစ်ပွဲ စကတည်းကပင် အင်္ဂလိပ် အမေရိကန်တို့၏ လူအင်အား၊ ပစ္စည်းအင်အား၊ စက်မှုလက်မှုအင်အား



တို့ကို ကောင်းစွာ မလေ့လာခဲ့ကြဘဲ အလျင်စလို အန်တု ခဲ့ကြခြင်းကို မကျေမနပ် ဖြစ်နေခဲ့သည်ဟု ဆိုလေသည်။

ဗိုလ်ချုပ်ဆာတိုမှာ ရဲရင့်သလောက် အခြားအချိန်များတွင် ပျော်ပျော်ပါးပါး လွတ်လွတ်လပ်လပ်နေတတ်ပြီး စည်းကမ်းကလနား ကြီးခြင်းကို အရွဲ့တိုက်တတ်သူဖြစ်သည်။ ထို့ကြောင့် ဗိုလ်ချုပ်ကြီး မတ္တာဂုချိ၏ လက်အောက်ရှိ ဗိုလ်ချုပ်များမှာ စရိုက်လက္ခဏာချင်း မတူညီကြဘဲ တစ်ယောက်စီ၏ ကာရိုက်တာက ခြားနားသည်။

သို့သော် မည်သို့ဖြစ်စေ "ဒေလီကို ချီတက်ကြစို့" ဟူသော ကြွေးကြော်သံကိုတော့ ရင်ဝယ်ပိုက်ကာ ဗိုလ်ချုပ်ကြီး မတ္တာဂုချိ၏ အမိန့်အတိုင်း ချီတက်လာကြသည်။

သည်လိုနှင့် အင်္ဂလိပ်နှင့် ဂျပန်တို့သည် တစ်ဦးနှင့် တစ်ဦး အလဲထိုးကြရမည့် ပွဲကြီးပွဲကောင်းမှာ နီးသထက် နီးလာနေလေသည်။ ထိုအချိန်တွင် အမေရိကန် ဗိုလ်ချုပ်ကြီး စတီးဝဲလ်၏ မဟာလိဒ္ဒိ လမ်းမကြီးမှာလည်း -

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com



၆။

ယခင်က အလုပ်သမားများအား ရှေ့တန်းလာပို့သော ကားသံများကို နာရီဝက်၊ တစ်နာရီကြာမှ ကြားနေခဲ့ကြရသော်လည်း ယခုအခါ အလုပ်သမားများ လာပို့နေကြသော ကားသံများကို တစ်နေ့လုံး အချိန်ပြည့် ကြားလာကြရသည်။ အလုပ်သမားများအား လာပို့ကြသော ကားများသည် လီဒိုလမ်းမတွင် ဥဒဟို ဖြစ်လာကြသည်။ ထရပ်ကားကြီးတွေက တစ်ခေါက်တစ်ခေါက် လာချထားခဲ့ကြသော အလုပ်သမားများမှာ ရာပေါင်းများစွာဖြစ်လာသည်။ ဖောက်လုပ်ပြီးစ မြေသားလမ်းနှင့် တွဲဖက်ထားသော လူနာသယ် လေယာဉ်ကွင်း၌လည်း အာသံ၊ မဏိပူရမှ သယ်ဆောင်လာသော အလုပ်သမားများနှင့် ဖွေးဖွေးလှုပ်လာသည်။

ယခင်က နှစ်ရက်တစ်ခါ သုံးရက်တစ်ခါသာ ကြားနေကြရသော ဒိုင်းနမိုင်း ရှေ့ပြေးအဖွဲ့၏ လမ်းကြောမလွှတ်သော တောင်ကမ်းပါးယံများမှ မိုင်းခွဲသံများကိုလည်း နေ့တိုင်းလိုလို ကြားလာကြရသည်။ တစ်ခါတစ်ခါ အင်အားပြင်းထန်သော မိုင်းခွဲသံကြီးများကြောင့် ပတ်ဝန်းကျင်ရှိ တောတိရစ္ဆာန်များ လန့်ပြေးပျံသန်းသွားကြသံများနှင့် တစ်ခါတစ်ခါ မြေတုန်ဟည်းပြီး လမ်းသစ်များ၏ အစိတ်အပိုင်းများပင် တုန်ခါသွားသည်ကိုလည်း ကြုံတွေ့လာကြရသည်။

အသစ်ရောက်လာကြသော အလုပ်သမားများကို ရှေ့က ရောက်နှင့်နေကြသော အလုပ်သမားဟောင်းများက ဝမ်းပန်းတသာ ကြိုဆိုကြသည်။ လီဒိုလမ်းမတွင် တာဝန်ထမ်းဆောင်နေကြသော စစ်ပိုလ်စစ်သားများ၏ လှုပ်ရှားမှုကို ကြည့်ကာ စိုးရိမ်စိတ်နှင့် မဏိပူရ အာသံမှ အသစ်ရောက်လာကြသော အလုပ်သမားများအား လူဟောင်းများက မြို့သတင်း၊ ပြည်သတင်း၊ ဆွေမျိုးသားမယားတို့၏ သတင်းကိုလည်း သွယ်ထက်ငါပြီး မေးမြန်းစုံစမ်းနေကြသည်။

မဏိပူရ အာသံပြည်ဘက်က လောလောလတ်လတ် အသစ်ရောက်လာကြသော လူသစ်တွေ၏ ပြောစကား သတင်း၊ တပေါင်း၊ နိမိတ်စကားတို့မှာ -

"အရှေ့ဘက် တံခါးကြီးလည်း ပွင့်လတ္တံ့၊ မဏိပူရ ပြည်ကြီးလည်း ပျက်လတ္တံ့" ဟု မဏိပူရ ပြည်သူပြည်သားများ၏ ကလေးများက ကစားခုန်စားရင်း အော်ဟစ်နေကြသည်ဟု ဆိုသည်။

ဤသည်ကို ထောက်ချင့်၍ လူကြီးသူမများက မဏိပူရပြည်တွင် စစ်ကြီးဖြစ်လိမ့်မည်။ မြို့ရွာတိုင်းပြည် ပျက်လိမ့်မည်ဟု အဓိပ္ပါယ်ကောက်နေကြသည်။ အချို့ ပရောဟိတ်ကြီးတို့ကလည်း ယခု ဂျပန်နှင့်ဖြစ်နေသော စစ်မှာ ဟိန္ဒူပုရာဏကျမ်းများတွင်လာသော စစ်ကြီးပင်ဖြစ်သည်ဟု ဆိုကြသလို အချို့သော ပဏ္ဍိတ်ကြီးများကမူ ယခုစစ်သည် ပုရာဏ်ကျမ်းများတွင် လာသော စစ်မဟုတ်သေး။ ပုရာဏ်ကျမ်းများ၏ အဆိုအရမူ " မဏိပူရပြည်ကြီးတွင် မင်းသုံးပါး ဆုံလိမ့်မည်၊ အမိုးတောင်လိုပုံလိမ့်မည်။ ပုဆိုးဝတ်စုံ အနီနှင့် မင်းကနိုင်လိမ့်မည်။ ထိုမင်းသည် အရှေ့ဘက်က ကြွချီလာလိမ့်မည်။ " ဟု လာရှိကြောင်း၊ ထို့ကြောင့် ယခုထက် ကြီးကျယ်သော စစ်ကြီး ဖြစ်လာလိမ့်မည်ဟုလည်း ဟောကိန်းထုတ်ကြပြန်သည်ဆို၏။

မဏိပူရပြည်၏ မဟာရာဇာ ပုဏ္ဏားတော်ကြီး တစ်ယောက်ကမူ မဏိပူရပြည်ကြီးတွင် ကပ်ကြီးသုံးပါး ဆိုက်လိမ့်မည်၊ ထိုကပ်ကြီးသုံးပါးတို့ ကျော်နင်း လွန်မြောက်စေရန်အတွက် မြတ်သော မင်းကြီးသည် အမျိုးဂုဏ်သိက္ခာ မြင့်မြတ်တော်မူသော သတို့သမီးတစ်ဦးအား ဒုတိယ နန်းမတော်ကြီးအဖြစ် ချီးမြှောက် ကောက်ယူတော်မူပါလော့၊ ဤသို့ ယတြာပြုခြင်းဖြင့် မဏိပူရပြည်သို့ ရောက်လာသော ဂျပန်တို့၏ စစ်ကြီးသည် နေလာနှင်းပျောက်သကဲ့သို့ ကြေပျောက် လွင့်စင်ကုန်ပါလိမ့်မည် ဘုရား . . . " ဟု ဇာတာစန်းလဂ်တို့ကို တွက်ချက်၍ ဟောကိန်းထုတ် လျှောက်ထားသည်။

ထို့ကြောင့် မဏိပူရပြည်၏ မဟာရာဇာ မြတ်သောမင်းကြီးသည် ပုဏ္ဏားတော်ကြီး အခါပေးသည့်အတိုင်း ကမလာဘတ္တဒေဝီ အမည်ရှိသော၊ အမျိုးဂုဏ်သိက္ခာရှိသော၊ မြင့်မြတ်သော သတို့သမီးငယ်ကို ဒုတိယ ကြင်ယာတော်အဖြစ် စုလျားရစ်ပတ် လက်ထပ်တော်မူလိုက်ပြီဟူသော သတင်းစကားကိုလည်း အသစ်ရောက်လာသော အလုပ်သ

www.burmeseclassic.com

www.burmeseclassic.com



တားများဆီက ကြားသိနေရပြန်သည်။

မဏိပူရပြည်မှာ အိန္ဒိယ ပြည်မကြီးနှင့် တောကြီး၊ တောင်ကြီးများ ကာဆီးနေလျှက် ရှိနေခဲ့ခြင်းကြောင့် မိမိပြည်မှထွက်သည့် ဆန်ရေစပါးများကို မိမိပြည်သူ ပြည်သားများ စားမကုန်နိုင်လောက်အောင် ပေါများခဲ့ခြင်းကြောင့် ပြင်ပ ကမ္ဘာလောကကြီးနှင့် အဆက်အသွယ်ပြတ်တာ ယခင်က အထီးတည်း တည်နေခဲ့၏။

ပြည်သူ ပြည်သားများသည် မိမိတို့ စပါးကို မိမိတို့ ကိုယ်တိုင်စိုက်သည်။ မိမိတို့ ဝါဂွမ်းနှင့် မိမိတို့ပိုးချည်ကို မိမိတို့ကိုယ်တိုင် ယက်လုပ်သည်။ မိမိတို့ သာမှုနာမှုတွင် မိမိတို့ ဘိုးစဉ် ဘောင်ဆက်မှ ဆင်းသက်လာသော မိုးရာစရိုက်အတိုင်း ကျင်းပပြုလုပ်ကြသည်။ စားရေးရိက္ခာပေါများကြွယ်ဝသော်လည်း ငွေစက ရှားပါးသောကြောင့် ဈေးနှုန်းများမှာလည်း အလွန်ချိုသာသည်။

ဤကဲ့သို့ ကိုယ့်အရပ် ကိုယ့်ဇာတိနှင့် သာယာအေးချမ်းစွာ ရှိနေခဲ့သော မဏိပူရပြည်သို့ အင်္ဂလိပ်စစ်တပ်များ ငွေထုပ်ကြီးပိုက်၍ ရောက်လာကြသောအခါ ယခင်က ကူလီတစ်ယောက်လျှင် တစ်မတ်ပေးပါက တစ်နေ့လုံး ခိုင်းနိုင်သော အခြေအနေမှသည် ကူလီတစ်ယောက်၏ တစ်နေ့လုပ်ခကို ၅ - ကျပ်အထိ ပေးရသော အခြေအနေသို့ ရောက်သွားသည်။ ယခင်က တမောင်း (ပေါင် - ၈၀) လျှင် ၁ - ကျပ်ခွဲသာ ဈေးနှုန်းရှိသော ဆန်မှာ ၄၀ - ၅၀ - ၆၀ ကျပ်ထိတက်သွားလေသည်။

ကြည်းတပ်မတော်နှင့် လေတပ်တို့က ရုံးများ၊ အဆောက်အဦများ၊ လမ်းများ၊ လေယာဉ်ပြေးလမ်းများ၊ ဆေးရုံများ ဆောက်လုပ်ရန်အတွက် အလုပ်သမားများနှင့် ဆောက်လုပ်ရေး ပစ္စည်းများကို အလုအယက် ဈေးကြီးပေး၍ အပြိုင်အဆိုင် ငှားယမ်းဝယ်ယူနေကြသလို စစ် - စားသောက်ရိက္ခာများ၊ ကုန်လှောင်ရုံများကလည်း စာနပ်ရိက္ခာမှန်သမျှကို ဈေးသည်များ ဆိုသည့်ဈေး၊ ပြောသည့်ဈေးနှင့် အမေးအမြန်းမရှိ ဝယ်ယူ စုဆောင်းနေကြသည်။

ဤလို ငှားရမ်း ဝယ်ယူနေကြရသည်မှာလည်း မဏိပူရပြည်တွင် စစ်သားဦးရေက အဆမတန် များပြားလာသောကြောင့်ဖြစ်၏။



မဏိပူရ ပြည်သူပြည်သား သုံးယောက်လျှင် အင်္ဂလိပ်စစ်သားက နှစ်ယောက်ထိ ဖြစ်လာသည်။ အင်္ဂလိပ်စစ်တပ်သည် ရွာသူကြီးများအား ဟင်းသီးဟင်းရွက်အတွက် မျိုးစေ့များကို အခမဲ့ဖြန့်ဝေပေးကာ ကျေးရွာရှိ တောင်သူလယ်သမားများသို့ ထပ်ဆင့် ပေးဝေစေသည်။ စိုက်ပျိုးရရှိလာသည့် ဟင်းသီးဟင်းရွက်များကို ကန့်သတ်ဈေးဖြင့် ပြန်လည်ရောင်းချကြရန်လည်း ကတိတောင်းထားသည်။

သို့သော် အသီးအရွက်များမှာ ယခုစိုက်၍ ယခုစားရသည် မဟုတ်ရာ ကုန်ဈေးနှုန်းမှာ တက်မြဲတက်နေသည်။ ယခင်က ပဲနီဝက်သာ ပေးရသော ကြက်ဥတစ်လုံးမှာ ၇ - ပဲနီထိ တက်လာပြီး ခေါင်းရွက်ဗျက်ထိုး ဈေးသည်များကလည်း သူတို့၏ ဟင်းသီးဟင်းရွက်များကို တစ်နေ့ထက်တစ်နေ့ ဈေးတင်၍သာ ရောင်းနေကြ၏။

အချို့သော ကုန်ပစ္စည်းများကို အာနာပိုင်တို့က ဈေးကန့်သတ်လာသည်။ သို့သော် ကန့်သတ် ဈေးနှုန်းအတိုင်း ရောင်းရန် တင်းတင်းကြပ်ကြပ် အရေးယူပေးဖို့ လိုလာပြန်သည်။ ကြက်ဥတစ်လုံးကို တစ်မူးသာ ကန့်သတ်ထားသော်လည်း ငါးမူးပေး၍ ဝယ်စားလာကြရသည်။

အင်ဖာ အနောက်ဘက်တွင်ရှိနေသည့် တောင်ကုန်းများမှ လိမ္မော်သီးများကိုမူ တစ်လုံးလျှင် တစ်မတ်ထိ ဈေးတက်နေရာမှ တစ်ပဲသို့ချ၍ စစ်တပ်မှ အဝယ်တော်များသည် တောင်ခြေများအထိ သွားကာ လိမ္မော်ခင်းရှင်များထံက တိုက်ရိုက်ဝယ်ယူနေကြသည်။

မဏိပူရပြည်သူပြည်သားများသည် ကြံခင်းများကို အများအပြား စိုက်ပျိုးလေ့ရှိကြသည်။ အခင်းမှ ရသောကြံများကို လူများ နွားများနှင့် လှည့်ရသော ကြံကြိတ်စက်များဖြင့် အရည်ထုတ်ယူပြီးနောက် သကြား ချက်လုပ်၍ စားသုံးလေ့ရှိခဲ့ကြသည်။ သို့သော် ခေတ်မှီသော ချက်လုပ်နည်း မဟုတ်သဖြင့် သကြားမှာ နီညိုရောင် သကြားကြမ်းကြီးများဖြစ်သည်။

အင်ဖာသို့ အင်္ဂလိပ်များ ရောက်လာကြသောအခါ စစ်တပ်နှင့်အတူပါလာသော ဖြူဖြူလွလွ သကြားများကို အရပ်သူ အရပ်သားများက တွေ့ဖူးကြသည်။ ထို့ကြောင့် ကြံပင်များကို မိန်းဖလာ ကြိတ်၍ နီညိုရောင် သကြားကြမ်းကြီးများကို မချက်ကြတော့ဘဲ ကြံချောင်းများကို

www.burmeseclassic.com

www.burmeseclassic.com



သည်အတိုင်းရောင်းချတာ ရသည့်ပိုက်ဆံဖြင့် သကြားဖြူများကို ဝယ်၍ စားသုံးတတ်လာကြသည်။

အင်္ဂလိပ် စစ်တပ်များ ရောက်လာကတည်းက ငွေကလည်း ပေါများလာကြရာ သကြားဖြူကို ခံတွင်းတွေ့သွားကြသော မဏိပူရ ပြည်သူ ပြည်သားများမှာ နောက်ပိုင်းတွင် အိန္ဒိယပြည်မကြီးက သကြား ကိုပင်ဝယ်ယူမှာ စားလာကြသည်။ ဆန်စပါးကမူ မြို့တိုင်း၊ ရွာတိုင်း၊ အိမ်တိုင်းတွင် တစ်မိုးစာကို မိုးရာသီစလေ့အရ သိုလှောင်ထား တတ်ကြ သဖြင့် အင်ဖာသို့ ဂျပန်စစ်ကြီး ဦးတည်လာနေပြီးသည့်တိုင် ဝမ်းစာ အတွက်ကိုမူ စိတ်သက်သာရာ ရနေကြသေးသည်။

စစ်လမ်းကြောင်းကျသော ကျေးလက်တောရွာများမှလည်း ကောင်း၊ မြို့ငယ်လေးများမှလည်းကောင်း၊ အင်ဖာမြို့တော်သို့ ပြေး လာကြသော စစ်ပြေးဒုက္ခသည်များသည် ရာပေါင်း၊ ထောင်ပေါင်းများ စွာ ရှိလာကြပြီဖြစ်ကြောင်းကို မဟာလီဒို လမ်းမကြီးပေါ်သို့ လမ်းလုပ် ရန် အငှားလိုက်လာကြသော အလုပ်သမားများက ပြောပြကြလေသည်။

စတီးဝဲလ်၏ မဟာလီဒို လမ်းမကြီးပေါ်သို့ ဤသို့ အလုပ် သမား ကူလီများ ရာချီထောင်ချီ ရောက်လာကြသောအခါ အလုပ် သမားတို့၏ တင်းဂူတဲတွေမှာလည်း လမ်းဘေးချဲ့စမှသည် ယာယီလူ နာသယ် လေယာဉ်ကွင်း၏ ပတ်ပတ်လည်မှာ အလျှိုအလျှို ပြည့်လာကြ သည်။ ထိုအခါ ယခင်လူသွားလမ်းမှ လားဝန်တင် ဘိန်းကုန်ကူးသမား များ၏ အသွေး အသားကို စားထားဖူး၍ ခံတွင်းတွေ့ ရဲရင့်နေကြသော ဟူးကောင်း ကျားကြီးများက တစ်ညလျှင် အလုပ်သမားများ တစ် ယောက်ယောက်ကို လာရောက်ကိုက်ချီပြီး စားသောက်နေကြသည်။

လောလောဆယ်တွင် အလုပ်သမားများမှာ ငှက်ဖျားနှင့် ဂျပန် ရန်ထက် ကျားရန်ကို ပိုကြောက်နေကြရသည်။ ဂျပန် လေယာဉ်ဆို သည်မှာ အလွန်လျှင်မြန်သော "ဒင်းနား" ကင်းထောက် လေယာဉ်တ လှဲပြီး တစ် ခြား ဂျပန် လေယာဉ်ဆိုသည်ကို ဖြူသလား မည်းသလားပင် သူတို့ မမြင်ဖူးကြသေး။ သူတို့လမ်းပေါ်ကို ဂျပန် ဗုံးတစ်လုံးမျှလည်း မကျသေး၊ ဂျပန် သေနတ်သံ တစ်ချက်ကိုလည်း မကြားဖူးကြသေး။ ငှက်ဖျားဆိုသည်မှာလည်း အင်္ဂလိပ် ကုလားကပြားဆေးမှူး၊ ဆရာဝန်



များ ပေးဝေသည့် ဝါဝါဝင်းဝင်း "ကွီနိုင်" ဆိုသည့် ဆေးပြားလေး တွေကို လက်ခုတ်ထဲထည့်ပြီး ဝါးစားလိုက်ကြလျှင် ခံတွင်းပျက်မတတ် ခါးသည်ကလွဲပြီး ငှက်ဖျားဒဏ်ကိုတော့ ခံနိုင်ရည်ရှိလာကြသည်။ လော လောဆယ်မှာ ဟူးကောင်း ကျားကြီးများ၏ အန္တရာယ်ပင်။

ဟူးကောင်းကျားကြီးများ၏ ရဲတင်းမှုမှာ ကျောချမ်းစရာ ကောင်းလှသည်။ တရုတ်စစ်သားများနှင့် ဗိုတာစီယာကြီးများ၏ အပြင်းအထန် ခိုင်းစေမှုကြောင့် ညည ကုလားသော၊ တုလားမော အိပ် စက်နေကြသော အလုပ်သမားများကို ဟူးကောင်း ကျားကြီးတွေက ဝင်ဝင်ဆွဲတတ်သည်။ အထူးသဖြင့် တင်းဂူတဲထဲမှ အပေါ့အပါးသွားရန် ထွက်သူများကို ပထမဆွဲသည်။ နောက်တော့ စားရမှန်များ၍ ရဲတင်း လာသော ဟူးကောင်း ကျားကြီးများသည် တင်းဂူတဲထဲသို့ပင် ဝင်၍ ဆွဲသည်။

ညဉ့် သာမဟုတ် နေ့ဉ့်လည်း လမ်းကွေ့ လျှိုမြောင်နား၌ တစ် ယောက်စ နှစ်ယောက်စဆိုလျှင် ခုန်အုပ် ကိုက်ချီသွားတတ်ကြသည်။ ထို့ကြောင့် နေ့ဉ့်လည်းကောင်း၊ ညဉ့်လည်းကောင်း၊ ဟူးကောင်းကျား ကြီးများရန်ကို တရုတ်စစ်သည်များက သေနတ်ထမ်း၍ စောင့်ကြရ သည်။ သို့သော် သူတို့ကား သက်သာသလားလိုလျှင် မသက်သာလှ၊ သေနတ်ထမ်း၍ စောင့်ကြည့်နေသည်ကို ကျားကြီးများကလည်း ဘယ် ကဘယ်လို ချောင်းကြည့်နေသည်မသိ ခဏလေး ငိုက်မြည်းသည်နှင့် အစောင့်စစ်သားကို ဝင်ဆွဲသွားပြန်၏။ ချုံနားတောစမှ လှုပ်လှုပ်မြင် သည်နှင့် ပစ်ခတ်ရန် သေနတ်မောင်းပေါ် လက်ညှိုးထိုးသွင်း၍ အသင့် စောင့်နေသော တရုတ်စစ်သားကလေးမှာ သေနတ်သံ တစ်ချက်သာ ပေးနိုင်ခဲ့ပြီး သူ့အလောင်းကိုပင် ရှာမရတော့ပေ။ အမှန်က သူ့သေနတ် သံမှာ ကျားကိုပစ်လိုက်သော သေနတ်သံမဟုတ်။ ကျားခုန်အုပ်၍ သေ နတ်မောင်းပြုတ်ကာ ကျည်သွက်သွားသော သေနတ်သံသာ။

ထို့ကြောင့် ကင်းစစ်သား တရုတ်များသည် လမ်းတစ်လျှောက်၌ မတ်တတ်ပင် ရပ်မနေရ။ တမ္ဗာပေါ်တွင် လမ်းအလျှောက်နိုင်ဆုံးဆိုသော တရုတ်စစ်သားများကို တစ်နေ့လုံး ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက် ခိုင်းထားရသည်။ ထိုသို့ လမ်းလျှောက် စောင့်ကြည့်နေသည့်ကြားထဲ

www.burmeseclassic.com

www.burmeseclassic.com



ကပင် အထိတ်တလန့် အော်ကြဟစ်ကြသံကြားက လမ်းလုပ်သားများ ကျားနောက်ပါသွားကြပြန်သည်။

လမ်းလျှောက် စောင့်ကြည့် နေပါသည်ဟု ဆိုသော်လည်း ခက်နေသည်မှာ လှုပ်လှုပ်မြင်တိုင်းလည်း လမ်းပစ်၍မရ။ လီဒို လမ်းမကြီးမှာ တောင်ကမ်းပါးယံတစ်ခုကိုပင် သုံးခါလောက် ကွေ့ပတ်ဖောက်လုပ်နေကြရရာ ကျားထွက်ပြေးသွားသည်ကို မြင်တိုင်း သေနတ်နှင့် လှမ်းပစ်၍မရ။ အပေါ်အောက်တွင် သူ့အပိုင်းနှင့်သူ လမ်းဖောက်နေကြသော အလုပ်သမားများကို ထိမှာစိုးရသည်။ တစ်ချို့အပိုင်းတွင် လမ်းပင် မပေါက်သေးသော်လည်း အုကြောင်းထဲရှိ လမ်းမလွတ်သော ကျောက်တောင်၊ ကျောက်ကမ်းပါးများကို ကြိုပြီး မိုင်းခွဲနေကြသော ဒိုင်းနမိုင်းအဖွဲ့တွေကလည်း တောကြိုအုံကြားရှိနေကြသည်။ တစ်ခါတစ်ခါ တောင်ကမ်းပါးယံတစ်ခုတည်း၊ တစ်ခြမ်းထဲ၌ပင် သူတို့အပေါ်တွင် လမ်းကြောင်းရှိနေသည်ကို စစ်သားများနှင့် အလုပ်သမားများက သိကြသည် မဟုတ်။ သူတို့သိသည်မှာ မိမိအပိုင်းသာ။

တစ်နေ့ခင်း၏ နေညိုချိန်မှာ အလုပ်သမား တစ်ယောက်ကို ကျားကြီးသည် တောင်ကမ်းပါးယံစောင်းမှ အလစ်လာချောင်း၍ ကိုက်ချီသွားသည်။ ဤသည်ကို အလုပ်သမားများအားလုံးက မြင်၍အော်ဟစ်လိုက်ကြရာ ထိုအချိန်တွင် ဟိုဘက်၊ သည်ဘက်မှ မျက်နှာချင်းဆိုင် လမ်းလျှောက် စောင့်ကြည့်နေကြသော တရုတ် စစ်သား နှစ်ယောက်ကလည်း မြင်လိုက်ကြပြီး ချက်ချင်း ကျားနောက်ကို ပြေးလိုက်ကြသည်။ တစ် ယောက်တစ်ချက်လည်း လှမ်းပစ်ကြ၏။ ကျားနောက် ပြေးလိုက်သွားကြသော တရုတ်စစ်သား နှစ်ယောက်ဆီမှ နောက်ထပ် သေနတ်သံ နှစ်ချက်ကြားရသည်။ ထိုသေနတ်သံ နှစ်ချက်မှာ ထိုတရုတ် စစ်သား နှစ်ယောက်၏ အထိတ်တလန့် အော်လိုက်ကြသံနှင့် တပြိုင်တည်းဖြစ်သည်။ ပြီးတော့ တောထဲက ဘာသံမှမကြားရတော့ဘဲ ငြိမ်သက်တိတ်ဆိတ်သွားသည်။

ဆယ်မိနစ် ဆယ့်ငါးမိနစ် ကြာသည်အထိ ကျားနောက် ပြေးလိုက်သွားကြသော တရုတ်စစ်သားနှစ်ယောက် တောထဲကလည်း ပြန်ထွက်မလာ၊ ဘာသံမှလည်း မကြားရသောအခါ သူ့လမ်းအပိုင်းတွင်



အစောင့်မဲ့သွားသော ဒိုတာစီယာကြီး မှဆာပါရာက ကြိမ်မဲ့ ကြေးနန်းရုံက ရဲဘော်များဆီ ပြေးအကြောင်းကြားသည်။ သေနတ် ကိုယ်စီနှင့် ပန်ချာပီ စစ်သည်သုံးဦး ပြေးလိုက်လာကြသည်။ သို့သော် ဟူးကောင်းကျားများအကြောင်းကို ကောင်းကောင်းကြီး သိထားကြသူ သူတို့တလည်း တရုတ်စစ်သားနှစ်ယောက် တက်လိုက်သွားကြသော လမ်းကြောင်းကို တောတိုးချဉ်း၍ သူတို့က မလိုက်ရဲ။ ထို့ကြောင့် အလုပ်သမားနှစ်ဆယ်သုံးဆယ်နှင့် တောနင်းရှာကြရာ တရုတ်စစ်သား အလောင်းနှစ်လောင်းကို မတွေ့ရဘဲ သူတို့နှစ်ယောက်၏ ရိုင်ဖယ်သေနတ် နှစ်လက်ကိုသာ ပြန်ရလာကြသည်။

ဤသည်ကို နာဂ၊ တချင် ထမင်းချက်ဖြစ်ကြသော မှဆိုးတို့တ ကျားမိသားစု၏ လတ်ချက်ဟု ပြောသည်။ လူသားသုံးယောက်ကို နာရီပိုင်းအတွင်း ကိုက်ချီပြေးသွားကြသော ကျားအုပ်ကို တစ်ချို့က "သမန်းကျား" များဟု ပြောကြပြန်ရာ ထိုလမ်းအပိုင်းမှ အလုပ်သမားများမှာ အစောင့်စစ်သားများကိုပင် စိတ်မချရသလို ညဥ့်ပင် ကောင်းကောင်း မအိပ်ဝံ့ကြဖြစ်သွားကြသည်။

မဟာလီဒိုလမ်းမကြီးတွင် ဟူးကောင်းကျားရဲကြီးများ ထိုသို့သောင်း ကြမ်းနေကြချိန်တွင် ဟူးကောင်းကျားထက် ရဲရင့်သော၊ ကြောက်စရာကောင်းသော၊ ဟူးကောင်းကျားက တစ်ခါကိုက်လျှင် တစ်ယောက်သာ သေနိုင်သော်လည်း တစ်ခါကိုက်ပြီး (တိုက်ပြီး) ဆိုလျှင် အင်္ဂလိပ်တပ်တွေ ပြုတ်ပြုတ်ပြုးသွားနိုင်သော ဂျပန်ကျားရဲ တစ်မကြီးများသည် ဒေသခံများ ဆင်များနှင့် ချင်းတွင်းကို တစ်သုတ်ပြီး တစ်သုတ် ဖြတ်တူးလာနေကြလေပြီ။

မဟာလီဒို၏ တာဝန်ခံကြီးဖြစ်သော ဗိုလ်ချုပ်ကြီး စတီးဝဲလ်မှာ လမ်းဖောက်ရုံမက မြန်မာပြည်ဘက်က ချီလာနေသော ဂျပန်တပ်များကိုလည်း တိုက်ခိုက်ရသည်။ ထို့သို့ တိုက်ရင်း ခိုက်ရင်း ဟူးတောင်းတောင်ကြားလမ်းကိုလည်း ဖောက်လုပ်ရသူဖြစ်ရာ သူ့ရှေ့သို့ ဆတ်တိုက် ဂျပန်စစ်ကြောင်း၏ နောက်သို့ တိုက်စစ်အဖွဲ့များ အမြဲချထားရ၏။ လမ်းအုကြောင်းဆွဲ ရှေ့ပြေးအဖွဲ့နှင့်အတူ တပ်များကို ဝဲယာဖြန့်၍ ရှင်းဝင်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့ကို တိုးလာတိုင်း ဂျပန်တပ်များက အင်အားဖြင့် ဆီး၍ အဆို့အပိတ်လုပ်လာ၏။ ထိုအခါ တင့်ကား သံချပ်ကာကားတပ်ဖြင့် ဖောက်ဝင်ရ၏။ ထို့ကြောင့် မဟာလီဒိုက တရုတ်တပ်ကို ဦးစီးနေသော ကာနယ်ရှော့သ်ဝဲလ်ဘရောင်းကို လှမ်းခေါ်ရသည်။

"ဟော့ - ဘရောင်း၊ မင့်ကောင်တွေ စွံပါ့မလား"

"ဟုတ်ကဲ့ပါ၊ ဗိုလ်ချုပ်၊ တစ်ပတ်လောက်ဘဲ ကျင့်ရသေးတော့ နဲနဲ ပါးပါး၊ တင့်ကားမောင်းတတ်စဘဲ ရှိပါသေးတယ်။ သေနတ်လဲပစ် တတ်ရုံဘဲ၊ ပစ်မှတ်တွေကိုမှန်အောင်ပစ်နိုင်ဖို့ကတော့ မသေချာသေးဘူး ခင်ဗျား"

စတီးဝဲလ်အား ဘရောင်းကလည်း အမှန်အတိုင်းပင် အစီ ရင်ခံသည်။

"တော်ပြီကွာ၊ ဖြစ်တဲ့နည်းနဲ့ အမြန်ဆုံးသာ ပို့လိုက်စမ်း။ လူ အား တောင့်တယ်ဆိုရင်ဘဲ တို့ဒီက တိုက်ရတဲ့ တပ်တွေလဲ အားရှိသွား တာပေါ့ကွာ။ ပို့သာမြန်မြန်ပို့လွှတ်လိုက်"

မကြာမီ ယူနမ်ဘက်မှ တရုတ်တောသားကလေးတွေ မောင်း လာသော တင့်ကားတွေရောက်လာ၏။ လီဒိုမြို့ကထွက်စဉ်မှ ဟိုကွေ့ သည်ကောက်နှင့် ဖြောင့်အောင်ပင် မမောင်းတတ်ကြသေး။ လမ်းပေါ် မောင်းလာရင်း အလိုလို ပညာတွေတိုးလာခဲ့ကြဟန်တူသည်။ အမဲလိုက် ရင်း မြောင်တွေ၊ စိုင်တွေကိုပင် ပစ်ခတ်ယူလာကြသည်။ ရှင်ဗွေယံဘက် သို့ ရောက်လာကြသောအခါ တကယ့်တင့်ကားမောင်း ပါရဂူတွေဖြစ် လာကြပြီ။ ၂ - စင်းလောက်သာ တောင်အဆင်း၌ ကျွဲရိုင်းစက်ကြီးကို ဝင်တိုးမိသည်ဆို၏။ အိန္ဒိယပြည် လီဒိုမြို့က တဆင့်တက်လာကြသော ယူနမ်တောသား တရုတ်ကလေးတွေမှာ မီးရထားကိုပင် မြင်ဖူးကြသူ တွေမဟုတ်ကြသဖြင့် စစ်ကြီးထဲတွင် တင့်ကားမောင်းတပ်သားများ ဖြစ် လာကြသည်မှာ အံ့ဩစရာပင်။ ရှင်ဗွေယံကို ရောက်လာကြသည်နှင့် ၎င်းတို့အား ဟူးကောင်း တိုက်စစ်ဦးသို့ ပို့လွှတ်လိုက်လေသည်။

ဘရောင်း၏ အမှတ် - ၂၂ တရုတ်တပ်မှာ တင့်ကား မှန်မှန် ကြီး တိုက်နိုင်စွမ်းရှိသူများဖြစ်သည်။ ၎င်းသတ္တိတွင်လည်း ဂျပန်စစ်သား များနှင့် တန်းတူရည်တူ လိုက်နိုင်သူတွေဖြစ်၏။ ၎င်းတို့အား အနောက်



တိုင်း အမြင်နှင့် ကြည့်လျှင် အလွန်ငယ်ရွယ်သူများဟု ဆိုလောက်၏။ ၁၅ - နှစ်နှင့် ၂၅ - နှစ်ကြား အရွယ်သာရှိကြသေးသည်။

တစ်ကြိမ်က တရုတ်ပြည်မှ စည်ပုံးအလွတ်တစ်ခုတွင် ဝင်ပုန်း ပြီး လေယာဉ်ပျံဖြင့် အိန္ဒိယသို့ ပါလာသော တရုတ်ကလေးတစ်ယောက် မှာ ၉ - နှစ်သာရှိသေး၏။ ဂျပန်နှင့် တိုက်လို၍ လိုက်လာသည်ဟု သူကဆိုသည်။ တကယ့် သတ္တိခဲကလေးပင်။

တရုတ်ကလေးတို့ တပ်အပြင် စတီးဝဲလ်၏ တပ်မများ၌ပါ သော အခြားတပ်များမှာ "မာရေ" အုပ်ချုပ်သော အမေရိကန်တပ်များ နှင့် ဝင်းဂိတ်တို့ ဖြစ်၏။ အမေရိကန်တပ်များမှာ လက်နက်ကြီးတပ်၊ စက်သေနတ်တပ်၊ အင်ဂျင်နီယာတပ်၊ အချက်ပြ ဆက်သွယ်ရေးတပ်၊ ဆေးတပ်၊ လားတပ်များဖြစ်၏။ အားလုံးမှာ တပ်ရင်းကြီး သုံးရင်းစာမျှ ဖြစ်သည်။ လားကောင်ရေပေါင်းမှာ ၇၀၀ - မျှပါ၏။

မာရေ၏တပ်များမှာ ဂျပန်ကို လှည့်ပတ်တိုက်ရသော တပ် ဖြစ်၏။ တပ်စခန်းဟူ၍မရှိ။ ထို့ကြောင့် သူတို့ကို အင်္ဂလိပ်တပ်သားများ က "ခွေးလေးပျားများ" ဟု နောက်ပြောင် ကျီဆယ်ကြသည်။ ကျဝန်း ရောက်ရာနား၊ တွေ့ရာတိုက်ထဲကဖြစ်သည်။ သို့သော် သူတို့ကို လေ ကြောင်းမှ နေ့စဉ် ၁၅ - တန်မျှသော ရိက္ခာပစ္စည်း စစ်လက်နက်များကို လိုက်၍ချပေးနေသည်။ ဤခွေးလေးပျားများကား အလွန်ကြောက်စရာ ကောင်းသော အသားစားပျားများပင်။

ထိုပျားများထဲမှ တပ်သားတစ်ဦးက သူ့မိန်းမဆီ ပေးလိုက် သော စာတစ်စောင်တွင် "ငါတော့ ဘယ်သွားလို့ ဘယ်ရောက်နေတယ် ဆိုတာလဲ တစ်လုံးမှ မပြောတတ်တော့ဘူးဟေ့၊ သေနတ်ကို အမြဲကျည် ဖြည့်ပြီး အသင့်ဖြစ်အောင်ကိုင်ထားရတာဘဲ။ ဘယ်နေရာ နေလို့ ဘယ် နေရာ သေမယ်လဲ မသိပါဘူး၊ ဒါပေမယ့်ကွာ . . . ကြောက်စရာ ယ်လို့တော့ ခွေးတစ်ကောင် ကြောင်တမြီးမှ မတွေ့ရသေးပါဘူး" ဟု ရေးထား၏။

မာရေတို့၏ ခွေးလေးပျားအဖွဲ့သည် ၁၈ - ရက်ကြာမျှ တော တောင်အရပ်ရပ်ကို လှည့်ပတ်ပျံသန်းပြီးနောက်မှ တစ်နေ့တွင် ဂျပန် စခန်းစခန်းတစ်ခုကို သွားတွေ့၏။ တွေ့သည်ကလည်း လမ်း၌ ချောင်း

www.burmeseclassic.com

www.burmeseclassic.com



ပစ်ခံရ၍သာ တွေ့ခြင်းဖြစ်သည်။ ပထမဦးဆုံး ရန်သူကျည်ဆံသည် မိုးဘတ်ယင်ဒီကိုသွားထိ၏။ နေရာမှာ လာနမ်ဂ နေရာဖြစ်သည်။ ဤအကြိမ်သည် ဒုတိယကမ္ဘာစစ်၏ အာရှစစ်မြေပြင်တွင် ကျဆုံးခံရသော အမေရိကန် စစ်သားများအနက် ၎င်းသည် ပထမဦးဆုံးစစ်သည် ဖြစ်လေသည်။

နောက်ပိုင်းတွင် မာရေးတပ်တွေမှာ ချောင်းပစ်ခြင်းချည်းခံနေရ၏။ ဂျပန်ကလည်းချောင်းပစ်၊ သူတို့ကလည်း ချောင်းပစ်နှင့် တကယ့်ပြောက် ကြားလမ်းစဉ် ဖြစ်လာကြလေသည်။ ၄ - လမျှတိုင်တိုင် သူချောင်း၊ ကိုယ်ချောင်း ချောင်းပစ်ကြပြီးနောက် တိုက်စစ်တစ်ခုနှင့် ဆုံကြရသည်။ ဂျပန်ကတုတ် ကျင်းပုန်းဝပ်ကျင်း တစ်ခုကို တွေ့၍ပစ်ဝင်စီးလိုက်ကြသည်။ ထိုအခါ ဝပ်ကျင်း ကတုတ်ထဲတွင် ဂျပန်စစ်သားဆို၍ တစ်ယောက်သောသူတို့မျှ မတွေ့ရဘဲ အခွံသာဖြစ်သည်။

မဟာမိတ်တပ်သားတို့ ဂျပန်ကတုတ်တျင်းကို ရောက်သည်နှင့် တစ်နေရာမှ ကြိုတင်၍ ချိန်တွက်စမ်းပြီးဖြစ်သော ဂျပန်တို့၏ မော်တာကျည်ဆံသည် ကတုတ်ကျင်းပေါ် သို့ တည့်တည့်ကျ ပေါက်ကွဲတော့သည်။ အတော်ပညာသားပါသော ဂျပန်တို့၏ အလှည့်ကို ခွေးလေးများအဖွဲ့က ခံလိုက်ရသည်။

တစ်ချို့က ကတုတ်ကျင်းများတွင် ဂျပန်က စွယ်ရောင်ပြ၏။ ထိုးပစ် ဝင်စီးလိုက်သည်နှင့် တပြိုင်နက်၊ ကြွက်တွင်းလို လုပ်ထားသော မြောင်းမှ လျှိုထွက်ပြေးလေသည်။ နောက်ပြီး ထိုအပေါ်ကို ချက်ချင်း မော်တာ ကျည်ဆံများ ကျလာတော့သည်။ လက်ဦး၌ ဤသို့ ၂ - ချည် ၃ - ချည်လောက် အထိခံလိုက်ရသောအခါ ခွေးလေးများတို့မှာ ပါးသွားလေပြီ။ ကင်းပုန်းတစ်ခု မြင်သည်နှင့် တပ်ဖြန့်၍ အခြားနေရာတွေကို အလျင် ဦးအောင်စီးပြီး မသင်္ကာသမျှနေရာများကို ပစ်သွင်းပြီးမှ ဂျပန်ကတုတ်ကျင်းနားများကို ကပ်ရဲကြတော့သည်။

❑ ❑ ❑

၇။

ဆောင်းနှောင်း နွေဦးသမယသို့ ရောက်လာသည်။ အအေးပေါ့သွားသည်မှာ သုံးလေးရက်ရှိပြီဖြစ်သဖြင့် လီဒိုလမ်းမရှိ အလုပ်သမားတွေမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့ကြသည်။ ဆောင်လယ်လောက်ကဆိုလျှင် တပ်က ထုတ်ပေးထားသော လက်တစ်ဆစ်ခန့်ထူသည့် သိုးမွေးစောင်ကြမ်းကြီးတွေကို ခြုံပြီးအိပ်ကြရသည်ပင် ချမ်းလွန်း၍ အလုပ်သမားတွေမှာ ကောင်းစွာအိပ်မပျော်နိုင်ခဲ့ကြ။ မီးဖိုနားကပ်မှလျှင် မီးဖိုနားက မခွာချင်လောက်အောင် ဖြစ်ခဲ့ကြသည်။

ယခု အအေးပေါ့သွား၍ ဝမ်းသာနေကြသည့်အထဲ ဆောင်းနှောင်းနွေဦး၏ သဘာဝအတိုင်း ဟူးကောင်း တောင်ကြားတစ်လျှောက်ကို နှင်းခါးရိုက်လာပြန်သည်။ တောကိုမမြင်ရ။ တောင်ကိုမမြင်ရ။ လီဒိုလမ်းမကြီးထဲ သိပ်သည်းနေကြသော နှင်းထုထဲ လမ်းမကြီးက နစ်နေသည်။ အလုပ်သမားတွေမှာ လေးငါးလံမှ အဝေးကိုပင် လူလုံးမကွဲကြ။ တလှုပ်လှုပ် တရွရွ လှုပ်ရှားလုပ်ကိုင်နေကြသော လမ်းထဲမှ အလုပ်သမားကို အရိပ်ပမာသာ မြင်နေကြရသည်။

နေ့လည် အလုပ်နား ထမင်းစားသ် ချောင်းခေါက်သည်ထိလည်း နှင်းကမကွဲသေး နေရောင်ခြည်က နှင်းထုကို မဖောက်နိုင်သလိုနေဝန်းကိုပင် ရေးရေးမမြင်ကြရ။ နေညိုချိန် ရောက်လာသောအခါ တောမှိုင်း၊ တောင်မှိုင်းက ကျလာပြန်သည်။ လေငြိမ်နေသဖြင့် နှင်းနှင့်မိတ်ဖွဲ့ကာ မှိုင်းခိုးမှိုင်းမှိုပ်တွေက မြေဆိုင်း၍ အလုပ်သမားတွေ ကြားထဲ၌ပင် ဝေ့ဝဲနေသည်။ ထိုအခါ တစ်နေ့လုံး အရိပ်ပမာသာ လှုပ်ရှားလုပ်ကိုင်နေကြရသော လမ်းလုပ်သားတို့၏ အရိပ်က ပို၍ မှုန်ဝါးလာသည်။

သို့သော် ယခင်က တစ်နေ့လုံး ကူလီလုပ်မှ ငွေတစ်မတ်သာသော ကူလီများမှာ ယခုတစ်နေ့ ၅ - ကျပ် ရနေကြသောအခါ ခွဲခတ်၍ လုပ်ကိုင်နေကြ၏။ ထို့ကြောင့်ပင် ထင်သည်။ ဤဟောင်းပိလို လမ်းမ

www.burmeseclassic.com

www.burmeseclassic.com



ကြီးတွင် အမေရိကန် ဗိုလ်ချုပ် စတီးဝဲလ် သုံးစွဲသော ငွေကုန် ကြေးကျကို မဟာမိတ် အင်္ဂလိပ် ဗိုလ်ချုပ်တွေက အစာမကြေချင်ကြ။ ငွေသုံးကြမ်းသည်။ "ဒီအမေရိကန်ကောင် စတီးဝဲလ်တော့ သောက်ရမ်းတွေ လုပ်ကုန်ပြီ" ဟု အချင်းချင်း တီးတိုးပြောလာကြသည်။

အင်္ဂလိပ်တို့၏ အမြင်မှာ ဤမျှကြီးမားသော စစ်ဆင်ရေးကြီး ကာလအတွင်း၌ ရှေ့ကလုပ်၊ နောက်ကပျက်နှင့် ဖြစ်နေသော လီဒိုလမ်းမကြီးကို မတန်တဆ လူအင်အား၊ ငွေအင်အား၊ ပစ္စည်း အင်အားတွေကို ဖြုန်းတီး ဖောက်လုပ်နေရုံမျှမက စစ်ဆင်ရေးတွေ ကျယ်ပြန့်စွာ ဆောင်ရွက်နေရသော စစ်တပ်များကိုပါ ဤလမ်း၌ အသုံးချထားခြင်းဖြင့် အကြောင်းမဲ့ ကုန်ဆုံး နေရသည်မှာ မသင့်။ လေယာဉ်တွေနှင့် သယ်ယူပို့ဆောင်ရသော် ကုန်ကျမည့် ဓာတ်ဆီ စရိတ်မှာ မပြောလောက်ပေ။ လေယာဉ်ကွင်းတွေ စက်ရုံတွေ ပြင်ဆင်မှုဆိုင်ရာ စက်မှု အင်ဂျင်နီယာတွေကို ဤလေကြောင်းကိစ္စ၌ လုံလောက်အောင် သုံးစေဦး၊ ယခု လီဒိုလမ်းကို အစောင့်အမြဲချထားနေရသော စရိတ်စကများတွေ၊ လူအင်အားတွေ၊ ပစ္စည်းကုန်ဆုံးမှုတွေထက် အများကြီး သက်သာသည်။ တရုတ်ပြည်က လစဉ်လိုနေသော ကုန်ပစ္စည်း တန်ချိန် (၃၀၀၀၀) လောက်ကို မြန်မြန်နှင့် လွယ်လွယ်လည်း လေယာဉ်နှင့် ကောင်းမွန်စွာ ထောက်ပံ့နိုင်မည်ဟု မြင်လာကြသည်။

ထို့ကြောင့် စတီးဝဲလ်နှင့် အထူးတပ် လင်တိန်းတို့ ကတော ကဆ စကားများကြတော့သည်။ အမေရိကန် ဗိုလ်ချုပ်ကြီး စတီးဝဲလ်သည် တရုတ်နှင့် အမေရိကန် အကျိုးသက်သက်ကိုသာကြည့်၍ ဤ မဟာလီဒို လမ်းမကြီးကို ဖွတ်ဖောက်နေသည်။ ထိုလမ်းတစ်လျှောက်လုံးခြုံရေး နယ်မြေတစ်ဝိုက်မှာ ဗြိတိသျှ လင်တိန်းတို့ကို အသုံးချထားသည်။ ဤအတိုင်း စတီးဝဲလ်က သူတို့ကို အမိန့်ပေးပြီး လုပ်နေသည်ကို လင်တိန်းတို့က မခံ။ အခြေအနေမှာ သိသိသာသာ ဖြစ်လာသည်။ လင်တိန်းက အရှေ့အာရှ၏ သေနာပတိချုပ်ကြီး မောင့်ဘက်တန်ထံ အစီရင်ခံ တိုင်ကြားတော့သည်။

ထိုအခါ မောင့်ဘက်တန်မှာ ဟူကောင်းတောင်ကြား ရှာဒါရှိ စတီးဝဲလ်၏ ဌာနချုပ်စခန်းသို့ ကိုယ်တိုင်ပြေးသွားပြီး စတီးဝဲလ်



နှင့်လင်တိန်းတို့ကို ကိုယ်တိုင်ကိုယ်ကျ ဖျောင်းဖျ ဖြေရှင်းပေးရလေသည်။

အမေရိကန် ဗိုလ်ချုပ်ကြီး စတီးဝဲလ်က လူအင်အား ပစ္စည်းအင်အား ငွေအင်အားကို ဖုံးပေါလအောသုံး၍ လီဒိုလမ်းကို ခေါင်းမာမာနှင့် ဖောက်လုပ်နေချိန်တွင် ....

အင်္ဂလိပ် ခများတို့၏ အခြေအနေမှာ အိန္ဒိယချည်ထည် ရက်လုပ်သော စက်များမှ ၅ - ရာခိုင်နှုန်းကို စစ်ဆင်ရေးအတွက် ယူနေကြရ၏။ ချုပ်လုပ်ရေးအတွက် မော်တာတပ်ပြီးသား အပ်ချုပ်စက်ကြီးပေါင်း ၄၀၀ - ကို အင်္ဂလန်က မှာယူရသည်။ စားနပ်ရိက္ခာနှင့် လက်နက်ပစ္စည်းများ၊ ယာဉ်သုံးပစ္စည်းများကို ဘင်္ဂလားအရှေ့ပိုင်း မီးရထားလမ်းဖြင့်သာ သယ်ယူနေကြရသည်။ တစ်နေ့ တန်တန်ချိန် ၁၅၀၀၊ ၂၀၀၀ - ခန့်သာ သယ်ပေးနိုင်သော အင်္ဂလိပ်များကို အားမရ၍ အမေရိကန် မီးရထားအင်ဂျင်နီယာတွေက တစ်နေ့ ထုန်တန်ချိန် ၃၀၀၀ - ထိ သယ်ယူနိုင်ရန် အပူထပြင်း ဝင်ကူနေကြရသည်။

စစ်မြေပြင်သုံး လေထီးများကို အင်္ဂလန်ကလည်း အလုံအလောက် ပို့ပေးနိုင်ခြင်းမရှိရာ အမှတ် - ၁၄၊ တပ်မဟာ ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စလင်းသည် အိန္ဒိယရှိ ဂုံနီချောများကိုပင် လေထီးအဖြစ် ချုပ်လုပ်သုံးရန် စီစဉ်နေရသည်။

ထိုအချိန်ထိ ရှိခဲ့ တိုက်ခဲ့ကြရသော စစ်ရေးစစ်ရာတွင် တုန်းတပ်များကို မော်တော်ကား၊ ရထားတို့ကသာ နောက်ပိုင်းမှ ထောက်ပံ့မှု ရှိခဲ့၏။ ဤမျှ ကြီးမားကျယ်ဝန်းသော လေကြောင်းမှ ထောက်ပံ့ရေးသည် စစ်သမိုင်း တစ်လျှောက်တွင် တစ်ကြိမ်မှ မပေါ်ပေါက်ခဲ့သော လေကြောင်း ထောက်ကူမှုပင်။ ယခင်ကမူ လေတပ်၏ တာဝန်မှာ ကင်းထောက်ရေး ရန်သူ၏ စစ်အခြေခံအချက်အချာနေရာ သော့ချက်များကို ဗုံးကြဲ တိုက်ခိုက်ရေး၊ လမ်းပန်းဆက်သွယ်ရေးကို ဖြတ်တောက်ရေး တို့၌သာ ဆောင်ရွက်ခဲ့ကြသည်။

အလွန်အရေးကြီးသော စစ်မျက်နှာ၏ နောက်ပိုင်းကို တိုက်ခိုက်ရန် လေထီးတပ်သားများကို ချပေးခဲ့ရသည်မှာလည်း အနည်းအကျဉ်းသာ ဖြစ်သည်။ ယခု မြန်မာပြည် စစ်ဆင်ရေးမှာ ကြည်းတပ်တို့

www.burmeseclassic.com

www.burmeseclassic.com



အား လေတပ်က အားလုံးအပြည့်အစုံ ထောက်ပံ့ကူညီ တိုက်ခိုက်ရေးပါ ပူးပေါင်းမည်ဆိုရာ မဟာမိတ်တို့၏ စစ်ဦးစီးဌာနသာမက ကမ္ဘာကပင် လှမ်းကြည့် အကဲခတ်နေကြရသည်။

ထို့ကြောင့်လည်း အချင်းချင်းထဲတွင် မဖြစ်ဘူး၊ ဖြစ်သည်နှင့် ကြွက်စီ ကြွက်စီဖြစ်နေကြသည်။ မောင်ဘက်တန်သည် မူလ မြန်မာ ပြည်သို့ဝင်ရန် လွယ်ကူသော ပင်လယ်ပြင်ဘက်မှ ကုန်းပိုင်း၊ ရေပိုင်း သွားယာဉ် အမျိုးအစားများနှင့် အလုံးအရင်းထိုးနှက်ရန် စီစဉ်ခဲ့သော်၏။ သို့သော် ထိုကုန်းရော ရေပါ ချီတက်နိုင်သော တပ်သုံးယာဉ်များမှာ ဥရောပစစ်မျက်နှာ မြေထဲပင်လယ်၌ ဖိသုံးနေရသဖြင့် လုံလုံလောက် လောက် အလုံးအရင်းနှင့်ချီရန် မရနိုင်သေးဟု မဟာမိတ် စစ်ဌာနချုပ် ကဆိုသဖြင့် ယခု ဝင်းဂိတ်၏ ၁၉၄၃ - ခုနှစ်က စမ်းသပ်ခဲ့သော အစီအစဉ်ကိုမှီး၍ တိုးချဲ့ချမှတ်လိုက်ခြင်းဖြစ်သည်။

သို့ရာတွင် ဤကုန်းနှင့်လေ ပူးပေါင်းချီတက် တိုက်ခိုက်ရေးကို လက်တွေ့တိုက်ပွဲဝင်ကြည့်ရန် လိုလာသည်။ ဤသို့ လက်တွေ့ ပူးပေါင်း တိုက်ကြည့်ရင်း သင်ခန်းစာ အသစ်များကိုလေ့လာပြီး အပြည့်အစုံ ချီ တက်ရေးသို့ တိုက်ရင်းခိုက်ရင်း ဖြည့်စွက်ပြုပြင်သွားမည်ဟု ဆုံးဖြတ် ကြလေသည်။

သို့ဖြင့် မြန်မာပြည်အတွက် စစ်ကြောင်း နှစ်ကြောင်းကို ရွေး ချယ်လိုက်သည်။

ပထမ တစ်ကြောင်းမှာ ၁၉၄၃ - ခုနှစ်က တိုက်ပြီးဆုတ်ခဲ့ရ သော ရခိုင်မြောက်ပိုင်း မေယုကျွန်းဆွယ်နှင့် စစ်တွေခရိုင်ဘက်သို့ ဖြစ်၏။

ဒုတိယမှာ ကြာသပတေး စစ်ဆင်ရေးခေါ် လေယာဉ်ဖြင့် ရန် သူနောက်ပိုင်း မြန်မာပြည် မြောက်ဖျားနေရာများသို့ ထိုးဖောက်ဝင် ရောက်ရေးဖြစ်သည်။ ထိုကြာသပတေးစစ်ဆင်ရေးမှာ ဝင်းဂိတ်၏ ချင်း ဒစ်တပ်များနှင့် ခရီးဝေးသို့ ဖောက်ခြင်းမျိုးပင်ဖြစ်သည်။ သို့သော် ပထမ အကြိမ် ဝင်းဂိတ်စမ်းသပ်စဉ်ကကဲ့သို့ ခရီးဝေး ချီတက်သွားရန်မျိုး မဟုတ်ဘဲ လေကြောင်းမှ တပ်များကို သတ်မှတ်ထားသော နေရာအ ရောက် လေတပ်က သယ်ယူပို့ချပေးရန်ဖြစ်သည်။



လက်ဦးဆုံးအသုတ်အဖြစ် ချပေးရာ၌ တပ်ဦးစီးမှူးနှင့် တိုက် ခိုက်ရေးအပြင် ဆောက်လုပ်ရေးပါ တာဝန်ယူသူများကိုချည်း ချပေးပြီး ၎င်းတို့က ကျရာနေရာ၌ အလျင်အမြန် လေယာဉ်ကွင်းများကို ဖောက် လုပ်ကြရမည်။ ဤသို့ သူတို့ လေယာဉ်ကွင်း ဖောက်လုပ်နေစဉ်အတွင်း လေတပ် တိုက်လေယာဉ်တို့က အစဉ်မပြတ် ရန်သူများကို ကောင်းကင်မှ ဖယ်ရှင်းပေးထားမည်ဖြစ်၏။ ကွင်းပြီးသည်နှင့် တပြိုင်နက် နောက် အသုတ်များကို စစ်ပစ္စည်းများသာမက စစ်သုံးယာဉ်များ စားနပ် ရိက္ခာများ တိုက်ခိုက်ရေးယာဉ်များနှင့် တပ်မကြီးများအထိ အလုံးစုံကို လေတပ်က ချပေးရမည်ဖြစ်သည်။

ဤအတိုင်း အတည်ပြုပြီးနောက် ၂ - မျိုးစလုံးကိုပင် စ,တင် ရန် သတ်မှတ်လိုက်ကြသည်။ ထိုအချိန် မတိုင်မီကပင် ဟူးကောင်း တောင်ကြား တစ်ဝိုက်သို့ စတီးဝဲလ်၏ တရုတ်တပ်များမှာ မဟာဒီလို လမ်းမကြီး ကို စတင်ဖောက်တာ မြောက်ပိုင်းသို့ ဝင်လျှက်ရှိလေသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## ၈။

သုံးရက်လုံးလုံး မြူဆိုင်း၊ မှိုင်းတိုက်၊ နှင်းခါးရိုက်နေသော်လည်း မဟာလီဒိုလမ်းကြီး၏ စီ ( ၃၆ ) တပ်ဖွဲ့သည် လုပ်ငန်းမရပ် လုပ်နေကြရသည်။ နေစောင်းသွားသည်နှင့် မြူနှင်းထုက ပို၍ သိပ်သည်းလာသည်။ သုံးလေးလံ အဝေးကိုပင် လူလုံးမကွဲဖြစ်လာသည်။ အလုပ်သမားများ ကြားထဲတွင် နှင်းခါးမြူဆိုင်းလာသည်။ သူတို့မှာ တောတောင်ထဲ အလုပ်လုပ်နေကြရသူတွေနှင့် မတူတော့ဘဲ နှင်းထု၊ မြူထုထဲ အလုပ်လုပ်နေကြရသလိုပင်။ ပတ်ဝန်းကျင်မှာလည်း နှင်းထု မြူရိပ်ကလွဲလျှင် အလုပ်သမားအချင်းချင်းကိုပင် အရိပ်မမာသာ မြင်နေကြရသည်။

သည်လိုနှင့် အလုပ်သိမ်းရန် တစ်နာရီခန့်အလိုတွင် နှင်းထုထဲ နစ်နေသော တစ်ဘက် တောင်ကျောမှ မိုင်းခွဲသံကြီးတစ်ခုကို ကြားလိုက်ကြရသည်။ ထိုနေရာနှင့် သူတို့၏ စီ ( ၃၆ ) နေရာမှာ မျဉ်းဖြောင့်ဖြစ်သည်။ ရာသီဥတုသာယာသော နေ့ဆိုလျှင် ထိုတောင်ကြောရှိ သစ်ပင်တောအုပ်များကိုပင် လှမ်းကြည့်၍ မြင်နိုင်သည်။ ယခုမှ နှင်းခါးမြူထုခံနေသဖြင့် အသံသာကြားရပြီး ဘာမှမမြင်ရ။

လီဒိုလမ်းမနှင့် မလွတ်သော တောင်စောင်း၊ တောင်ကမ်းပါးယံများရှိ ကျောက်တောင့်များကို ဒိုင်းနမိုင်းအဖွဲ့က မိုင်းခွဲဖြိုချနေကြသည်မှာလည်း နေ့စဉ်လိုလို ကြားနေကြရသော အသံဖြစ်သဖြင့် စီ (၃၆) ရှိ အလုပ်သမားများမှာ သူတို့အလုပ်ကိုသာ ပုံမှန်လုပ်နေကြသည်။ ထိုမိုင်းခွဲသံကိုများစွာ ဂရုမပြုမိကြ။ လုပ်မြဲအလုပ်ကိုသာ ဆက်လုပ်နေကြသည်။

သို့သော် ထိုသို့မိုင်းခွဲသံကြီး ကြားလိုက်ကြရပြီး မိနစ်ပိုင်းအတွင်းမှာပင် ရာပေါင်းများစွာသော ငှက်ဆိုးတစ်အုပ်သည် မမျှော်လင့်ဘဲ အလုပ်သမားများကို ဝင်ထိုးတော့သည်။ နှင်းခါးမြူထုကို ဖောက်ပြေးလာကြသော ထိုငှက်ဆိုးအုပ်မှာ အလုပ်သမားများကို ဝင်တိုးရုံမကတွေ့



ရာလူတွေကို ချက်ချင်းကိုက်ကုတ်ကြသည်။ ထိုရာပေါင်းများစွာသော ငှက်ဆိုးများမှာ မည်မျှထိတ်လန့် ကြောက်ရွံ့ကာ သွေးရူးသွေးတန်း ဖြစ်လာကြသည်မသိ။ အလုပ်သမားများကိုသာမဟုတ်။ သူတို့ ကိုယ့်အချင်းချင်းပင် မျိုးမတူသော ရန်သူငှက်များထင်ကာ နှင်းခါးမြူထုထဲ တစ်ကောင်နှင့်တစ်ကောင် အော်ဟစ်ကိုက်ခဲ၍ ပြေးပျံလာကြ၏။ ထို ငှက်ဆိုး ငှက်ရူးအုပ်က အလုပ်သမားများကို အော်ဟစ်ကိုက်ခဲ သွားကြသလို ထိုငှက်ဆိုး ငှက်ရူးအုပ် အကိုက်အကုတ်ခံလိုက် ရကြရသော အလုပ်သမားများမှာလည်း အထိတ်တလန့်နှင့် လန့်ဖျတ်အော်ဟစ်ကာ လက်ထဲရှိ ပေါက်ပြား၊ ဂေါ်ပြား၊ ပေါက်တူး၊ ပေါက်ချွန်များနှင့် ကြောက်လန့်တကြား ရိုက်နှက်ကြသည်။

ထို ငှက်ဆိုးအုပ်နှင့် လီဒိုအလုပ်သမားများ ပက်ပင်းတိုး တွေ့လိုက်ကြသောအချိန်မှာ မိနစ်ပိုင်းသာကြာသော်လည်း ထိုငှက်ရိုင်း၊ ငှက်ရူးများ လန့်ပျံပြေးသွားကြသောအခါ အလုပ်သမားများနှင့် အလုပ်ကြပ်အပါအဝင် လူပေါင်း ၅၀- ကျော်တို့မှာ ငှက်တိုက်ငှက်ကုတ် မခံရသူဟူ၍ တစ်ယောက်မျှ မကျန်ရစ်ပေ။ အနည်းနှင့် အများသာ ကွာခြားပြီး အလုံးစုံသော အလုပ်သမားများကို ရာပေါင်းများစွာသော ငှက်ရိုင်း၊ ငှက်ရူးများက ကိုက်ကုတ်ထားခဲ့ကြသည်။ ထိုငှက်ရိုင်းငှက်ရူး၏ နှုတ်သီး ခြေသည်းတို့မှာ မည်မျှချွန်ထက်သည် မသိ။ ငှက်ကြီးများဆီ၌ အကိုက်အကုတ်ခံရသူတွေမှာ မချိမဆံ့ ဖြစ်ကျန်ခဲ့ကြရသည်။ ကိုယ်ပေါ်က အဝတ်တွေလည်း တစ်စစီ တစ်ဖွဲ့စီ စုတ်ပြတ်ကာ ငှက်ကိုက်ငှက်ကုတ် ခံရသော ဒဏ်ရာတွေမှာလည်း လက်သန်းလက်ညှိုး ပွဲကျန်လန်ထွက်၍ ကျန်ခဲ့ကြ၏။

ထိုအထဲတွင် အဆိုးဆုံးက ထိုငှက်ရိုင်း၊ ငှက်ရူးများတိုက်၍ သွေးကြောပေါက်သွားသူ၊ သွေးကြောပြတ်သွားသူတွေမှာ တစ်ကိုယ်လုံး ချင်းချင်းနီကာ သွေးမစဲဘဲ တဆတ်ဆတ်တုန်ပြီး အော်ဟစ်ညည်းတွား ကျန်နေခဲ့ကြ၏။ တွေ့သမျှလူများကို သွေးရူးသွေးတန်းနှင့် တိုက်ခိုက် ထားခဲ့ကြပြီး လန့်ပျံပြေးသွားကြသော ငှက်ရိုင်းအုပ်က ဘယ်ဆီရောက် သွားကြပြီဆိုသည်ကို မသိသော်လည်း တောင်ကုန်း ၂၀- အပိုင်းက အလုပ်သမား ၅၀ - ကျော်မှာ အော်ဟစ်ညည်းတွားကာ ကြွက်ကြွက်ညံ

www.burmeseclassic.com

www.burmeseclassic.com



၍ ကျန်ခဲ့ကြသည်။

လမ်းလုံခြုံရေး တရုတ်စစ်သားများနှင့် အိုတစ်ယာလမ်း အင်ဂျင်နီယာတွေမှာ သွေးကြောပေါက်၊ သွေးကြောပြတ်နှင့် တစ်ကိုယ်လုံးတွင် လက်သန်းလက်ညှိုး အသားနီလံကာ မချိမဆံ့အော်ဟစ်အကူညီတောင်းနေကြသော အလုပ်သမားများကို ဟူးကောင်းတောင်ကြားလီဒို စခန်းရှိ ဆေးရုံသို့ ချက်ချင်းပို့ရန် နှင်းခါးမြူမှိုင်းထဲ အရေးပေါ် အပြေးအလွှား သေပြေးရှင်ပြေး လှုပ်ရှားပို့ဆောင်နေကြရ၏။

လီဒိုစခန်းရှိ ထိုအမေရိကန် ဆေးရုံ၌ နောင်တွင် မဟာမိတ်တပ်ပေါင်းစု၏ သေနာပတိချုပ်ကြီး မောင့်ဘက်တန်ပင် မျက်လုံးနှစ်ဘက်ကို ပတ်တီးစည်းကာ ၇ - ရက်လုံးလုံး ကုတင်ပေါ် လှဲသွားခဲ့သော ဆေးရုံဖြစ်သည်။ မောင့်ဘက်တန် ထိုသို့ဖြစ်ရသည်မှာ မိုးကောင်းကာမိုင်းဘက် စစ်မြေပြင်တွင် စတီးဝဲလ်နှင့်အတူ ဂျစ်ကားစီးပြီး တောလမ်းခရီးကို ဖြတ်သွားကြစဉ် ဝါးရုံကိုင်း တစ်ကိုင်းက ဘယ်ဘက်မျက်လုံးကို ထိုးမိခဲ့၍ဖြစ်၏။ ဒဏ်ရာမှာ တစ်ဝက်လောက်ပင် ပြန်မြင်ရပါဦးမလားဟု စိုးရိမ်ရသော အခြေအနေဖြစ်သဖြင့် ချက်ချင်းပင် အနီးဆုံး လီဒိုဆေးရုံသို့ လေယာဉ်နှင့် ပြေးခဲ့ရခြင်းဖြစ်သည်။ ကြိုးမဲ့ ကြေးနန်းစက်များပါသော "မာကြူရီ" ခေါ် ဒါကိုတာ လေယာဉ်ကို တွင်းထဲထားပြီး မိနစ်နှင့်အမျှ ဝင်လာနေသော သတင်းပို့ချက်များကို ကုတင်ပေါ်ကပင် ညွှန်ကြား အမိန့်ပေးခဲ့ရလေသည်။

ယခု ငှက်ရိုင်း ငှက်ရှူးကြီးများ ကုတ်ကိုက်ခံရ၍ လက်ညှိုးလက်မခန့် အသားပဲ့ပါသွားသူများနှင့် သွေးကြောပေါက်၊ သွေးကြောပြတ်လူနာများကို ထိုဆေးရုံသို့ ပို့ပြီးသောအခါ အနည်းအကျဉ်းသာ ကုတ်ကိုက် ခံရသူများကို အနီးအနားရှိ ဆေးတပ်စခန်း၊ ဆေးတပ်သားများရှိရာသို့ ပို့ပေး ကုသမှုခံယူကြရပြန်သည်။

ဆေးရုံပို့လိုက်ကြသော အလုပ်သမား လူနာအချို့မှာ တစ်ညလုံး ကယောင်ချောက်ချား အထိတ်တလန့် အော်ဟစ်ထပြေးနေကြရာ ဆရာဝန်များက အိပ်ဆေးထိုး၍ပင် ထိမ်းထားကြရသည်ဆို၏။ သို့သော် ဆရာဝန်များက ထိုသို့အိပ်ဆေးထိုး၍ ထိမ်းထားကြသော်လည်း အိပ်ဆေးပြေသွားသည်နှင့် အရှူးအနှမ်းများပမာ ထပြေးအော်ဟစ်နေကြ



သဖြင့် ရှေ့တန်းဆေးရုံ၌ ကုသမှုမလုံလောက်နိုင်သော အလုပ်သမားအချို့ကို မဏိပူရပြည်နယ် လီဒိုမြို့ဆေးရုံသို့ပင် ပို့လိုက်ကြရသည်ဟူသော သတင်းကိုလည်း မိုးလင်းသည်နှင့် ကြားကြရပြန်သည်။ ထိုသတင်းကို ပြောပြကြသူများမှာ ငှက်ကိုက် ငှက်ကုတ်ခံရ၍ တစ်ညတာ ဆေးရုံတက် သွားနေလိုက်ကြရပြီး မိုးလင်းမှ ဆေးရုံက ပြန်လာကြသူများက ပြောပြ၍သိကြရသည်။

အလုပ်သမား ၅၀ - ကျော်တွင် တောင်ကုန်းအမှတ် ၂၀၁၊ စီ (၃၆) ၌ လောလောဆယ် အလုပ်လုပ်နိုင်သူဆို၍ ၁၀ - ယောက်ပင် မပြည့်တော့။ လက်ရှိ စခန်း၌ အလုပ်သမား ၃၀ - ကျော်ရှိသော်လည်း နှစ်ဆယ်ကျော်ကို ငှက်ကိုက်ငှက်တုတ်ဒဏ်ရာ ပတ်တီးစည်းတွေနှင့်မို့ အနားပေးထားရသည်။ မပေး၍လည်းမဖြစ်ပေ။ ထိုအလုပ်သမားများမှာ ငှက်ကိုက် ငှက်ကုတ်ဒဏ်ရာတွေနှင့် မအီမသာဖြစ် ကျန်ရစ်ခဲ့ကြသည်။

သို့သော် မဟာလီဒို လမ်းမကြီးကိုကား ၂၀၁ - တောင်ကြောတွင် ရပ်နားထား၍မရ။ စစ်ရေးစစ်ရာအရ ဤလမ်းမှာ အလွန်အရေးကြီးသော အခြေအနေသို့ ရောက်နေသည်။ ထို့ကြောင့် အိုတစ်ယာကြီး ဗန်ဒရိုက်ျာပါဦးစီးသော စီ ( ၃၆ ) အပိုင်းသို့ နောက်တန်းမှ အလုပ်သမား ၅၀- ကျော်ကို ချက်ချင်းတပ်ဖြည့်ပို့လာသည်။ ဗန်ဒရိုက်ျာပါ၏ လက်ကျန် အလုပ်သမား ၁၀ - ကျော်နှင့် နောက်ထပ်ရောက်လာသော အလုပ်သမားများသည် နောက်တစ်နေ့ ၁၂ - နာရီကျော်မှာ အလုပ်ပြန်စကြသည်။ နှင်းခါးမြူရိပ်နှင့် မှိုင်းရိပ်များကား ယနေ့၌လည်း မလွင့်ပြေသေး။ မနေ့ကအတိုင်းပင် ရှိနေသေး၏။

ကုန်ခဲ့သော ညနေက အလုပ်သမား ၅၀ - ကျော်ကို ဘစ်ယောက်မကျန် ဝင်တိုးကိုက်ကုတ်သွားကြသော တိရစ္ဆာန်တွေမှာ ငှက်ရိုင်းကြီးတွေအုပ်ဟု ထင်ခဲ့ကြသော်လည်း ထိုညနေက အလုပ်သမားများ၏ ပေါက်ပြား၊ ဂေါ်ပြား ပေါက်ချွန်များနှင့် ရိုက်ခုတ်ကြ၍ လည်းကောင်း မိုင်းခွဲသံကြောင့်အချင်းချင်းပင် မျိုးကွဲငှက်ရန်သူများထင်၍ ကိုက်ခဲ့ သေကျန်နေခဲ့ကြသော တိရစ္ဆာန်ရိုင်းများများမှာ ငှက်မဟုတ်ဘဲ ရာမ လင်းနို့ကြီးတွေ ဖြစ်နေကြသည်ကို တွေ့ကြရလေသည်။ အမှန်တ

www.burmeseclassic.com

www.burmeseclassic.com



ထို လင်းနို့ အုပ်ကြီးမှာ သူတို့ ခိုအောင်းနေကြသော ကျောက်လှိုင်ခေါင်းကြီးနှင့် တဆက်တည်း တကြောထဲဖြစ်သော ကျောက်တောင်ကြီးတွေကို လမ်းမလွှတ်၍ ဒိုင်းနမိုင်းအဖွဲ့က ဖောက်ခွဲလိုက်ကြသောအခါ ပြင်းထန်သော တုန်ခါမှုကြောင့် လန့်ကြောက်ပြီး နှင်းခါးမှိုင်းထု မြူတောကို ဖြတ်ပြေးပျံလာကြသော လင်းနို့ရိုင်းများသာဖြစ်သည်။

အလုပ်သမားများ ခုတ်သတ်၍ သေကျန်နေခဲ့သော ထိုလင်းနို့သေကြီးများကို နောက်ရောက်လာသော တောင်ပေါ်သား အလုပ်သမားအချို့က ဖုတ်ကင်စားရန် အရေခွံခွာနေကြသည်ကို ဆေးတပ်သားတွေက အတင်းဟန့်တားပြီး ယူလွှင့်ပစ်ကြရသည်။ လင်းနို့ကြီးတွေ၏ ကိုယ်လုံးတွေမှာ ကြက်မတန်းမသာသာပင် ရှိသဖြင့် ဆေးတပ်သားတွေ အတင်းဟန့်တား လွှင့်ပစ်ကြသည်များကို တောင်ပေါ်သားများက မကျေမနပ်နှင့် နှမြောတသကာ သရေကျနေကြပြန်သည်။

မဟာလီဒို လမ်းမပေါ်တွင် ထိုသို့ ဖြစ်ပျက်နေကြချိန်မှာ . . .

• • •

၉။

နိပွန်တပ်မတော်ကြီး၏ ဗိုလ်ချုပ်ကြီး မတ္တာဂူချိက သူ၏ ၁၅-တပ်မတော်ကြီးအား တပ်လှန့် ကြေငြာချက်ကို မြွက်ကြားနေသည်။

"ရဲဘော်တို့၊

ယခုအချိန်၌ ငါတို့၏တပ်မတော်ကြီးသည် ရှိမ်းဆာယာပိုမောက်၍ ကိုယ်ရောင်ဖျောက်နိုင်သည်အထိ စွမ်းပကား ထက်မျက်၍ လာခဲ့ပေပြီ"

ဗိုလ်ချုပ်ကြီး မတ္တာဂူချိက သူတို့တပ်မတော်ကြီးသည် ရှိမ်းဆာယာ ပိုမောက်၍ ကိုယ်ရောင်ဖျောက်နိုင်သည်အထိ စွမ်းပကား ထက်မျက်လာခဲ့ပေပြီ ဆိုသည်မှာ နိပွန်တပ်များသည် မတ်စောက်သော တောင်များနှင့် ထူထပ်သော တောများကို ညအချိန်၌သာ ဖြတ်ကျော်၍ မြောက်ဘက်ခရီးအတိုင်း ချီတက်လာကြခြင်းဖြစ်ရာ အင်္ဂလိပ်တို့၏ ကင်းထောက်လေယာဉ်များက မည်သို့မျှ သတင်းမရ မသိလိုက်ကြခြင်းကို ဆိုလိုခြင်းဖြစ်သည်။

ထိုအချိန်မှာ ကမ္ဘာကျော် အင်ဖာတိုက်ပွဲမစမီ ရက်သတ္တသုံးပတ်ခန့် အလိုကဖြစ်သည်။

"ရဲဘော်တို့၊

အိန္ဒိယ ပြည်ကြီးပေါ်တွင် ငါတို့၏ တက်နေရောင် အလံတော်ကြီးကို စိုက်ထူ ဝင့်ကြွားနိုင်ရန် အချိန်များစွာမလိုတော့။ ငါတို့၏ ဤ "ယူ" စစ်ဆင်ရေးကြီးကို ကမ္ဘာတစ်ခုလုံးနှင့်တကွ ငါတို့၏ သန်းပေါင်း (၁၀၀) မျှသော ပြည်သူလူထုကြီးက စောင့်ကြည့်လျှက် ရှိနေသည်ကို ရဲဘော်တို့ သတိမူကြလော့။"

"ရဲဘော်တို့၊

ဤစစ်ဆင်ရေးကြီး၏ ပင်ကိုယ်သဘာဝ ဓာတ်ခံကပင် ဟောင်မြေမှ အောင်ပန်းပေါက်တာ အောင်စည်တီးလျှက်ရှိရာ ငါတို့သည် ဤ

www.burmeseclassic.com

www.burmeseclassic.com



စစ်ဆင်ရေးမှ ပေါ်ထွက်လာမည့် အောင်ပွဲဖြင့် ဤစစ်ကြီး၏ လမ်းကြောင်းကို ငါတို့အလိုရှိသလို လွှဲပြောင်းပေးနိုင်ရုံသာမက ဤစစ်ကြီး၏ နိဂုံးကို ငါတို့သာ အဆုံးအဖြတ် ပေးနိုင်သည့် အလားအလာရှိနေလေပြီ။

ထို့ကြောင့် ငါတို့သည် ငါတို့တွင် ရှိသမျှ ကာယအင်အား ဉာဏအင်အားမှန်သမျှကို အစွမ်းကုန် အသုံးပြုလျှက် ငါတို့၏ ရည်မှန်းချက်သို့ မရောက်မနေ ချီတက်ကြရပေတော့မည်။"

"ရဲဘော်တို့ . . .

ဤစစ်ဆင်ရေးကြီး၏ အဓိက သော့ချက်မှာ အမြန်ဆုံး ချီတက်၍ အများဆုံး အောင်ပွဲရအောင် တိုက်ခိုက်ရန်ဖြစ်သည်ကို အစဉ်သတိပြုကြလော့။ ငါတို့၏ ချီတက်ရာလမ်းကြောင်းတွင် တောအထပ်ထပ် တောင်အဆင့်ဆင့်၊ မြစ်အသွယ်သွယ်၊ ချောင်းတန်တန် ရှိနေလင့်ကစား ငါတို့သည် ဤသဘာဝ အတားအဆီးများကို ကြီးစွာသော တောမ်းကြီးပမာ ကျော်နင်းလွှန်မြောက်လျှက် ငါတို့၏ ရန်သူအား အပြီးအပိုင်ချေမှုန်းသုတ်သင်ကာ အောင်ပွဲကြီးကို ရယူကြရပေတော့မည်။"

"ရဲဘော်တို့၊

ရာဇဝင်အဆက်ဆက်တွင် ဇလက်လက် ထွန်းပြောင် နေခဲ့သော ငါတို့သူရဲကောင်းများ၏ ခြေရာကိုနင်းကာ ငါတို့သည် ငါတို့၏ မဟာ တာဝန်ကြီးကို ကြေပြွန်အောင်ထမ်းဆောင်ကြပါစို့။ ဤစစ်ဆင်ရေးကြီးတွင် ပါဝင်သော အရာရှိ၊ အရာခံမှအစ ရဲဘော်အဆုံး အားလုံးသော ရဲမက်စစ်သည်တော်တို့သည် သေညည်အတိ တိုက်ခိုက်ကြလော့၊"

ဤသို့ဖြင့် ၁၉၄၄ - ခု၊ မတ်လ ၇ - ရက်နေ့တွင် ဂျပန်တို့၏ အမှတ် ၃၃ - ဘပ်မသည် အင်္ဂလိပ်တို့၏ အမှတ် ၁၇ - တပ်မအား ချေမှုန်းသုတ်သင်ရန်နှင့် အမှတ် ၂၀ - တပ်မအား ဖြိုခွင်းရန် အကြံဖြင့် တီးတိန်နှင့် ကမူးသို့ စစ်ကြောင်းကြီး ၂ - ကြောင်းခွဲ၍ ချီတက်လာလေသည်။

ကဘော်မြစ်ဝှမ်း ရာဇကြိုလ်တွင် အခြေစိုက်ထားသော ဗိုလ်မှူးအိုဂဝါနှင့် ဗိုလ်မှူး ဆိတ်တို ဦးစီးသော တပ်ဖွဲ့ ၂ - ခုသည် တောလမ်းတောင်လမ်းအတိုင်း ချီတက်လာကာ မဏိပူရ မြစ်ကူးတံတားတို့



အုပ်မိုး၍နေသော ကျတန် တောင်တန်းကို သိမ်းသိမ်းထားကြသည်။

တမူးသို့ ချီတက်လာသော အမှတ် ၃၃ - တပ်မစစ်ကြောင်းတွင် ၂၁၃ - တပ်ဖွဲ့မှ တပ်ရင်း ၁ - ရင်းနှင့် အမှတ် ၁၄ - တင့်ကားတပ်ဖွဲ့မှ အလတ်တန်းစား ၂၁ - ( ဓိ ) အပေါ်စား တင့်ကားအစီး ၄၀ ပါလာသည်။ တပ်မတွင် ရှိသမျှ အမြောက်တပ် အားလုံးလိုလိုလည်း ဤစစ်ကြောင်းနှင့်အတူ ချီတက်ပါလာသည်။ ဤစစ်ကြောင်းကို ဦးစီးသူ "ယာမာမိုတို" က တမူးသို့ ရောက်လာသည့် အချိန်တွင် ချင်းတွင်းကို ဖြတ်ကျော်ပြီးဖြစ်နေသော အမှတ် ၁၅ - တပ်မမှ စစ်ကူရနိုင်မည်ဟု တွက်ထားသည်။

တီးတိန်သို့ ချီတက်လာသော စစ်ကြောင်းသည် မတ်လ ၈ - ရက်နေ့တွင် တီးတိန်တောင်ဘက် ၁၅ - မိုင်ကွာမှနေ၍ မဏိပူရမြစ်ကို ဖြတ်ကူးကာ အင်ဖာလမ်းရှိ မိုင်တိုင်အမှတ် ၁၆၀ - ကို ချုပ်ကိုင်ထားရန် ရည်ရွယ်ထားသည်။

မတ်လ ၉ - ရက်နေ့တွင် အမှတ် (၁၀) ဂေါ်ရခါးတပ်ဖွဲ့မှ တိုက်ကင်းထွက်ရင်း မိမိအဖေါ်များနှင့်ကွဲကာ အထီးတည်း ကျန်နေရစ်ခဲ့သော ရဲဘော်တစ်ယောက်သည် မိမိတပ်ဖွဲ့ရှိရာသို့ ပြန်ရောက်လာပြီး အလွန်အရေးကြီးသော သတင်းတစ်ခုကို ပို့လိုက်၏။

သူသည် မဏိပူရမြစ်ကို ဖြတ်ကူးနိုင်သည့် နေရာတစ်ခုကို အုပ်မိုးနေသော တောင်ကုန်းတစ်ခုပေါ်တွင် တစ်ယောက်တည်း အမော ဖြေနားနေခိုက် လူအင်အား အလွန်များပြားသော ဂျပန်စစ်ကြောင်းတစ်ကြောင်းကို မြစ်အနောက်ဘက် ကမ်းပေါ်၌ မနေ့တစ်နေ့က တွေ့မြင်ခဲ့ရပါသည်ဟုဆိုသည်။ ထိုနေ့တွင်ပင် အင်ဂျင်နီယာ အရာရှိ တစ်ဦးကလည်း သူ၏ နေ့စဉ်မှတ်တမ်း၌ "တီးတိန်မှာ ပွဲကြီးပွဲကောင်းတော့ စနေပြီ၊ ဂျပန်တွေကြည့်ရတာ သိပ်ယုတ်မာ ကောက်ကျစ်ပုံရတယ်" ဟု မှတ်ချက်ရေးသားခဲ့သည်။

ဤအရာရှိကဲ့သို့ပင် အခြားအရာရှိများကလည်း ရန်သူသည် ဖြောင်းဖြောင်းနှင့် လက်ခမောင်းခတ်၍ တက်လာပြီးဟု ယူဆကြသည်။ ထို့ကြောင့် တိုက်ပွဲဖြစ်လျှင် ရှိနေရန် မလိုသော ... တပ်ဖွဲ့၊ ... မြေပြင် တိရစ္ဆာန်ဆေးရုံစသော အဖွဲ့များကို ယခုအချိန်မှ စတင်၍

www.burmeseclassic.com

www.burmeseclassic.com



အင်ဖာသို့ ပြန်ပို့ရန်သင့်နေပြီဟု သဘောရရှိကြသည်။

ရောက်ရှိ ရရှိလာသော သတင်းများအရ ဂျပန် ရန်သူတပ်များသည် မတ်လ ၁၀ - ရက်နေ့က အင်္ဂလိပ်စစ်သားများ ဖောက်ခွဲ ဖျက်ဆီးပစ်ခဲ့သည့် "တက်တဲ" ကြိုးတံတားရှိရာသို့ ရောက်နေပြီ ဟူ၍၎င်း၊ ဂျပန်များသည် အခြားကြိုးတံတားတစ်ခုရှိရာ "တူဘဲလ်" မှ နေ၍ မဏိပူရမြစ်အတိုင်း ဆင်များဖြင့် စုတ်ဆင်းလာနေကြပြီ ဟူ၍၎င်း ကြားနေရသည်။ ကနေဒီ တောင်ကုန်း၏ တောင်ဘက်တွင်လည်း ဂျပန်တို့၏ အမြောက်သံနှင့် မော်တာသံများမှာ ခါတိုင်းနေ့တွေထက် လက်သံပြောင်နေကြသည်ကို ကြားနေရသည်။

အင်္ဂလိပ် "ကိုဝင်" ၏ ဌာနချုပ်တပ်သားများနှင့် လေယာဉ်ကွင်း၊ ဆေးရုံ၊ ရိက္ခာဂိုဒေါင်များကို စောင့်နေရသော တပ်ဖွဲ့များသည် ခံကကုတ်ကျင်းများကို စတင်တူးနေကြရပြီ။

မတ်လ ၁၃ - ရက်နေ့က ဂျပန်စစ်ကြောင်းတစ်ခု နောက်ကို ကူလီထမ်းပို့ရာမှ ပြန်လာသော ချင်းရွာသားတစ်ယောက်ကို ကင်းတပ်ဖွဲ့ တစ်ခုက ဖမ်းဆီးရမိသည်။ ထိုရွာသားက ဂျပန်များသည် မိုင်တိုင်အမှတ် ၁၀၀ - သို့ ချီတက်သွားကြောင်း ပြောပြလေသည်။

ထိုနေ့ည ရှစ်နာရီခွဲကျော်ကျော်ကလေးတွင် အမှတ် ၄ - တပ်မကြီး၏ ဗိုလ်ချုပ်ကြီးဖြစ်သူ "စတွန်း" က အမှတ် ၁၇ - တပ်မဦးစီးဖြစ်သူ "ကိုဝင်" အား တပ်မကို အင်ဖာသို့ ဆုတ်လာရန် တယ်လီဖုန်းဖြင့် လှမ်း၍ အမိန့်ပေးလိုက်၏။ ကိုဝင်ရှိနေသော နေရာထက် အင်ဖာသည် သေရေးရှင်ရေး အရေးကြီးလာလေပြီ။ ဂျပန်တို့၏ စစ်ဆင်ရေးမှာ မတ္တာဂူချီ မိန့်ကြားသလို ရှိမ်းဆာယာ ပိုမောက်ပြီး ကိုယ်ဖျောက်၍လည်း လာတိုက်တတ်ရာ အင်ဖာသည် ဘယ်နည်းနှင့်ဖြစ်ဖြစ် အင်္ဂလိပ်တို့အတွက် အကျအဆုံးမခံနိုင်ပေ။ အင်ဖာသာ ဂျပန်တို့လက်ထဲ ရောက်သွားလျှင် အိန္ဒိယပြည်ကြီး၏ အရှေ့တံခါးသည် မဏိပူရ ပုဏ္ဏားတော်ကြီးကြီတင်ဟောထားသလို ပွင့်သွားပေလိမ့်မည်။ အရှေ့ဘက်တံခါးအင်ဖာပွင့်သွားလျှင် နီပွန်တို့၏ တက်နေရောင်အလံတော်ကြီးသည် ဒေလီသို့ မကြာမီ လွင့်လာတော့မည်မှာ မုချပင်။ ထို့ကြောင့် ကိုဝင်အား စတွန်းက ဆုတ်ခိုင်းလိုက်ခြင်းဖြစ်သည်။



စတွန်းမှာ အင်ဖာနှင့် တီးတိန်လမ်းပေါ်ရှိ မိုင်တိုင် ၁၀၉ - ရိက္ခာ ဂိုဒေါင်ကို စောင့်ရှောက်ခိုင်းထားသော တပ်ဖွဲ့ခေါင်းဆောင်ထံမှ ရန်သူ ဂျပန်တပ်များသည် ရိက္ခာစခန်း၏ အနောက်ဘက် မိုင်အနည်းငယ် အကွာသို့ပင် ရောက်လာကြပြီဖြစ်ကြောင်း။ စခန်းတွင် အလုပ်သမား ၅၀၀၀ - ရှိနေပြီး တိုက်ခိုက်ရေး တပ်ဖွဲ့ဆို၍လည်း ဝန်ထမ်းတပ်ခွဲတစ်ခွဲနှင့် စက်သေနတ်တပ်ခွဲ ၃ - ခွဲသာရှိနေကြောင်း၊ စခန်းမှာ မြေပြန့်တွင် တည်ရှိနေပြီး ဂိုဒေါင်များကိုလည်း နေရာအနှံ့ ဖြန့်၍ထားရသောကြောင့် ခုခံကာကွယ်ရန် များစွာအခက် တွေ့နေကြောင်းသတင်း ပို့ချက်အရလည်း ကိုဝင်အား ဆုတ်ခွာလာရန် အမိန့်ပေးလိုက်ရခြင်းဖြစ်သည်။

ကိုဝင်သည် စတွန်းထံမှ ဆုတ်မိန့်ရပြီး ၂၁ - နာရီအတွင်း တီးတိန်ပတ်ဝန်းကျင် ၁၅ - မိုင် ပတ်လည်မှ မော်တော်ယာဉ်များနှင့် စစ်သည်တော်များကို တောများ၊ တောင်များပေါ်မှကျော်ကာ မိုင် (၂၀) ကျော်အကွာသို့ ရောက်နေသော ရှေ့တန်းစခန်းမှ စစ်သည်ရဲမက်များကို တီးတိန်သို့ ပြန်၍ ခေါ်ယူနေရသည်။ ပြီးမှ ခြေလျင်တပ်သား ၁၆၀၀၀၊ မော်တော်ယာဉ် ၂၅၀၀၊ လားကော်ရေ ၃၀၀ - ကို တီးတိန်မှ စ၍ ဆုတ်ခွာခိုင်းရသည်။

မတ်လ ၁၃ - ရက်နေ့ည ရှစ်နာရီကျော်ကျော်တွင် ဆုတ်မိန့်ရသော ကိုဝင်သည် ၁၅ - မိုင် မိုင် ၂၀ - အတွင်း တပ်ဖြန့်၍ထားရသော တပ်မတစ်ခုလုံးကို မတ်လ ၁၄ - ရက်နေ့ ညနေ ၅ - နာရီ တိတိအချိန်၌ တီးတိန်ကို ကျော်ခိုင်းစေနိုင်ခဲ့၏။ သို့သော် ထိုအချိန်တွင်ပင် ဂျပန်တို့၏ အမှတ် ( ၂၁၄ ) တပ်ဖွဲ့သည် တီးတိန် + အင်ဖာလမ်းပေါ်ရှိ မိုင်တိုင် ၁၀၉ - သို့ ချဉ်းကပ်လာနိုင်သော ကိုဝင်၏ ဆုတ်ခွာရေးလမ်းကြောင်းကို ဖြတ်တောက်ပစ်နိုင်ခဲ့လေပြီ။

တီးတိန်တစ်မြို့လုံးမှာ အင်္ဂလိပ်တို့၏ အောင်မြင်စွာ ဆုတ်ခွာခြင်းနည်းအတိုင်း ရိက္ခာများ၊ ဂိုဒေါင်များ၊ စစ်တန်းလျားများကို မီးတင်ရှို့ခဲ့ကြသည့်အတွက် မီးတောက်မီးလျှံများနှင့် တညီးညီးတပြောင်ပြောင် လောင်ကျွမ်းလျှက် ကျန်နေရစ်သည်။

အင်္ဂလိပ်စစ်သည် ရဲမက်တို့မှာ လျှင်မြန်နိုင်သမျှ လျှင်မြန်အောင် ဆုတ်ခွာနေကြရသည်ကို ဂျပန်ရေဒီယိုမှ အင်္ဂလိပ်တို့၏ အမှတ်

www.burmeseclassic.com

www.burmeseclassic.com



၁၇ - တပ်မတစ်ခုလုံးကို တီးတိန်တွင် ပြုတ်ပြုတ်ပြုန်းသည်အထိ နီပွန်တပ်မတော်ကြီးက ချေမှုန်းပစ်လိုက်ပြီ၊ တစ်တပ်လုံး ပြုတ်သည်အထိ ချေမှုန်းခံလိုက်ရသော အင်္ဂလိပ်တို့ တပ်မကြီးတစ်ခုအဖို့ နောက်ဆုံးအချိန်တွင် မည်မျှ ကြောက်လန့်တုန်လှုပ်နေကြမည်ကို စဉ်းစား၍သာ ကြည့်ကြပါတော့ရှင် - ဟု မနှင်းဆီ အမည်ခံ ဂျပန်အသံလွှင့်ဌာနမှ အမျိုးသမီးက လေယူလေသိမ်း ကောင်းကောင်းနှင့် စစ်သတင်းများကို အညုအခရာ ထေ့လုံး ငေါ့လုံးများနှင့် ပညာသားပါပါ ထုတ်လွှင့်နေသည်။

ဂျပန်က ကိုဝင်၏ လမ်းကြောင်းကို ဖြတ်တောက်လိုက်သော်လည်း ကိုဝင်၏ တပ်မက ပထမ ၂၄ - နာရီချီတက်ပွဲတွင် "ချော့ကလက်လေ့ ခါးထစ်" ကိုပင် ကျော်လွန်ကာ မိုင်တိုင်အမှတ် - ၁၄၄ သို့ပင် ချဉ်းကပ်လာနိုင်ခဲ့ကြသည်။ မိုင် ၂၀ - တိတိကို ပထမ တစ်နေ့တည်းဖြင့် ခနီးပေါက်လာခဲ့ကြခြင်းဖြစ်သည်။

ဂျပန်တို့၏ အမှတ် ၂၁၄ - တပ်ဖွဲ့မှ အင်အားကောင်းသော တိုက်ကင်းအဖွဲ့တစ်ဖွဲ့သည် မတ်လ ၈ - ရက်နေ့တွင် "ကုန်းဇံ" နှင့် ကပ်နေသော အရှေ့ဘက်မှ တောင်ကုန်းများကို တိုက်ခိုက်လာသည်။ ကုန်းဇံမှ မဏိပူရ မြစ်ကူတံတားကို အုပ်မိုးထားသော အချက်အချာနေရာဖြစ်သည့်အလျောက် ကိုဝင်က နောက်ထပ်စစ်ကူများ၊ စေလွှတ်၍ ခုခံကာကွယ်စေသည်။

ဂျပန်တို့ကလည်း အင်အားတပ်ဖြည့်ကာ ၂၁၄ - တပ်ဖွဲ့တစ်ခုလုံးဖြင့် ကုန်းဇံကို သိမ်းယူရန် ကြိုးပမ်းလာသည်။ မတ်လ ၁၆ - ရက်နေ့တွင် ဂျပန်တပ်ဖွဲ့မှ တပ်ရင်းတစ်ရင်းသည် ကုန်းဇံမြောက်ဘက်ရှိ တောထဲ တောင်ထဲမှ နေ၍ တီးတိန် အင်ဖာလမ်းရှိ မိုင်တိုင်အမှတ် ၁၃၂ - သို့ လစ်ထွက်ချီတက်နိုင်ကာ လမ်းတစ်ဘက်တစ်ချက်ရှိ တောင်ကုန်းများပေါ်တွင် နေရာယူထားလိုက်နိုင်သည်။

၁၆ - ရက်နေ့တွင် အခြေအနေမှာ ရှုပ်ထွေးနေသည်။ ကိုဝင်သည် အမှတ် ၆၁ - တပ်မဟာအား ကုန်းဇံမှနေ၍ မိုင်တိုင်း ၁၃၂ - သို့ ချီတက်တိုက်ခိုက်စေသည်။

ဂျပန်တပ်ကို ပထမတွင် တပ်ခွဲတစ်ခွဲဖြင့် အားစမ်းကြည့်သည်။



မရ။ ၁၇ - ရက်နေ့တွင် အမြောက်တပ် လေတပ်နှင့် တင့်ကားပစ် အမြောက်တပ်များ အကူအညီဖြင့် တိုက်ခိုက်သည်။ ဂျပန်တို့ဘက်မှ တပ်ရင်းတစ်ရင်းတွင် ထက်ဝက်ကျော်ကျော် ကျဆုံးကျန်ရစ်ခဲ့သည်ကို တွေ့ရသည်။

အကယ်၍သာ ဂျပန်များ အလုံးအရင်းကြီးစွာနှင့် ဤနေရာကို ပိတ်ဆို့ထားခဲ့လျှင် ကိုဝင်အတွက် များစွာအခက်တွေ့ရမည့် နေရာဖြစ်သည်။ မိုင်တိုင် ၁၃၂ - တွင် ဂျပန်တို့ဘက်မှ ဝက်ဝက်ကွဲအောင် ခံလိုက်ရစေကာမူ ဂျပန်အသံလွှင့်ဌာနမှ သတင်းကြေငြာသူ အသံရှင်က -

"တီးတိန်နှင့် ကုန်းဇံတွင် ရန်သူတပ်မသည် ဖရိုဖရဲ ပြိုကွဲသွားပြီးနောက် ထရပ်ကား အစီးပေါင်း ၁၅၀၀ - ဖြင့် မဏိပူရ မြစ်ကမ်းနဘေးအတိုင်း ခွေးပြေး ဝက်ပြေး ပြေးရင်း နီပွန်တပ်မတော်ကြီး၏ ချေမှုန်းခြင်းကို ဆက်၍ခံနေရပြန်ကြောင်း ယခုအချိန်တွင် အမှတ် - ၁၇၊ တပ်မ ၏ ဦးစီးဖြစ်သူသည် သူ၏ တပည့်လက်သားအချို့နှင့်အတူ အကျီမပါ ဗလာကိုယ်ထီးဖြင့် တောင်ကျရေလျှံနေသော ချောင်းများကို ဖြတ်ကူးကာ အိန္ဒိယနယ်စပ်သို့ ရောက်ရှိအောင် ကြိုးစားနေရပြီဖြစ်ကြောင်း။ ချင်းတောင်မှနေ၍ မြန်မာပြည်တစ်ခုလုံးကို ပြန်လည်သိမ်းယူမည်ဟု ကြုံးဝါးနေခဲ့သော အင်္ဂလိပ်တို့၏ အမှတ် ၁၇ - တပ်မသည် နီပွန်တို့၏ စစ်ဆင်ရေးစပြီးနောက် ၁၂ - ရက်မြောက်သည့်နေ့တွင် လုံးဝ ချေမှုန်းခြင်းခံရပေပြီ" ဟု လွှင့်ထုတ်နေခဲ့သည်။

အမှန်က ထိုသတင်းမှာ မိုင်တိုင် အမှတ် ၁၃၂ - တွင် မဟုတ်ဘဲ မိုင်တိုင် အမှတ် ၁၀၉ - တွင်သာဖြစ်သည်။

မိုင်တိုင်အမှတ် ၁၀၉ - တွင် အင်္ဂလိပ်တို့ အခြေအနေမှာ ဆိုးဆိုးဝါးဝါးခံနေရသည်။ ပြန့်ပြူးသော မြေနေရာနှင့် သုံးရေသောက်ရေ အလွယ်တကူရရှိနိုင်စေရန် ဤစခန်းမှ ရိက္ခာဂိုဒေါင်များကို ချောင်းကမ်းနံဘေးတွင် ဆောက်လုပ်ထားခဲ့သည်။ လက်နက်မကိုင်တတ်သော အလုပ်သမား ၅၀၀၀ - ခန့် ဤစခန်းတွင် ရှိနေပြီး သူတို့အား အကာအကွယ်ပေးနိုင်သည့် စစ်သည်အင်အားက နည်းပါးလျက်ရှိရာ ဂျပန်တို့သည် စခန်းအနောက်ဘက်ရှိ တောင်ကုန်းကို သိမ်းယူလိုက်ပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



တီးတိန် အင်ဖာလမ်းကို ဤနေရာမှနေ၍ ဖြတ်တောက်လိုက်ခြင်းဖြစ်လေသည်။

မတ်လ ၁၄ - ရက်နေ့ ဘစ်နေ့လုံး ဤစခန်းရှိ စစ်သည်ရဲမတ်များက မျက်နှာချင်းဆိုင်ရှိ ဂျပန်များကို မော်တာဖြင့် တဝုန်းဝုန်းထုနေသည်။ မှောင်စပျိုးလာသည့်အချိန်တွင် ဂျပန်တို့က ဤစခန်းကို ဝိုင်း၍ ပစ်ခတ်လာသံတို့မှာ မိုးလျှံလာသည်။ သို့တိုင်အောင် လူနာပြုကားတစ်စီးက ည ၁၀ - နာရီအချိန်တွင် ဤလမ်းမှဖြတ်၍ ပြေးသွားနိုင်ခဲ့သေးသည်။

ဤစခန်းရှိ အင်္ဂလိပ်ဘက်မှ စစ်သည် ရဲမတ်များသည် မတ်လ ၁၀ - ရက်နေ့သို့ ကူးလာသည်ထိ ခုခံနေကြ၏။ ၁၆ - ရက်နေ့ညတွင် အလုပ်သမား ၅၀၀၀ - ကို အိန္ဒိယ အမျိုးသားအရာရှိတစ်ဦးက ခေါင်းဆောင်ကာ တောလမ်းတောင်လမ်းများမှ ခေါ်ထုတ်သွားနိုင်ခဲ့သည်။ ၁၇ - ရက်နေ့သို့ အကူးတွင် ဤစခန်းကို စွန့်လွှတ်ခဲ့ရန် အမိန့်ရောက်လာသည်။ ဤအချိန်တွင် ဆရာဝန်များက ဒဏ်ရာရနေသော စစ်သားတစ်ယောက်ကို ခွဲစိတ်ကုသနေဆဲဖြစ်သည်။

နောက်ရံတပ်အဖြစ် ကျန်ခဲ့သော စစ်သားများက ဂျပန်တို့ကို အတော်ကြာအောင် ခုခံနေပြီးနောက် မိုင်တိုင်အမှတ် ၁၀၉ - စခန်းကို စွန့်လွှတ်ခဲ့ကြရသည်။

ဂျပန်တို့သည် ထိုစခန်းရှိ ရိက္ခာများ ထရပ်ကားများနှင့် စစ်တန်းလျားများကို အရန်သင့် ရရှိသွားကြလေသည်။ ဂျပန်တို့သည် ဤနည်းဖြင့်ပင် အင်္ဂလိပ်တို့ မြန်မာပြည်မှ ဆုတ်ပြေးရစဉ်ကလည်း အင်္ဂလိပ်တို့ ကျန်ရစ်ခဲ့သော တင့်ကားများကို ချက်ချင်းဆေးသုတ် ပြုပြင်ကာ သူတို့ တံဆိပ်၊ သူတို့ အမှတ်တပ်ကာ ယခု ချင်းတွင်းထိ ယူလာနိုင်ခဲ့ကြသည်။ အမှန်က တင့်ကားများကိုသာ ဤသို့ပြုကြသည် မဟုတ် အင်္ဂလန်လုပ် မီးရထားစက်ခေါင်းများကိုပင် ဤသို့ပြုလုပ်၍ မြန်မာပြည်၌ မောင်းနှင်ခဲ့ကြသည်။ ဂျပန်တို့၏ စစ်ဆင်ရေးမှာ ရန်သူလက်နက်ကိုယ့်လက်နက်၊ ရန်သူပစ္စည်း ကိုယ့်ပစ္စည်းပုံစံဖြင့် တစ်လျှောက်လုံးအောင်ပွဲခံ တိုက်ခိုက်လာခဲ့ကြသည်။

မတ်လ ၂၄ - ရက်နေ့တွင် ဤစခန်းကို ပြန်လည်သိမ်းယူရန်



အတွက် ကင်မရွန် ဦးစီးသော အမှတ် ၄၈ - တပ်မဟာက မိုင်တိုင်အမှတ် ၁၀၁ - အရှေ့ဘက်တောင်ကုန်းများမှနေ၍ ချီတက်တိုက်ခိုက်သေးသည်။ ကင်မရွန်၏ ရှေ့ပြေးချီ တပ်ရင်းအမှတ် ၉ - သည် တောင်ကုန်းပေါ်ရှိ စက္ကူဝံရွာကို သိမ်းပိုက်နိုင်ရန် ကြိုးစားတိုက်ခိုက်ကြသည်။ သို့သော်မရ။ တပ်လန်၍ ပြန်ကျလာသည်။

စက္ကူဝံတောင်ကုန်းသည် မိုင်တိုင် ၁၀၉ - စခန်းကို အုပ်မိုးလျက်ရှိရာ ဤတောင်ကုန်းသည် တိုက်ပွဲ၏ အချက်အချာနေရာဖြစ်သည်။ ထို့ကြောင့်လည်း ဒုတိယ အကြိမ် "ဟယ်ဒလီ" ခေါင်းဆောင်သော ဂေါ်ရခါးတပ်က စက္ကူဝံကို အပြင်းတက်ရောက်တိုက်ခိုက်သည်။ နောက်မှ ပါလာသော အမြောက်တပ်က စက္ကူဝံ တောင်ကုန်းကို သစ်ပင်များ ပြုတ်ပြုတ်ပြုန်းအောင် ပစ်ခတ်ပေးနေပြီး မော်တာတပ်ဖွဲ့ကလည်း တောင်ကုန်းတစ်ခုလုံးကို အပ်နှင့်လိုက်၍ စိုက်သလို ပိုက်စိုက်တိုက်ပစ်ပေးနေသည်။ ပထမ တက်သွားသော တပ်ဖွဲ့မှာ ရှေ့သို့ မတိုးနိုင်အောင်ဖြစ်နေစဉ် ဒုတိယတပ်ဖွဲ့က မောင်းပြန်သေနတ်များကို လှိုင်လှိုင်သုံး၍ တောင်ကုန်းထိပ်သို့ ပြေးတက်သွားကြသည်။ "အရိုး . . . ဂေါ်ရခါလီ၊ အရိုး . . . ဂေါ်ရခါလီ" ဟူသော ဂေါ်ရခါး စစ်သားများ၏ စစ်ကြွေးကြော်သံက ဘဝင်လျံအောင် ပေါ်ထွက်လာပြီး ချက်ချင်းတိတ်ဆိတ်သွားလေသည်။

အာသံပြည်၏ ရွှေမြို့တော် အင်ဖာသို့ ချီရာလမ်းကြောင်းဖြစ်သော မိုင်တိုင် ၁၀၉ - တွင် ထိုသို့ ဖြစ်ပျက်နေချိန်တွင် စတီးဝဲလ်၏ လီဒိုလမ်းမ တစ်နေရာ၌မူ -

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com



၁၀။

ထိုအချိန်က စတီးဝဲလ် လက်အောက်ရှိ အမှတ် ၅ - တရုတ်တပ်ရင်းကို ဗိုလ်ချုပ် ဖာဂူဆန်က အုပ်ချုပ်ဖောက်လုပ်လျှက်ရှိသည်။ ဖာဂူဆန် တာဝန်ယူ ဖောက်လုပ်လာခဲ့သည်မှာ ၁၉၄၄ - ခု ဖေဖော်ဝါရီလ ၅ - ရက်နေ့ပင်ဖြစ်သည်။

ဖာဂူဆန်၏ တပ်မှာ တပ်သားပေါင်း ၁၂၀၀၀ - ပါဝင်သည်။ ဘုရင်မတပ်၏ လန်တက်ရှား လက်နက်ကိုင်တပ်၊ မှိုင်ရယ်လက်နက်ကြီးတပ်၊ မှိုင်ရယ်စက်အမြောက်တပ်၊ တင့်ကားတပ် စသည်ဖြင့် အတော်အင်အားကြီးသော တပ်ဖြစ်၏။ ထိုတပ်အားလုံးသည် မဟာလီဒိုလမ်းမကြီး ပေါက်သွားလျှင် ဝင်းဂိတ်၏ လေကြောင်းချီ မိုးကျရွှေကိုတပ်နှင့် မိုးကောင်းဘက်တွင် ဆုံမိကြရန် ရည်ရွယ်ထားသည်။

ထို့ကြောင့်လည်း အင်္ဂလိပ်တို့ အင်ဖာလွင်ပြင်တွင် တဆုတ်တည်းဆုတ်နေရသည်ကို လှည့်မကြည့်နိုင်ဘဲ လီဒိုလမ်းမကိုသာ အမြန်ဆက်မိရန် အပိုင်းပိုင်းအပြတ်ပြတ် ဖောက်လုပ်နေကြရသည်။

"ကျုပ်တော့ဗျာ . . . ဒီလောက်ဆိုးတဲ့လမ်းမျိုး ကြုံကိုမကြုံဖူးပါဘူး၊ ဒီတီရွှာန်တွေ ခြေချော်လဲတာမျိုးလဲ ဒီမှာဘဲ ကြုံဖူးရတော့တယ်။ တကာထဲဗျာ ဒီလောက် ခရီးရှည်ကြီးသွားကြတဲ့လမ်းမှာ ဂိုက်တစ်ရာ ပြေပြေလေး ပြေညီဆိုတာတောင် တစ်ခါမှ တွေ့မိတယ်လို့ မှတ်မှတ်ရရ မရှိပါလားဗျာ" ဟု ဗိုလ်မှူးချုပ်က ညည်းသည်။

အလွန်မောက်စောက်သော တောင်ကမ်းပါးများကို တက်သောအခါ လေးဘက်ထောက်တက်ရပြီး၊ အဆင်းတွင်လည်း အလွန်စောက်သော နေရာတွေမှာ ချင်းဒစ်တို့၏ လမ်းမတော်ကြီးဖြစ်၏။ အချို့နေရာတွေမှာ ဆီနှင်းတို့ဖြင့် ချောကျိနေသည်။ အချို့တောင်ကြားတို့မှာ နွံအိုင်အထိကို ကွေ့ကောက်ဖြတ်ရသည်လည်း ရှိသည်။ ၎င်းတို့နှင့်အတူ လား၊ နွားများလည်း ပါလေရာ တစ်ခါတစ်ခါ လူရော တီရွှာန်ပါ



ဒလိမ့်ကောက်ကွေးကျသွား၏။ ကျသွားပြီးဆိုလျှင် နွံအိုင်ထဲ၌ အစပျောက်သွား၏။ နွံတွေကလည်း ဤမှ ထူပြောသည်။

လူသူလေးပါးဆို၍လည်း ဘယ်နေရာမှ မတွေ့ရ။ လူရောက်ဖူးသော လက်ရာခြေရာကိုပင် မမြင်ဖူးကြ။ ဤလိုနေရာမျိုးမှာ ဂျပန်တပ်နှင့် ကြုံဖို့ဆိုသည်မှာ စဉ်းစား၍ပင်မရ။ အမြဲစိမ့်အေး စိုထိုင်းသောနေရာတွေကို အလုပ်သမားတွေကလည်း ကား၊ တင့်ကား၊ သံချပ်ကား၊ မြေကော်၊ မြေတူး၊ မြေတွန်းစက်တွေ သွားလာ၍ ရအောင် ဖောက်လုပ်ကြရဦးမည်။

ဖာဂူဆန်၏ ရှေ့ပြေးတပ်များအား လေယာဉ်ပျံက ရိက္ခာလက်နက် ပစ္စည်းများချပေးရန် နေရာကောင်းကောင်း ကွက်ကွက်ဟ၍ တစ်ကွက် တစ်နေရာမှ မတွေ့ရ။ ထိုအခါ ဖြစ်သလို မြန်မြန်ချပေးရန်ကိုသာ ကြိုးမဲ့ ကြေးနန်းနှင့် လှမ်းပြောနေရသည်။

လေယာဉ်ပေါ်က ချပေးပါ၏။ သို့သော် လေယာဉ်ပေါ်က ချလိုက်သမျှ ပစ္စည်းတို့သည် သစ်ပင်ထိပ်ဖျားနှင့် ငြိပြီး တွဲလောင်းကြီး ချိတ်နေကြသည်။ လက်ဖြောင့် တပ်သားက သေနတ်နှင့် ပစ်ချလိုက်သောအခါ ချောက်ထဲကျသွား၍ လိုက်ကောက်ကြရ၏။ တစ်ခါတစ်ရံတွင် နွံတွေ နွံတွေထဲ ကျပြီးပျောက်သွား၏။ တစ်ဝက်တစ်ပျက် ပေါ်နေသော အထုပ်တွေကို အပေါ်သို့ ခဲခဲယဉ်းယဉ်း ဆွဲကော်ယူကြရပြန်သည်။ နွံ့ပွက်ထဲ ရေထဲကိုမူ ဆင်းတူးယူဖို့ မဆိုထားနှင့် လက်ပင်မဆေးရဲကြ။ နွံ့ထဲ ပွက်ထဲ လက်နှိုက်လိုက်သည်နှင့် တစ်ထွာတစ်မိုက်ရှည်သော ကျောကုန်းပြုတ်ထနှင့် မျှော့ကြီးများ လေးငါးကောင် တွယ်ကပ်ပါလာတတ်သည်။

ဖာဂူဆန်တို့၏ တပ်သားများ ဤလိုခရီးမျိုးကို ဖြတ်ကျော်နေကြရသလို ဤခရီးလမ်းမျိုးကို ပေ ၃၀ - အကျယ် ဖောက်ခိုင်းသော စတီးဝဲလ်နှင့် လဲင်းတိန်းတို့ ကတောက်ကဆ ဖြစ်ကြမည်ဆိုကလည်း ဖြစ်စရာပင်။

အမှန်ကတော့ ဗြိတိသျှများသာမဟုတ် အစက စတီးဝဲလ် လက်အောက် ရောက်နေသော ဝင်းဂိတ်သည်ပင် ဤမဟာလီဒို စီမံကိန်းတိုများစွာနှစ်မြို့က်ပုံမရ။ ထို့ကြောင့်လည်း မြန်မာပြည် အတွင်းပိုင်းသို့

www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်ရန်အတွက် လေကြောင်းကိုသာ အသုံးပြုရန် မတ်လ မတိုင်မီက စ၍ “ဂလိုက်တာ” စီမံကိန်းကြီးကို စစ်ဌာနချုပ်၌ သူတင်ပြခဲ့သည်။ သူတင်ပြခဲ့သော ထိုဂလိုက်တာ စီမံကိန်းကို စစ်ဌာနချုပ်ကလည်း ခွင့်ပြုခဲ့သည်။ စတီးဝဲလ်၏ လီဒိုစီမံကိန်းကြီးကို ကန့်ကွက်စကား မဆိုခဲ့ကြသည်မှာလည်း စတီးဝဲလ်၏ အကြောင်းကို သိ၍ဖြစ်မည်။ စတီးဝဲလ်ဆိုသော အမေရိကန်ဗိုလ်ချုပ်မှာ လုပ်မိပြီဆိုလျှင် နောက်ဆုတ်တတ်သူမဟုတ်ပေ။

၁၉၄၃ - ခုနှစ် “ကွီဘက်” အစည်းအဝေးတွင် ဝင်းဂိတ်သည် ၎င်း၏ လေကြောင်းမှ ထိုးဖောက်ချပေးရေး အစီအစဉ်နှင့် ပတ်သက်၍လည်း သူလေ့လာခဲ့ စမ်းသပ်ခဲ့ချက်များကိုပါ တင်ပြခဲ့သည်။ ယခုလိုအင်အားကောင်းစွာနှင့် မြန်မာပြည်တွင်းရှိ ဂျပန် စစ်ကြောင်းများနောက်ပိုင်းသို့ ထိုးဖောက်ဝင်ရောက် တိုက်ခိုက်နိုင်ကြောင်း သူက အခိုင်အမာ ဆိုခဲ့သည်။

ပထမအကြိမ် စမ်းသပ်သော ဝင်းဂိတ်၏ ၁၉၄၃ - ခုနှစ် ခနီးဝေး ထိုးဖောက်ဝင်ရောက် ဖျက်စီးမည့် အစီအစဉ်မှာ တစ်လမ်းသွား စနစ်သာဖြစ်ခဲ့၏။ ထိုပထမအချီ စစ်ကြောင်း၌ ပါဝင်သော တပ်သားတို့မှာ ခြေသလုံးကို အမှန်ခံရသည်ထက် ခေါင်းတည့်တည့်ကို ထိမှန်ခံရပြီး တစ်ချီတည်း ကိစ္စချောသွားသည်က သာ၍ကောင်း၏။ မသေမရှင် ထိခိုက်ဒဏ်ရာရသော လူနာသည် ချီတက်ရေး၏ ဝန်ထုပ်ဝန်ပိုးအဖြစ်သာမက ဒုက္ခလည်း ပိုစေဦးမည်။

တိုက်ပွဲဟူသည် ကိုယ့်ဘက်၊ သူ့ဘက် အနည်းနှင့် အများသေကြ မည်ချည်းဖြစ်၏။ သေသွားသူထက် ဒဏ်ရာရသူများက ချီတက်တိုက်ခိုက်ရေးကို ပိုပြီး အနှောက်အယှက်ဖြစ်စေသည်။ အကယ်၍ ဒဏ်ရာရသူ လူနာများကို လေကြောင်းဖြင့် အခြေစိုက် တပ်များသို့ ပြန်သယ်ယူနိုင်အောင် စီစဉ်ကြရသော် . . .

ဤအချက်ကို မှတည်၍ ဝင်းဂိတ်သည် လေကြောင်း သက်သက်ဖြင့် အပြည့်အစုံ လုပ်နိုင်ရေးအတွက် သခ်ာန်းစာများစွာကို မှီးငြမ်းပြုပြီး အချိန်များစွာယူကာ စီစဉ်ရေးဆွဲခဲ့သော သေနင်္ဂဗျူဟာကြီးဖြစ်သည်။



အာရှ အရှေ့တောင် စစ်ဆင်ရေး ဌာနချုပ်အဖွဲ့ချုပ်ဝင် အမေရိကန် ကိုယ်စားလှယ် ဂျင်နရယ် အားနိုးလ်က ဝင်းဂိတ်၏ အစီအစဉ်ပါ အချက်အလက်များကို မေးမြန်းသောအခါ မောင့်ဘက်တန်က ထပ်မံဖြည့်စွက် ဖြေရှင်းပြသည်။ အားနိုးလ်က ချက်ချင်း အတည်ပြု လက်ခံလိုက်ပြီး ထိုတာဝန်အတွက် အသင့်လျော်ဆုံးဟု သူသတ်မှတ်ထားသော လေယာဉ်ဝိဇ္ဇာ ၂ - ဦးဖြစ်ကြသည့် ဗိုလ်မှူး ဖိလစ်ကိုချရင်နှင့် ရောဘက်အယ်လိုက်ဆင်တို့ ၂ - ဦးကိုပါ ဝင်းဂိတ်၏ မဟာဗျူဟာကြီးအတွက် အကောင်အထည်ဖော်ထုတ်လုပ်ဆောင်ရမည့် တာဝန်ခံအဖြစ် ဖြည့်တင်းထည့်ပေးလိုက်လေသည်။

ဤမှစ၍ ကမ္ဘာ့စစ်သမိုင်းတွင် ပထမဆုံး အမှတ် ( ၁ ) လေကြောင်းချီ သေနင်္ဂဗျူဟာ အသစ်တစ်ခု ပေါ်ပေါက်လာရခြင်း ဖြစ်သည်။

စီမံကိန်းရေးဆွဲသော ဆရာဝင်းဂိတ်သည် အကောင်အထည်ဖော်ထုတ်လုပ်ဆောင်မည့် ဆရာကိုချရင်နှင့် မတွေ့မိလျှင်လည်း ဤသေနင်္ဂဗျူဟာအသစ်သည် အောင်မြင်စွာ ပေါ်ပေါက်လာနိုင်မည် မဟုတ်ပေ။

ထို့ကြောင့် ဤလေကြောင်းချီ တိုက်ခိုက် စစ်ဆင်ရေးကြီး၏ သမိုင်းကို မှတ်တမ်းတင်လျှင် ဝင်းဂိတ်နှင့် ကိုချရင်၏အမည် ၂ - ခုကို ပဏာမ ဦးတည်ကြရပေလိမ့်မည်။ ဤမဟာဗျူဟာ အသစ်သည် ဤမြန်မာပြည် တိုက်ပွဲမှ ပထမ စတင်သည်ဆိုသော အချက်သည်လည်း စစ်သမိုင်းရေးရာ၌ အခြေခံကစ၍ ပါရပေလိမ့်မည်။

ကိုချရင်ကား အမေရိကန် လေတပ် ဗိုလ်မှူးထဲ၌ အကျွမ်းကျင်ဆုံး နှင့် အရဲရင့်ဆုံး လေယာဉ်မှူးအဖြစ် ထင်ရှားကျော်ကြားသူဖြစ်၏။ အသက် ၃၃ - နှစ်ခန့်ရှိပြီး အမေရိကန် သတင်းစာတို့က ဤလေကြောင်းချီ တိုက်စစ်ဆင်ရေးကို “ဖိလစ်ကိုချရင်၏ စွန့်စားခန်း” ဟု ခေါင်းစည်းစာတန်းနှင့် ချီကျူးဖော်ပြကြသည်။

အာရှအရှေ့တောင်ပိုင်း စစ်သားတို့ကမူ ထိုစွန့်စားခန်းကို “ကိုချရင်ဆပ်တပ်ပွဲကြီး” ဟု ကင်ပွန်းတပ်လိုက်ကြလေသည်။

ခေါ်လည်း ခေါ်လောက်သည်။ ကိုချရင် ထမ်းဆောင်ရမည့်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တာဝန်မှာ စစ်တိုက်မည့် တပ်သားများကိုသာ လေယာဉ်တွင်တင်၍ မောင်းပေးရုံမက၊ နွားတွေ၊ မြင်းတွေ၊ မြေညှိစက်တွေ၊ လမ်းလုပ်စက်တွေပါသော လေယာဉ် ဂလိုက်ဒါများကိုပါ ဆွဲယူပျံသန်းပြီး သတ်မှတ်သည့် နေရာအရောက် ချပေးရမည့် တာဝန်ဖြစ်လေသည်။ အစီအစဉ်တွင် ( ၁ ) ခရိုဝေး အတွင်းပိုင်းသို့ရောက်အောင် သယ်ပို့နိုင်သော လေ အင်အား။ ( ၂ ) ကျရောက်သော နေရာတွင် တပ်ပျောက်မသွားဘဲ အခိုင်အမာ တပ်စွဲ၍နေနိုင်သော စစ်အင်အားဟူ၍ ၂ - မျိုး အဓိက ချမှတ်ပါရှိနေ၏။

ဤ ၂ - မျိုးတွင် ပထမ ၁ - အချက်ကို အကောင်ထည်ပေါ်အောင် ကိုချရင်က ဦးဆောင်တာဝန်ယူရမည်ဖြစ်သည်။

ဝင်းဂိတ်သည် လေကြောင်းချီ အထူးတပ်များကို ဆင်းသက်စေရန် နေရာ ( ၃ ) နေရာ ရွေးလိုက်သည်။ ( ၁ ) မိုးကောင်းအနီး နေရာကို "ပစ်ကာဒလီ" ဟူ၍ လည်းကောင်း၊ ( ၂ ) အင်းတော်အနီး နေရာကို "ဘရော့ဒ်ဝေး" ဟူ၍ လည်းကောင်း၊ ( ၃ ) ဗန်းမော်အနီး ဧရာဝတီ မြစ်ကွေ့ တောင်ဘက်နေရာကို "ချော်ရင်ဂီ" ဟူ၍ လည်းကောင်း သတ်မှတ်လိုက်၏။

ပထမ ကြိုတင်၍ ကိုချရင်သည် ထိုသုံးနေရာကို ပျံဝဲသွားရောက် ကြည့်ပြီးဖြစ်၏။ လေတပ်ဗိုလ်ချုပ် အိုးလ်သည် ဆင်းမည့်နေရာများကို မြေနှင့် အနီးဆုံးအထိ ရှပ်၍ ပျံသန်းကြည့်သေး၏။ သေချာမှ တကယ် ဆောင်ရွက်ရမည့် တာဝန်ကို ယူကြသည်။

ဂလိုက်ဒါ လေယာဉ်ပေါင်းများစွာလည်း အသင့်ဖြစ်ပြီ။ ထိုဂလိုက် ဒါတို့ကို ဆွဲဆောင်ပျံသန်းရန်လည်း လေ့ကျင့်ပြီးပြီ။ အောက်မြေပြင်မှ အချက်ပြမည့် သူများကိုလည်း လျှို့ဝှက်လွှတ်ထားပြီး ဖြစ်လေသည်။

သို့သော် ဂျပန်လေယာဉ်တို့ကို လှည့်စားပြီး လမ်းရှင်းအောင် တိုက် ပစ်ရန်လိုသေးသည်။ သို့ဖြင့် မဟာမိတ် လေယာဉ်တို့သည် ရန်ကုန်မြို့နှင့် မြစ်ဝကျွန်းပေါ် ဒေသများသို့ အများအပြား ပျံသန်းပစ်ခတ် ဗုံးချလုပ်ကြရသေး၏။ ဂျပန်လေတပ်သည် မဟာမိတ် လေတပ်သို့ လှည့်စားယူသည့်အတိုင်း အောက်မြန်မာပြည် မြစ်ဝကျွန်းပေါ် တို့တွင် မဟာ



မိတ် တိုက်လေယာဉ်တို့၏ အပစ်ကို ခံရလေသည်။ ဂျပန်သည် မဟာမိတ်တို့ တကယ်ပင် ပင်လယ်ကမ်းဘက်က တက်တော့လေမည်လားဟုပင် ယူဆနေကြလေသည်။

၁၉၄၄ - ခု မတ်လ ၅ - ရက်နေ့တွင် ပထမအသုတ် အဖြစ် "ပစ်ကာ ဒလီ" စခန်းကို သတ်မှတ်သော်လည်း ရှေ့ပြေးကင်းထောက် လေယာဉ်က ဓာတ်ပုံများ ရိုက်လာသည်ကို ကြည့်လိုက်သောအခါ ပစ်ကာဒလီ မြေပြင်မှာ သစ်ပင်များလှဲချပုံထားသည်ကို တွေ့ရလေသည်။ သို့ဖြင့် ပစ်ကာဒလီသို့ ဆင်းရန် မြေပုံများနှင့် လေ့ကျင့်ပြီး ဖြစ်နေသော အထူးတပ်သားတို့ကို "ဘရော့ဒ်ဝေး" တွင် ချလိုက်ရန် ရှောင်သခင် ပြောင်းလဲစီစဉ် လိုက်ကြရတော့သည်။ ဂလိုက်ဒါ ၂ - စင်းကို လေယာဉ် တစ်စင်းက ဆွဲပြီး ပျံရန်ဖြစ်သည်။ သတ်မှတ်သော နေရာကို စောစောကသွား၍ မီးတောက်များ ဝိုင်း၍ချ၍ အမှတ်ပြထားရလေသည်။

စထွက်သည့်နေရာမှာ အိန္ဒိယပြည်တွင်းရှိ "လာလာဂတ်" လေယာဉ်ကွင်းမှ ဖြစ်၏။ ထိုလေယာဉ်ကွင်း၌ ဂလိုက်ဒါ စက်မဲ့လေယာဉ်ပေါင်းများစွာကို အသင့်ရှိနေစေပြီးဖြစ်၏။ ထိုဂလိုက်ဒါ လေယာဉ်ပေါင်းများစွာကို ဆွဲယူပျံတက်မည့် လေယာဉ်ကြီးများလည်း လေယာဉ်ပြေးလမ်းပေါ်၌ နောက်မှ ဂလိုက်ဒါ ၂ - စင်းစီကို ဆွဲပျံရန် အသင့်ဖြစ်နေ၏။ အချိန်မှာ ညနေ ၆ - နာရီ ၁၂ - မိနစ်သို့ ပြနေ၏။

လေယာဉ်ကြီးတစ်စီးကို ကိုချရင်က ဦးဆောင်မောင်းလျက် လာလာဂတ် လေယာဉ်လမ်းပေါ်မှာ စ၍ ပြေးသောအခါ နောက်မှ ဂလိုက်ဒါ ၂ - စင်းသည် ဖုံတထောင်းထောင်းထ ခုန်ဆွခုန်ဆွနှင့် ပါသွားကြလေသည်။

မကြာမီ ပေ ၈၀၀၀ - ကျော်မြင့်သော တောင်ထွဋ် တောင်တန်းများကို ဖြတ်ကာ ဂျပန်စစ်တပ်များ မင်းမူနေသော မြန်မာပြည် အတွင်းသို့ ရောက်လာ၏။ ညအချိန်ပင် ဖြစ်သော်လည်း ဆင်းမည့် အင်ဂျင်နီယာ တပ်ဖွဲ့များသည် အလုပ်လုပ်ကြရမည်ဖြစ်သည်။ ရွေးချယ်ထားသော နေရာများသည် အင်ဖာတပ်ရင်း စခန်းနှင့် သော်လည်းကောင်း၊ လာလာဂတ် လေယာဉ်ကွင်းနှင့်သော် လည်းကောင်း၊ ကြိုးမဲ့ စက် စကားအလှမ်းမီရာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤကား ပထမဆုံးစ၍ ဂလိုက်ဒါနှင့် လေကြောင်းချီ စစ်ဆင်ရေး အထူးတပ်ရှေ့ပြေးစီစဉ်ရေးတပ်တို့ သွက်လာခြင်းဖြစ်သည်။ ရက်ကား ၁၉၄၄ - ခု၊ မတ်လ ၅ - ရက်နေ့ ဖြစ်၏။ အချိန်မှာ ည ၆ - နာရီ သာသာအချိန်ဖြစ်သည်။

ဂလိုက်ဒါ အတွင်း၌ အမှတ်ရရ - တပ်မဟာမှူး ဗိုလ်ချုပ်ကာလ်ဗတ်နှင့် အင်ဂျင်နီယာတပ်ဖွဲ့များပါ၏။ ရှေ့မှ ဆွဲပြေးနေသော လေယာဉ်မှူးနှင့် ဂလိုက်ဒါထဲမှ လူများ စကားပြောရန် တယ်လီဖုန်းဆက်သွယ်ထား၏။ ထိုဂလိုက်ဒါထဲ၌ ပါလာသူ အားလုံးသည် ဤခရီးနှင့် ဤယာဉ်မျိုးကို တစ်ခါမှ မရောက်ဖူး၊ မစီးဖူးသူများချည်း ဖြစ်သည်။ သူတို့သည် ဘယ်ကို ရောက်ရမည်ဟုလည်း မသိကြပေ။

မကြာခင် "ဘရော့ဒ်ဝေး" ပေါ်သို့ရောက်လာကြ၏။ လေယာဉ်မှူး က "ဖြုတ်လိုက်တော့မယ် - ရဲဘော်တို့၊ အရေးတော်ပုံအောင်ပါစေ" ဟု လှမ်းပြောပြီး လေယာဉ်ကို ဝဲကာဖြုတ်ချလိုက်တော့၏။

ဂလိုက်ဒါများသည် သစ်ပင်ထိပ်ဖျားပေါ်သို့ ဝဲခါ ထိုးဆင်းလာ၏။ ပထမ အသုတ်သည် အခြေအနေကောင်းသော နေရာလွတ်သို့ ကျဆင်းနိုင်ပေသည်။

လာလာဂတ် လေယာဉ်ကွင်းမှ ၅ - မိနစ်ခြား တစ်သုတ်ကျစီ လွှတ်လိုက်ရာ နောက်ရောက်လာသော ဂလိုက်ဒါများမှာ မသက်သာလှပေ။ ပထမ ရောက်နေသော ဂလိုက်ဒါတွေပေါ်သို့ ဝင်တိုးမိ၍ ဒလိမ့်ကောက် ကွေးဖြစ်ကုန်၏။ အချို့လည်း တလွဲကျကာ သစ်ပင်တွေနှင့် တိုက်မိပြီး ပျက်စီးကုန်ကြလေသည်။

ထိုညက ဂလိုက်ဒါစစ်ရေး ပေါင်း ( ၆၇ ) စင်း လွှတ်လိုက်သည့်အနက် ဘရော့ဒ်ဝေးသို့ ( ၃၂ ) စင်းသာရောက်၏။ ( ၁၁ ) စင်းမှာ အခြားဘေးကင်းရာ မန်းမဝေး၌ကျ၏။ ( ၉ ) စင်းမှာ ဂျပန်တပ်များ အနီးကျ၏။ ( ၁၅ )စင်းကိုမူ ကာလ်ဗတ်က "ဘရော့ဒ်ဝေး၌ ဂလိုက်ဒါတွေ ထပ်ကျ ပျက်စီးကုန်ပြီး ပြန်လှည့်မောင်းသွားတော့၊ ဒီညတော်ပြီ" ဟု ပြောလိုက်၍ ပြန်လှည့်မောင်းသွားရာ လာလာဂတ်လေယာဉ်ကွင်းသို့ ချောချောမောမော ပြန်ရောက်သွား၏။

( ၂ ) စင်းမှာမူ ဂျပန်တပ်မကြီး၏ စခန်းပေါ်သို့ တည့်တည့်ကြီး



သွားကျလေတော့သည်။

ထိုညက လမ်းလုပ်ရန် မြေညှိစက်ကြီးများ ပါလာသော ဂလိုက်ဒါများမှာ အလွန်ဝေးကွာသောနေရာတွင်ကျသဖြင့် ဘရော့ဒ်ဝေးကလူများမှာ လက်နှင့်ပင် နေရာကို မြေညှိရှင်းလင်းကြရတော့၏။

ထိုစက်ပစ္စည်းများမှ လွဲ၍ အလုပ်လုပ်နိုင်သော ပစ္စည်းကိရိယာများ ကောင်းစွာ ရောက်ရှိခဲ့ပေသည်။ အကျအဆုံး ဒဏ်ရာရသူများမှာ မျှော်မှန်းသလောက် မများပေ။ ၂၃ - ယောက်သေဆုံး၍ ၃၀ - ကျော် ၄၀ - မျှ ထိခိုက် ဒဏ်ရာရကြ၏။ တပ်သားပေါင်း ၄၀၀ - ကျော်နှင့် အခြားပစ္စည်းများ ဘာမှမဖြစ်ပေ။

အခြား မလှမ်းမကမ်း နေရာ၌ကျသော ဂလိုက်ဒါမှ လူများကို ပထမ ရောက်နှင့်သူတို့က သွားရောက်ကူညီယူကြရ၏။ အချို့ ဂလိုက်ဒါတွေမှာ သစ်ပင်တွေနှင့် တိုက်မိပြီး အတောင်တွေ ကျိုးတုန့်ပျက်စီးသွား၏။ ထိုအပျက်အစီးများထဲမှပင် လူများကို ဆွဲထုတ်ယူကြရလေသည်။

နီးလျှင် မည်သည့်နေရာတွင် ကျသည်ကို သိနိုင်သည်။ သစ်ပင် သစ်ကိုင်း ကျိုးသံ၊ အော်ဟစ်သံတို့မှာ ဆူညံသွားသည်။ ထိုအသံများအား ကြားလွယ်ပေသည်။

ထိုနေ့ညက လသာသာ လရောင်အောက်မှာ အရေးပေါ် လေယာဉ်ကွင်းကို လုပ်လိုက်ကြရာ ၁၃ - နာရီမျှ အချိန်အတွင်း ထိုတိုက်ရေးတပ်သားများပါသော ဒါကိုတာ လေယာဉ်တစ်စီး စ၍ ထိုးဆင်းလာနိုင်လာလေသည်။ ထိုလေယာဉ်အပြန်တွင် ဂလိုက်ဒါများ ဆင်းစဉ်က နာသူ၊ ကျိုးသူ ဒဏ်ရာရသူတို့ကို ပြန်ပို့ပေးလိုက်နိုင်၏။

နောက်တစ်နေ့ ညတစ်ညတွင်းမှာပင် ဒါကိုတာ အစင်းပေါင်း ၅၅ - စင်းမျှဆင်း၍ တပ်သားများကို ချပေးလေသည်။ နောက်ထပ် ၅ - ည မျှဆက်၍ ရန်သူ၏ အနှောင့်အယှက် တစ်စုံတစ်ရာ ဘာမျှ မတွေ့ရဘဲ ဘရော့ဒ်ဝေးတွင် မဟာမိတ်တပ်များ ဆင်းသက်နိုင်ပေသည်။ ပတ်ဝန်းကျင်၌ တောနှင့် တောင်များသာရှိ၏။ လူနေ အိမ်ခြေရှိသော ရွာများနှင့် မနီးပေ။

တဖန် ချော်ရင်ဂီဘက်တွင်လည်း ဂလိုက်ဒါများ ဆင်းလျှက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



နေကြ၏။ မတ်လ ၅ - ရက်နေ့ညတွင် ဘရော့ဒ်ဝေး၌ စ၍ ဆင်းကြပြီး မတ်လ ၆ - ရက်နေ့တွင် ချော်ရင်ဂီ၌ စတင်ဆင်းခဲ့ကြသည်။ ချော်ရင်ဂီမှာ ဝန်းမော်နယ် ဧရာဝတီမြစ်ကွေ့၏ တောင်ဘက်တွင်ဖြစ်၍ ဘရော့ဒ်ဝေးနှင့် တစ်ဖြောင့်တည်းတိုင်းလျှင် မိုင် ၆၅၊ ၇၀ မျှ ဝေးပေလိမ့်မည်။ ချော်ရင်ဂီတွင် ၁၁၀ - တပ်မဟာမှူး ဒဗလျူ ဒီ, အေ, လန်ကင်း က အုပ်ချုပ်သည်။

ချော်ရင်ဂီသို့ ဂျင်နရယ် အိုးလ်က ကြည့်ကြပ်မောင်းပို့သည်။ အိုးလ်သည် နယ်မြေအနေအထားနှင့် ခရီးလမ်းကို အထူးလေ့လာထားပြီးသူဖြစ်၍ ဂလိုက်ဒါပေါင်း ၇၈ - စင်းမျှ အောင်မြင်စွာ ချပေးနိုင်ခဲ့၏။

ဒါကိုကာ တပ်သားတင် လေယာဉ်များ၏ အခေါက်ခေါက်ပို့သော အကြိမ်ပေါင်းမှာ ၆၆၀ - မျှ ဖြစ်လေသည်။ ဒါကိုကာ တစ်စင်း တစ်လေမျှ အပျက်အစီး မခံရပေ။

၂ - နေ့ရာပေါင်းတွင် တပ်သားပေါင်း ၉၀၅၂ - ယောက်၊ လားနှင့် နွားကောင်ရေပေါင်း ၁၃၆၀၊ စစ်ပစ္စည်းနှင့် ရိက္ခာတန်ချိန် ၂၅၀ - မျှ ရောက်၏။ သေသူ၊ နာသူ စုစုပေါင်း ၁၂၁ - ယောက်ရှိခဲ့သည်။ သို့သော် ဂလိုက်ဒါ အတော်များများပင် ချင်းတွင်းဘက်၌ ဖြတ်ချခဲ့ရသည်၊ လေယာဉ်စက် ပူလာ၍ ဖြစ်၏။

လက်နက်ကြီးများ အံနေနှင့်မှု ၂၅ - ပေါင်ဒါ အမြောက်အထိပါ၏။ လေယာဉ်ပျံပစ် အမြောက်များလည်း လုံလောက်ပေသည်။ သို့သော် မည်မျှပင် ဤသို့ ခေါင်ခေါင်ဖျားဖျားတွင် ရောက်နေသည် ဖြစ်စေ ဤမျှကြီးမားသော တပ်ဖွဲ့ကြီးမျိုးကို ဂျပန်တပ်သည် တစ်ချိန်ချိန်၌ မသိဘဲ နေမည်မဟုတ်ချေ။

ဘရော့ဒ်ဝေးနှင့် ချော်ရင်ဂီတွင် ဤသို့ လေကြောင်းချီ ထိုးစစ်တပ် များကို ချပေးနေစဉ် ဂျပန်လေတပ်များကို အောက်မြန်မာပြည် လေပြင်၌ အာရ်အေအက်ဖ်နှင့် အမေရိကန် လေတပ်တို့က လိုက်၍ တိုက်နေရလေသည်။

ဂျပန်တပ်များ၏ နောက်ပိုင်းစခန်းကို ဗုံးကြဲ၊ စက်သေနတ်ပစ်နှင့်လည်း လျှောက်တိုက်ပေးနေရာ စပစ်ဖိုင်းယား ၄ - စင်းမျှ ပစ်ချခံခဲ့ရ၏။ ကိုချရင်၏ ဆပ်တပ်အဖွဲ့ဝင်တို့ကလည်း အနီးအနား ဂျပန်



တပ်များပေါ်သို့ ဗုံးပေါင်ချိန် တစ်သန်းကျော်မျှ ကြဲချဖယ်ရှားခဲ့ရလေသည်။ ပီ ၅၁ - မာစ်တက် လေယာဉ်တစ်စင်းထဲကပင် ပေါင်ချိန် ၁၀၀၀ - ကျော်မျှ ကြဲချနိုင်ခဲ့၏။

ထို့ကြောင့်ပင် အထူးတပ်များဖြစ်သည့် တပ်မဟာ ၅ - တပ်စာမျှသော စစ်သည်ရဲမက်အပေါင်းတို့ ဂျပန်၏ တပ်မကြီးများနောက်သို့ ကောင်းစွာပို့ချပေးနိုင်ခြင်းဖြစ်ပေသည်။ ချော်ရင်ဂီနှင့် ဘရော့ဒ်ဝေး ရောက် မိုးကျရွှေကိုယ် အထူးတပ်တို့သည် ၄ - ရက်မျှသာ စောင့်နေပြီး ဝင်းဂိတ်၏ အမိန့်ဖြင့် ရန်သူနောက်ပိုင်း အဖျက်လုပ်ငန်းနှင့် တိုက်ခိုက်ရေးသို့ စတင်ချီတက်ကြရလေသည်။

ထိုအချိန်၌ မြောက်ဘက်လီဒိုမှ လမ်းဖောက်ခါ ဆင်းလာသော စတီးဝဲလ်၏ တပ်များသည်လည်း ဟူးကောင်းတောင်ကြားသို့ပင် ရောက်၍ ဂျပန်တပ်အချို့နှင့် တိုက်ရင်း လမ်းဆက်ဖောက်နေကြလေပြီ။

ယခု အထူးတပ်တို့က ဂျပန်၏နောက်ပိုင်းမှ ဆက်သွယ်ရေးတို့ကို ဖြတ်နိုင်လျှင် စတီးဝဲလ်၏ လီဒိုလမ်း ဖောက်တပ်သည် မြစ်ကြီးနားမိုးကောင်းဘက်သို့ ရောက်လာနိုင်မည်ဖြစ်၏။ သို့သော် တရုတ်နှင့်တို့ ရှေ့ပြေး လမ်းဖောက်လုပ်ရေးတပ်သည် မည်သည့်အချိန်တွင် ရောက်လာကြလိမ့်မည်ကို မသိရသေးဘဲ အန္တရာယ်ပေါင်းများစွာ အခက်အခဲပေါင်းများစွာကို ဖြတ်ကျော်နေကြရသလို ဖောက်လုပ်ဆဲ၊ ဖောက်လုပ်ပြီး မဟာလီဒိုလမ်းမပေါ်၌လည်း . . .

❑ ❑ ❑

www.burmeseclassic.com



၁၁။

ဝေးသိမြင့်ခေါင်သော ဟူးကောင်း တောင်မြင့်တန်းများကြားရှိ အမှတ် ( ၈ ) လေယာဉ်ကွင်းဟုဆိုသော်လည်း သီးသီးသန့်သန့် လေယာဉ်ကွင်းမဟုတ်။ မိုင်ပေါင်းများစွာ ရှည်လျားသော မဟာလီဒိုလမ်းမကြီး၏ ပြေလျောဖြောင့်မတ်သော အစိတ်အပိုင်းတစ်ခုသာဖြစ်သည်။

အမှန်မှာ ဤလီဒိုလမ်းမကို အရေးပေါ် လူနာသယ် လေယာဉ်ငယ်များ အလွယ်တကူ ဆင်းနိုင်တက်နိုင်အောင် ချဲ့ထွင်ထားခြင်းသာ။ ပေပေါင်းများစွာ ရှည်လျားသော လူနာသယ် လေယာဉ်ကွင်း၏ ဟိုဘက်ထိပ် သည်ဘက်ထိပ်တွင် ကားလမ်းမကို ဖွင့်နိုင်ပိတ်နိုင်သော တံခါးရှင် ၂ - ခုရှိသည်။ တံခါးဟု ဆိုသော်လည်း စစ်တပ်များတွင် အသုံးပြုသော သစ်သားတန်း မောင်းဒလက်ပင်ဖြစ်သည်။ ထိုသစ်သားတန်းက လမ်းအကျယ်နှင့်ညီမျှသည်။ အလယ်တွင် "ရပ်" ဟူသော အင်္ဂလိပ်စာလုံးကြီးကြီးကို သံပြားအပိုင်းပေါ်တွင် ရေး၍ချိတ်ထားသည်။

အကယ်၍ လူနာသယ် လေယာဉ်ငယ်များ ဝဲပျံရောက်လာပြီး ဆင်းတော့ တက်တော့မည်ဆိုလျှင် ဟိုဘက်ထိပ် သည်ဘက်ထိပ်ရှိ ထိုတံခါး မောင်းတံနှစ်ခုကို ချပိတ်ထားရမည်။ ထိုအခါ လမ်းမထဲကို ဟိုဘက် သည်ဘက်က လာသမျှ ကားများမဝင်နိုင်အောင် ပြုလုပ်ထားခြင်းဖြစ် သည်။

လမ်းကိုချဲ့ထားသော၊ သို့မဟုတ် လမ်းနှင့်တွဲထားသော လေယာဉ်ကွင်းဖြစ်သော်လည်း လေယာဉ်အဆင်းအတက် ဆက်သွယ်ရန် တာဝါမျှော်စင်မရှိ။ ဖောက်လုပ်ထားသောလမ်းမှာ မြင့်မားဝေသီသော တောင်မြင့်ကြီးများ ကြားရှိ တောင်တန်း (သို့မဟုတ်) တောင်ခါးပန်း၊ တောင်စောင်းများ၌သာဖြစ်သည်။ လေယာဉ်ကွင်း၏ ပတ်ပတ်လည်တွင် မိုးထိမြင့်မားနေကြသော တောင်ခိုးတောင်ငွေ့ တလူလူနှင့် လိုင်းထနေကြသော တောင်တန်းကြီးများသာ။

ထို့ကြောင့် လေယာဉ်အဆင်းအတက်ကို ဆက်သွယ်ရန် တာဝါမျှော်စင်ဟု သီးသီးသန့်သန့် ခန့်ခန့်ထည်ထည်မရှိ။ တောင်ကုန်းပေါ် လေယာဉ်ကွင်းနားတွင် ဝါယာလက် ကြိုးမဲ့တင်းဂူရုံလေး တစ်ရုံသာ ရှိလေသည်။ ထိုဝါယာလက် ဆက်သွယ်ရေး စခန်းထဲတွင် ဒုတပ်ကြပ် တစ်ယောက်နှင့် ရဲဘော်စစ်သား နှစ်ယောက်ရှိသည်။ ဟိုဘက်ထိပ် သည်ဘက်ထိပ် တံခါးစောင့် ကုလီနှစ်ယောက်ကိုပါ ထည့်တွက်လျှင် ထိုစခန်းတွင် လူသားဆို၍ ငါးယောက်သာရှိလေသည်။

သူတို့ (၅) ယောက်ထဲတွင် ဝါယာလက် ကြိုးမဲ့စက်ကိုင် စစ်သား သုံးယောက်မှာ အိန္ဒိယမြည်သားများ ဖြစ်ကြပြီး တံခါးစောင့် နှစ်ယောက်မှာ ဒေသခံ နာဂအမျိုးသားများ ဖြစ်ကြသည်။

ဤအမှတ် (၈) လူနာသယ် လေယာဉ်ကွင်းမှာ ဖောက်လုပ်ပြီးခါစ လီဒိုလမ်းမကြီး၏ အစိတ်အပိုင်း တစ်ခုသာဖြစ်သည်။ အရှေ့ဘက်တွင် အစွန်ဆုံး အဖျားဆုံးလည်းဖြစ်သည်။ လူနာသယ် လေယာဉ်များ ဆင်းနိုင်၏၊ မဆင်းနိုင်၏ကိုပင် တစ်ခါမှ မစမ်းသပ်ရသေးသော ကွင်းဖြစ်သည်။ မိုင်ပေါင်း ၁၄၀၀ - ရှည်သော လီဒိုလမ်းမကြီးပြီးသွားလျှင်တော့ ဤလိုကွင်းငယ်ပေါင်း ရာချီရှိနေပေလိမ့်မည်။

အိန္ဒိယနိုင်ငံ အာသံပြည်နယ်နှင့် ဘင်္ဂလားနယ်သို့ သွားရာ မီးရထားလမ်းဖြစ်သည့် လီဒိုမှ အစပြုလာသော ဤလမ်းမရှိ လူနာသယ် လေယာဉ်ကွင်း၏ အမှတ်စဉ် အတိုင်းသာ ရေတွက်လာလျှင်တော့ ဤဟူးကောင်းတောင်ကြား၏ အမှတ် ( ၈ ) လူနာသယ် လေယာဉ်ကွင်းမှာ ( ၁၉ ) ဖြစ်သည်။ သို့သော် ပြည်နယ်တောင်တန်း ချိုင့်ဝှမ်းလွင်ပြင်များကို သူ့အပိုင်းနှင့်သူ ပိုင်းခြားသတ်မှတ်ထားရာ ဤလူနာသယ်လေယာဉ်ကွင်းကို ဟူးကောင်း အမှတ် ( ၈ ) လူနာသယ် လေယာဉ်ကွင်းဟုသာ သတ်မှတ်ထားသည်။

ဟူးကောင်းတောင်ကြား၏ အမှတ် ( ၈ ) လူနာသည် လေယာဉ်ကွင်း၏ အရှေ့ဘက်တံခါးစောင့် လာဖျံသည် ဟိုငေးသည်မျှော်နှင့် တုံ့နေးတုံ့နေး လမ်းလျှောက်နေ၏။ သူသည် ဤလီဒိုလမ်း စဖောက်ကတည်းက ရှင်ဗွေယံဘက်က ပါလာသူဖြစ်သည်။ ငှက်ဖျားမိထား၍ ရှင်ဗွေယံ ( ၂ ) ဆေးတပ်စခန်းမှ လက်မှတ်ရထားသူလည်းဖြစ်သည်။ ထို့ကြောင့်လည်း ဤလိုလေယာဉ်ကွင်း တံခါးစောင့်အလုပ်ကို ပေါ့ပေါ့

www.burmeseclassic.com

www.burmeseclassic.com



ပါးပါး နိုင်းထားခြင်းဖြစ်သည်။

ကွင်းလမ်း အရှေ့ဘက်ထိပ်တွင် တုံ့နှေးတုံ့နှေး လမ်းလျှောက်နေရင်း သူ့နားဆီကို အသံတစ်ခု လာရိုက်ခတ်သွားသည်။ ဘာသံပါလိမ့်ဟု ခြေလှမ်းတုံ့ရပ်၍ လာဖုံ နားစွင့်ထားလိုက်သည်။ သူ့တာဝန်မှာ လူနာသည် လေယာဉ်အသံကြားသည်နှင့် လမ်းတံခါး ပိတ်ချရမည့်သူ မဟုတ်ပါလား။

ထို့ကြောင့် သူသည် လူနာသယ် လေယာဉ် လမ်းကြောင်းထိပ်တွင် တုံ့နှေးတုံ့နှေး လျှောက်နေရာမှ မတ်တတ်ရပ်ပြီး မိုးပေါ် မော့ကြည့်လိုက်သည်။ လူနာသယ် လေယာဉ်၏ အရိပ်အရောင်ကိုမျှ မမြင်ရ။ အကယ်၍ လူနာသယ်ရန် အမှတ် (၈) သူ့ကွင်းသို့ ဆင်းမည့် လေယာဉ်ဆိုလျှင်လည်း တောင်ထိပ်တွင် ဝဲပျံနေဦးမည်။ ထို့ကြောင့် စောစောက အသံမှာ ကားသံသာဖြစ်ရမည်။ ရွှေ့ပြောင်းအလုပ်သမား စစ်သားများထဲမှ ဒဏ်ရာရလူနာ၊ ငှက်ဖျားမိလူနာ၊ ကျားကိုက်၊ ကျားကုတ်ခံရသော လူနာ တစ်ယောက်ယောက်ကို အနီးဆုံး လူနာသယ် လေယာဉ်ကွင်းသို့ လာပို့သော ကားသံဖြစ်နိုင်သည်။ လေယာဉ်ကမူ မကြာမီ ရောက်လာလိမ့်မည်ဟု သူထင်၏။ ရှင်ဗွေယံဘက်တွင် အလုပ်လုပ်ခဲ့စဉ်က ဤလို အတွေ့အကြုံမျိုး သူက ရှိထားသည်။

သို့သော် ကားသံမှန်းသိလိုက်သော်လည်း မြွေလိမ်မြွေကောက် ဖြစ်နေသော လီဒိုလမ်းမပေါ်တွင် ကားသံကို ချက်ချင်း အရှေ့အနောက် တောင်မြောက် ခွဲခြားသိရန် မလွယ်။ တောင်ပတ်လည် ဝိုင်းနေသဖြင့် ကားသံလှုသံတို့မှာ တောင်များကို ပဲ့တင်ရိုက်ဟည်းကာ တောင်ချိုင့်ကြား တွင် ဘောင်ဘင်ခတ်မြည်ဟည်းတတ်သည်။ လေယာဉ်ပျံသလို မိုးပေါ် မော့ကြည့်၍ မရ။ ကားလမ်းမှာလည်း လေယာဉ်ကွင်းကလွဲပြီး ဖြောင့်ဖြောင့်တန်းတန်းဆို၍ ကိုက် လေးငါးရာပင် မရှိ။ ထို့ကြောင့် လာဖုံက သူ့နားကို ပိုစွင့်ထားရသည်။

မကြာမီမှာပင် အလုပ်သမားများ အပြည့်တင်လာသော ထရပ်ကားကြီး သုံးစီးသည် ရှင်ဗွေယံဘက်က တက်လာကြသည်။ ထိုအခါမှ လာဖုံက သက်မ,ချပြီး သူ့ တံခါးတိုင်နားလျှောက်လာသည်။ ချမ်းစိမ့်စိမ့်တွေ့လာသဖြင့် အထုပ်ထဲက မတ်ချွတ်ကိုယူကာ ဝါယာလက်ရဲဘော်



များဆီလာသည်။ သူတို့ဆီမှ ရေနွေးတစ်ခွက် တောင်းပြီး ကွီနိုင်ဆေးပြားများကို ပါးစပ်ထဲထည့်ကာ ရှုံ့ရှုံ့မဲ့မဲ့နှင့် ရေနွေးထိုင်သောက်နေသည်။ ထိုအချိန်မှာ စောစောက သူ့လမ်းပေါ် ရောက်လာသော ကားများကား ဟူးကောင်းရှေ့တန်းဘက်တက်သွားကြလေပြီ။ ယခုမှ သူကလည်း အေးအေးဆေးဆေး ဖြစ်သွားသည်။

လာဖုံသည် ကွဲရိုင်းစက်ကြီးများ ထိုးကော်ထားခဲ့သော မြေစောင်း တစ်ခုကို မှီကာ မိုးပေါ် မော့ကြည့်ရင်း စီးကရက်ဖွာနေသည်။ ကား အဆင်းအတက်တွေကို သူ ဂရုမပြုတော့။ နာရီနှင့်အမျှ ကြားနေရသော ကားသံများက နေ့စဉ်လိုလို ကြားနေရသဖြင့် ရိုးသွားပြီ။ သူ့အတွက် မိုးပေါ်က လူနာသယ်ရန်လာမည့် လေယာဉ်သံသာ အရေးကြီးသည်။ သို့သော် ဤသည်မှာလည်း ဖြစ်နိုင်ချေမရှိသေး။ သူ့ကွင်းမှာ ကွင်းသစ်ဖြစ်သဖြင့် အရေးကြီး လူနာဆိုလျှင် ရှင်ဗွေယံ ဆေးရုံရှိရာ ကွင်းသို့သာ သယ်သွားကြလိမ့်မည်။ ထို့ကြောင့် စိတ်အေးလက်အေးပင် စီးကရက်ဖွာ၍ မှေးနေသည်။

ရွှေ့ပြောင်းအဖွဲ့မှ မိုင်းခွဲလိုက်သံတစ်ခုကြောင့် လာဖုံ လန့်နိုးသွားသည်။ ပေါက်ကွဲသံကြီးမှာ သူရှိနေရာနှင့် မျဉ်းပြိုင်မဟုတ်သော်လည်း ငါးလွှယ်ခုတ်လောက်က ဖြစ်သည်။ ယမ်းအားမည်မျှ ပြင်းသည်မသိ။ တောင်ချိုင့်ကြီးတစ်ခုခြားနေသော သူ့ ကျောမှီထားရာ မြေပြင်ပင် တုန်ခါသွားသည်။ သို့သော် ဤသည်မှာလည်း လာဖုံအတွက် အဆန်းအကျယ် ကိစ္စမဟုတ်။ နေ့စဉ်ကြားနေရသော တောင်စောင်းတောင်နှာမောင်းရှိ ကျောက်တောင်ကျောက်စွန်းများကို မိုင်းခွဲသံပင်။ ထို့ကြောင့် လာဖုံသည် ပြန်မှေးနေ၏။ မကြာပါချေ။ နောက်တစ်ခါ မိုင်းခွဲသံကြောင့် လာဖုံ မျက်စိဖွင့်ကြည့်မိပြန်သည်။

ယခင်က တစ်နေ့မှ မမြင်ဖူးသော ရောင်စုံလိပ်ပြာလုလုလေးတွေက သူ့ ခေါင်းပေါ် ပျံဝဲနေကြသည်။ ချစ်စရာကောင်းသော လိပ်ပြာလုလုလေးတွေကို သူခဏငေးကြည့်နေစဉ် လိပ်ပြာကလေးတွေကလည်း သူ့အနားက မခွာဘဲ ဝဲပျံမြဲ ဝဲပျံနေကြသည်။ လိပ်ပြာကလေးတွေမှာ အယဉ်ကလေးတွေလိုပင် သူ့ကိုယ်နှင့် တစ်ထွာတစ်မိုက် အနီးသို့ပင် နိမ့်ဆင်း ပျံဝဲလာကြသည်။ လာဖုံသည် ကျောမှီလဲနေယင်းက သူ့

www.burmeseclassic.com

www.burmeseclassic.com



လက်ကို လိပ်ပြာကလေးများဆီ ဆန့်တန်းလိုက်၏။ လိပ်ပြာကလေးများကလည်း သူ့လက်ပေါ် ချက်ချင်းသူဦးငါဦး လာနားကြသည်။ လာဖုံ့သည် ကျော့နှင့်တောင်စောင်းကိုမခွာဘဲ သူ့လက်ပေါ် လာနားနေကြသော လိပ်ပြာလုလုလေးတွေကို ကြည့်ယင်း မေ့မျော်သွားလေသည်။

❑ ❑ ❑

၁၂။

ရှင်ဗွေယံ၏ အမှတ် ၂ - အခြေစိုက်စခန်းမှ စစ်သုံးဂျစ်ကားတစ်စီးသည် ဟူးတောင်းတောင်ကြီးဘက်ကို ကင်းလှည့်စစ်ရန် တက်လာသည်။

ထိုဂျစ်ကားပေါ်တွင် လမ်းကြီးကြပ် ထိန်းသိမ်းရေးမှူး တရုတ်စစ်ဗိုလ်ကလေး ရန်ကျန်စစ်နှင့် အိန္ဒိယလူမျိုး တပ်သား ၅ - ယောက်ပါလာသည်။ ထိုငါးယောက်ထဲမှ ကားမောင်းသူ ဆန်းဗဟာဒူးမှာ ဒုတပ်ကြပ်ဖြစ်သည်။ သူသည် အင်္ဂလိပ်စကားကို ထမင်းစား ရေသောက်ပြောတတ်သူ စကားပြန်ဆိုကလည်း ဟုတ်သည်။

မဟာလီဒို လမ်းမတစ်လျှောက်ရှိ အလုပ်သမား ကူလီများမှာ အိန္ဒိယအမျိုးသားများချည်းလိုလို ဖြစ်ကြရာ ဆန်းဗဟာဒူးမှာ လီဒိုလမ်းမကြီး ဖောက်လုပ်စကပင် ဒုတပ်ကြပ် ရာထူးအဆင့် ရလာသူဖြစ်သည်။ ကျန်လေးယောက်ကမူ အလုပ်သမားများထဲက သင့်တော်သဖြင့် စစ်တပ်ထဲ ရောက်လာသူများဖြစ်ကြသည်။

ဟူးကောင်းတောင်ကုန်း အမှတ် ( ၁၂၆ ) အလွန် မိုင်တိုင် (၆၀၄) အရောက်တွင် ဆန်းဗဟာဒူးက အင်ဖာအခြေအနေ "ဘယ်လိုပါလဲ ဗိုလ်ကြီး" ဟု ရန်ကျန်စစ်ကို မေးလိုက်သည်။



တစ်လမ်းလုံး ငြိမ်ပြီးလိုက်ပါလာသော တရုတ်စစ်ဗိုလ်လေးက ဘာမှ ပြန်မပြော။

"ဟင် . . . ဗိုလ်ကြီး၊ အင်ဖာအခြေအနေ ဘယ်လိုတဲ့လဲ"

ဆန်းဗဟာဒူးက ထပ်မေးသည်။

"အင်ဖာအခြေအနေနဲ့ မင်းသောက်လုပ်နဲ့ ဘာဆိုင်လဲ၊ ကားကို ကောင်းကောင်းမောင်းစမ်းပါကွ၊ ဟိုနေ့ကဘဲ ကားချောက်ထဲ ထိုးကျလို့ မာလကီးယားတုန်ကြတာ ကြားတယ်မှတ်လား"

"ဗဟာဒူး ကားမောင်းလာတာ ငါးနှစ်ရှိပါပြီ ဗိုလ်ကြီး၊ စိတ်ချပါ"

ရန်ကျန်စစ်က ခဏနှုတ်ဆိတ်သွားသည်။ ပြီးမှ -

"ဒီမှာ - မဟာဒူး၊ မင်းတို့ငါတို့ အလုပ်က ဒီမဟာလီဒိုလမ်းမကြီး မြန်မြန်ပြီးရင် မြန်မာပြည်နဲ့ တရုတ်ပြည်မှာရှိတဲ့ ဂျပန်တွေကို မြန်မြန် မောင်းထုတ်နိုင်ဖို့ဘဲ မဟုတ်လား။ မင်းတို့ ငါတို့အလုပ်က ဒါဘဲလေ"

"ဟဲ - ဟဲ - အာဆံရဲ့ အင်ဖာရွှေမြို့တော်ကြီးဟာ ဗဟာဒူးရဲ့ အဖအိန္ဒိယ နိုင်ငံထဲက မြို့တစ်မြို့ဆိုတာ ဗိုလ်ကြီးမေ့နေတယ်နဲ့တူတယ်။ မဟာလီဒိုလမ်းမကြီးပြီးလို့ မြန်မာပြည်နဲ့ တရုတ်ပြည်က ဂျပန်တွေကို မောင်းထုတ်ပစ်ဖို့ အဓိကဟာ အင်ဖာခိုင်မာရေးဘဲလေ ဗိုလ်ကြီး၊ ခုလောလောဆယ်အနေမှာ အင်ဖာနားကို ဂျပန်တွေ သိပ်မလာဖို့ဘဲ"

ဆန်းဗဟာဒူး၏စကားက ရန်ကျန်စစ်ကို အရိုက်အထိုးခံလိုက်ရသလို ဖြစ်သွားသည်။ အင်ဖာအခြေအနေကို "ဒီကောင် နားစွန်နားဖျား ကြားမိနေလို့ မေးတာဘဲဟုလည်း သဘောပေါက်လိုက်၏။ ဆန်းဗဟာဒူးကို တစ်ခုခုတော့ သူပြောလိုက်မှ ဆန်းဗဟာဒူးလည်း ကျေနပ်မည်။ ရုတ်တရက် "ဘယ်လိုပြောရကောင်းမလဲ" ဟု ရန်ကျန်စစ်က တွေးလိုက်သည်။ ဆန်းဗဟာဒူးနှင့် သူတို့မှာ နှစ်ယောက်တည်းဆို အရေးမကြီး။ ယခုကားပေါ်တွင် အလုပ်သမား တစ်ပိုင်း၊ ကုလားလေးကောင်ကလည်းပါနေသေးသည်။

အင်ဖာအခြေအနေကို အမှန်အတိုင်း သူပြောမထွက်သည်ကတော့ အမှန်ပင်။

www.burmeseclassic.com

www.burmeseclassic.com



"မြန်မာပြည်ကို ချင်းတောင်ကနေပြီး ပြန်သိမ်းယူမည်" ဟု ကြွေးကြော်ခဲ့သော အင်္ဂလိပ်တို့သည် ယခု တီးတိန်ကပင် ဆုတ်ပြေးလာခဲ့ကြရပြီ။ တီးတိန်က ဆုတ်ပြေးလာခဲ့ရသော ကိုဝင်၏ တပ်များကို ဂျပန်တို့က ဖြတ်တောက် ပစ်လိုက်ပြီ။ မိုင်တိုင်အမှတ် ၁၀၉ - မှာလည်း အင်ဖာကိုဆုတ်ရန် အဓိက လမ်းကြောင်းကြီးဖြစ်သော အင်္ဂလိပ်တို့၏ အခြေအနေမှာ ဆိုးဆိုးဝါးဝါး ဖြစ်နေသည်။

ချင်းတွင်းအနောက်ဖက်ကမ်းသို့ ဂျပန်တို့ ရောက်လာကတည်းကပင် အင်္ဂလိပ်တို့၏ အမှတ် ၇ - ဌာနချုပ်သည် အင်ဖာရှိ ဘန်ဂလိုများတွင် ဖွင့်လှစ်ထားရာမှ အင်ဖာမြောက်ဘက် တောထူထပ်သော တောင်များရှိရာသို့ ပြောင်းရွှေ့ခဲ့ကြသည်။ ယခင်က တပ်မကြီး ဌာနချုပ်နှင့် အဓိက လေယာဉ်ကွင်းရှိရာ စက်ဝိုင်းထဲတွင် ဗိုလ်ချုပ်ကြီးမှအစ အိန္ဒိယ အမျိုးသားအစုံ ကုလီထိ အဆင့်အတန်း အမျိုးမျိုးရှိသူ လူပေါင်း ၅၁၀၀၀- ခန့်ရှိခဲ့သည်။

ဤလူများအနက် ၁၆၀၀၀ - မှာ လက်နက်ဆို၍ အလျဉ်းမရှိဘဲ ၁၇၀၀၀ - မှာမူ ဘစ်သက်တွင် တစ်ခါမှ သေနတ်မကိုင်ဖူးသူများ ဖြစ်ကြ၏။ ဤလူများအနက် တိုက်ပွဲတွင် ပါဝင်နိုင်မည့်သူများကို ရွေးချယ်လိုက်သောအခါ လက်နက်ကိုင်တပ်သား (၂၅၁၀၀) သာ ရတော့သည်။ ကျန်လများကို ကုန်းလမ်း၊ ရထားလမ်းများဖြင့် အိန္ဒိယပြည်ကြီးသို့ ပြန်ပို့ထားလိုက်ရသည်။ ကျန်လူများကို ကုန်းလမ်း၊ ရထားလမ်းများဖြင့် အိန္ဒိယပြည်ကြီးသို့ ပြန်ပို့ထားလိုက်ရသည်။

မတ်လ ၁၅ - ရက်ခန့်မှ ခ၍ အပြင်းချီလာသော ဂျပန်တို့၏ သိုးစစ်ကြီးသည် မတ်လ ၁၉ - ရက်နေ့သို့ ရောက်သောအခါ အင်ဖာနှင့် ၃၆ - မိုင်သာကွာသော နေရာသို့ ခေါင်းပြူလာတော့၏။

"ဥခရယ်" တောင်ကက် ၈ - မိုင်ကွာရှိ "သံဂဟက်" အနီးတွင် အင်္ဂလိပ်တို့ဘက်မှ အမှတ် ၅၁ - လေသီးတပ်မဟာသည် ဂျပန်တို့၏ ၃၁ - တပ်မမှ ခြေလျင်တပ်များနှင့် အပြင်းအထန် တိုက်ခိုက်နေကြရလေပြီ။

ထို့ကြောင့် ရခိုင်စစ်မျက်နှာရှိ "ဗိုလ်ချုပ်ကြီးဘရုစ်" ၏ အမှတ် ၅ - တပ်မကြီးကိုပင် အင်ဖာသို့ လေကြောင်းဖြင့် အမြန်ဆုံး ချီလာရန်



အိန္ဒိယစစ်ဌာနချုပ်က အမိန့်ပေးလိုက်ပြီ။ ထိုအမိန့်စာတွင် မင်နီဖြင့် "အင်ဖာအခြေအနေမှာ အလွန်ဆိုးနေသည်" ဟုပင် ပါလာသည်။

ဤကြောင်းများကို သူသိသလောက် ဆန်းဗဟာဒူးအား ဘယ်လိုမှ ပြော၍မဖြစ်။ ဤသတင်းသာ လီဒိုလမ်းမရှိ အလုပ်သမားဆီ ပေါက်ကြားသွားလျှင် ထောင်ပေါင်းများစွာသော အလုပ်သမားများကို ဘယ်လိုမှ ထိမ်း၍ရတော့မည်မဟုတ်။ အလုပ်သမား အားလုံးနီးပါးမှာ အာသံမဏိပူရသားများချည်း ဖြစ်ကြသည်မဟုတ်ပါလား။

ထို့ကြောင့် -

"ငါသိရသလောက်တော့ အင်ဖာမှာ အမှတ် ၄ - တပ်မကြီးတစ်ဌာနချုပ်ဖွင့်ထားတာဘဲကွ၊ အမှတ် ၇ - တပ်မကလဲ မြန်မာပြည်တွင်း ချင်းတောင်တီးတိန်မှာရှိနေတယ်ကွ။ ၂၁ - တပ်မကတော့ သူ့တာဝန်ချထားရာ ချင်းတွင်း စစ်မျက်နှာနဲ့ ကမူးတစ်ဝိုက်မှာ ရှိနေမှာပေါ့။ မင်းတို့ အင် - အင်ဖာမှာတော့ အကူတပ်များဖြစ်တဲ့ ၂၃ - တပ်မကြီးနဲ့ ၂၅၄ - တင့်ကားတပ်မဟာကြီးတို့ ရှိနေတာ မင်း - အင်ဖာရွှေမြို့တော်ကြီးအတွက် ဘာပူနေစရာလိုသေးလဲ ပြောစမ်းပါဦး"

"ကြားရတာ ဝမ်းသာလိုက်တာ ဗိုလ်ကြီးရာ - ခုမှ ကျွန်တော့် လည်ချောင်းထဲ တစ်နေတဲ့ အလုံးကြီး ကျသွားတော့တယ် . . . နို့ဗို့ ကောလဟာ. . . "

"ဘာ - အလုံးလဲကွ၊ မင်းမိန်းနဲ့ မတွေ့ရတော့ဘူးဆိုတဲ့ အလုံးလား"

"ဟာ - မဟုတ်ပါဘူး၊ ဗိုလ်ကြီးရာ - ကျွန်တော့် အလုံးတာ အဖ အိန္ဒိယ နိုင်ငံတော်ကြီးအတွက် စိုးရိမ်နေတဲ့ အလုံးကြီးပါ"

"သောက်ကုလား၊ ကြီးကြီးကျယ်ကျယ်" ဟု ရန်ကျန်စစ်က တွေးလိုက်သော်လည်း ပါးစပ်က ထွက်လာသော စကားမှာ -

"မင်းအဖ အိန္ဒိယနိုင်ငံကြီး ငါနဲ့မင်း အသက်ရှင်နေသမျှ ဂျပန်လက်ထဲမရောက်ရဘူး၊ လောလောဆယ်တို့ ဒီမဟာလီဒိုလမ်းမကြီး မြန်မြန်ပြီးဖို့ဘဲ အရေးကြီးတယ်။ ဒီလမ်းပြီးသွားရင် တရုတ်မြန်မာမှာ ရှိသမျှ ငပုတွေမကဘူး အရှေ့ အာရှက ငပုတွေကိုပါ မောင်းထုတ်လို့ ရပြီကွ၊ ဆန်းဗဟာဒူးရာ၊ ဟုတ်တယ်မှတ်လား ငါပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဗိုလ်ကြီး"

ဟူးကောင်း၏ တောင်ကုန်းအမှတ် (၇၀၀၀) စီ ဗဟာဒူးက ကားကို ဂီယာသွင်းမောင်းတက်လာသည်။ ဟူးကောင်း၏ အမှတ် (၆) လူနာသယ် လေယာဉ်ကွင်းနား အဆင်းတွင် ကားကို အရှိန်လျော့လိုက်သည်။

ကားသံကြားသဖြင့် သတိဆွဲထားသော တံခါးစောင့် ကချင်ကြီးက ဆလုရိုက် အလေးပြု၏။ ရန်ကျန်စစ်က ဆန်းဗဟာဒူးကို "ဆက်မောင်း" ဟု အမိန့်ပေးလိုက်သည်။ ဆန်းဗဟာဒူးသည် လီဒိုလမ်းမကြီးအတိုင်း ကားကိုဆက်မောင်းလာ၏။ ငါးမိနစ်ပင် မကြာ ကားလမ်းဘေးကုန်းကလေးမှ ဝါယာလက် ရဲဘော်သုံးယောက်က ထွက်၍ အလေးပြုကြသည်။ ရန်ကျန်စစ်က "ဆက်မောင်း" ဟု ပြောပြန်၏။ ဗဟာဒူးလည်း ဆက်မောင်းလာသည်။

တစ်နာရီခန့် အကြာတွင် အမှတ် (၇) လူနာသယ် လေယာဉ်၏ ကွင်းဝသို့ ရောက်လာကြသည်။ တံခါးစောင့် တောင်ပေါ်သားကြီးက အလေးပြုပြန်သည်။ တင်းစစ်နေကျဖြစ်သော ဗဟာဒူးက ကားကို ဆက်မောင်းလာပြန်သည်။ အမှတ် (၇) လူနာသယ် လေယာဉ်ကွင်း၏ ဝါယာလက် တင်းဂူတဲနား ရောက်သောအခါ လူရိပ်လူခြေ မမြင်သဖြင့် ကားရပ်သွားသည်။

"ဆဲဗင်းဂျူတီ"

"ဆဲဗင်းဂျူတီ"

ရန်ကျန်စစ်သည် ကားပေါ်ကပင် လှမ်းအော်၏။

စစ်သားသုံးယောက်သည် တင်းဂူတဲထဲမှ ကမန်းကတန်း ပြေးထွက်လာကြသည်။ ကားပေါ်တတ်က ရန်ကျန်စစ်နှင့် ရဲဘော်များကို မြင်လိုက်ရသောအခါ ချက်ချင်းသတိဆွဲပြီး အလေးပြုလိုက်ကြသည်။

"ခွေးမသားတွေ၊ မင်းတို့ အိပ်နေကြတာ မဟုတ်လား"

ရန်ကျန်စစ်က ဆဲသည်။

"မဟုတ်ပါဘူး ဗိုလ်ကြီး"

"ဘာ - မဟုတ်တာလဲကွ၊ ဒါဆို မင်းတို့ ဂျူတီချိန် နားမလည်ဘူးလား"



ရန်ကျန်စစ်သည် ရဲဘော်သုံးယောက်ကို မာန်မဲပြီး အမှတ် (၈) လေယာဉ်ကွင်းဘက် ဆက်မောင်းခိုင်းလိုက်သည်။

လူနာသယ် လေယာဉ်ကွင်းအမှတ် (၈) မှာ မြင့်မားသီးခေါင်သော တောင်ကြီးနှစ်လုံးကြားရှိ တောင်ကြောထိပ်တစ်ကို မြေညှိဖောက်လုပ်ထားသော လမ်းဖြစ်သဖြင့် အဆင်းတွင် လမ်းကမတ်စောက်သည်။ ထို့ကြောင့် ဗဟာဒူးသည် ကားကို ဘီးလှိမ့်ရုံ လှိမ့်ပြီး ဆင်းလာ၏။

အမှတ် (၇) လူနာသယ် လေယာဉ်ကွင်းနှင့် အမှတ် (၈) လူနာသယ် လေယာဉ်ကွင်းတို့မှာ မျဉ်းတစ်ဖြောင့်တည်းသာ ဆွဲကြည့်လိုက်လျှင် ဆယ်မိုင်ပင်မဝေးတတ်။ သို့သော် ကြားထဲတွင် တောင်ကြီး ဗွတ်အိုင်ကြီး တွေခံနေသဖြင့် လှည့်ပတ်ကွေ့ကောက် မြင့်မောက် နိမ့်လျှော ဖောက်ထားရရာ ခရီးက အတော်ကြာသွားသည်။ သည်ကြားထဲ မတ်စောက်သော လမ်းအပိုင်းဖြစ်သဖြင့် ဗဟာဒူးက ကားကို ဘီးလှိမ့်ရုံ လှိမ့်ဆင်းရသောအခါ ပိုကြာနေသည်။ ဤသည်ကို ရန်ကျန်စစ်က စိတ်မရှည်ချင်သလို လမ်းအင်ဂျင်နီယာတွေကို ဆဲလာ၏။

သည်လိုနှင့် အမှတ် (၈) လူနာသယ် လေယာဉ်ကွင်းအပိုင်းသို့ ရောက်လာသည်။ အနောက်ဘက် တံခါးနားတွင် လူရိပ်လူခြေ မမြင်ရ သဖြင့် ဗဟာဒူးက ကားထိုးရပ်လိုက်သည်။

"ဂျူတီ"

"ဂျူတီ"

တရုတ်စစ်ဗိုလ်လေး ရန်ကျန်စစ်က လှမ်းအော်သည်။

မည်သူတစ်ဦး တစ်ယောက်မျှ ထွက်မလာ။

"ဂျူတီ"

"ဂျူတီ"

ခွေးမသား၊ ဘယ်သွားသေနေလဲ မသိဘူး၊ သောက်သုံး မကျတဲ့ အစောင့်။

ရန်ကျန်စစ် ကားပေါ်က ခုန်ဆင်းလိုက်သောအခါ စစ်သားလေးယောက်လည်း ပြိုင်တူ ခုန်ဆင်းလိုက်ကြသည်။ ပတ်ဝန်းကျင်ဘယ်ညာကို အကဲခတ်ရင်း "ဂျူတီ၊ ဂျူတီ" ဟု ပြိုင်တူအော်ခေါ်ကြ၏။ သူတို့ လေးငါးယောက်၏ အသံသာ တောင်ချိုင့်ကြားက ပဲ့တင်ပြန်

www.burmeseclassic.com

www.burmeseclassic.com



လာသည် ဘာလူရိပ်လူခြေကိုမှ မမြင်ကြရ။

"ခွေးမသားကိုတော့ ငိုက်နေတာနဲ့ ကျားဆွဲသွားပြီ ထင်တယ်ကွ"

ဆယ်မိနစ်ခန့် အော်ခေါ်လှည့်ရှာ၍ မတွေ့ရသောအခါ ရန်ကျန်စစ်သည် တဖျစ်တောက်တောက် ဆဲဆိုကာ ကားပေါ် အလျင်စလို ပြန်တက်သည်။ ထိုအခါ စစ်သားလေးယောက်မှာလည်း ကားပေါ် တမန်းကတန်း ပြေးတက်လိုက်ကြသည်။ ဂျူတီ မတွေ့သဖြင့် ဟိုကြည့်သည်ကြည့်လုပ်နေသော ဗဟာဒူးကို ရန်ကျန်စစ်က -

"ဟေ့ - ကောင်၊ မောင်းလေကွာ။ ဘာငေးနေတာလဲ။ မင်းလဲ ဟိုအကောင်လို ကျားစာဖြစ်ချင်လို့လား" ဟု ပြောလိုက်သည်။

ဖြောင့်ဖြူးနေသော အမှတ် (၈) လေယာဉ် ပြေးလမ်းအတိုင်း ဗဟာဒူး ကားကိုမှန်မှန်ပင် မောင်းဝင်လာသည်။ ကားနောက်တွင် ဖုန်မှုန့်တွေ တလိပ်လိပ်ထ၍ ကျန်နေခဲ့၏။

ရန်ကျန်စစ်သည် မှတ်စု စာအုပ်တစ်အုပ်ကို ထုတ်ပြီး စာရွက်တွေကို တဖျက်ဖျက်လှန်နေသည်။ အမှတ် (၈) လူနာသယ် လေယာဉ်ကွင်း၏ အနောက်ဘက် တံခါးဝစောင့် နံမည်ကို ရှာကြည့်နေသလား။ သို့မဟုတ် တံခါးစောင့် ထွက်ပြေးသွားပြီ၊ ကျားဆွဲသွားပြီဟုများ မှတ်ချက် ရေးနေသလား ဆိုသည်ကိုတော့ ဗဟာဒူးလည်း မကြည့်အားလိုက်ပေ။

ဤဟူးကောင်းတောင်ကြော တစ်လျှောက်တွင် ကျားတွေကလည်း အလွန်ပေါလေရာ အမှတ် (၁) လူနာသယ် လေယာဉ်ကွင်းလမ်း၏ အနောက်ဘက် တံခါးစောင့် နာဂအမျိုးသားကြီးကို ငိုက်မျဉ်းနေသဖြင့် ကျားလာဆွဲသွားပြီဟု အားလုံးက ထင်လိုက်ကြသည်။

ခဏ အကြာမှာပင် အမှတ် (၈) လူနာသယ် လေယာဉ်ကွင်း၏ အရှေ့ဘက် တံခါးနှင့် မနီးမဝေးရှိ ဝါယာလက်တင်ဂူးထဲ ရှေ့တည့်တည့်တွင် ကားကိုရပ်လိုက်သည်။ တိတ်တိတ်ဆိတ်ဆိတ်ပင်။ ကားသံကြားသော်လည်း တင်းဂူတဲထဲက မည်သူမျှထွက်မလာ။

ရန်ကျန်စစ်က ဒေါသဖြစ်ပြီး "ဂျူတီ၊ ဂျူတီ" ဟု ဝမ်းခေါင်းသံကြီးနှင့် အော်လိုက်သည်။ ဘာမှ လှုပ်ရှားမှု၊ ထူးခြားမှုမရှိ။

ရန်ကျန်စစ် ဒေါသပိုဖြစ်ပြီး ကားပေါ်က ခုန်ဆင်းလိုက်သောအခါ အလုပ်သမားမှ လောလောလတ်လတ် စစ်သားဖြစ်လာသော ကုလားလေးယောက်ကလည်း သူတို့ဗိုလ်ကြီး တရုတ်အတိုင်း ကားပေါ်က ခုန်ဆင်းလိုက်ကြသည်။ ပြီး - ဂျစ်ကားဘေးနှစ်ဘက်တွင် သေနတ်ချိန်၍ သတိအနေအထား ရပ်လိုက်ကြသည်။

"ခွေးမသားတွေ၊ ကွင်းသစ်ဆိုပြီး ဂရုမစိုက်ကြဘူး။ ဟိုတစ်ကောင် ကျားဆွဲသွားတာတောင် မသိလိုက်ဘဲ အိပ်နေကြတယ်" ဟု ဆဲဆိုကာ ရန်ကျန်စစ်သည် ဝါယာလက်တင်းဂူတဲထဲ ဂမူးရှူးထိုး ပြေးဝင်သွားသည်။ ယခုထိ မှိုးထိုးယားယား အိပ်ပျော်နေကြသည်ကို မြင်လိုက်ရသောအခါ ပိုပြီး ဒေါသဖြစ်သွားသည်။ အနီးဆုံး တစ်ယောက်ကို ဖိနပ်ဦးနှင့် လှမ်းကန်လိုက်ပြီး "ဟေ့ - ကောင်တွေ၊ ငါ့ - မသားတွေ" ဟု အော်လိုက်၏။ လုံးဝ လှုပ်ရှားမလာသောအခါ ရန်ကျန်စစ် မျက်လုံးပြာသွားသည်။ ဂျပန်တွေ ဝင်သတ်သွားပြီဟု အထိတ်တလန့် ရေရွတ်ကာ တင်းဂူတဲထဲက ချက်ချင်းပြေးထွက်လာပြီး ကားပေါ် ခုန်တက်လိုက်သည်။

"ယန္တရားတပ်ကို အမြန်ဆုံးမောင်းစမ်းကွာ" ဟု အော်ပြောလိုက်စဉ် အောက်၌ရပ်နေကြသော စစ်သားလေးယောက်မှာလည်း ဘာမှန်းမသိဘဲ ကမန်းကတန်း ကားပေါ် ပြေးတက်လိုက်လာကြသည်။

"ဘာလဲဗိုလ်ကြီး၊ ဘာဖြစ်တာလဲ" ဟု ပြူးတူးပြဲတဲ ဖြစ်လာသော ရန်ကျန်စစ်ကို ဗဟာဒူးက စိုးရိမ်တကြီး မေးလိုက်၏။

"မင်း - သောက်ရေး မဟုတ်ဘူးကွ၊ အနီးဆုံး ယန္တရား (၅) ကို မြန်မြန်မောင်းပါဆို"

ဗဟာဒူးက နောက်ထပ်မမေးရဲတော့။

မဟာလိဒ္ဒို လမ်းမကြီးပေါ်ကို ဂျပန်တွေ မုချ ထိုးဖောက်ဝင်ရောက်နေပြီ ဟူသော အသိကြောင့် စစ်သား လေးယောက်ကိုလည်း သေနတ် အသင့်ပြင်ခိုင်းလိုက်ပြီး သူကိုယ်တိုင်ကလည်း ခြောက်လုံးပြူးကို ချက်ချင်းဆွဲထုတ်ကာ လမ်းဘေးနှစ်ဘက်ကို ဇောဝဲချိန်ရွယ်လာသည်။ သူ့သဘောမှာ ဤအတိုင်းသာဆိုလျှင် ဗိုလ်မှူးလီရှိရာတို မရောက်မီပင် ဂျပန်များ ဘယ်နေရာက ချောင်းပစ်ကြမည်နည်းဟု

www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်လာသည်။ အမှန်က သူသည် ဤနေရာက လှည့်မပြန်ပြေးဘဲ အမှတ် (၈) လေယာဉ်ကွင်း၏ အရှေ့ဘက် တံခါးဆီ ဆက်သွား၍ ကြည့်ခဲ့မည်သာဆိုလျှင် ဤထက်ပင် ထိတ်လန့်တကြား ဖြစ်လာရမည်မှာ မုချပင်။ သို့သော် လီဒိုလမ်းမပေါ် ဂျပန်တွေ ထိုးဖောက်ဝင်ရောက်နေကြပြီ၊ ဝါယာလက်က ရဲဘော်သုံးယောက်ကို ဝင်သက်သွားကြပြီဟူသော သတင်းကို အမြန်ပို့ရမည် ဖြစ်သဖြင့် အရှေ့ဘက်တံခါး၌ ထောင်စောင်းကိုမှီကာ တံခါးစောင့် လာဖျံ သေနေသည်ကို မမြင်ခဲ့ရ။ ဝါယာလက်ကင်းဂူတဲမှ ရဲဘော်သုံးယောက်၏ အလောင်းကိုလည်း သေသေချာချာ စစ်ဆေး မကြည့်ခဲ့ဘဲ ဗိုလ်မှူးလီဝှန်ရှိရာ အနီးဆုံး ယန္တရား စက်ရုံသို့သာ အမြန်ရောက်ရန် စိတ်စောလာလေသည်။

❑ ❑ ❑

၁၃။

ဗိုလ်ရန်ကျန်စစ်၏ သတင်းပို့စကားကို ကြားလိုက်ရသော အခါ ဗိုလ်မှူးလီဝှန်မှာလည်း တစ်ကိုယ်လုံး ထူပူသွားလေသည်။ ယန္တရားတပ်မ အမှတ် ( ၅ ) နှင့် လူနာသယ် လေယာဉ်ကွင်းမှာ ၁၀ - မိုင်ပင် မဝေးသဖြင့် အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားလေသည်။

ဘယ်လိုမှ ရောက်မလာနိုင်သေးဟု ထင်ထားကြသော လီဒိုလမ်းမပေါ်ကို ဂျပန်တွေ ရောက်လာလေပြီ။ အင်ဖာဘက်တွင်လည်း လူသားများ ဘယ်လိုမှ ကျော်ဖြတ်မလာနိုင်ဟု ထင်ထားခဲ့ကြသော မဟာကန္တာရကြီးကို ဂျပန်များ ဖြတ်ကျော်ဝင်ရောက်လာကြပြီ ဖြစ်ကြောင်း လွန်ခဲ့သော တစ်ပတ်ကပင် သတင်းရထားသည်။



တောတောင်ကန္တာရ မည်မျှကြီးကြီး ဂျပန်များ မရောက်နိုင်၊ ဝင်မလာနိုင်သော ကန္တာရမှာ မရှိသလောက် ဖြစ်သွားလေပြီ။ ယခုလည်း ဘယ်လိုမှ ရောက်မလာနိုင်ကြသေးဟု ထင်ထားခဲ့ကြသော လီဒိုလမ်းမပေါ် ဂျပန်များ ဝင်ရောက်လာကြပြီဟု ဗိုလ်မှူးလီဝှန်က အတတ်ထင်လိုက်သည်။ တီးတိန်မှ ဆုတ်ခွာလာသော ဝင်းဂိတ်၏ တပ်များကို ဖြတ်ဆီး ဖြတ်တောက်လိုက်သလို သူတို့၏ မဟာလီဒိုလမ်းမကြီးကိုလည်း ဂျပန်များသည် ဖြတ်တောက်ပစ်ရန် မုချဝင်လာကြလေပြီ။

ဤစိုးရိမ်စိတ်နှင့် အနီးဆုံး လမ်းလုံခြုံရေးတပ်မကို ဗိုလ်မှူးလီဝှန်က ချက်ချင်း အကြောင်းကြား သတင်းပို့လိုက်သည်။

မဟာလီဒို၏ အမှတ် (၁) မှသည် (၁၀) အထိ လုံခြုံရေးတာဝန်ကို ယူထားသော ကျောင်းဆရာဘဝမှ စစ်တပ်ထဲရောက်လာသူ ဗိုလ်မှူးကြီး သောမတ်စ်ကမူ အလွန်လေးပင်၍ သွေးအေးသူဖြစ်သည်။ ဆုံးဖြတ်ချက်တစ်ခုကို အမြန်ချ လုပ်ဆောင်ရမည့်အစား "ခင်ဗျားတို့ဟာ ဟုတ်မှ ဟုတ်ရဲ့လား ကျားကိုက်လို့သေတာများလား" ဟုပင် အသံညောင်ညက် နှင့် ပြန်မေးနေသဖြင့် လီဝှန်အကြီးအကျယ် ဒေါသထွက်သွားသည်။

"ဂျပန်တွေ လည်ပင်းညှစ်သတ်သွားတာဗျ၊ ဂျပန်တွေ လည်ပင်း ညှစ်သတ်သွားတာ" ဟု ခုနစ်သံချီ အော်ပြောလိုက်မှ သောမတ်စ်မှာ "ဟယ်" ကနဲဖြစ်သွားသည်။

သို့သော် သူက ရှုတ်ရှုတ်သဲသဲ ဖြစ်နေကြသည်ကို မလိုလားဖြ "လီဒို လမ်းမထဲ ဂျပန်တွေ ဝင်လာနေပြီ" ဟူသော သတင်းကို ကြားရလျှင် ရာပေါင်းများစွာသော စစ်သားများနှင့် ထောင်ပေါင်းများစွာသော အလုပ်သမားများကို ဘယ်လိုမှ ထိန်းရတော့မည်မဟုတ်၊ ထို့ကြောင့် စောစောက တယ်လီဖုန်းနှင့် "ကျားကိုက်လို့ သေတာလား" ဟု မေးခြင်းမှာ သူ့လက်အောက်ရှိ အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများ ကြားသွားပြီး အလုပ်သမားများဆီ သတင်း ပေါက်ကြားသွားမှာ စိုးရိမ်သဖြင့် ပရိယာယ်နှင့် ပြောလိုက်ခြင်းသာဖြစ်၏။ ဟူကောင်း၌ လူကိုကျားကိုက်၊ ကျားချီသွားသော သတင်းမှာ ရိုးနေသော သတင်းပင်။

ဤသည်ကိုပင် အကြောင်းမသိသူ ဗိုလ်မှူးလီဝှန်က ဒေါသတ်

www.burmeseclassic.com



အေးစက် လုပ်နေရပါမည်လားဟု အကြီးအကျယ် ဒေါသထွက်မိသည်။ ဤသည်ကိုလည်း ဗိုလ်မှူးသောမတ်စ်က -

"ခင်ဗျားက သိပ်သွေးပူတတ်တာကိုး၊ တစ်နေ့မဟုတ် တစ်နေ့ ဂျပန်ငပုတွေ ကျုပ်တို့ဆီ ရောက်လာလိမ့်မယ်ဆိုတာ ကျုပ်တွက်ပြီးသားပါ။ ခု အမှတ် (၈) ကွင်းမှာ ဖြစ်တာဆိုတော့ ဒီငပုတွေ အဲဒီနားတဝိုက် မှချရောက်နေပြီပေါ့။ ဒါပေမယ့် ကျုပ်တို့ တစ်ခုစဉ်းစားရမယ်။ ကျုပ်တို့လူတွေကို လည်ပင်းဘဲ ညှစ်သတ်သွားတာဆိုတော့ ရှေ့ပြေးကင်း အဖွဲ့လောက်ဘဲ ဖြစ်ဦးမယ်ထင်တယ်။ ဒီငပုတွေ ကျုပ်တို့ကို စိန်ခေါ်တိုက်ရရင် သေနတ်နဲ့ ပစ်သတ်သွားမှာပေါ့၊ မဟုတ်ဘူးလား"

အေးအေးဆေးဆေး လုပ်နေသည်ကို ဒေါသဖြစ်၍ လီဝှန်ဘာမှ ပြန်ပြော မနေချင်တော့။ ဗိုလ်မှူးလီဝှန်၏ သဘောမှာ အမှတ် (၈) လေယာဉ်ကွင်းနား ဝန်းကျင်ကို ချက်ချင်းတပ်တောင်တာ ဗိုလ်ထုနှင့် လူစု၍ ဂျပန်များကို ပိုက်စိပ်တိုက် လိုက်ရှာချင်နေသည်။ သို့သော် လမ်းလုံခြုံရေးမှာ သူ့ကိစ္စမဟုတ်။ သတင်းပို့ပြီးလျှင် တာဝန်ကျေပြီ။ သူကသာ စကားဆက်မပြောချင်သော်လည်း သောမတ်စ်က လေရှည်နေသေးသည်။

"ကျုပ် ဗိုလ်ချုပ်ကြီးဆီထိ အစီရင်ခံရဦးမယ်။ လောလောဆယ် တပ်ခွဲတစ်ခွဲကို အမြန်ဆုံး ပို့လိုက်ပါမယ်။ အရေးကြီးတာကတော့ အဲ့ဖြစ်တဲ့ အချိန်က -"

"တိတိကျကျ ကျုပ် ဘယ်သိမလဲ၊ ခင်ဗျားတို့ လုံခြုံရေးက သတင်းပို့တာမဟုတ်ဘူး။ လမ်းထိန်းသိမ်း ကြီးကြပ်ရေးကပို့တာ"

သောမတ်စ်ကမူ လီဝှန် ဒေါသဖြစ်နေသည်ကို အကြောက်လွန်နေသည်ဟုများ ထင်၍လားမသိ -

"ဗိုလ်မှူးလီ ဒီငပုတွေ အမှတ် (၈) နား ဝန်းကျင်မှာတော့ ခုထိ ဘယ်လိုမှ မရှိနိုင်တော့ပါဘူး။ အဲ - အရေးကြီးတာက အဲဒီ အလောင်းတွေကို အမြန်ဆုံး ဖျောက်ပစ်ရမယ်။ ခင်ဗျား အလုပ်သမားကူလီတွေ မသိဖို့ အ - ရေး . ."

"မသာမြှုပ်တာ သိတယ်"

ယန္တရားနဲ့ မဆိုင်ပါဘူး၊ ခင်ဗျားကိစ္စပါ။ အလုပ်သမားကိစ္စလဲ



ကျုပ်ဗိုလ်မှူး လီဝှန် ဖုန်းကို ဆောင့်ချလိုက်ပြီး ရန်ကျန်စစ်ကို " ဟော့ကောင်၊ မင်းလဲသွားတော့၊ မင်းတို့ကိစ္စ မင်းတို့သွားလုပ်၊ မင်းတို့ကောင်တွေနဲ့ ငါနဲ့ မဖြစ်ဘူး။ အနီးသာဆို မင်းတို့ကောင် ငါက ထိုးမိမယ်။" ဟု ပြောပြီး ယန္တရားစက်ကြီးတွေ ဘက်ထွက်သွားလေသည်။

လမ်းလုံခြုံရေး ဗိုလ်မှူးသောမတ်စ်၏ အစီအစဉ် အတိုင်းပင် လေယာဉ်ကွင်း အမှတ် (၈) မှ ဝါယာလက် ရဲဘော်အလောင်း သုံးလောင်းနှင့် အရှေ့ဘက်တံခါးစောင့် လာဖျံတို့၏ အလောင်းကို အမြန်ဆုံးမြေမြှုပ်ပစ်လိုက်ကြသည်။ တင်းဂူတဲထဲတွင် ထောင်ထားသော သေနတ်လုံး လက်ကိုသာ ယူလာကြပြီး အလောင်းတွေကိုမူ မည်သူမှ မစစ်မိကြ။ အမှန်က သေသူများကိုလည်း ဘာကြောင့် သေသည်တု- ဗိုလ်မှူးသော မတ်စ် လွှတ်လိုက်သော တပ်ခွဲမှူးလဲ မသိ၊ အလောင်းများကို မြန်မြန် ဖျောက်ပစ်ရန်သာ သဘောပေါက်သည်။ အနောက်တံခါးစောင့်ကိုမူ အလောင်းရှာမရသဖြင့် တကယ်ကျားဆွဲသွားသလားလည်း မသိခဲ့ကြ။ ဂျပန်တွေက လည်ပင်းညှစ်သတ်သွားသည် ဆိုတာလည်း သူတို့မှာ ဝေးလာဝေးပင်။

သို့သော် ဗိုလ်မှူးသောမတ်စ်၏ အမိန့်နှင့် အမှတ် (၈) လူနာသယ် လေယာဉ်ကွင်း ဝန်းကျင်ကို ဗိုလ်ကြီးအာဆင် ဦးဆောင်သော တပ်ခွဲတစ်ခွဲက ပိုက်စိုက်တိုက် ရန်သူလိုက်ရှာကြသည်။ ဘယ်ရန်သူတို့မှ အရိပ်အရောင် မတွေ့ရ။ ထို့ကြောင့် နေဝင်ရီတရောမှာ လုံခြုံရေးစခန်းသို့ ပြန်ရောက်လာကြသည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## ၁၄။

လီဒိုလမ်းမကြီး၏ အမှတ် (၈) လူနာသယ် လေယာဉ်ကွင်းစောင့် ငါးဦးကို ဂျပန်တွေ ဝင်သတ်သွားသည်ဟူသော သတင်းကြောင့် တာဝန်ရှိသူ ဗိုလ်မှူးဗိုလ်ကြီးတွေမှာ ခေါင်းချင်းရိုက်နေကြသည်။

ဂျပန်တွေ ဖြတ်ကျော်လာနိုင်သည်ဟု ထင်ရသော တောများ တောင်များ၊ ရှိမြောင်များကို ယခုမှ ဗိုက်စိုက်တိုက် လိုက်ရှာနေကြသည်။ ဂျပန်များ ခိုအောင်းနိုင်သည်ဟု ထင်ရသော ချိုင့်ဝှမ်းများ၊ ချောက်ကမ်းပါးများ၊ လှိုင်ဂြောများပါ မကျန် အထပ်ထပ် ပိတ်ဆို့ရှာကြ၏။ သို့သော် ဂျပန်နှင့် တူသူကို မဆိုထားနှင့် အရိပ်အယောင် မသင်္ကာဖွယ်ရာ တစ်စုံ တစ်ခုကိုပင် မတွေ့ကြရပေ။

ရှိမ်းဆာယာ ပိုမောက်ပြီး ကိုယ်ဖျောက်နေကြသော ဂျပန်များကို နှစ်ပတ်ခန့်ထိ ရှာမတွေ့သောအခါ "ဂျပန်တွေ ဝင်သတ်သွားတယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့လား" ဟု တာဝန်ရှိသူ ဗိုလ်မှူးဗိုလ်ကြီးများက သံသယ ဝင်လာကြပြန်သည်။ သေသွားသူနှင့် ပျောက်သွားသူ တစ်ယောက်မှာ ဒေသခံ နာဂအမျိုးသားများလည်း ဖြစ်နေပြန်ရာ မတွေ့နပ်မှု တစ်စုံတစ်ခုကြောင့် အဆိပ်ဆေးတစ်ခုခုနှင့် သတ်တာလားဟုလည်း တွေးမိကြပြန်သည်။ တောင်ပေါ်သားနာဂ၊ ကချင်များမှာ သစ်ရွက်တစ်ရွက်၊ မြက်တစ်ပုတ်၊ သစ်သီးတစ်လုံးကိုလည်း အဆိပ်ဖြစ်အောင် လုပ်နိုင်သူများဟု ယုံကြည်ထားကြသည်။ သာဓကမှာ မူရာကိုတို့အဖွဲ့မှ ချုံရှင်း လုပ်သားများကို ကိုက်တွယ်နေသော ပိုးကောင်များထဲ စပရစ်နှင့် လောင်း၍ပင်ကွာမကျသည်ကို နာဂအမျိုးသားကြီးက သစ်ရွက်ရေ အဆိပ်နှင့် ပိုးကောင်များသေကြေကွာကျစေခဲ့သည်ပင်။

ထိုသံသယကြောင့် သေသူများကို ပထမဦးဆုံးတွေ့ရသူ လမ်းထိမ်းသိမ်းကြီးကြပ်ရေးမှ တရုတ်စစ်ဗိုလ်ကလေး ရန်ကျန်စစ်ကို ဗိုလ်မှူးသောမတ်စ်က တစ်ခါ ထပ်ခေါ်မေးပြန်သည်။ အမှန်မှာ ထိုစဉ်က ရန်ကျန်စစ်လည်း သေသူများကို သေသေချာချာ မကြည့်ခဲ့၊ ထိတ်လန့်



တကြားနှင့် ဂျပန်တွေ ဝင်သတ်သွားသည်ဟုထင်၍ "ဂျပန်တွေလည်ပင်းလာညှစ်သတ်သွားတာ" ဟု လွယ်လွယ်ပြောခဲ့သည်။ ယခု -

"အကယ်တည် ဂျပန်တွေက လည်ပင်းညှစ်သတ်သွားတယ်ဆိုရင် မျက်လုံးကြီးတွေ ပြူးကျယ်ပြီး သေနေရမယ်နော်၊ မင်းသေချာစစ်ဆေးကြည့်ခဲ့လား"

အခင်းဖြစ်စဉ်ကတော့ အေးတိအေးစက်လုပ်နေပြီး ယခု ဂျပန်တွေ ဘယ်တော၊ ဘယ်တောင် ရောက်သွားကြပြီမှန်း မသိခါမှ ခေါ်မေးစစ်ဆေးရမလားဟု ဗိုလ်မှူးသောမတ်စ်ကို ကျိန်ဆဲချင်နေသော ရန်ကျန်စစ်က -

"လည်ပင်းညှစ်သတ်သွားတာလား၊ ဓားစေ့ညှစ်သတ်သွားတာလား မသိဘူး၊ သေတဲ့လူတွေကတော့ မျက်လုံးပြူး မျက်ဆံပြူး သေနေကြတာ အမှန်ဘဲ" ဟု သူအပြစ်လွတ်အောင် ပြောလိုက်သည်။

သည်လိုနှင့် ဟူကောင်း၏ အမှတ် (၈) ပြဿနာမှာ ဂျပန်တွေ ဝင်သတ်သွားသည်ဟူသော ထင်မြင်ချက်နှင့်သာ အဆုံးသတ်သွား၏။ ဂျပန်တွေ သေနတ်သုံးလက်ကို ယူမသွားကြသည်မှာလည်း ရှင်ဗွေယံဘက်ကသော်၎င်း၊ ဟူးကောင်းဘက်ကသော်၎င်း ကားလာသံကြားသဖြင့် ကမန်းကတန်း ထွက်ပြေးသွားကြခြင်း ဖြစ်မည်ဟု တွေးကြပြန်သည်။ ထို့ကြောင့်လည်း မဟာလီဒို လမ်းမကြီး၏ ဖောက်လုပ်ပြီးစအပိုင်းပင်ဖြစ်သော်လည်း ဖောက်လုပ်ရေး၊ ထိန်းသိမ်းပြုပြင်ရေး လုံခြုံရေး စသည်တို့တွင် တာဝန်ရှိကြသော ဗိုလ်မှူးဗိုလ်ကြီးများကို ဂျပန်တွေ အချိန်မရွေး ရောက်လာနိုင်သည် သတိဝီရိယ ရှိကြရန်ဟု တစ်လှန့်ထားသည်။ ဟူကောင်း၏ ထိုအမှတ် (၈) လေယာဉ်ကွင်း၏ အစောင့်များကိုလည်း ပြန်မချသေးဘဲ ယာယီရပ်ထားသည်။

တာဝန်ရှိသူများကို ထိုသို့ တစ်လှန့်မထား၍တော့မဖြစ်။ ဤမဟာလီဒိုလမ်းမကြီး၏ မဟာစီမံကိန်းမှူးကြီး စတီးဝဲလ်မှာ တိုက်ခိုက်ရေး လမ်းဖောက်၊ လမ်းဖောက်ရင်းတိုက်ခိုက်နှင့် တိုက်ရင်းခိုက်ရင်း ရှေ့တန်းရောက်နေသည်။ ရှင်ဗွေယံကို ဦးဆုံး ရောက်လာသော တရုတ်တင့်ကားတပ်မ ၂၂ - နှင့်အတူ ဝါလောဘမ်း ရွာဆီတို့တွင် ဂျပန်တပ်မကြီး ၁၈ - နှင့် ရှေ့တန်းတွင် မီးကုန်ယမ်းကုန်ကြနေကြပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ထိုအမှတ် ၁၈ - တပ်မကြီးမှာ ပေါ့သေးသေး တပ်မဟုတ်။ စင်ကာပူတို ပါ ဝင်သိမ်းလာသော အဓိကရ နီပွန်တပ်မကြီးဖြစ်သည်။

သို့သော် ထိုတပ်မကြီး၏ သံချပ်ကာကား၊ စစ်ကားတွေမှာ ရန်ကုန်တွင် အင်္ဂလိပ်များ ဆုတ်ခွာရစဉ်က ကျန်ရစ်ခဲ့သော ဗြိတိသျှတို့၏ ကားများဖြစ်သည်။ ဂျပန်တို့သည် ထိုကားများကို ဂျပန်တပ် အမှတ် ၁၈ - တပ်ဆိပ်ကပ်၍ ပြန်သုံးရင်း ဤဟူကောင်းတောင်ကြားသို့ ရောက်လာခဲ့ကြခြင်းဖြစ်သည်။

စတီးဝဲလ် ရှေ့သို့ ဆက်ချီသောအခါ တရုတ်အမှတ် ၂၂ - တင့်ကားတပ်က လက်ျာတောင်ပံ ဖြန့်၍ရင်း၊ အမှတ် ၃၈ - အခြားတရုတ်တပ်က လက်ဝဲတောင်ပံ ဖြန့်၍ရင်း ချီတက်နေသည်။ တိုက်ပွဲတွေက ပြင်းထန်လာသလို မဟာလီဒိုလမ်းမကြီးကလည်း စတီးဝဲလ်နောက်ကို စွပ်ကြောင်းကြီးသဖွယ် လုလုပပ ပေါက်လိုက်ပါလာသည်။ ထိုအထဲတွင် လမ်းမကြီးနှင့်ယှဉ်၍ အိန္ဒိယပြည် ကာလကတ္တားနှင့် စစ်တကောင်းမှ ဆက်သွယ်ယူလာသော ၄ - လက်မ ရေနံပိုက်လိုင်းကလည်း လမ်းမကြီးနှင့်အတူ မြှောင်းပါလာလေသည်။

ထိုအချိန်၌ မဟာမိတ် စစ်ဗိုလ်များက ဦးစီးလှုံ့ဆော်နေသော ဂျပန်တော်လှန်ရေး အုပ်စုဖွဲ့များကလည်း ထကြွလာကြသည်။ မြစ်ကြီးနား မြောက်ဘက် ဖို့ဟတ် (ပူတာ) အိုမှ ကချင် လဲဗီးတပ်တို့လည်း တောင်ဘက်သို့ ချီတက်လာပြီး "စွန်ပရာပုံ"ကို သိမ်းလိုက်ကြလေပြီ။ မဟာမိတ်တို့၏ ကြည်းတပ် လေတပ်တို့ကလည်း ကူနေသဖြင့် စတီးဝဲလ်မှာ အောင်ပွဲရနေသည်။

သို့သော် - သူသည် သူ၏ မဟာလီဒိုလမ်းမကြီးကို စိတ်မချနိုင်သေး။ ထိုအချိန်၌ အိန္ဒိယပြည် အင်ဖာကို - ဝင်တိုက်နေသော ဂျပန်တို့သည် လီဒိုလမ်းထိပ် ဘင်္ဂလား အရှေ့ပိုင်း မီးရထားလမ်းကိုဖြတ်ကာ သူ့လီဒိုသို့ ရောက်လာမည်ကို စိုးရိမ်နေသည်။ ဤသည်ကို စလင်းက "ကိစ္စမရှိပါဘူး၊ အိန္ဒိယစစ်တပ်နဲ့ ရခိုင်က အမှတ် ၅ - တပ်မတို့က ထိန်းပေးနိုင်ပါတယ်" ဟု ပြောသဖြင့် မိုးကောင်းဘက်ကို ဆက်ချီလေသည်။

ထိုအချိန်က အင်ဖာနှင့် ပတ်သက်၍ ဒေလီမြို့ အစည်းအဝေး



တွင် အိန္ဒိယပြည် ကာကွယ်ရေးဆိုင်ရာ ဗိုလ်ချုပ်ကြီး ဆာ - ကလော့ဒ် အော်ချင်လက်သည် အင်ဖာစစ်ကြောင်းနှင့် ပတ်သက်၍ အထူးစိတ်လှုပ်ရှားနေကြသော မင်းပရိသတ်တို့အား အတော်ကြီးကို ရှင်းပြနေရသည်။

"လူကြီးမင်းများခင်ဗျား၊ ဒီစစ်ကြောင်းကို ဘယ်နည်းနဲ့မှ မကျရှုံး စေရပါဘူးလို့ တာဝန်အရှိဆုံး သေနာပတိကြီး မောင့်ဘက်တန်ကိုယ်တိုင်က ကျွန်တော့်ကို အမိန့်ရှိထားပါတယ်။ အခုလဲဘဲ အင်ဖာဟာ ကျွန်တော်တို့ လက်ထဲမှာဘဲ ရှိပါသေးတယ်။ အခိုင်အမာလဲ ကာကွယ်ထားလို့ပါဘဲ။ ဒီလို တိုက်ကြခိုက်ကြတယ်ဆိုတော့ - အင် . . . တစ်ချို့ ရန်သူတပ်ဆိုတာ အနီးအပါးကို ရောက်တာလဲ ရောက်မယ်။ ထွင်းဖောက်ချင်လဲ ထွင်းဖောက်မယ်။ ဒါမျိုးလောက်ကတော့ တိုက်ပွဲဆိုတာ တစ်ခါတစ်ခါ ဖြစ်နိုင်ကြတာပါဘဲ။ ဒါပေမယ့် ဒါဟာ စစ်မျက်နှာကြီး တစ်ခုလုံးရဲ့ အရှုံးအနိုင်လို့ မဆိုနိုင်သေးပါဘူး။ ဒီတော့ လူကြီးမင်းများ စိတ်ချထားစေချင်တာကတော့ ကျွန်တော်တို့ရဲ့ စစ်မှူးကြီးများဟာ ဘယ်နည်းနဲ့မှ ဒီအင်ဖာစစ်ကြောင်းကို ရန်သူလက် မရောက်စေရပါဘူး ဆိုတာဘဲ ဖြစ်ပါတယ်"

အိန္ဒိယပြည် ကာကွယ်ရေး ဗိုလ်ချုပ်ကြီး ဆာ - ကလော့ဒ် အော်ချင်လက် စကားကို အချို့က ယုံကြည်သည်။ အချို့ကမူ အင်္ဂလန်နှင့် အမေရိကမှ မီဒီယာများ၏ ဝေဖန်ချက်ကိုသာ နားစွင့်နေကြသည်။ အမေရိကန် အသိုက်အဝိုင်းဘက်ကမူ မိုးကောင်းဘက်က စတီးဝဲလ်တို့တပ်များနှင့် သူတို့အကျိုးနှင့် ပတ်သက်နေသည့် တရုတ်ပြည်သို့ ရောက်နေသော အမေရိကန် လေတပ်ဗိုလ်ချုပ် ချင်းနော့တို့ လူစု အတွက်ကိုပါ လှမ်းပြီး စိတ်မချဖြစ်နေကြသည်။

ထို့သို့ သူတို့စိတ်မချ ဖြစ်မည်ဆိုကလည်း ဖြစ်စရာပင်။ အင်ဖာ၏ အခြေအနေမှာ ဂျပန်လက်ထဲ နေ့ကျမလား၊ ညကျမလား ဖြစ်နေ၏။ မတ်လ (၉) ရက်နေ့တွင် ဂျပန်စစ်ကြီး ချီလာပြီဟူသော သတင်းကြောင့် အင်ဖာဆေးရုံရှိ လူနာများနှင့် သူနာပြု ဆရာမများအား ထိုနေ့ လည်တွင်ပင် အင်ဖာမှ ပြောင်းရွှေ့ရန် အမိန့်ရောက်လာသည်။

ထို့ကြောင့် လူနာ ၄၀၀ - ခန့်ကို မော်တော်ကားများနှင့်

www.burmeseclassic.com

www.burmeseclassic.com



တင်၍ ကိုဟီမားသို့ ပို့နေပြီ၊ ဆေးကုသမှုနှင့် ဆိုင်သော ပစ္စည်းကိရိယာများကိုလည်း ထုပ်ပိုးပြင်ဆင်နေကြသည်၊ ဤအချိန်တွင် အမိန့်သစ်တစ်ခု ထပ်၍ရောက်လာပြန်၏။

ဆေးရုံကို လူနာ ၅၀၀ - ထားနိုင်အောင် ပြုပြင်၍ နောက်တစ်နေ့တွင် ပြန်ဖွင့်ပါဟူသော အမိန့်တည်း။

ထို့ကြောင့်လည်း စစ်မက်ကြီး ဖြစ်ပွားလာသည့် အချိန်တွင် တသုတ်ကယက်နှင့် ရုတ်တရက် ဖြစ်ပေါ်လာသော အခြေအနေနှင့် အဖြစ်အပျက်များကို နေ့စဉ်မှတ်တမ်းဖြင့် မော်ကွန်းတင်ခဲ့သော ဆေးမှူးကြီး "ဟတ်တာဆဲလ်" ၏ မှတ်တမ်းမှာ အိန္ဒိယ၏ မဏိပူရာ အာသံပြည် အင်ဖာ ရွှေမြို့တော်အကြောင်းကို အောက်ပါအတိုင်း မှတ်တမ်းတင်ရေးသားထားသည်။

မတ်လ (၁၂) ရက်နေ့၊ အခြေအနေ ရှုပ်ထွေးနေသည်။ ထုပ်ပိုးထားပြီးဖြစ်သော ဆေးများ၊ ဆေးကိရိယာများဖြင့် ဆေးရုံကို ပြန်ဖွင့်နိုင်ရန် ကြိုးစားရသည်၊ ခွဲစိတ်ကုသသည့် ဆရာဝန်အဖွဲ့က ကိုမီလာသို့ လေယာဉ်နှင့် ထွက်ခွာသွားကြပြီ ဖြစ်သည်။ မြေလျှင် အနည်းငယ်လှုပ်၏။

မတ်လ ၁၇ - ရက်နေ့တွင် သူနာပြု ဆရာမကြီး အားလုံးနှင့် အင်္ဂလိပ်အမျိုးသမီးအားလုံးကို မော်တော်ကားဖြင့်၎င်း၊ လေယာဉ်ဖြင့်၎င်း၊ အင်ဖာမှ အိန္ဒိယသို့ ပို့လိုက်ရသည်။ အမျိုးသမီးအားလုံးက အင်ဖာမှ ထွက်ခွာရန် ငြင်းဆန်နေကြသော်လည်း အာဏာပိုင်များမှ မိမိတို့နှင့် ရင်ဆိုင်ကြရမည့် ရန်သူအကြောင်းကို နားကြေအောင် သိနေပြီးဖြစ်၍ အမျိုးသမီးများ၏ ဆန္ဒကို ခေါင်းမာစွာဖြင့် ငြင်းဆန်ခဲ့ကြရလေသည်။

သူနာပြု ဆရာမချုပ် ဖြစ်သော "မိုနီကာမက်ဒေါ်နယ်" မှာ မတ်လ ၁၇ - ရက်နေ့၌ ပုလဲအထက်ဘက်ရှိ သူနာပြု စခန်းတစ်ခုသို့ ရောက်ရှိနေပြီး ရောက်လာသမျှ လူနာများကို နေ့မအား၊ ညမနား ပြုစုကုသနေရသည်၊ စစ်မြေပြင် သူနာပြုအဖွဲ့နှင့် ဆေးမှူးများမှာ ညဘက်တွင် အိပ်ရသည်ဟု မရှိဘဲ အရေးတကြီး ရောက်လာသော လူနာများကို ခွဲစိတ်ကုသနေရသဖြင့် အပြင်တွင် တိုက်ပွဲအခြေအနေမည်ကဲ့သို့ ဖြစ်ပျက်နေသည်ကိုပင် မသိနိုင်အောင် ရှိနေတော့သည်။



ရေမှာ ချောင်းတွင်းသို့ ဆင်း၍ လားများဖြင့် သယ်ယူရသဖြင့် သူနာပြု စခန်းအတွက် လုံလောက်သည်ဟုမရှိ။ ထို့ကြောင့် ရေတစ်ဖလားကိုပင် သွန်မပစ်ရက်ဘဲ ထပ်တလဲလဲ သုံးနေရတော့သည်။

မတ်လ ၁၇ - ရက်နေ့ နံနက်တွင် သူနာပြုဆရာမချုပ် မိုနီကာ မက်ဒေါ်နယ်နှင့်အတူ သူနာပြုဆရာမကြီး စုစုပေါင်း ၄ - ဦးတို့အား အပြင်းအထန် ဒဏ်ရာရနေသောလူနာများကို သူနာပြုကား ၄ - စီးနှင့် ပုလဲမှ အင်ဖာအရောက်ပို့ပေးပြီး အင်ဖာမှ ဒိုင်နာပူသို့ လေယာဉ်ဖြင့် ခရီးဆက်စေသည်။

အခြေအနေမှာ ပို၍ဆိုးလာခဲ့ပြီ။

ဆေးမှူးကြီး "ဟတ်တာဆဲလယ်" ၏ နေ့စဉ်မှတ်တမ်း စာအုပ်ကို ပြန်၍ လှန်ကြည့်လိုက်လျှင် -

မတ်လ ၂၂ - ရက်နေ့။ လူနာ ၃၆၀ - ကို လေယာဉ်ဖြင့် ပို့ပေးလိုက်သည်၊ စစ်မြေ ဒုက္ခသည် စခန်းတစ်ခုကို ဆေးရုံလုပ်ထားရ၏။ သို့သော် ဆရာဝန်များတွင် ဆေးကိရိယာလည်း မရှိ၊ ဆရာဝန်ဝတ်စုံလည်းမရှိ၊ ဆေးအဖွဲ့သား ၆ - ဖွဲ့ရှိသည်။

မတ်လ ၂၃ - ရက်နေ့၊ ထိုင်နိုင်သော လူနာများကို တစ်နေ့လုံး လေယာဉ်နှင့် ပို့နေရသည်၊ သို့သော် ရှိသည့် လူနာမကုန်ခင် လူနာအသစ်များထပ်၍ ရောက်လာသည်၊ အခန်းများ တိုးချဲ့ရတော့၏။

ရန်သူများ မိုင် ၃၀ - ခန့် အကွာသို့ ရောက်နေပြီ၊ ထိုအချိန်၌ အရာခပ်သိမ်းပင် စစ်ဆင်နေတော့၏၊ ဆေးရုံ ပတ်ပတ်လည်တွင် စစ်တပ်များ ချထားသည်၊ ဆေးရုံတွင်းသို့ ဝင်သောအခါ သတ်မှတ်ထားသော "စကားဝှက်" ကို ပြော၍ဝင်ရသည်၊ လေယာဉ် အသွားအလာမှာမူ ခါတိုင်းလိုပင် အချိန်မပျက်။

မတ်လ ၂၈ - ရက်နေ့၊ သူနာပြုကားနှင့် ထရပ်ကားများ တစ်သီတစ်တန်းကြီး ရောက်လာသည်၊ ကားပေါ်တွင် ပါလာသူများကား များနာသူ အများအပြားပါဝင်ပြီး ဒဏ်ရာရသူ အနည်းငယ်သာရှိသည်။ ဆေးရုံတစ်ခုလုံး လျှံနေသည့်အပြင် ဝရံတာများ၌လည်း ပြည့်ကြပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မတ်လ ၂၈ - ရက်နေ့မှာ ဆေးမှူးကြီး တတ်တာဆဲလ် အပါအဝင် အမှုထမ်းရသော အမှတ် ၁၄ - အထွေထွေ ဆေးရုံကြီး၏ ရာဇဝင်တွင် စာတင်ထိုက်သော နေ့တစ်နေ့ဖြစ်သည်။

ဤနေ့တွင် ဤဆေးရုံကြီးမှ ဆေးအဖွဲ့ တစ်ဖွဲ့သည် အိန္ဒိယပြည် ဒေလီနှင့် လက်ထနောင်းမြို့ ၂ - မြို့ အကြားတွင်ရှိသော ဘရီလီမြို့မှ လူနာ ၆၀၀ - အတွက် ဆေးနှင့် ဆေးကိရိယာများပါသည့် တန်ချိန် ၄၅၀ - ရှိသော ပစ္စည်းများနှင့်အတူ မိုင်ပေါင်း ၂၀၀၀ - ဝေးကွာသည့် "ကန်ဂလားတုန်ဘီ" သို့ လေကြောင်းဖြင့် ရောက်ရှိလာကာ ရှေ့တန်း စစ်မြေပြင်တွင် ဆေးရုံတစ်ရုံ ဖွင့်လှစ်နိုင်သောကြောင့် ဖြစ်သည်။

စစ်ဘက်ဆိုင်ရာတို့က ဤဆေးရုံ ပတ်ဝန်းကျင်သို့ ရန်သူများ ဝင်ရောက်မလာနိုင်အောင် ကာကွယ်ပေးထားသဖြင့် စိုးရိမ်ရန်မရှိကြောင်း ဆေးအဖွဲ့အား စောစောကပင် ပြောထားခဲ့သည်။

ဆေးရုံမှာ မြက်ပင်နှင့် သစ်ပင်များ ထူထပ်သော ချိုင့်ဝှမ်းတစ်ခုကို ရှင်းလင်း၍ အုတ်ဖြင့် ဆောက်လုပ်ထားသော ခွဲစိတ်ကုသရန် ဓာတ်မှန်ခန်းနှင့် လူနာများအတွက် တဲကြီးထိုးကာ သန့်သန့်ပြန့်ပြန့် ကျယ်ကျယ်ဝန်းဝန်း ဆောက်ထားသည်။ ဆေးရုံ စဖွင့်လှစ်မည့်နေ့မှာ ဧပြီလ ၁ - ရက် စနေနေ့ ဖြစ်သည်။

မတ်လ ၂၈ - ရက်နေ့တွင် ဆေးအဖွဲ့ရောက်လာပြီး ပါလာသည့် ဝန်စည်စလယ်များကို ကန်ဂလားတုန်ဘီတွင် ရှိနေသော အရပ်သား အလုပ်သမားများက သယ်ယူကာ ဆေးရုံအတွင်း နေရာတကျ စီစဉ်သည်။

ထို့နေ့ ညနေဘက်တွင် နယ်လှည့်ရုပ်ရှင်အဖွဲ့က တောတွင်း တိုက်ပွဲများနှင့် ထိုးဖောက်ဝင်ရောက်သည့် တိုက်ပွဲများပါသော "သည်လက်စ်အော့သည် မိုဟီကန်" ရုပ်ရှင်ကားကို ပြသည်။ ထို့နေ့ ညနေသို့ ရောက်သောအခါ အမိန့်တစ်ခု ရောက်လာပြန်သည်။

ဆေးနှင့် ဆေးကိရိယာများကို ထုပ်ပိုး၍ ၃ - ရက်အတွင်း ဆေးရုံမှ ထွက်ခွာသွားကြရမည် ဟူသော အမိန့်တည်း။

မတ်လ ၂၉ - ရက်နေ့ နေ့လည်တွင် လူနာ ၅၀၀ - အား



လက်ခံ ကုသပေးရန် အသင့်ဖြစ်နေခဲ့သော ဆေးရုံမှာ လမ်းဘေးတွင် အထုပ်အပိုးများအဖြစ်သို့ စုပုံရောက်နေရတော့၏။ ဤဆေးနှင့် ဆေးကိရိယာများသည် ဒိုင်မာပူသို့ မော်တော်ကားများဖြင့် ရောက်ကြရဦးမည်။ ထိုမှတဆင့် လေယာဉ်ဖြင့် ကိုမီလာသို့ ပြန်ကြရပေဦးမည်။ သံသရာလည်လိုက်ပုံမှာ မြန်ဆန်လွန်းလှချေ၏ တကား . . . "

ညမှောင်စပြုလာသောအခါ နောက်ဆုံးကျန်နေသော လော်လီကားက ဂီယာသွင်း၍ ကိုဟီမားအထိ ခရီးပြင်းနှင်ရန် ဟန်ချီလိုက်သည်။ ကားပေါ်တွင် ဆေးပေးခန်းမှ ပစ္စည်း ကိရိယာများနှင့် အတူ အင်္ဂလိပ် တပ်ကြပ်ကြီးတစ်ဦး လိုက်ပါလာသည်။

ဤတပ်ကြပ်ကြီးမှာ ဤအချိန်မှစ၍ နောက်လာမည့် ၃ - လအတွင်း ကိုဟီမားလမ်းကို နောက်ဆုံးသွားခဲ့ဖူးသော တစ်ဦးတည်းသော အင်္ဂလိပ်စစ်သား ဖြစ်လာတော့သည်။ အဘယ်ကြောင့်ဆိုသော် ရန်သူဂျပန်တို့သည် အင်ဖာ - ကိုဟီမားလမ်းကို ထိုနေ့ ည ရှစ်နာရီခွဲမှစ၍ ဖြတ်တောက်ပစ်လိုက်သောကြောင့်ပါတည်း။

ဆေးမှူးကြီး တတ်တာဆဲလ်၏ နေ့စဉ် မှတ်တမ်းကို ပြန်လှန်ကြည့်လိုက်မည် ဆိုပါက -

မတ်လ ၂၉ - ရက်နေ့၊ ၄၈ - နာရီအတွင်း အင်ဖာရှိ ခံတပ်အတွင်းသို့ ပြောင်းရွှေ့ရန် သတိပေးထားသည်။

မတ်လ ၃၀ - ရက်နေ့၊ လူနာ ၁၀၀၀ - ကျော်နှင့် ကျွန်ုပ်တို့ ဆေးအဖွဲ့သားများပါ နေမဝင်မီ ပြောင်းရွှေ့ပါဟု အမိန့်ထပ်လာသည်။ နေ့လည်တွင် လူနာအားလုံးနှင့် အဖိုးတန်သော ပစ္စည်းမှန်သမျှကို ထရပ်ကားများတွင် တင်ပို့လိုက်သည်။

ကျွန်ုပ်တို့ ဆေးအဖွဲ့သားများမှာ ည ၁၀ - နာရီမှ ခံတပ်သို့ရောက်သည်။ ကျွန်ုပ်တို့ ဆေးရုံအတွက်နေရာကို တောင်ကလေးတစ်လုံးဘေးရှိ လှိုဏ်တစ်ခုအတွင်းတွင် ပေးထားသည်။ ကျဉ်းကြပ်လွန်းလှ၏။ အောက်ခံမြေကလည်း ဗွက်စို ထိုင်းမှိုင်းနေသည်။ တဲတစ်ခုမျှ မရှိ။ လေဟာပြင်တွင် အိပ်ကြရ၏။ မိုးကလည်း တစ်ညလုံး ရွာလိုက်သည့်ဖြစ်ခြင်း . . . ။

မတ်လ ၃၁ - ရက်နေ့။

www.burmeseclassic.com

www.burmeseclassic.com



ဧပြီလ ၁ - ရက်နေ့။ ဆေးရုံ အဆောက်အဦ ရှိရာသို့ ပြန်သွားပြီး ဆေးရုံရှိ ပစ္စည်းများကို ဖဲရပ်ကားအစီး ၁၅၀ - ဖြင့် သယ်ယူလာသည်။ ခံတပ်အတွင်း၌ ဆေးရုံကို ပို၍ ကောင်းလာအောင် ပြုပြင်နေကြ၏။ သို့သော် ရေလည်းမရှိ၊ အိမ်သာလည်း မရှိသေး။

ဧပြီလ ၂ - ရက်နေ့။ ခံတပ်အတွင်းရှိ အခြားနေရာတစ်ခုသို့ ပြောင်းရွှေ့ရန် အမိန့်ရသည်။ နေ့လည်စာ စားချိန်တွင်ရသော အမိန့်တည်း။

နက်ဖြန်နံနက် ၉ - နာရီတွင် လူနာ ၁၀၀ - အတွက် ကုတင်နှင့် ဆေးဝါးကုသရန် အားလုံးအသင့်ဖြစ်နေရမည်။ ညနေတွင် လူနာ ၄၀၀ - အတွက် ရှိနေရမည်။

ဧပြီလ ၃ - ရက်နေ့။ လူနာ ၃၆၀ - အတွက် အားလုံးအသင့်ရှိနေပြီ။ လူနာ ၂၀၀ - မှာ ကုတင်ပေါ်သို့ပင် ရောက်နေပြီ။

ဧပြီလ ၄ - ရက်နေ့။ တစ်နေ့လုံး တဲချည်းထိုးနေရသည်။ ထိခိုက်ဒဏ်ရာရသူများ တဖွဲဖွဲရောက်နေ၏။ ဖျားနာသူ အချို့လည်း ပါသည်။ ဤနေရာသစ်မှာလည်း ဆေးရုံအတွက် နည်းနည်းမှ မသင့်လျော်။ ဆေးရုံကို ချောင်းကလေးတစ်ခုက ဖြတ်၍စီးနေ၏။

ဆေးရုံနောက်ဘက် ကိုက် ၁၀၀ - ခန့် အကွာမှ သေနတ်သံများ ကြားနေရသည်။ ဆေးရုံ အရှေ့ဘက်မှ အမြောက်သံများ တဒိန်းဒိန်း ထွက်ပေါ်နေသည်။ အခြားတစ်ဘက်တွင် လက်နက်ခဲယမ်းများ သိုလှောင်ထားသော ဌာနကြီးရှိသည်။ ၂၅ - ပေါင်ဒါ အမြောက်များမှာ တစ်ချိန်လုံး ဆူညံနေတော့၏။

ဧပြီလ ၅ - ရက်နေ့။ မြေအောက်တွင် တူးထားသော အိပ်စင်ကလေးများ ရလာသည်။ ရန်သူ လေယာဉ်များက လာရောက်တိုက်ခိုက်နေပြီ။ လေယာဉ်ပစ် အမြောက်များက တဒိန်းဒိန်း ပစ်ခတ်နေသည်။ တစ်ညလုံးလိုပင် အိပ်၍မရ။

အိန္ဒိယပြည် အင်ဖာတွင် ထိုသို့ ဆိုးဆိုးဝါးဝါး ဖြစ်နေချိန်တွင် မြန်မာပြည် မြောက်ပိုင်း စစ်မျက်နှာမှာလည်း မီးကုန်ယမ်းကုန် တိုက်ခိုက်နေကြသည်။ ထို့ကြောင့် တောင်မင်း၊ မြောက်မင်း မကာယ်နိုင်သော အခြေအနေသို့ ရောက်နေ၏။

၁၅။

အိန္ဒိယ၊ မြန်မာ စစ်မြေပြင်တွင် ထိုသို့ တောင်မင်း မြောက်မင်း မကာယ်နိုင်ဖြစ်နေကြချိန်တွင် အိန္ဒိယ၊ မြန်မာနယ်ခြား စတီးဝဲလ်၏ မဟာလီဒိုလမ်းမကြီးက လေယာဉ်ကွင်းများတွင် မဟာမိတ်တို့၏ လူနာသယ်၊ လူနာတင် လေယာဉ်များကလည်း အဆင်းအတက် ရှုပ်ယှက်ခတ်လာကြသည်။ အထူးသဖြင့် စစ်ဆေးရုံများရှိရာ လေယာဉ်ကွင်းများတွင် လေယာဉ် အဆင်းအတက်တွေက ပိုများလာသည်။

ထိုအခါ ဟူကောင်းတောင်ကြား အမှတ် ( ၈ ) ရှိ လူနာသယ် လေယာဉ်ကွင်းသို့လည်း အစောင့်အရှောက်များ ပြန်ရောက်လာကြပြန်သည်။ သို့သော် ယခင်ကလိုမဟုတ်။ လေယာဉ်ကွင်းစောင့် ငါးယောက်အပြင် ဂေါ်ရခါး တပ်စိတ်တစ်စိပ်လည်း အပိုပါလာသည်။ တစ်ခြားလူနာသယ် လေယာဉ်ကွင်းတွေနှင့်စာလျှင် ဤလေယာဉ်ကွင်းမှာ ထူးခြားနေသည်။ သို့သော် အသစ်ရောက်လာသူများက ယခင်က အဖြစ်အပျက်ကို လုံးဝမသိကြ။ ထူးခြားစွာ ပို၍ အစောင့်တပ်စိတ်တစ်စိတ်အပိုချထားခြင်းမှာ စစ်ရေးအရ အရေးကြီးလာ၍ဟုသာ ထင်ခဲ့ကြသည်။

အမှန်မှာ သူတို့အား အမှတ် (၈) လူနာသယ် လေယာဉ်ကွင်းကိုမှ တမင်ရွေး၍ ချထားခြင်းမှာ ဗိုလ်မှူးကြီး သောမတ်စ်၏ အစီအစဉ်ပင်။ ဤစခန်းအကြောင်းကို နားစွန်နားဖျား ကြားထားသူများကို ချထားလျှင် တစ်စုံတစ်ခု အရေးပေါ်လာသည်နှင့် ကြောက်လန့်တကြား လန့်ဖျပ်ထွက်ပြေးသွားမှာစိုး၍ ရှင်ဗွေယံဘက်က လူသစ်များများကို တမင်ရွေးချယ် ချထားလိုက်ခြင်းဖြစ်သည်။

သို့သော် တပ်ကြပ်ကြီး အာဂံအား ဗိုလ်မှူး သောမတ်စ်က အကြောင်းထူးလျှင် ချက်ချင်း သူ့ထံ တိုက်ရိုက်လာ အစီရင်ခံရန် ဖွစ်ကားတစ်စီးပါ ပေးထားလိုက်သည်။ သူက "အကြောင်းထူးလျှင်" ဟူသော စကားကို တပ်ကြပ်ကြီး အာဂံက မျက်လုံးပုတ်ခတ်ပုတ်ခတ်လုပ်ပြီး သံသယတစ်စုံတစ်ရာနှင့် ကြောက်လန့်တကြား နားထောင်နေ

www.burmeseclassic.com

www.burmeseclassic.com



လေသလားဟု ထင်သဖြင့် ဗိုလ်မှူးကြီး သောမတ်စ်က "ဘာမှမဟုတ်ပါဘူး ဆာဂျင်ရယ်၊ အရင်က အဲဒီစခန်းမှာ အလုပ်သမားတစ်ယောက်တို့ နေ့ခင်းကြောင်တောင်ကြီး ကျားဆွဲခံထားရဖူးလို့ပါကွ။ မင်းဂျူတီကင်းတွေတော့ နေ့ရောညပါ မလစ်ဟင်း စေနဲ့နော်၊ ကြပ်ကြပ် မတ်မတ် စောင့်ဖို့ပါဘဲ" ဟု ကျောင်းဆရာလေသံနှင့် သွားခါနီး မှာလိုက်လေသည်။

သူတို့သည် ညနေသုံးနာရီကျော်တွင် အမှတ် ( ၈ ) လူနာသယ် လေယာဉ်ကွင်းသို့ရောက်လာကြ၏။ ကွင်းရောက်ခါမှ ကြိုးမဲ့ ကြေးနန်းဝါယာလက်ရဲဘော်တစ်ယောက်က "ဆာဂျင်ကြီး၊ ဘယ်စခန်းက လာလဲ" ဟုမေး၏။

"ငါက လုံခြုံရေးက မဟုတ်ဘူးကွ၊ တိုက်ခိုက်ရေး ပွိုင့် (၃၀၀) က တာဝန်နဲ့လာတာ" ဟု ပြောလိုက်၏။

"မင်းကကော" ဟု တပ်ကြပ်ကြီးက မေးရာ -

"ကျွန်တော်က ဆက်သွယ်ရေးသင်တန်းဆင်းပါ" ဟု ကော်ပတာက ပြန်ပြောသည်။

"ဒီကောင် လူသစ်ဘဲ" ဟူသော သဘောဖြင့် တပ်ကြပ်ကြီး အာဇံက ထပ်မမေးတော့။

သာမန်လူသားများအတွက် ဟူးကောင်းတောင်ကြား၏ အမှတ် (၈) လူနာသယ် လေယာဉ်ကွင်းမှာ ဘာမှထူးခြားမှုမရှိ။ သူတို့၏ တင်းဂူရွက်ဖျက်တဲ ထိုးပြီးချိန်မှာ နေရောင်ခြည်များကို လေယာဉ်ကွင်း ငယ်ထဲ၌ မမြင်ရတော့။ မြင့်မားဝေသီသော တောင်ထိပ်ပေါ်မှာတော့ နေရောင်ခြည်များက ဟိုတစ်ကွက်၊ သည်တစ်ကွက် ကျန်နေသေး၏။

ညနေစာ စားပြီးကြသည်နှင့် အာဇံက ကင်းချသည်။ အလုပ်သမားများ ဖြစ်ကြသော လေယာဉ်ကွင်းစောင့် နှစ်ယောက်မှာ ဆက်သွယ်ရေး ရဲဘော်များနှင့် လုပ်ငန်း သဘာဝအရ ဆက်စပ်နေသဖြင့် သူတို့ တင်းဂူတဲထဲ ဝင်သွားကြ၏။ ဤညသည် ရောက်ခါစ ဖြစ်သဖြင့် သူတို့အတွက် များစွာ အရေးမကြီး။ လုံခြုံရေး တပ်စိတ် ဖစ်စိတ်ကလည်း ရှိနေရာ စိတ်ချလက်ချ ထမ်းစားပြီး နပ်နေလိုက်ကြရုံသာ။

ကင်းချပြီးသွားသော တပ်ကြပ်ကြီး အာဇံသည် မိမိ၏ တင်းဂူ



တဲထဲတွင် ဟိုငေးသည်ငေးနှင့် စီးကရက် ထိုင်ဖွာနေ၏။ တောင်မြင့်ထိပ်များပေါ်က နေရောင်ခြည်များ ကွယ်ပျောက်သွားသောအခါ ပိုးကောင်မွှားကောင်တို့၏ တစီစီမြည်သံကို လေယာဉ်ကွင်း ကားလမ်းဘေးနှစ်ဘက် တောစမှကြားလာရသည်။ မကြာမီမှာပင် သူတို့၏ တင်းဂူတဲနား ဝန်းကျင်သို့ ညမှ အစာရှာထွက်တတ်ကြသော ညငှက်များ၊ လင်းဆွဲများနှင့် လိပ်ပြာလှုလှုလေးများ ဝဲပျံရောက်လာကြသည်။

နောက်တစ်နေ့ နံနက် ရှစ်နာရီတွင် ကင်းဝင်ကြရမည့် ရဲဘော်သုံးယောက်နှင့် ကားဒရိုင်ဘာ ကော်ပတာတို့က တင်းဂူတဲထဲ ဝင်အိပ်ကြပြီး မကြာမီမှာပင် ညကျလျှင် ကင်းတွေကို ထွက်စစ်ရမည် ဖြစ်သဖြင့် အာဇံလည်း တစ်ရေးတမောတော့ အိပ်လိုက်ဦးမည်ဟု တင်းဂူတဲထဲ ဝင်လာသည်။

အိပ်ပျော်ခါနီးချိန်တွင် တင်းဂူတဲဝဆီမှ တဖျပ်ဖျပ် အသံများကို ကြားနေရသဖြင့် ထထိုင်သော လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လိုက်၏။ ညငှက်ကလေး သုံးလေးကောင်သည် တင်းဂူတဲဝ အမိုးစွန်းတွင် တောင်ပံ တဖျပ်ဖျပ်ခတ်၍ လာနားနေကြသည်ကို မြင်လိုက်ရသည်။ သေသေချာချာ ကြည့်လိုက်သောအခါ လိပ်ပြာ ရောင်စုံ လှုလှုလေးတွေ ဖြစ်နေသဖြင့် အာဇံသည် လက်နှိပ်ဓာတ်မီးကို ဘေးချကာ ပြန်အိပ်နေလိုက်သည်။

ထိုအချိန်ကစ၍ သတင်းသွားစစ်ရမည့် တပ်ကြပ်ကြီး အာဇံကား လုံးဝ နိုးမလာတော့ပေ။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

၁၅။

ဟူးကောင်း တောင်တန်းကြီးများပေါ်မှ ထိုးဆင်းပြာကျလာသော နေရောင်ခြည်များသည် မဟာလီဒို လမ်းမပေါ် ပြန့်ကျလာလေပြီ။ အချိန်မှာလည်း နံနက်ရှစ်နာရီခန့်ပင် ရှိသွားလေပြီ။

လေယာဉ်ကွင်းဝယ် အမှတ် ( ၈ ) အနောက်နားရှိ ရဲဘော်ရမ္မနား စိတ်တိုလာသည်။ တစ်ညလုံး တင်းလာမစစ်သဖြင့် သူ့မှာ လာစစ်နိုး၊ လာစစ်နိုးနှင့် စောင့်ရင်း တစ်ညလုံး မှေးပင် မမှေးခဲ့ရ။ ဆာဂျင်အာဇံ၏ ညစ်ချက်မှာ သူ့အဖို့ မသက်သာလှ။ အကယ်၍ တစ်ကြိမ်တစ်ခါ ကင်းလာစစ်သွားခဲ့လျှင် နာရီဝက် တစ်နာရီတော့ စိတ်ချလက်ချ တောင်ကမ်းပါး မြေမွေ့ရာကိုမှီကာ ခဏဘဲဖြစ်ဖြစ် ငိုက်မျဉ်းနိုင်မည် မဟုတ်ပါလား။

ယခုတော့ တစ်ညလုံး မိုးလင်းသည်ထိ ပေါ်မလာ။ ယခု ကင်းလဲ ကင်းပြောင်းချိန်ရောက်နေပြီ။ အာဇံကား ပေါ်မလာသေး။ သူ့တာဝန်ကို နေ့ဘက်ဆက်ယူမည့် ရဲဘော်လည်း ပေါ်မလာသေး။ ဗိုက်ထဲကလည်း တကြုတ်ကြုတ် ဆန္ဒပြလာပြီ။ ဖြစ်ချင်ရာဖြစ်ဟု တင်းထဲသို့ ပြန်လာ၏။

ဝါယာလက် ကင်းဂူတဲနားက ဖြတ်လာရသော်လည်း ဗိုက်ဆာ၍ ဒေါသဖြစ်လာသော ရမ္မနားသည် ဝါယာလက်ကင်းတဲ၏ ထူးခြားချက်ကို လုံးဝသတိမမူခဲ့။ သူတို့၏ ယာယီ ကင်းထဲရှိရာသို့သာ စိုက်စိုက်မတ်မတ် လျှောက်လာသည်။

အချိန်မှာ ရှစ်နာရီခန့်ရှိပြီ။ နေရောင်ခြည်များကလည်း လမ်းမပေါ် ပြန့်ကြနေကြပြီ ဖြစ်သော်လည်း တင်းဂူတဲရှေ့တွင် တစ်စုံတစ်ယောက်ကိုမှ မမြင်ရသဖြင့် သူစိတ်ထဲ တစ်မျိုးဖြစ်သွားသည်။ အမှန်က ဤအချိန်သည် သူတို့ရဲဘော်များအတွက် ရေမွှေးတည် လက်ဖက်ရည်ဖျော်ပြီး ဗရိုက်ဖက် နံနက်စာကို အိန္ဒိယလူပ် ခရိန်းခရကာမှန့်နှင့် လွေးနေကြရမည့် အချိန်ဖြစ်၏။ ယခုတော့ တဲနားတွင် လူတစ်ဦးတစ်



ယောက်ကို မဆိုထားနှင့် မီးဖိုလေးတစ်ဖို၊ ဟမ်းဂေါကလေး တစ်လုံးကိုပင် မြင်ရ။

ရမ္မနား စိတ်တိုတိုနှင့် တင်းဂူတဲဝမှ ခေါင်းငုံ့ပြီး အထဲကို ကြည့်လိုက်၏။ ဆာဂျင်အာဇံ အပါအဝင် မောင်မင်းကြီးသား လေးယောက်သည် တင်းဂူထဲတွင် အငြိမ့်သား ကျိန်းစက်တော်မူနေကြသည်။

ရမ္မနားမှာ ပိုပြီး ဒေါသထွက်သွား၏။ အထူးသဖြင့် တာဝန်ရှိသော ဆာဂျင်အာဇံကို မနေ့ညကတော့ အရေးကြီးသည်၊ မင်းတို့ကောင်တွေ လုံးဝလုံးဝ အိပ်ဖို့မပြောနဲ့ ငိုက်နေတာ တွေ့တာနဲ့ ရှေ့တန်းပြန်ပို့မယ်ဟု ကျိမ်းသွားပြီး ယခုတော့ သူက ကင်းဝင်ရမည့် အကောင်တွေနှင့် တဲထဲ ကုလားသေကုလားမျော အိပ်နေသည်။

ရမ္မနားသည် ဒေါသဖြစ်ဖြစ်နှင့် ချက်ချင်း ဆာဂျင်အာဇံနားရောက်သွားသည်။

"ဆာဂျင် . . . ဆာဂျင် . . ."

သူ့အနားတွင် မတ်တပ်ရပ် ငုံ့ကြည့်၍ ခေါ်သော်လည်း အာဇံကား တုတ်တုတ်မျှမလှုပ်။ ပိုပြီး ဒေါသဖြစ်ကာ လက်တစ်ဘက်ကို ငုံ့ဆွဲပြီး အော်လိုက်၏။

"ဆာဂျင်၊ ဆာဂျင် . . ."

ရမ္မနား လှမ်းဆွဲလိုက်သော လက်က အေးတိအေးစက် ဖြစ်နေသောအခါ ရုတ်တရက် လွှတ်ချမိလိုက်သည်။ အာဇံ၏ လက်မှာ ဗုတ်ထနဲ့ ပြုတ်ကျသွား၏။ ကိုယ်ကမူ လှုပ်လည်းမလှုပ်၊ လွန့်လည်းမလွန့်။ ဆာဂျင်အာဇံနှင့် အတူအိပ်နေကြသော ကုလားလေးကောင်ကလည်း နိုးလာဖို့ မဆိုထားနှင့် အာဇံနည်းတူ မလှုပ်မရှား။

"ဟင် . . ."

ရမ္မနားသည် ရုတ်တရက် ထိုင်ချလိုက်ပြီး အာဇံ၏ မျက်နှာကို ဆွဲ လှည့်ကာ "ဆာဂျင် . . . ဆာဂျင် . . ." ဟု အော်ခေါ်လိုက်သည်။ ရုတ်တရက် လန့်ဖျပ်ပြီး သူ့လက်ကို ကမန်းကတန်း ရုပ်လိုက်မိသည်။ သူဆွဲလှည့်လိုက်သဖြင့် အာဇံ၏ မျက်နှာက တစ်ဘက်သို့လည်ကာ ပြုတ်ကျသွားသည်။ လုံးဝလှုပ်မလာတော့။

"အာဇံသေနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



သွေးရူးသွေးတန်းနှင့် လန့်ဖျပ် ရေရှုတ်လိုက်ကာ ရဲဘော်လေးယောက်တို့၏ မျက်နှာကို တစ်လှည့်စီ လှုပ်နှိုးဆွဲညှစ်ကြည့်သည်။ မည်သူမှ လှုပ်မလာ။ အားလုံး သေကုန်ကြလေပြီ။

ရမ္မနားသည် တုန်လှုပ်ချောက်ချားစွာနှင့် အာဇာလည်ပင်းမှ ခရာ ဝီစီကို ဆောင့်ဆွဲဖြုတ်ကာ တဝီဝီ မှုတ်လိုက်သည်။ "ရန်သူ၊ ရန်သူ" ဟုလည်း အော်ဟစ်လိုက်သည်။

ရမ္မနား၏ ခရာတွတ်သံကြောင့် ကင်းအဖွဲ့တွေ စခန်းတင်းကုတဲသို့ သေနတ်ချိန်၍ ပြေးရောက်လာကြသည်။ သူတို့၏ တပ်ကြပ်ကြီး အာဇာနှင့်တကွ ရဲဘော်လေးယောက်စလုံး သေနေကြသည်ကို တွေ့လိုက်ကြရသောအခါ အားလုံးမှာ မျက်ကလူးဆံပျာ ဖြစ်ကုန်ကြ၏။

ရမ္မနားအပါအဝင် ကျန်ရဲဘော်များမှာ အမှတ် (၈) လူနာသယ် လေယာဉ်ကွင်းတွင် ဆက်မနေရဲကြတော့ဘဲ ဗိုလ်မှူးကြီး သောမတ်စ်ရှိရာသို့ ခြေလျင် ပြေးလာခဲ့ကြသည်။ ဂျစ်ကားမောင်းသူ ကာဒရိုင်ဘာ မာမွတ်ဘိုင်မှာလည်း အာဇာတို့နှင့်အတူ အမှတ် ( ၈ ) ကွင်းတွင် သေကျန်ခဲ့လေပြီ။ သူတို့အထဲ၌ ကားမောင်းတတ်သူ တစ်ယောက်မှပါမလာ။ ထို့ကြောင့် ခြေလျင်ပင် ပြေးချလာကြသည်။

❏ ❏ ❏

၁၇။

အလွန်သွေးအေးသော ဗိုလ်မှူးသောမတ်စ်ကြီးမှာ ဤတစ်ခါ သွေးမအေးနိုင်တော့။ နီးရာ တပ်ဖွဲ့တစ်ဖွဲ့ကို ကမန်းကတန်း စုစည်းလိုက်ပြီး ရမ္မနားတို့နှင့်အတူ အမှတ် (၈) လေယာဉ်ကွင်းသို့ ချက်ချင်းလိုက်လာရသည်။

ယခင်က အဖြစ်အပျက်နှင့် ယခုအဖြစ်အပျက်ကို သက်ဆိုင်ရာသို့ အစီရင်ခံရမည့် ကိစ္စကိုလည်း တစ်လမ်းလုံး တွေးလာသည်။ ရမ္မနားတို့ ပြောတုန်းက တပ်ကြပ်အာဇာနှင့် ရဲဘော်လေးယောက်တို့သာ သေသည်ဟုထင်ခဲ့၏။ ဟွားကောင်းတောင်ကြား၏ အမှတ် (၈) လူနာသယ် လေယာဉ်ကွင်းသို့ ရောက်သောအခါ ကွင်းစောင့်နှစ်ယောက်နှင့် ဆက်သွယ်ရေးက ရဲဘော်သုံးယောက်ပါ သူတို့တင်းကုတဲထဲတွင် အိပ်ပျော်ရင်း သေနေကြသည်ကို အံ့ဖွယ်ဘနန်း မျက်မြင်ကြုံရတော့သည်။

လွန်ခဲ့သော တစ်လနီးပါးက တရုတ်စစ်ဗိုလ်လေး ရန်ကျန်စစ် လာပြောစဉ်ကမူ သေသူများကို သူကိုယ်တိုင် မမြင်လိုက်ရ။ ယခုကိုယ်တွေ့ မြင်ရသောအခါ သောမတ်စ်ကြီးမှာ အကြီးအကျယ် တုန်လှုပ်သွားသည်။ သူ့အား သတင်းလာပို့သူ ရမ္မနားတို့ အဖွဲ့မှာလည်း သူကဲ့သို့ပင် အံ့သြတုန်လှုပ်နေကြသဖြင့် ကွင်းစောင့် ကုလီနှစ်ယောက်နှင့် ကြိုးမဲ့ဆက်သွယ်ရေးက ရဲဘော်သုံးယောက်ကိုပင် သတိမထားနိုင်ခဲ့ကြဖြစ်ရသည်။

ဗိုလ်မှူး သောမတ်စ်သည် အလောင်းများကို သေသေချာချာ စစ်ဆေးကြည့်သည်။ ရန်ကျန်စစ် ပြောသလို တစ်ယောက်မှ မျက်လုံးပြူးမျက်ဆံပြူးနှင့် မြင်မကောင်း ရှုမကောင်း သေနေကြသည်ကို မတွေ့ရ။ သေသူအားလုံးမှာ မျက်လုံးမှိတ်ပြီး တိတ်တိတ်ဆိတ်ဆိတ် အိပ်ပျော်ရင်း သေနေကြသည်ကိုသာ တွေ့ရသည်။

လည်ပင်းတွင် ဒဏ်ရာရှိသလားဟု ကြည့်၏။ မတွေ့။ တရုတ်စစ်ဗိုလ်လေးရန်ကျန်စစ် ပြောခဲ့သည်ကို သတိရသဖြင့် တစ်လောင်းပြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်လောင်း ဘောင်းဘီတွေကို ချွတ်ကြည့်၏၊ ဘာဒဏ်ရာ ဗဏ်ချက်မှ ထူးထူးခြားခြား မတွေ့၊ အညိုအမည်း၊ အစွမ်းအထင်း အပေအကျံ ဆိုသည်ကိုလည်း တစ်လောင်းလောင်း ကိုယ်ပေါ်မှာမှ ရှာမတွေ့ရ။

"ဘယ်လိုဖြစ်ပြီး အိပ်ပျော်ရင်း သေသွားကြပါလိမ့်"

သောမတ်စ် တွေးမရ။ အစားအသောက် မှား၍ သေသည်ဟု ယူဆရအောင်ကလည်း ကွင်းစောင့်တွေနှင့် အာရံတို့ တစ်စိတ်တွေမှာ တစ်အိုးတစ်ခွက်တည်း စားကြသူတွေ မဟုတ်။ ပြီးတော့ ညက ကင်းစောင့်နေသော ရဲဘော်တွေက ဘာမှမဖြစ်၊ အိပ်နေသူ မှန်သမျှသာ တစ်ယောက်မကျန် သေကုန်ကြသည်။

ဂျပန်များသည် အိပ်ပျော်နေသူများကို တိတ်တဆိတ်လာပြီး အဆိပ်ခတ်သတ် သွားလေသလား။ သေသူများမှာ အဆိပ်မိ၍ မချိမဆံ့ ရုန်းကန် လူးလှိမ့်ပြီး သေသွားကြသော လက္ခဏာကိုလည်း မတွေ့ရ။ ဂျပန်တို့၏ အဆိပ်ဆေးမှာ ဘယ်လို အဆိပ်ဆေးမျိုးပါလိမ့် ဤကိစ္စမှာ ဆေးဘက်ဆိုင်ရာကသာ အဖြေပေးနိုင်မည် ဖြစ်သဖြင့် အလောင်းကောင်များကို မမြှုပ်သေးဘဲ ဗိုလ်မှူးချုပ် ဂျေဖရီစီနီယာနှင့် ဆေးရုံက ဆရာဝန်ကြီး ဗိုလ်မှူး လင်းဘက်တို့ဆီ အကြောင်းကြားသည်။

ဗိုလ်မှူးချုပ် ဂျေဖရီစီနီယာဆီက ချက်ချင်းအမိန့်ပြန်သည်။ အလောင်းအားလုံးကို အမြန်ဆုံး မြှုပ်ပစ်လိုက်၊ အမှတ် (၈) လူနာသည် လေယာဉ်ကွင်း တစ်ပိုက်ကို တပ်ထောင်တာ ဗိုလ်ထုနှင့် လူစု ပိုက်စိုက် တိုက်ရှာရန် သူစီစဉ်လိုက်ပြီ။

ဗိုလ်မှူးချုပ် ဂျေဖရီစီနီယာကလည်း သောမတ်စ် ထင်သလို ဂျပန်များ လီဗိုလမ်းမကို ဖြတ်တောက်ပစ်ရန် ရောက်လာကြပြီ၊ အလုပ်သမား ကူလီများကအစ အရာရှိအရာခံ အကြွင်းမဲ့ အားလုံးကို ထို အမှတ် ( ၈ ) လူနာသယ် လေယာဉ်ကွင်း ပတ်ဝန်းကျင်သည် အန္တရာယ် နယ်မြေဖြစ်ကြောင်း သတိပေးလိုက်သည်။ ထို့ကြောင့်လည်း ဆရာဝန် ဗိုလ်မှူးကြီး လင်းဘက် ရောက်လာသောအခါ အလောင်းမရှိတော့သဖြင့် သူက ဆေးရုံသို့ ပြန်သွားလေသည်။ လောလောဆယ်မှာ အလောင်းများဆီက ဓာတုဗေဒ ဆေးမှတ်တမ်း ယူရန်ထက် ရန်သူကို မြန်မြန်တွေ့ဖို့သာ အရေးကြီးနေကြသည်။



သောမတ်စ်သည် လူနာသယ် လေယာဉ်ကွင်း အမှတ် ( ၈ ) ပတ်ဝန်းကျင်ကို ပိုက်စိုက်တိုက် ရှာခိုင်းထားသည်။ သူကမူ အမှတ် ( ၈ ) ကွင်းနားကမခွာ၊ အခြေအနေအရပ်ရပ်ကို လေ့လာအကဲခတ် စောင့်ကြည့်နေသည်။ ရန်သူကိုမူ ရှာမတွေ့။ တစ်နေ့ဝင် သွားပြန်ပြီ။

အမှတ် ( ၈ ) လေယာဉ်ကွင်းငယ် ဝန်းကျင်တွင် ဘာမှ ထူးခြားမှု မရှိ။ နေရောင်ခြည် ကွယ်ပျောက်သွားသောအခါ ညမှာ ထွက်၍ အစာရှာတတ်ကြသော ညငှက်၊ လင်းနို့များနှင့် ပိုးကောင်၊ မွှားကောင် လိပ်ပြာကောင်များသာ လေယာဉ်ကွင်းပေါ် ဝဲပျံ မြူးတူးနေကြသည်။

စခန်းဌာနချုပ်မှ ယာယီအရေးပေါ် ပြောင်းလာသော သူတင်းဂုတ်ရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း ဗိုလ်မှူးကြီး သောမတ်စ်သည် ရန်သူ ဂျပန်တို့၏ ထိုးဖောက်ဝင်ရောက်တတ်မှု ပြောက်ကြားစနစ်များကို တွေးတောနေမိသည်၊ တင်းဂုတ်ထဲ ဝင်အိပ်နေကြသူတွေသာ သေကုန်ကြပြီး ကင်းစောင့်နေသူတွေက ဘာမှ မဖြစ်ကြ။ အိပ်နေသူများကိုသာ အဆိပ်ဆေးဖြင့် သတ်သွားသည်။

"ဒီတစ်ညတော့ ကင်းနှင့်တကွ မည်သူမျှ မအိပ်ကြနဲ့" ဟု အမိန့်ပေးထားမှဘဲ" ဟု အတွေးရသည်။ ထို့ကြောင့်လည်း မိုးချုပ်သွားသည်နှင့် သူ့ရဲဘော်နှစ်ယောက်ကို ခေါ်ကာ ကင်းနှင့်တကွ စစ်သည်များရှိရာ တင်းဂုတ်များသို့ သွားသည်။ သူတင်းဂုတ်ထဲ၌မူ ကားဗမိုင်ဘာ ဆာဂျင်အာနရာဆန်ကို အစောင့်ထားခဲ့သည်။ သူပြန်လာလျှင် သောက်ရန် လက်ဖက်ရည် ကျကျတစ်ခွက် ဖျော်ထားရန်လည်း မှာခဲ့၏။

ဗိုလ်မှူးကြီး သောမတ်စ်သည် စခန်းတဲ တစ်ခုပြီး တစ်ခုသို့ သွား၍ သည်ညမည်သူမျှ မအိပ်စက်ကြရန်၊ အထူးသဖြင့် ကင်းနား ရဲဘော်များ၊ မနက်ဖြန် မနက်တွင် ကင်းဝင်ကြရမည့် ရဲဘော်များပါ မကျန် သည်ည မည်သူမျှ မအိပ်ကြရန် အမိန့်ပေးခဲ့သည်။ သူကိုယ်တိုင်လည်း တစ်ညလုံး မအိပ်ဘဲ အခြေအနေကို အကဲခတ် စောင့်ကြည့်မည်ဟု မှန်းထားသည်။

ဟူးကောင်း၏ အမှတ် ( ၈ ) လူနာသယ် လေယာဉ်ကွင်း တောင်ဘက် တောင်စောင်းရှိ စခန်းတဲမှ ဗိုလ်ကြီး ရစ်ချက်စ်အား သည်ည လုံးဝ မအိပ်ကြရန် အမိန့်ပေးပြီးသောအခါ သူ့ ရဲဘော်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်နှင့်အတူ သူ့တဲစခန်းရှိရာသို့ ပြန်လာသည်။

အချိန်မှာ ညဆယ့်နာရီပင် ကျော်နေလေပြီ။

မှောင်ကြီးမည်းမည်းထဲတွင် သူ့ယာယီတင်းကုတ်တဲမှာ အသက်ဝိညာဉ် ကင်းမဲ့နေသော တိရစ္ဆာန်ကြီး တစ်ကောင်ပမာ ထီးထီးတည်နေသည်။ ခါတိုင်းလို သူ့စခန်းတဲမှ စစ်သုံးမီးအိမ်၏ အလင်းရောင်ကို မမြင်ရသဖြင့် စိတ်ထဲ တစ်မျိုးကြီးဖြစ်သွား၏။ ပြီးမှ သူ့ဒရိုင်ဘာအား စစ်နယ်မြေအဖြစ် မီးမှိတ်ထားရန် စောစောက မှာကြားထားမိခဲ့သည်ကို သတိရ၏။

တင်းကုတ်တဲရှေ့နားသို့ ရောက်သောအခါ တဲစောင့် အဖြစ်ထားခဲ့သော သူ့ရဲဘော် နှစ်ယောက်သည် ဝင်ပေါက်နား ဘေးနှစ်ဘက်မှ တစ်ယောက်စီ သတိအနေအထားနှင့် ရပ်ပေးကြ၏။

"ဆာဂျင် . . . ဆာဂျင် . . ." ဟု မတိုးမကျယ် ခေါ်ကာ ဗိုလ်ကြီး သောမတ်စ်က အထဲဝင်လိုက်၏။ တစ်ခြားအရာရှိ အရာခံ အကြပ် တပ်သားတွေကိုသာ သည်ည မအိပ်ကြရန် လိုက်ပြောပြီး သူ့ဒရိုင်ဘာကိုမှ မအိပ်ဘဲ စောင့်နေရန်ပြောဖို့ သူမေ့သွားသည်။ သူ့ဒရိုင်ဘာမှာ ကိုယ်ခန္ဓာ ဝဖီးသလောက် အလွန်အအိပ်မက်သူဖြစ်သည်။

ယခင်က သူကင်းစစ်ရာမှ ပြန်လာတိုင်း စခန်းတဲနား မရောက်မီကပင် ဆာဂျင်၏ ဟောက်သံကို ကြားရတတ်သည်။ ထို့ကြောင့် စိတ်လိုလက်ရရှိသောအခါ ဗိုလ်မှူးကြီး သောမတ်စ်က -

"ဆာဂျင် - မင်းငါ့ကို အဝေးကြီးကနေ လှမ်းလှမ်း အလေးမပြုပါနဲ့ကွာ၊ ရန်သူများ ကြားသွားရင် ငါမာလကီးယား နေပါဦးမယ်" ဟု၍ နောက်ပြောင် ကျီစယ်တတ်၏။

ယနေ့တော့ သူ့ဒရိုင်ဘာ ဟောက်သံကို မကြားရ။ "ဒီကောင်မအိပ်သေးဘူး။ တော်ပါသေးရဲ့" ဟု တွေးပြီး "ဆာဂျင်" ဟုခေါ်ကာ စစ်သုံး လက်နှိပ်ဓာတ်မီးနှင့် လှမ်းထိုးကြည့်လိုက်၏။

ရုတ်တရက်မှ သောမတ်စ်မှာ တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထသွားပြီး တုန်လှုပ်သွားသည်။

ကြီးမားသော သူ့တပ်ကြပ်ကြီး အာနရာဆန်၏ ကိုယ်ပေါ်တွင် ရောင်စုံလိပ်ပြာကောင် များစွာတို့မှာ အတောင်ပံတဖျပ်ဖျပ်ခတ်ပြီး



သွေးစုပ်နေကြ၏။ သွေးပြန်ကြောနှင့် အဓိက သွေးကြောကြီးများကို အလုအယက် ကိုက်ခဲစုပ်နေကြသော ရောင်စုံလိပ်ပြာကောင်များသည် စစ်သုံးလက်နှိပ်ဓာတ်မီး၏ အလင်းရောင်ထဲတွင် ကစဉ့်ကလျား ထပျံပြေးနေကြသည်။

"စီစီဖလိုင်း . . . စီစီဖလိုင်း . . ."

လန့်ပျံထွက်ပြေးလာကြသော လိပ်ပြာကောင်များက သူ့ကိုယ်ကို ဝင်တိုက်တိုးသွားကြသောအခါ ဗိုလ်မှူးကြီး သောမတ်စ်မှာ ဂယောင်ချောက်ချားနှင့် အော်မိအော်ရာ အလန့်တကြား အော်လိုက်မိသည်။

အာဖရိက စစ်မြေပြင်၌သာ ကြားဖူးခဲ့သော သွေးစုပ်လိပ်ပြာကောင်များကို သူသည် ယခုအခါ ဟူကောင်းတောင်ကြားရှိ မဟာသိဒ္ဓိလမ်းမကြီးပေါ်က သူ့ ဆာဂျင်ကြီး ကိုယ်ပေါ်မှာ မြင်နေရပါပကော။

မနက်ဖြန်က စ၍ သူ့တာဝန်မှာ ဟူကောင်းတောင်ကြားမှ လင်းနို့လိပ်ပြာနှင့် ငှက်မှန်သမျှကိုပါ စစ်ဆင်ရေး တစ်ရပ်ပမာ သုတ်သင်ရှင်းလင်းရန် တာဝန်တစ်ခု ပိုလာပြန်လေသည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com



၁၈။

လိဒို လမ်းမပေါ်တွင် ဗိုလ်မှူး သောမတ်စ်က သဘာဝ ဘေးအန္တရာယ်ဖြစ်သော လင်းနို့လိပ်ပြာ စစ်ဆင်ရေး လုပ်နေစဉ်တွင် ဂလိုက်ဒါ စီမံကိန်းမှူးကြီးဖြစ်သော ဝင်းဂိတ်သည် မြန်မာပြည်တွင်း ရောက် သူ၏ ချင်းဒစ်တပ်ဖွဲ့များကို သွားရောက် စစ်ဆေးသည်။ ထိုသို့ စစ်ဆေးပြီး မတ်လ ၂၄ - ရက်နေ့ ညနေ လေယာဉ်ဖြင့် အပြန်တွင် ဝင်းဂိတ်၏ လေယာဉ်မှာ လျှပ်စစ်မုန်တိုင်းနှင့် ထိုးမိပြီး နာဂတောင်တန်းဘက်သို့ ထိုးကျသွားလေတော့သည်။

ထိုနေ့ည တရုတ်ပြည်ဘက်က ပြန်လာသော လေယာဉ်မောင်းသမားတစ်ဦးက လေယာဉ် တစ်စင်း မီးလောင်ပြီး ပျက်ကျနေသည်ကို မြင်ခဲ့ရသည်ဟု ပြောတော့မှ လိုက်ရှာကြသောအခါ ဝင်းဂိတ်၏ လေယာဉ်ပျံပျက်ကိုသာ တွေ့ကြရတော့သည်။

လေယာဉ်ပျက်နှင့် ကိုက် ၃၀ - ခန့် အကွာတွင် ဝင်းဂိတ် ဆောင်းနေကျဖြစ်သော ကျောက်မီးသွေးတွင်းတူး အလုပ်သမား၏ ဦးထုပ်ပုံမျိုး ဝင်းဂိတ်၏ ဦးထုပ်ကလေးကို ပိန်ရှုံ့၍ တွေ့ကြရလေသည်။ ထိုလေယာဉ်ထဲတွင် ဝင်းဂိတ်နှင့် လေယာဉ်မောင်းသမားအပြင် ဗြိတိသျှ သတင်းထောက် ၂ - ဦးဖြစ်သော သီနယူးစ် ခရိုနီကယ်မှ စတူးဝပ် အင်မာရီနှင့် သီဒေးလီဟာရဲလ်မှ စတင်လီဝေးလ်တို့ပါ ဝင်းဂိတ်နှင့် အတူ သေဆုံးသွားကြလေသည်။

ဝင်းဂိတ်၏ ချင်းဒစ် အထူးတပ်သို့ ပါလာကြသော သတ္တိခဲ ရဲရဲတောက် ကြည်းတပ်၊ လေတပ်သားများစွာတို့မှာ အင်္ဂလန်ပြည် အမြို့မြို့ အနယ်နယ်ကသာမက အိန္ဒိယ၊ အာဖရိကတို့မှလည်း ပါဝင်ခဲ့ကြခြင်းဖြစ်သည်။

ထိုအချိန်တွင် ဂျပန်တို့၏ ဒေလီချီတက်ရေး စစ်ကြောင်းသည် အင်ဖာနှင့် အနီးဆုံးမြို့ဖြစ်သော "သံဂဟတ်" မြို့ကို တိုက်ခိုက်နေကြလေပြီ။ သံဂဟတ်မှာ ပေ ၆၀၀၀ - ခန့်မြင့်သော တောင်ပေါ်မြို့ ဖြစ်သည်။ မြို့၏ မြောက်ဘက်အစွန်းရှိ တောင်ကုန်းတစ်ခုပေါ်တွင် သစ်သားဖြင့် ဆောက်လုပ်ထားသော အမေရိကန် သာသနာပြု ဘုရားရှိခိုးကျောင်းတစ်ခုရှိသည်။ ဘုရားရှိခိုးကျောင်းမှနေ၍ ကြည့်လိုက်လျှင် သံဂဟတ် ပတ်ဝန်းကျင်ကို ကောင်းစွာမြင်ရသည်။ ထို့ကြောင့် ဤ ဘုရားရှိခိုးကျောင်းရှိရာ တောင်ကုန်းသည်ပင် အပြင်းထန်ဆုံး တိုက်ပွဲဖြစ်ရာ စစ်မြေပြင်ဖြစ် လာခဲ့တော့သည်။

အင်္ဂလိပ်တို့ဘက်မှ တပ်မဟာမှူးသည် သံဂဟတ်ကဲ့သို့သော မြို့နေရာကျဉ်းကျဉ်းကလေးတွင် အမှတ် ၁၅၂ - ၁၅၃ တပ်ဖွဲ့၊ ဂျက် ခေါင်းဆောင်သော တပ်ဖွဲ့များပါဝင်သည့် တပ်ရင်း ၃ - ရင်း၊ ခါလီ ဗဟာဒူး ဦးစီးသော တပ်ခွဲ ၂ - ခွဲ။ အမှတ် ၁၅ - တောင်ပေါ်ပစ် အမြောက် တပ်ဖွဲ့နှင့် လားများ။ အမှတ် ၅၈၂ - မော်တာတပ်ဖွဲ့၊ ဝန်ထမ်းတပ်ဖွဲ့ ၁ - ခု စုစုပေါင်း လူ ၃၀၀၀ - နှင့် လားကောင်ရေ ၅၀၀ - ခန့်ကို နေရာချပေးထားသည်။

ထို့ကြောင့်လည်း ရန်သူ ဂျပန်တို့က အမြောက်များ၊ မော်တာများနှင့် ပစ်ခတ် တိုက်ခိုက်သောအခါ သံဂဟတ်ရှိ စစ်သည်ရဲမက်များမှာ ပစ်မလွဲနိုင်သည့် ပစ်မှတ်များ ဖြစ်နေရတော့၏။

သို့သော် ဂျပန်များအတွက် ရေက အခက်ကြီး ကြုံနေသလို အင်္ဂလိပ်တို့၏ သံဂဟတ်ရှိ တပ်မဟာကြီးမှာလည်း ရေအခက်အခဲနှင့် ကြုံနေရသည်။

အင်္ဂလိပ်တို့၏ တပ်မဟာကြီး တစ်ခုလုံး နေရာယူထားသော သံဂဟတ်၏ အဝန်းအဝိုင်းထဲတွင် ရေမရှိ။ အဝန်းအဝိုင်း အပြင်ဘက်ရှိ စမ်းရေပေါက်များမှ ရသည့်ရေမှာလည်း မလုံလောက်။ ရန်သူ လတ်ဖြောင့်တပ်သားများကလည်း စမ်းရေပေါက်များမှ စောင့်၍ တပ်မဟာမှ ရေသယ်ရန် လာသူများကို ပစ်ခတ်နေကြသည်။ ထို့ကြောင့် ရေတစ်ခါ သယ်မည်ဆိုလျှင် ရန်သူလက်ဖြောင့် တပ်သားများကို ပထမဆုံး ရှင်းပစ်နေရသည်။

အင်္ဂလိပ်တို့သည် ရှေ့တန်း ခံကတုတ်ကျင်းများကို မြို့အပြင်ဘက်ရှိ တောစပ်တွင်တူးထားပြီး ဌာနချုပ်ကိုမူ လွင်ပြင်တစ်ခုတွင် ကျင်းများတူး၍ ဖွင့်ထားသည်။ ကြိုးမဲ့ ကြေးနန်းစက်များကို အမိုးမိုး

www.burmeseclassic.com

www.burmeseclassic.com



ထားကာ တွင်းနက်နက်ထဲတွင် နေရာပေးထား၏။ စစ်မြေပြင် သူနာပြုတပ်ဖွဲ့အတွက်လည်း ကတုတ်ကျင်းများ ပို၍ တူးထားပေးသည်။ သို့သော် ပုံးသံပြီးသော အမိုးအကာ မရှိလေရာကား လူနာနှင့် ဆရာဝန်များမှာ ပို၍ ဒုက္ခရောက်နေကြသည်။

နောက်ဒုက္ခတစ်ခုမှာ ကျင်းများကို နေရာတိုင်းတွင် နက်နက်တူးလိုပါသော်လည်း သုံးပေလောက် တူးမိလျှင် အောက်က ကျောက်ဖျာခံနေသည်။ ဆက်တူး၍ မရဖြစ်နေပြန်၏။ ထို့ကြောင့် တိုက်ပွဲ၌ ကျ၍ မြှုပ်ပြီးသား အလောင်းကောင်မှာ ပုံးဆံမှန်၍ မကြာခဏ ပြန်ပေါ်လာသည်။ လား အသေကောင်များကို ဘယ်လိုမှ မြေမြှုပ်၍မရ ရက်ကြာလာသောအခါ လူသေနှင့် လားသေများမှ ထွက်လာသည့် အနံ့မှာ လွန်စွာ ဆိုးဝါးလာသည်။

ဂျပန်တို့သည် မတ်လ ၂၂ - ရက်နေ့မှစ၍ ညစဉ်ညတိုင်းပင် သံဂဟာတ် တောင်ကုန်းကို ကြောက်မက်ဖွယ် ကောင်းလောက်အောင် သဲသဲမဲမဲ တိုက်ခိုက်နေသည်။ နေ့ဘက်၌လည်း ဂျပန်တို့၏ လက်ဖြောင့် တပ်သားများက တစ်နေ့လုံး ဒုက္ခပေးနေသည်။

သံဂဟာတ် တိုက်ပွဲ ပထမရက်များ အတွင်း အင်္ဂလိပ်တို့၏ အမှတ် ၅၀- လေထီး တပ်မဟာအတွက် ကံကောင်းသော အချက်တစ်ချက်ကိုရသွားသည်။ တစ်နေ့ နေ့လယ်ဘက်တွင် စစ်ဗိုလ်တစ်ယောက် ခေါင်းဆောင်သော ဂျပန်တပ်ဖွဲ့တစ်ဖွဲ့သည် မြို့တွင်း စည်းဝိုင်းထဲသို့ အတင်းထိုးဖောက် ဝင်ရောက်လာကြသည်။ ၎င်းအဖွဲ့ကို ခုခံနေသူများက တစ်ယောက်မကျန် သုတ်သင်ပစ်လိုက်နိုင်သည်။ အလောင်းကောင်များကို ရှာကြည့်သောအခါ စစ်ဗိုလ်ဖြစ်သူ၏ ဘေးလွယ်အိတ်ထဲမှ ခဲတန် အနီအပြာများနှင့် ရေးထားသော စစ်မြေပုံတစ်ခုကို တွေ့ရသည်။ ၎င်းမြေပုံတွင် အင်ဖာနှင့် ကိုဟီမားအား တပ်မဟာတစ်ခုစီဖြင့် ချီတက်တိုက်ခိုက်မည့် အစီအစဉ်ကို ဖော်ပြထားလေသည်။

ဂျပန်အမှတ် ၁၅ - နှင့် ၃၁ - တပ်မတို့၏ အစီအစဉ်တည်း။

၎င်းမြေပုံမှာ မဟာမိတ်တို့အတွက် အဖိုးမဖြတ်နိုင်အောင် တန်ဖိုးကြီးလှသည်။ အမှတ် ၄ - တပ်မ ဌာနချုပ်သို့ ချက်ချင်း ပေးပို့လိုက်ရမည့် မြေပုံဖြစ်သည်။ သို့သော် လမ်းပန်းအဆက်အသွယ် အားလုံးကို ဂျပန်တို့ ဖြတ်တောက်ထား၏။ သံဂဟာတ်မြို့ တောင်ကုန်းတစ်ခုလုံးကို လေးဘက်လေးတန်မှ ဂျပန်တို့ ဝိုင်းထားသည်။ ရုတ်တရက်မှ မည်သို့ လုပ်ကြရမှန်း မသိဖြစ်နေကြသည်။



နောက်တော့ မြေပုံကို မိတ္တူတစ်ခု ထပ်တူးကာ ထောက်လှမ်းရေး တပ်မှ တာဝန်ခံ ၂ - ဦးအား မြေပုံတစ်ခုစီ အပ်နှံပြီးနောက် မှောင်လာသည်နှင့် အပြိုင်နက် မိမိတို့ ကြိုက်နှစ်သက်သည့် လမ်းမှ စစ်ဌာနချုပ်ရှိရာ အင်ဖာသို့ အရောက်သွားရန် ညွှန်ကြားလိုက်သည်။ ၎င်းတာဝန်ခံ ၂ - ဦးသည် ဂျပန်များလက်မှ သီသီကလေး လွတ်မြောက်ကာ အင်ဖာသို့ ရောက်သွားကြလေသည်။

သံဂဟာတ် တိုက်ပွဲသည် နောက်ထပ် လေးရက်ကြာအောင် သဲသဲမဲမဲ တိုက်ခိုက်နေကြသည်။ ဂျပန်တို့သည် အမြောက်များ မော်တာများကို သွန်သုံး၍ တိုက်ခိုက်၏။ တပ်မဟာ ဌာနချုပ်နှင့် ၁၀ - ကိုက်ခန့် အကွာမှနေ၍ တောစပ်ရှိ ဂျပန်များအား အဆက်မပြတ် ထုနေသော မော်တာ အဖွဲ့တစ်ဖွဲ့မှာ ဂျပန်တို့ ပစ်လွှတ်လိုက်သော အမြောက်ဆံတစ်ခုက တည့်တည့်ကြီး ထိမှန်သွားရာ အင်္ဂလိပ် စစ်သားတို့မှာ အရိုးတစ်ခြား အသားတစ်ခြား ဖြစ်သွားလေသည်။ မော်တာပြောင်း တစ်လုံးလည်း ပြုတ်ထွက်သွားသည်။

အင်္ဂလိပ်၊ မဟာမိတ်တို့ ဘက်ကလည်း ခေလှသည် မဟုတ်။ ကျောက်တပ်စခန်းမှ ငှက်သိုက်တောင့်ချိုးသို့ တက်လာသော အင်အား ၂၀၀ + ၃၀၀ - ခန့်ရှိ ဂျပန်စစ်ကြောင်း တစ်ကြောင်းကို မှုန့်မှုန့် ညက်ညက် ဖြစ်သွားအောင် ခြေမှုန်း လိုက်နိုင်သည်။ ထို အမြောက်တပ်ဖွဲ့မှာ ချိန်သားကိုက်သလောက် မြန်မြန်လည်း ပစ်ခတ်နိုင်ရာ ဂျပန်တို့သည် မိမိပတ်ဝန်းကျင်တွင် ဘယ်လိုဖြစ်သွားသည်ကိုပင် မသိလိုက်ရဘဲ အသက်ပျောက်သွားကြလေသည်။

တစ်ကြိမ်တွင်မူ ဂျပန်တပ်ဖွဲ့ကလေးတစ်ခုသည် တပ်မဟာ၏ အမြောက်တပ်ဖွဲ့တစ်ခုအတွင်းသို့ ဘယ်ကဘယ်လို ဝင်လာကြသည် မသိလိုက်ရဘဲ အမြောက်တပ်မှ ဗိုလ် ၂ - ဦးကို ပစ်သတ်သွားကြသည်။ ၎င်းအဖွဲ့မျိုးမှာ ဂျပန်တို့၏ အသေခံတပ်ဖွဲ့မျိုးဖြစ်ရာ သူတို့သည် အမြောက်စခန်း အတွင်းမှ ပြန်ထွက်သွားရန် အခွင့်မရကြတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်နှင့်တစ်ဖက် အတိုက်အခိုက်ရပ်ထားစဉ် ၂ - ဘက်စလုံးက လူနာကောက်ခြင်း၊ အလောင်းကောက်ခြင်းကို တိုင်တိုင်ပင်ပင် လုပ်နေကြသလိုပင်။ ၄ - ရက်ဆက်၍ တိုက်ပြီးသည့် အချိန်တွင် ဒဏ်ရာရသူ ဦးရေမှာ အင်္ဂလိပ်တို့ဘက်၌ ၂၀၀၊ ၃၀၀ - ခန့်ရှိနေတော့၏။ လူနာများကို ကျင်းတိမ်တိမ်များ၌ရှင်း၊ အကာအကွယ်မဲ့ရာများ၌ရှင်း ဖြစ်သလို ပြန့်ကြဲထားရတော့သည်။ ဤကဲ့သို့သော အချိန်မျိုးတွင် အရေးကြီးသော ခွဲစိတ်ကုသမှုမျိုးကို ဘယ်လိုမှမလုပ်နိုင်ကြသောကြောင့် လူနာများအား မော်ဖီးယားကိုသာ တွင်တွင်ထိုးပေးနေကြရသည်။

ရေ၊ ရိက္ခာနှင့် ခဲယမ်းမီးကျောက်များမှာလည်း တိုက်ပွဲကဆက်နေသဖြင့် အမြဲပင်လိုလျှက်ရှိသည်။ ထို့ကြောင့် လေထီးဖြင့် ချပေးရန် အကြိမ်ကြိမ် ခေါ်ယူနေရသည်။ သို့သော် ရိက္ခာချပေးရမည့်နေရာမှာ အလွန်ကျဉ်းမြောင်းလှရာ အနည်းငယ်သော ရိက္ခာသာ တစ်မဟာသို့ ရောက်လာတော့သည်။ ရေပါသော သံစည်များမှာ မိမိတို့လက်သို့ မရောက်ဘဲ ဂျပန်တို့လက်ထဲသို့ ရောက်သွားသည်။ ဤသည်ကို မြင်နေတွေ့နေရသော စစ်သားများက လေထီးချပေးသူကို ခံပြင်းစိတ်နှင့် ကလော်တုတ်နေကြသည်။

တော်သေးသည်။ မိုးက နှစ်ကြိမ်တိုင်တိုင် သဲသဲမဲမဲ ရွာချလိုက်သောအခါ ရေပြဿနာမှာ သက်သာရာရသွားသည်။ စစ်သည်တော်များသည် လေထီးနှင့် ချပေးနေသော ရေစည်အချို့ကို လူနာများ အတွက် ပေးပြီး သူတို့က အရာရှိမှသည် ရဲဘော်အထိ မြေကြီးပေါ်တွင် စုအိုင်နေသော မိုးရေများကို သောက်ကြသည်။ ဤရေများမှာလည်း သွေးများအညစ်အကြေးများနှင့် ရောနေသော ရေများသာဖြစ်သည်။

ရေဝဝ မသောက်ရသည့်ပြင် အိပ်ရေးကလည်း နေ့စဉ်ဆက်၍ ပျက်လာသောအခါ စစ်သည်တော်များမှာ ပင်ပန်းလွန်းလှသဖြင့် မတ်တတ်ရပ်နေရင်းပင် အိပ်မိသည်အထိ ဖြစ်လာကြသည်။ သံဂဟာပ်မြောက်ဘက်မှ ဘုရားရှိခိုးကျောင်း ရှိနေသည့် တောင်ကုန်းကို ဘတစ်ပြန်၊ ကျားတစ်ပြန် တိုက်ခိုက်သိမ်းပိုက် သူရလိုက်၊ ငါရလိုက် ဖြစ်နေကြရာမှ မဟာမိတ်တို့ဘက်က ရသွားချိန်မှာ မီးတင်ရှို့ချလိုက်သည်။ ထို



အခါမှ ဂျပန်တို့အတွက် ကြည့်ကင်းစခန်း ပျောက်သွားသည်ဟု ဆိုရပေမည်။

မတ် ၂၆ - ရက်နေ့ နံနက်တွင် ဂျပန်တို့သည် အမှတ် (၂၅၀) အင်္ဂလိပ်တို့တပ်က ကာကွယ်စောင့်ရှောက်ထားသော စည်းဝိုင်းကို ပြင်းပြင်းထန်ထန် တိုက်ခိုက်လာပြန်သည်။ ဤအင်္ဂလိပ် တပ်ဖွဲ့မှာ မတ်လ ၁၉ - ရက်နေ့ကပင် စတင်၍ တိုက်ပွဲဝင်လာခဲ့ရသဖြင့် ထိခိုက်ကျဆုံးသူများ တစတစများလာကာ တပ်ဖွဲ့မှာ အင်အား လျော့ပါးလာခဲ့၏။ ထို့ကြောင့် ဂျပန်တို့သည် စည်းဝိုင်းအတွင်းသို့ အတော်ပင်ရောက်အောင် ထိုးဖောက် လာနိုင်လာခဲ့ကြသည်။

စစ်မြေပြင် သူနာပြု ဆေးရုံတစ်ခု၊ အမြောက်အချို့နှင့် မော်တာအချို့ကို ၁၅၂ - စည်းဝိုင်းမှ အခြားတစ်နေရာသို့ ပြောင်းရွှေ့လိုက်ရတော့သည်။ အမှတ် ၁၅၃ - တပ်ဖွဲ့မှ အရာရှိ အရာခံ တပ်သားများသည် ဝင်ရောက်ထိုးဖောက်လာသော ဂျပန်တို့ကို ညာသံပေး၍ တန်ပြန်တိုက်ခိုက်ကြသည်။ မော်တာတပ်ခွဲမှ ဗိုလ်တစ်ဦးကမူ သူ့ရဲဘော်များကို သီချင်းဆိုခိုင်းပြီး တက်လာသည့် ဂျပန်များကို ဗုံးဖြင့် တအုံးအုံး ထုခိုင်းနေသည်။

၁၅၃ - တပ်ဖွဲ့သည် ၁၅၂ - တပ်ဖွဲ့ ဆုံးရှုံးသွားသော နယ်မြေအားလုံး လိုလိုကို ပြန်၍သိမ်းပိုက်မိတော့၏။

မတ်လ ၂၆ - ရက်နေ့ ညနေ ၆ - နာရီတွင် တပ်မဟာမှူးက တပ်မှူးအားလုံးကို သူ့ဌာနချုပ်သို့ ခေါ်ယူပြီး အင်ဖာရှိ အမှတ် (၂၃) တပ်မကို အုပ်ချုပ်ရသော ဗိုလ်ချုပ်ရောဘတ်ထံမှ ရောက်လာသော အမိန့်ကို ထုတ်ပြန်သည်။

"သံဂဟာတ်မှ ဖောက်ထွက်၊ တောင်ဘက်စူးစူးကို ချီတက်ပြီးနောက် အနောက်ဘက်သို့ ဆက်ချီတက်၊ လေကြောင်းနှင့် ကုန်းကြောင်းမှနေ၍ သင်တို့ကို ကူညီရန် လာလိမ့်မည်။

"သံဂဟာတ်" မှ ဆက်၍ ခုခံနေရမည့် အရေးမှာ ခက်သည်။ ထိုးဖောက်၍ ထွက်ရေးမှာလည်း ခက်သည်။ ဤအခက် (၂) ခုကြားပို၍ ခက်နေသည်ကား ထိခိုက်ဒဏ်ရာရနေသော ရဲဘော်များ၏ ပြဿနာ တည်း။

www.burmeseclassic.com

www.burmeseclassic.com



တပ်မှူး၊ ဗိုလ်မှူးတို့၏ စိတ်ထဲတွင် ရဲဘော်ရဲဘက်များအတွက် မည်သို့မျှ အဖြေရှာ၍ မထွက်နိုင်အောင် ရှိနေကြ၏။ လမ်းမလျှောက်နိုင်သော လူနာအချို့ရှိနေသလို သံဂဟတ်မှ အင်ဖာအထိ တောလမ်းတောင်လမ်းက ခရီး ကြမ်း၏။ ဤဒဏ်ကို မခံနိုင်ဘဲ လမ်းတွင်ပင် အသက်ပျောက်သွားမည့် လူနာများရှိနေသည်။ အချို့ လူနာများမှာ ဒဏ်ရာက ပြင်းထန်လွန်းသဖြင့် လေးငါးနာရီအတွင်း အသက်ပျောက်သွားနိုင်သည့် အခြေအနေသို့ပင် ရောက်နေ၏။

တပ်မှူး ဗိုလ်မှူးအပေါင်းသည် ထိခိုက် ဒဏ်ရာ ရနေသော ရဲဘော်များ၏ အရေးကို အလေးပေး၍ အချိန်အတန်ကြာအောင် ဆွေးနွေးကြ၏။ နောက်ဆုံးတွင် လမ်းလျှောက်၍ လိုက်လိုသည့် ရဲဘော်တိုင်းအား အဖော်တစ်ယောက်စီ ပေးရန် ဆုံးဖြတ်လိုက်ရတော့၏။ အိပ်ရာမှ မထနိုင်အောင် ဒဏ်ရာရနေသူများကိုမူ ရန်သူ လက်သို့ ဝကွက် အပ်ခဲ့ရပေတော့မည်။

တပ်မဟာသည် မတ်လ ၂၆ - ရက်နေ့ည ဆယ်နာရီခွဲတွင် မြို့တောင်ဘက်မှ ဖောက်ထွက်၍ တောင်အောက်သို့ ရောက်သည်နှင့် တပြိုင်နက် အစုကလေးများဖွဲ့ကာ အင်ဖာသို့ မိမိကြိုက်သလို ခရီးဆက်ကြရန် စီစဉ်သည်။ ထို့ကြောင့် စစ်သည်တော်များသည် အမြောက်များကို ရန်သူများ သုံး၍မရအောင် အရေးကြီးသော အစိတ်အပိုင်းများကို ဖျောက်ဖျက်ပစ်ခဲ့ကြရသည်။

ညဆယ်နာရီခွဲသည်နှင့် တပြိုင်နက် စစ်သည်တော်များသည် မိမိတို့၏ ကတုတ်ကျင်းထဲမှ အသံမမြည်အောင် လှုပ်ရှား၍ ထွက်ကြကာ မြို့တောင်ဘက်မှနေ၍ တောထူထူရှိရာ အောက်ဘက်သို့ ဆင်းလာကြသည်။

ညမှာ ပိန်းပိတ်အောင် မှောင်နေသည်။ မြို့ တောင်ဘက်မှာ မြို့အနောက်ဘက်နှင့် မြောက်ဘက်လောက် ရန်သူ ထူထပ်ခြင်းမရှိခြင်းကြောင့်လည်း အထွက်ရမခက်လှ။ ဂျပန်တို့သည် ရဲဝံ့ပြောင်မြောက်စွာ တိုက်ခိုက်နေသော အမှတ် ၅၀ - လေထီးတပ်မဟာကို ဤကဲ့သို့ တိတ်တဆိတ် ဆုတ်ခွာသွားလိမ့်မည်ဟု မျှော်လင့်ထားဟန်မတူ။ ထို့ကြောင့်လည်း တပ်မဟာနောက်မှ ထက်ချပ်မကွာလိုက်၍ တိုက်မည့် ရန်သူများ



အနည်းငယ်သာ ရှိခဲ့သည်။ တပ်မဟာမှ အစုကလေးများသည် ကြမ်းတမ်းသော တောလမ်းခရီးကို သုံးရက်တိုင်တိုင် အပြင်းနှင်ခဲ့ကြရပြီးနောက် အင်ဖာသို့ ရောက်လာနိုင်ခဲ့ကြ၏။

မတ်လ ၂၂ - ရက်နေ့မှ စ၍ ၂၆ - ရက်နေ့အထိ လေးဘက်လေးတန်မှ အင်အားများပြားစွာဖြင့် ဝိုင်းရံတိုက်ခိုက်ခဲ့သော ဂျပန်များကို "သံဂဟတ်" မှနေ၍ ၅ - ရက်တိုင်တိုင် ခုခံနိုင်သည့် အမှတ် ၅၀ - လေထီးတပ်မဟာကြောင့် ဂျပန်တို့၏ အင်ဖာသိမ်းယူရေး အချိန်ဇယားသည် နောက်သို့ အလျားပေါင်းများစွာ ဆုတ်သွားခဲ့ရသည်။

သံဂဟတ် တိုက်ပွဲတွင် အများဆုံး ပါဝင်ခဲ့သော ဂျပန်တို့၏ အမှတ် ၃၁ - တပ်မမှ လက်ဝဲစစ်ကြောင်းမှာ ဤတိုက်ပွဲကြောင့် ရှေ့သို့ မတိုးနိုင် ဖြစ်ခဲ့ရပြီး ဂျပန်တို့၏ အမှတ် ၁၅ - တပ်မ တစ်ခုလုံးမှာလည်း ချီတက်မှု ရပ်တန့်သွားခဲ့ရသည်။ အမှတ် ၅၀ - လေထီးတပ်မဟာအား တပ်လုံး ပြုတ်သည့်အထိ ချေမှုန်းရန် ကြံစည်ကြိုးပမ်းရာ၌လည်း ဂျပန်များသည် နှာခေါင်းကျည်ပွေ့ တွေ့သွားခဲ့ရ၏။

သံဂဟတ်တွင် လေထီးတပ်မဟာက ၅ - ရက်တိုင်တိုင် ခုခံကာ ချီတက်လာသော ဂျပန်များကို ဟန့်တား နိုင်ခဲ့သောကြောင့်လည်း အမှတ် ၁၄ - တပ်မကြီး၏ ဦးစီးကြီးကိုင်ဖြစ်သော ဗိုလ်ချုပ်ကြီး "စကွန်း"သည် သူ၏တပ်များကို ပြန်လည်စုစည်းရန် ပို၍ အချိန်ရသွားခဲ့သည်။

ဤမျှသာမက ရခိုင်စစ်မျက်နှာမှ "ဘရစ်"၏ အမှတ် (၅) တပ်မကို အင်ဖာစစ်မျက်နှာသို့ လေကြောင်းဖြင့် ချီတက်လာပြီးနောက် ဂျပန်များ အင်ဖာလွင်ပြင်သို့ မချဉ်းကပ်နိုင်မီ နေရာယူထားနိုင်ရန် အခွင့်ရသွားသည်။ သို့နှင့် အင်ဖာကိုဟီမားလမ်းကို ပို၍ ရက်ကြာအောင် အသုံးပြုခွင့်ရရှိကာ အင်ဖာလွင်ပြင်မှ မလိုသော အလုပ်သမားများကို အိန္ဒိယ ပြည်မကြီးသို့ ပို့ခြင်း၊ အင်ဖာလွင်ပြင်အတွက် အထူးအရေးကြီးသော ရိက္ခာနှင့် ပစ္စည်းများကို သွင်းယူလာနိုင်ခဲ့ကြခြင်းဖြစ်လေသည်။

သံဂဟတ်မှ ခုခံနေခဲ့သူများသည် " အင်ဖာတိုက်ပွဲကြီး " အတွက် တာဝန်ကျေပွန်ခဲ့ကြလေပြီ။ သို့သော်လည်း အင်ဖာ ပတ်ဝန်း

www.burmeseclassic.com

www.burmeseclassic.com



ကျင်မှ ဂျပန်တို့သည်ကား လုံးဝ မဆုတ်ကြသေးပေ။

□ □ □

၁၉။

နွေရှင်ရက် ပြေလသို့ ရောက်လာသည်။ မဟာလီဒိုလမ်းမကြီးသည် ဟူးကောင်းတောင်ကြားမှ မိုးကောင်းတောင်ကြောဘက်ကို လှမ်းမျှော်နေပြီ။ "ဆင်သွားလျှင် လမ်းဖြစ်သည်" ဟု တင်စားပြောဆိုနေကြသော တာဂျီနီယာနယ်သား မေဂျာဂျင်နရယ် လူးဝစ်အေပစ်ခ်နှင့် အင်ဂျင်နီယာတပ် ရှေ့ပြေးအဖွဲ့ပင် မိုးကောင်း တောင်ကြောဘက်ကို တက်နေကြပြီ။ ထို့ကြောင့်ထင်သည် မိုင်းခွဲသံ၊ ဒိုင်းနမိုင်း ပေါက်သံများကို ပို၍ ကြားလာရသည်။

ထိုအချိန်တွင် ဤမဟာလီဒိုလမ်းမကြီး၏ မဟာစီမံကိန်းမှူးကြီး စတီးဝဲလ်မှာ ရန်သူဂျပန်များနှင့် မိုးကောင်းဘက်တွင် မီးကုန်ယမ်းကုန် တိုက်ခိုက်နေသည်။ သူ၏ ၆၁ - နှစ်ပြည့် မွေးနေ့ကိုပင် သတိရ မရတော့မသိ။ လီဒိုလမ်းမ တစ်နေရာရှိ အင်္ဂလိပ်ကုလားကပြား အိုဟာစီယာကြီး အရစ်တိုတယ်ဂွန်ကမူ သူ၏ ၅၄ - နှစ်မြောက် မွေးနေ့ကို ယနေ့ည လီဒိုလမ်းမတွင် ပြုလုပ်ရန် စီးကရက်နှင့် ရမ်အရက် လိုက်ရှာ စုဆောင်းနေသည်။ ရဲဘော်ရဲဘက်များနှင့် အလုပ်သမားများဆီက စုဆောင်းရမိသော စီးကရက်နှင့် အရက်များမှာ မြန်မာပြည်စစ်မြေပြင်အတွက် ပို့နေသော ရမ်အရက် ဂါလံ ၇၀၀၀ နှင့် စီးကရက် အလိပ်ရေ ၄၃ - သန်းထဲမှ အဖိတ်အစင် အစိတ်အပိုင်းများဖြစ်သည်။

အိုဟာစီယာကြီး အရစ်တိုတယ်ဂွန်အတွက် ပို၍အဆင်ပြေသွား



သည်မှာ ကင်းလှည့်ရဲဘော်များသည် ရေသောက်ဆင်းလာသော ဆတ်ဖားကြီးတစ်ကောင်ကို ပစ်ခတ်ယူလာကြသဖြင့် ဖြစ်သည်။ ထိုဆတ်ဖားကြီးအသေကို လီဒိုလမ်းဘေး တောစနားဌ် ခြေနှစ်ချောင်း လက်နှစ်ချောင်းကို ပူးချည်ကာ အကောင်လိုက် ဝက်ကားတန်းထိုးဆွဲ ထားကြသည်။ ဆတ်သေအောက်မှ မီးဖိုက မီးတောက်လာသောအခါ လှည့်ပတ်၍ အမွေးမီးတိုက် ခြစ်ချ သန့်စင်နေကြသည်။ အမွေးခြစ်ချပြီးသောအခါ အကောင်လိုက် ကင်ထားသော ဆတ်သေမှ အဆီရေများ မီးဖိုပေါ်ကို တစ်စက်တစ်စက်ကျလာသည်။

ထိုအခါ ပတ်ဝန်းကျင် တစ်ခုလုံး မွှေးကြိုင် သင်းပျံ့လာသည်။ "အရက်မြတ်တော့ ခွက်ကပ်နှင့်မူး" ဆိုသလို မစို့မပို့ စတိလောက်သာ သောက်ကြရသော ရမ်အရက်နှင့်ပင် အာမစွပ်၊ လျှာမစွပ် မမူးဘဲ ပျော်မြူးနေကြသည်။ "အိုဟာစီယာကြီး သက်တော်ရာကျော် ရှည်ပါစေ။ မဟာလီဒိုလမ်းမကြီး မြန်မြန်မိုးကောင်း မြစ်ကြီးနားဘက်ရောက်ပါစေ။ ပေါက်ပါစေ" ဟု ဆုတောင်းနေကြသည်။

ထိုအချိန်မှာ မီးကင်ထားသော ဆတ်သေကောင်ကြီးကို ဝိုင်းပတ် ကခုန်နေကြသူများကို ကိုင်ပြီး လက်ခုတ်တီးပေးနေသူ အလုပ်သမားတစ်ပိုင်း စစ်သားတစ်ပိုင်း တစ်ယောက်က "ဟ - ဘာကောင်ကြီးတုန်း" ဟု အော်ကာ လန့်ဖျပ်ပြီး ထခုန်လိုက်သည်။ ထိုသူ၏ စကားမဆုံးမီပင် နောက်တစ်ယောက်၊ နောက်နှစ်ယောက် သုံးယောက်တို့ကလည်း လန့်ဖျပ်အော်ဟစ်ပြီး အထိတ်တလန့် ကခုန်ထွက်ပြေးကြသည်။

ဟူကောင်း၊ ရှင်ဗွေယံ ဒေသခံ နာဂ၊ ကချင်၊ ရှော့ရှ အလုပ်သမားအစုတို့ကမူ ဘာသာမတူ စကားများ မတူသဖြင့် မူလကပင် တရုတ်ကုလားများနှင့် ရောရောနှောနှော သူတို့ထဲ မဝင်ဆံ့ကြရာ သူ့အစုနှင့်သူ တင်းဂုတဲရှေ့၌သာ ကြည့်နေကြသူတွေဖြစ်၏။ သူတို့ကမူ တောင်ပေါ်သားများ ပီပီသူတို့၏ တောတောင်သဘာဝကိုလည်း သိကြသည်။ တောထဲတောင်ထဲ ဤသို့ ပြုလုပ်နေကြခြင်းမှာ သူတို့သည် အန္တရာယ်တစ်ခုခုကို ဖိတ်ခေါ်နေကြခြင်းဟု နားလည် သဘောပေါက်နေကြပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဆတ်သေတစ်ကောင်လုံးကို မီးမြိုက် အမွေးသန့်စင် ခြစ်ချနေကြတုန်းကပင် ရင်တထိတ်ထိတ်နှင့် တင်းဂူထဲရွေ့ကွက်၌ စု ထိုင် ကြည့်နေကြရာ ယခုအခါ သူတို့ ကြိုတင်ထင်ခဲ့ကြသလိုပင် ဖြစ်လာလေပြီ။

တစ်ထွာ တစ်မိုက်မှသည် တစ်တောင်လောက်ထိ ရှည်လျားသော ကင်းမြီးကောက် တင်းမလက်မည်းများသည် အနံ့ရ၍ အနံ့ခံလိုက်လာကြရာ ယခုအခါ အိုဟာစီယာကြီး၏ ၁၄- နှစ်မြောက် မွေးနေ့ ကျင်းပရာ လူအုပ်ထဲ ထိုးဖောက် ဝင်ရောက်လာတော့သည်။ ရာနှင့်ချီလာသော ထိုကင်းမြီးကောက်ကြီးများသည် ပထမတော့ လူတွေကို မကိုက်ကြသေး။ လူကြားထဲရောက်လာပြီး ဆတ်သေတင်ထားရာသို့သာ အာသာငမ်းငမ်းဖြင့် သူထက်ငါဦး ပြေးသွားကြသည်။

သို့သော် လူတွေမှာလည်း ဆတ်သေကင်ကို ဝိုင်းပတ်ထားကြရာ လူတွေကို ဝင်ထိုးသောအခါ လူတွေက လန့်ပြီး ကခုန်ကြရာ ကင်းမြီးကောက်တွေ ကိုယ်ပေါ်တက်နင်းမိပြီးသား ဖြစ်သွားသည်။ ထိုအခါမှ သူတို့ကိုယ်ပေါ် တက်နင်းကြသော လူများကို ကင်းမြီးကောက်များက ကိုက်ကြတော့သည်။ ကင်းမြီးကောက်ထောင်များမှာ ဆတ်ကင်နံ့ကိုသာ အာသာအာလျှနှင့် ပြေးလိုက်လာကြသည်ဖြစ်ရာ လူများကို တွယ်ကပ်ပြီး ကိုက်မနေကြ။ သူတို့ကိုယ်ပေါ် တက်နင်းသော လူခြေထောက်ကို ဆတ်ကနဲ တစ်ချက်သာကိုက်ကာ ဆတ်သေမီးကင်ထားရာသို့ ပြေးတွားသွားကြသည်။ ကင်းမလက်မည်းကြီးများမှာ အရိုင်းတွေဖြစ်သဖြင့် အစာရှိရာကိုသာ သူထက်ငါဦး ပြေးဝင်လာကြသည်။

ရဲဘော်များနှင့် အလုပ်သမားများမှာ စစ်ဖိနပ်ကိုယ်စီ စီထားကြ၍သာ တော်သေးသည်။ သို့မဟုတ်လျှင်တော့ တောကင်းမြီးကောက်ရိုင်းကြီးများသည် ဆတ်သားထက် ချိုသော လူသားများကိုပင် ဝိုင်းကိုက်စားသောက်ပစ်လိုက်ကြမည်လားမသိ။ ရာချီထောင်ချီ ရောက်လာကြသော ကင်းမြီးကောက်ကြီးများမှာ တစ်ထွာ တစ်မိုက်မှသည် တစ်တောင်နီးပါးရှည်သော အကောင်ကြီးများထိပါသည်။

ထိုအခါ အိုဟာစီယာကြီး၏ မွေးနေ့ကျင်းပနေကြသော လူတွေမှာ ဆတ်ကင်ထားသောနေရာမှ အလျှိုအလျှို အော်ဟစ်ထွက်ပြေးကြရသည်။ ရာနှင့်ထောင်နှင့် ချီ၍ အရှယ်စုံ ဆိုက်စုံ ရောက်လာကြသော ကင်းမြီးကောက်များကို သူတို့မှာ သတ်၍လည်း လောလောဆယ် ကုန်နိုင်သော အခြေအနေမရှိသဖြင့် ထွက်ပြေးကြရသော အခြေအနေသို့ ဆိုက်ရောက်သွားသည်။



အုပ်လိုက်ချီ၍ ရာပေါင်းထောင်ပေါင်းများစွာ ရောက်လာကြသော ကင်းမြီးကောက်များမှာ ဆယ့်ရှစ်ခေါပဏီသော ဒေဝီဇံတာ်မကြီး ချီလာသလို ဆတ်သေကင်နားဆီ ဝိုင်းလာကြသည်၊ သူတို့၏ တစ်တောင်လောက်ရှည်သော ကိုယ်ကို အမြီးထောင်၍ ပုဒတ်ထောင် ရပ်ပြီး ဆတ်သေကို လှမ်းဆွဲကြသောအခါ ဆတ်သေအောက်ရှိ မီးဖိုပေါ် ပြုတ်ကျသည်၊ ထိုမီးလောင်ခံရသော အကောင်က မီးဖိုကြီးကို သူ၏ ခြေလက်ပေါင်းများစွာနှင့် သွေးရူးသွေးတန်း ယတ်ထုတ်လိုက်သောအခါ မီးစ ထင်းစတွေမှာ ဖရိုဖရဲဖြစ်ကာ ဆတ်သေကင်နား တစ်ဝိုက် ဖြန့်ကြသွားသည်၊

ထိုဖြန့်ကြသွားသော မီးစမီးခဲမီးသွေးမီးကျီများက တစ်ခြား ကင်းမြီးကောက်များကိုလည်း ထိမိခိုက်မိ၍ လောင်၏။ သို့သော် ဤမျှ မီးပုကို သူတို့ကမမှုကြ။ ဆတ်သေကောင်များရှိရာသို့သာ အာသာငမ်းငမ်းနှင့် ပြေးတွားသွားကြပြီး ပုတတ်ရပ် လှမ်းဆွဲ ကိုက်ခဲ စားသောက်နေကြပြန်သည်။ ဆတ်သေကောင်မှာ ခြေလက်ကြားထဲ သစ်လုံးထိုး၍ မီးကင်ထားကြရာ ချာလည်ပတ်လည်ကာ ကင်းခြေများတွေနှင့် လုံးထွေးသွားသည်။ ခဏချင်းမှာပင် ဆတ်သေကောင်ကြီးမှာ ကင်းမြီးကောက်များတို့နှင့် မူလပင်ကိုယ်ထက် နှစ်ဆသုံးဆခန့် ကြီးသွားကာ ကင်းမြီးကောက် အလုံးကြီးလို ဖြစ်သွားသည်။

ယန္တရားမှ တပ်ကြပ်ကြီး နှစ်ယောက်သည် ငရဲပွက်သလို အော်ဟစ် ပြေးလွှားနေကြရာမှ ယန္တရားစခန်းထဲ ပြေးဝင်သွားကြပြီး ဓာတ်ဆီပုံး၊ ရေနံဆီပုံးတွေကို ကမန်းကတန်း ဆွဲထုတ်လာကြကာ လမ်းမပေါ် လောင်းချလိုက်ကြသည်။ နောက်တစ်ယောက်က မီးရှို့ချလိုက်၏၊ သူတို့သည် လမ်းတဘက် တောင်စောင်းရှိ စခန်းတဲရှိရာ တင်းဂူရှိရာသို့ ကင်းမြီးကောက်တုတ်ကြီး ရောက်မလာနိုင်အောင် မီးနှင့် တားလိုက်ကြသည်၊ ထိုအချိန်မှာ ကင်းရဲဘော်များက ဆတ်သေကောင်ကြီးနှင့်

www.burmeseclassic.com

www.burmeseclassic.com



လုံးထွေးနေကြသော ကင်းမြီးကောက်များကို သေနတ်နှင့် လှမ်းပစ်နေကြသည်။

ဓာတ်ဆီပုံးနှင့် ရေနံဆီပုံး သွန်းလောင်းပြီး မီးရှို့လိုက်ကြသော မီးတောက်မီးလျှံတွေမှာ တော်တော်နှင့် ငြိမ်းမသွား။ လမ်းမှာ မြေကြီးတစ်ကျ မြေသိပ်စက်တွေက လာမကြိတ်မသိပ်ကြသေးရာ မြေပွတွေမှာ ဓာတ်ဆီရေနံဆီတွေစွဲပြီး လမ်းမကြီးပေါ်တွင် မီးတောက် မီးလျှံကြီးဖြစ်နေ၏။

ထိုအခါ ဟူးကောင်း တောင်တန်းများပေါ် ဖြတ်ပျံသွားကြသော လေယာဉ်များနှင့် လူနာသယ် လေယာဉ်များက လှမ်းမြင်နေကြရရာ ချက်ချင်းကြေးနန်း ဝါယာလက် တင်းဂူတဲမှ ဆက်သွယ်ရေး ရဲဘော်များကို လှမ်းမေးတော့သည်။ ရိက္ခာကိစ္စလား၊ ခဲယမ်းမီးကျောက်ကိစ္စလား၊ နောက်လမ်းမ စခန်းတွေနှင့် အဆက်အသွယ် ပြတ်သွား၍လား၊ သို့မဟုတ် ဂျပန်များသည် လီဒိုလမ်းမကြီးကို ဝင်စီးဖြတ်တောက်လိုက်ကြသဖြင့် အဆက်အသွယ် ပြတ်တောက်သွားကာ မီးနှင့် အချက်ပြပြီး အကူအညီ တောင်းနေကြတာလားဟု စိုးရိမ်တကြီး ခဏခဏ အမေးခံနေရသည်။

ထိုအချိန်ထိ ကြိုးမဲ့ ကြေးနန်းဆက်သွယ်ရေး ရဲဘော်တွေက အိုဟာစီယာကြီး အရစ်တိုတယ်ပွန်၏ ၅၄ - နှစ်မြောက် မွေးနေ့ပွဲကို ညကြီးမင်းကြီး အစုလိုက် အပြုံလိုက် လာရောက် ဆင်နွှဲနေကြသော တီရွှာန် ရာပေါင်းများစွာကို ဘာကောင်တွေမှန်း မသိကြသေး။ ထို့ကြောင့် လေယာဉ်များပေါ်မှ လှမ်းမေးကြသည်ကို ပုရွက်ဆိတ်ကောင်ကြီးများ စခန်းထဲ အုံလိုက်အုပ်လိုက် ဝင်လာကြ၍ မီးရှို့ ကာကွယ်နေကြရတာပါဟု လှမ်းပြောနေကြရသည်။

ဆတ်သေကောင်ပေါ်တွင် အုံခဲ စားသောက်နေကြသော တီရွှာန်များကို အစကမူ လမ်းမရှိ လူတွေကလည်း ပုရွက်ဆိတ်ကြီးများဟု ထင်ခဲ့ကြသည်။ နောက်မီးရောင်နှင့် လင်းထိန်နေသော မြင်ကွင်းမှ တီရွှာန်များကို သေသေချာချာ ကြည့်မိကြမှ ကင်းမြီးကောက်များ ဖြစ်နေသည်ကို တွေ့ကြရသည်။

မိနစ်ပိုင်းအတွင်းမှာပင် ဆတ်သေတစ်ကောင်လုံးမှာ အရိုး



များသာကျန်၏။ သို့သော် ထိုအရိုးများကိုပင် လုယက်ကိုက်ခဲ စားသောက်နေကြသော ကင်းမြီးကောက်များတို့ကို မီးရောင်ထဲ၌ မြင်နေကြရသည်မှာ အသည်းယားစရာ ကောင်းလှသည်။ လမ်းမက ဓာတ်ဆီမီး၊ ရေနံဆီမီးတို့ ငြိမ်းသွားသောအခါ ဘာမှ မမြင်ရတော့။ ထိုအခါ ပြဿနာတစ်ခုက ပေါ်လာပြန်သည်။

မီးလောင်၍ မသေမရှင်ဖြစ်နေသော ကင်းမြီးကောက်များနှင့် အစာလုရင်း အချင်းချင်း ကိုက်ဖြတ်ထားခဲ့ကြသော ကင်းမြီးကောက် အပိုင်းအပြတ်များသည် ဦးတည်ရာမဲ့ လျှောက်သွားနေကြရာ အလုပ်သမားများ တင်းဂူတဲ၊ ရဲဘော်များ ရွက်ဖျင်ထဲများသို့ ထိုကင်းမြီးကောက်များ အပိုင်းအပြတ်များက တွားသွား၍ ရောက်လာကြပြန်သည်။

ထိုအခါမှ မီးခွက်မီးတုတ် စစ်သုံးမီးအိမ်များ ညှိထွန်း၍ ထိုကင်းမြီးကောက်များ အပိုင်းအပြတ်၊ မီးလောင်ထားသော မသေမရှင်ကောင်များကို တစ်ညလုံး ထုရိုက်သတ်ဖြတ်နေရပြန်သည်။ တင်းဂူတဲထဲ၊ တင်းဂူတဲနား ရှပ်ရှပ်၊ ရှပ်ရှပ် အသံကြား၍ မီးထွန်း မီးထိုးကြည့်လိုက်သည်နှင့် ကင်းမြီးကောက်များ အပိုင်းအပြတ်နှင့် မီးလောင်ခံထားရ၍ မသေမရှင်ဖြစ်ကျန်ခဲ့သော ကင်းမြီးကောက်များသည် တင်းဂူတဲ ရွက်ဖျင်တဲများတစ်ဝိုက်မှာ လျှောက်သွားနေကြသည်။ အချို့က ခေါင်းပိုင်း မပါဘဲ တွားသွားနေကြသလို အချို့က အမြီးပိုင်း မပါဘဲလည်း ဦးတည်ရာမဲ့ လျှောက်သွားနေကြ၏။

ထိုကင်းမြီးကောက် အပိုင်းအပြတ်များမှာ လက်ညှိုးလက်မလောက်သည် လက်သုံးလုံး လက်တစ်ဝါးခန့်ထိ အကြီးအသေး အစုံဖြစ်သည်။ လက်တစ်ဝါးခန့် ရှိသော အကောင်များကို မည်မျှ ကြီးမားသော အကောင်ကြီးများက အစာလုရင်း ထက်ပိုင်းပြတ်သွားအောင် ကိုက်ဖြတ်ထားခဲ့ကြသည် မသိ။ ထိုအပိုင်း အပြတ်များကို မြင်နေတွေ့နေရသည်မှာ ထိတ်လန့်ကြောက်ရွံ့စရာပင်။ ကင်းကိုက်ခံရ၍ ဆယ်ယောက်မျှသော ရဲဘော်အလုပ်သမားများကမူ ချက်ချင်း အသက်ထွက်သွားမတတ် အော်ဟစ် ညည်းတွားနေကြ၍ ညတွင်းချင်း ဆေးခန်းပို့လိုက်ကြရသည်။

မနက်မိုးလင်းလာသည်အထိ ထိုကင်းမြီးကောက် ကင်းမလက်

www.burmeseclassic.com

www.burmeseclassic.com



မည်း အပိုင်းအပြတ်နှင့် မီးလောင်၍ မသေမရှင် လျှောက်သွားနေကြသော အကောင်များမှာ လမ်းမကြီးနှင့် လမ်းမကြီး ဝန်းကျင်တွင် လျှောက်သွားနေကြတုန်း။ ဆတ်ကောင်၏ အမိုးများကို လုယက် ကိုက်စားခဲ့ကြသော အကောင်ကြီးများမှာမူ နေရောင်ခြည် လာသည်နှင့် အလိုလို ပြေးပျောက်သွားကြသည်။

ညက ဆတ်ကင်သား မစားလိုက်ကြရသော တောင်ပေါ်သား အလုပ်သမားများမှာတော့ ယခုမှ လက်နှစ်လုံး လက်သုံးလုံးနှင့် လက်တစ်ဝါးခန့်ရှိသော ကင်းမြီးကောက် အပိုင်းအပြတ်များနှင့် မီးလောင်၍ သေနေကြသော ကင်းမီးကောက်များကို လိုက်ကောက်ကာ အခွံခွာဖုတ်ကင် စားနေကြသည်မှာလည်း ဟိုနားတစ်စု သည်နားတစ်စု ဖြစ်နေသည်။ သူတို့မှာ တပ်ကပေးသော အသားဗူး ငါးသေတ္တာများနှင့်ချဉ်းလနှင့် နှစ်နှင့် ချီ၍ စားနေခဲ့ကြရရာ ယခုမှ သူတို့ပြောသော တောင်ပုဇွန် (ကင်း မလက်မည်း) အသား လတ်လတ်ဆတ်ဆတ်ကို မြိန်ရေယှက်ရေ စားကြရတော့သည်။

မဟာလီဗိုလမ်းမကြီး၌ ထိုသို့ ဖြစ်နေကြချိန်တွင် မဟာမိတ် အင်္ဂလိပ်တို့၏ အင်ဖာ၌မူ -

❑ ❑ ❑

၂၀။

ရေရှည်ဆွဲ၍ တိုက်ကြရသော တိုက်ပွဲဒီရေသည် ထိုးစစ်ဆင်လာသူ အတွက်ငင်း၊ ခံစစ်ပြုနေရသူ အတွက်ငင်း၊ တစ်ဘက်ဘက် အတွက် ပင်း၍ တက်တတ်သော ဒီရေ အချိန်အခါရှိသည်။ ဤအချိန်အခါမျိုးတွင် စစ်ပွဲတစ်ပွဲ၏ နိဂုံးချုပ်မည့် နေ့ရက်များ များစွာလိုနေသေးသော်လည်း ဤအချိန်အခါက စ၍ စစ်ပွဲ၏ အရှုံးအနိုင်ကို ပိုင်နိုင်စွာ အဆုံးအဖြတ်ပေးနိုင်သော ဂုဏ်ထူးဝိသေသ ရှိနေလေသည်။ အင်ဖာကဲ့သို့သော ရေရှည်တိုက်ပွဲ၌ ထိုးစစ်ဆင်လာသူနှင့် ခံစစ်ပြုနေရသူ နှစ်ဦးနှစ်ဘက်အနက် ခံစစ်ပြုနေသူဘက်က တိုက်ပွဲ၏ ဒီရေသည် ပင်း၍တက်လာကာ "အနိုင်ကို" ကြို၍ နိမိတ်ဖတ်ခဲ့သော အချိန်အခါကား ၁၉၄၄ - ခု၊ ဧပြီလတွင် ဖြစ်လေသည်။

အမှတ် ၄ - တပ်မကြီး လက်အောက်တွင် ရှိနေသမျှသော တပ်မှန်သမျှသည် အင်ဖာလွင်ပြင်တွင်ငင်း၊ လွင်ပြင်ပတ်ဝန်းကျင်တွင်ငင်း၊ စုပြုံစုရုံးမိပြီးသား ဖြစ်နေသည်။ တပ်မကြီးအားလုံး စုရုံး နေရာယူထားသော စစ်မျက်နှာမှာ မြင်းခွာသဏ္ဍာန်ရှိလျှက် မိုင် ၁၀၀ - ခန့်ကျယ်သည်။ မြောက်ဘက်တွက် "ကန်ဂလာတုန်ဘီ" တောင်ဘက်တွင် တီးတိန်လမ်းပေါ်၌ ရှိနေသော "တောဘန်" အထိ ကျယ်ပြန့်၍ ကြားတွင် "နန်ရှိဂန်" နှင့် "ရှူဂနု" ထိ စစ်မျက်နှာဖွင့်၍ တိုက်ခိုက်နေကြသည်။

ကန်ဂလာကုန်ဘီနှင့် ကမန်တွင် နေရာယူထားသော "ဘရုတ်" ၏ အမှတ် ၅ - တပ်မက မြောက်ဘက်နှင့် အရှေ့ဘက်မှ ထိုးစစ်ဆင်လာသော ဂျပန်များကို တွန်းလှန်တိုက်ခိုက်နေစဉ် - "ဂရေဆီ" ၏ အမှတ် ၂၀ - တပ်မက ရှန်နန်တွင် အခြေစိုက်တပ်စွဲကာ အင်ဖာလွင်ပြင်သို့ တမူးနှင့် အရှေ့တောင်ဘက် အရပ်မှ ဝင်ရောက်ရန် တိုက်ခိုက်လာသော ဂျပန်များကို ခုခံ၍ငင်း၊ "ရောဘတ်" ၏ အမှတ် ၂၃ - တပ်မက တောင်ဘက် စစ်မျက်နှာမှ တက်လာသော ဂျပန်များကို ပြင်းပြင်း

www.burmeseclassic.com

www.burmeseclassic.com



ထန်ထန် တိုက်ခိုက်၍ရင်း၊ အင်ဖာကို ကာကွယ်နေကြသည်။

အမှတ် ၁၇ - တပ်မမှာမူ တီးတိန့်မှ ဝိုင်းထားသော ရန်သူတပ်များကို အကျအဆုံးများစွာနှင့် ထိုးဖောက်ဆုတ်ခွာလာပြီးနောက် တိုက်ပွဲတစ်လျှောက်တွင် ရရှိခဲ့သော ဒဏ်ရာဒဏ်ချက်များကို ဆေးဝါးကုသရင်း အင်ဖာလွင်ပြင်တွင် အရံတပ်အဖြစ် အပန်းဖြေနားနေကြသည်။

ဂျပန်တို့က အင်ဖာ - ကိုဟီမားလမ်းကို မတ်လ ၂၉ - ရက်နေ့ည ရှစ်နာရီခွဲအချိန်တွင် ဖြတ်တောက်ပစ်လိုက်သည့် အချိန်မှစ၍ အင်ဖာလွင်ပြင် ပတ်ဝန်းကျင်တွင် တပ်စွဲလျှက်ရှိသော တပ်မ ၄ - ခုမှ လူများ၊ လားများ၊ အမြောက်များ၊ မော်တော်ကားများ၊ တင့်ကားများ၊ သေနတ်များကို နေ့စဉ် လှုပ်ရှားနေနိုင်ရန်အတွက် လေကြောင်းဖြင့်သာ ရိက္ခာ ထောက်နေရတော့သည်။

ဤမျှ ကြီးမားသော တပ်ဖွဲ့ကြီး တစ်ခုလုံးကို ဤသို့ လေကြောင်းမှချည်း ရိက္ခာထောက်၍ စစ်တိုက်ခဲ့သော ဖြစ်ရပ်မှာ ကမ္ဘာ့စစ်သမိုင်းတွင် ယနေ့အထိ ဤတစ်ခါသာ ကြုံဖူးသေးသည်။ အင်္ဂလိပ်တပ်များကို လေကြောင်းမှ ထိုသို့ ရိက္ခာထောက်နေသော်လည်း ဂျပန်များအတွက်မူ ဤသို့သော လေကြောင်းမှ ရိက္ခာထောက်ပံ့ပေးရန် အစီအစဉ်မရှိပေ။

အင်ဖာတိုက်ပွဲကို ဆင်နွှဲရန် အပူတပြင်း လှုံ့ဆော်ပေးခဲ့ပြီးနောက် အင်ဖာတိုက်ပွဲကို ကွပ်ကဲနေရသော ဂျပန်ဗိုလ်ချုပ်ကြီး မတ္တာဂူချိသည် တောအတန်တန် တောင်အထပ်ထပ်ကို ကျော်ဖြတ်၍ ချီတက်လာရသော သူ့တပ်မများအတွက် လေကြောင်းဖြင့် ရိက္ခာထောက်ရေးကို စီစဉ်၍ မပေးခဲ့။ ဂျပန်စစ်သည်တော်များသည် မိမိတို့ ရိက္ခာကို မိမိတို့ သယ်၍ရင်း၊ ရောက်လေရာ ပေါက်လေရာ ရွာတိုင်းတွင် စစ်အမိန့်ဖြင့် ရိက္ခာရှာဖွေ၍ရင်း၊ မိမိတို့၏ ဝမ်းစာရေး ပြဿနာကို မိမိဖာသာ ဖြေရှင်းကြရသည်။

ထို့ပြင် ဖျားနာ ဒဏ်ရာရသူများအား ဂျပန်တို့ ခြေကုတ်ယူထားသည့် မြန်မာပြည်သို့ ပြန်၍သယ်ယူသွားရန် လေယာဉ်လည်းမရှိ၊ အလျှင်စလို ပြုပြင်ထားသော တောလမ်း တောင်လမ်းမှနေ၍ မပြော



စလောက်သော လတ်ဆတ်သည့် ရိက္ခာနှင့် ခဲယဉ်းအချို့သာ ရောက်လာတတ်ပြီး ဒဏ်ရာပြင်းထန်သူများကို အထမ်းသမားများဖြင့်သာ သယ်ထုတ်ယူသွားတတ်ကြသည်။

မိုးဖြိုင်ဖြိုင်ကျရန်ကလည်း တစ်လလောက်သာလိုတော့သည်။ မည်သို့ဖြစ်စေ မတ္တာဂူချိကမူ အင်ဖာသည် တိုတောင်းလှသော အချိန်အတွင်းတွင်ပင် မလွဲမသွေ သူ့လက်ခုတ်ထဲက "ရေ" ဖြစ်လာရမည်ဟု စွဲစွဲမြဲမြဲ ယုံကြည်လျှက်ပင် ရှိနေသည်။

အင်ဖာကိုသာ သိမ်းမိလျှင် ယခု မျက်မှောက်ပြုနေရသော အုပ်ချုပ်ရေးဆိုင်ရာ အခက်အခဲမှန်သမျှသည် မျက်စိတစ်မှိတ် လျှပ်တပြက်အတွင်း ပြေပျောက်ပြီးသားဖြစ်နေပေတော့မည်။ အင်ဖာတွင် သူ၏ ဂျပန်တပ်မတော်ကြီး စားနိုင်သည်ထက် ပိုနေသော ရိက္ခာများ၊ အသုံးပြုရန် လိုအပ်သည်ထက် ပိုနေသော ယာဉ်ရထားများရှိနေသည် မဟုတ်ပါလား။

ဂျပန် ဗိုလ်ချုပ်ကြီး မတ္တာဂူချိက သူ့တွက်ကိန်းနှင့်သူ ဟန်ကျနေစဉ် အင်္ဂလိပ်ဗိုလ်ချုပ်ကြီး စကွန်းကလည်း မိမိအစီအစဉ်နှင့် မိမိအသက်ရှူကွက်ကလေး တစ်ကွက် ရလာသည်ကို သတိပြုမိလာသည်။ စကွန်းအဖို့ အခက်အခဲပေါင်း၊ အကြပ်အတည်းပေါင်း၊ ပြဿနာပေါင်းများစွာ ရှိနေစေကာမူ သူနှင့် အမှတ် ၁၄ - တပ်မတော်ကို အုပ်ချုပ်နေသော ဗိုလ်ချုပ်ကြီး စလင်းတို့ သဘောတူ ရေးဆွဲခဲ့ကြသော အစီအစဉ်တွင် နံပါတ် ( ၁ ) ဖြစ်သည့် တက်လာသောရန်သူအား ကန့်သတ်သော ထိုးစစ်ကို ထိုးပြီးနောက် တပ်အားလုံးကို အင်ဖာလွင်ပြင်တွင် စုစည်းထားရန်ဟူသော အစီအစဉ်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

ထို့ကြောင့် ထိုးစစ်ဆင်လာသော ဂျပန်တို့အား ချေမှုန်းသုတ်သင်ရန်ဟူသော နံပတ် ( ၂ ) အစီအစဉ်ကို မည်ကဲ့သို့ အကောင်အထည်ဖော်ရမည်ကိုသာ စကွန်းအဖို့ စဉ်းစားရန်လိုတော့သည်။

ဖမ်းဆီးရမိသော စာရွက်စာတမ်းများ၊ ခဲတန် အနီအပြာများနှင့် တေးထားသော ရန်သူမြေပုံများ၊ သုံ့ပန်းများထံမှ မေးမြန်းချက်ကြားချက်များနှင့် စုံစမ်းထောက်လှမ်းချက်များအရ ဂျပန်တို့၏ အင်အား

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်တို့၏ အခြေအနေ၊ ဂျပန်တို့၏ လှုပ်ရှားမှုနှင့် ရည်ရွယ်ချက်များကို ထင်ထင်ရှားရှား သိလာရပြီဖြစ်သည်။

အင်ဖာတောင်ဘက်တွင် ရန်သူ ဂျပန်တို့၏ အမှတ် ၃၃ - တပ်မသည် အမှတ် ၁၇ - တပ်မ၊ ရှောဘင်၏ အမှတ် ၂၃ - တပ်မ တို့၏ လက်ချက်ကြောင့် အတော်ပင် အထိနာခဲ့ပြီဖြစ်သည်ကို သိနေသည်။ သို့တိုင်အောင် ဂျပန်တပ်မမှာ အင်အားရှိမြဲ ရှိနေသေး၏။ နောက်ထပ် စစ်ကူတပ်များသာ ရောက်လာမည်ဆိုလျှင် တိုတောင်းလှသော အချိန်အတွင်း ရှေ့တန်းစစ်မျက်နှာသို့ ထွက်၍ တိုက်ခိုက်နိုင်မည့် အခြေအနေ ရှိနေသည်။

ဂျပန်တို့၏ အမှတ် ၁၅ - တပ်မမှာမူ အင်ဖာမြောက်ဘက်ရှိ ကန်ဂလာတုန်ဘီနှင့် အရှေ့မြောက်ဘက်ရှိ လီတန်အကြားတွင် ပြန့်လျက်ရှိသည်မှာ ထင်ရှားလှသည်။ ဤတပ်မတွင် တပ်ဖွဲ့ ၂ - ခုသာ အင်ဖာစစ်မျက်နှာသို့ ရောက်ရှိနေပြီး ကျန်တစ်ဖွဲ့မှာ အင်ဖာသို့ ချီလာဆဲပင် ရှိနေသေးသည်။ အမှတ် ၁၅ - တပ်မ၏ ဌာနချုပ်ကို ရှေ့တန်း စခန်းတစ်ခုဖြစ်သော ကဘုန်ရွာတွင် ချထားခြင်းကို ထောက်၍ ဂျပန်တို့သည် ဤဘက်မှနေ၍ မကြာမီ ထိုးစစ်ဆင်လာတော့မည်ဟု အကဲခတ်ရသည်။

ဂျပန်တို့၏ အမှတ် ၃၁ - တပ်မ မည်သည့်နေရာသို့ ရောက်နေသည်ကို ထင်ထင်ရှားရှား မသိရသေးသော်လည်း ထိုတပ်မမှာ ကိုဟီမားကိုသာ တိုက်ခိုက်သိမ်းယူရန် ညွှန်ကြားထားကြောင်း တွေ့ရှိရသည်။

ထောက်လှမ်းရရှိချက်များအနက် စိတ်ဝင်စားဘွယ်ကောင်းသော အချက်တစ်ချက်မှာ ဂျပန်တို့၏ ထိုးစစ်အစီအစဉ်တွင် အင်္ဂလိပ်တို့၏ ဆက်သွယ်ရေးလမ်းကြောင်းများကိုသာ အဓိကပစ်မှတ်အဖြစ် သတ်မှတ်ထား ချက်ပင်ဖြစ်သည်။ အခြား စိတ်ဝင်စားဘွယ်ကောင်းသော အချက်တစ်ချက်မှာ ရန်သူတပ်မှူးများအား လက်ဝဲလက်ျာ တောင်ပံများတွင် မည်သို့ပင် ဖြစ်နေစေကာမူ သတ်မှတ်ထားသော ပစ်မှတ်ဆီသို့သာ အရောက်ချီတက်ရမည်ဟု အမိန့်ပေးထားချက်ပင်ဖြစ်သည်။

ဂျပန် ဗိုလ်ချုပ်ကြီး မတ္တာဂူချိက အင်္ဂလိပ်တို့၏ ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်ပစ်လိုက်သည်နှင့် တပြိုင်နက် အင်္ဂလိပ်နှင့် အင်္ဂလိပ်လက်အောက်ရှိ အိန္ဒိယတပ်များ၊ ဂေါ်ရခါးတပ်များသည် အင်ဖာမှ အိန္ဒိယပြည်မကြီးဆီသို့ ရောက်ရာပေါက်ရာ တောလမ်း တောင်လမ်းများဖြင့် ဆုတ်ခွာသွားကြလိမ့်မည်ဟု ယုံကြည်ခဲ့ကြောင်းမှာ ထင်ရှားလှသည်။

သို့သော် မတ္တာဂူချိ ယုံကြည်မျှော်လင့်ထားခဲ့သလို အင်္ဂလိပ်နှင့် အင်္ဂလိပ်လက်အောက်ရှိ တပ်များက အင်ဖာမှ ဆုတ်ခွာ၍သွားကြသော အခါ - မတ္တာဂူချိသည် သူ၏ ထိုးစစ်အခြေအနေကို ပြန်လည်သုံးသပ်၍ အစီအစဉ်သစ်များ ပြုလုပ်လေမည်လား . . .

နောက်တပ် စုံစမ်းရရှိသော သတင်းများအရ အချို့သော ဂျပန် တပ်မှူးများသည် သူတို့၏ အင်ဖာထိုးစစ်ကြီး အရှုံးနှင့် ရင်ဆိုင်နေရပြီကို ယခုအချိန်တွင် စတင်ရိပ်စားမိသည့်အလျှောက် သူတို့နှင့် ရင်ဆိုင်နေရသော အင်္ဂလိပ်များအား တတ်နိုင်သလောက် သတ်ဖြတ်ပစ်ကြရန် စိတ်ကူးပေါက်လာကြကြောင်း သိရသည်။

ဤထောက်လှမ်း ရရှိချက်များအရ ဂျပန်တို့သည် အင်္ဂလိပ်တို့၏ ဆက်သွယ်ရေး လမ်းကြောင်း မှန်သမျှကို ပိုက်စိုက်တိုက်၍ ပြင်းပြင်းထန်ထန် လိုက်လံတိုက်ခိုက်လာရုံမက အင်္ဂလိပ်စစ်တပ်ကြီး ထက်ဝက်ခန့် ပြုန်းသွားအောင်လည်း ချေမှုန်းလာကာ အင်္ဂလိပ်တို့အား မိုးရာသီ စစ်ဆင်ရေး မလုပ်နိုင်အောင် ဖြစ်သည့်နည်းဖြင့် ဟန့်တားကြတော့မည်ကို ဗိုလ်ချုပ်ကြီး စကွန်းက ထွက်ချက်မိလာသည်။

ယခုအချိန်၌ ဂျပန်တပ်များသည် ရိက္ခာအခက်အခဲနှင့် မတွေ့ရသေး။ သို့သော် ခဲယမ်းမီးကျောက်များပြတ်သည့် အခက်အခဲနှင့်မူ မကြာမီ တွေ့ရတော့မည်ဟု စကွန်းက ယူဆသည်။ ထို့ကြောင့် ဂျပန်တို့၏ စစ်ကြောင်းကြီး ၃ - ကြောင်းအနက် အလယ်ကြောင်းချီ အမှတ် ၁၅ - တပ်မအား ပထမဆုံး ပစ်မှတ်အဖြစ် သတ်မှတ်ကာ ချေမှုန်းရန် အချိန် ရောက်လာပြီဟု ဗိုလ်ချုပ်စကွန်းက ဆုံးဖြတ်လိုက်၏။

သို့သော် တီးတိန် - အင်ဖာလမ်းတစ်လျှောက်တွင် ဝိုင်းထားသော ရန်သူကို ဖောက်၍ ထွက်ခဲ့ရာ၌ ထိခိုက်ကျဆုံး ပျောက်ရာရခဲ့ သူပေါင်း ၁၂၀၀ - ခန့် ရှိနေခဲ့သော အမှတ် ၁၇ - တပ်မကို ပြန်၍



www.burmeseclassic.com

www.burmeseclassic.com

နားလန်ထူနိုင်အောင်လည်း စောင့်ရဦးမည်။ သို့ဖြစ်၍ ဂျပန်တို့အား အပြီးသတ်ချေမှုန်းရေးတိုက်ပွဲကို ဧပြီ ၁၂ - ရက်နေ့ထက် စော၍ စနိုင်မည်မဟုတ်။

အပြီးသတ် ချေမှုန်းရေးတိုက်ပွဲကို ဧပြီလ ၁၂ - ရက်နေ့တွင် စသည့်တိုင် အင်ဖာကို ရန်သူက အလစ်တွင် ဝင်မစီးနိုင်ရန်အတွက် တပ်မ ၂ - ခုသည် အင်ဖာတွင် အမြဲရှိနေရမည်ဖြစ်ပြီး ကျန်တပ်မ ၂ - ခုကိုသာ အင်ဖာလွင်ပြင် အပြင်ဘက်သို့ထွက်၍ တိုက်ခိုက်စေမည် ဖြစ်သည်။ ဤသို့ တိုက်ခိုက်ရာ၌ ဂျပန်တို့သည် ယခုရှိနေသော တောထဲ တောင်ထဲတွင်သာ ရှိနေမည်ဖြစ်ရာ တပ်မ ၂ - ခုတွင် ပါဝင်သော တပ်မဟာများသည် မော်တော်ယာဉ် သယ်ယူပို့ဆောင်ရေးမှ လားဝန် တင် သယ်ယူပို့ဆောင်သို့ ပြောင်းလာရမည်ဖြစ်ကာ အကယ်၍ လိုအပ် ပါက လေကြောင်းဖြင့် သယ်ယူပို့ဆောင်ရေးကိုချည်း အားကိုးရတော့ မည်ဖြစ်၏။ သို့မှသာ ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက် နေကျ ဂျပန်များ မည်သို့မျှ အနှောက်အယှက် မပေးနိုင်ဘဲ ဖြစ်နေ ပေမည်။

အင်ဖာတွင် ရှိနေမည့် တပ်မ ၂ - ခုနှင့် အင်ဖာ အပြင်ဘက်သို့ ထွက်၍ တိုက်မည့် တပ်မ ၂ - ခု၏ ရိက္ခာပြဿနာကို စဉ်းစားရာ၌ တပ်မ ၄ - ခုအား ယခုပေးနေကျ အပြည့်အဝပေးနေသည့် စံချိန် အတိုင်း ဆက်၍ပေးမည်ဆိုက မေလ ၅ - ရက်နေ့အထိ လုံလုံလောက် လောက်ကြီး ပေးနေနိုင်သည်။ အပြည့်အဝ ပေးနေသည့် စံချိန်အတိုင်း မဟုတ်ဘဲ ထက်ဝက်သာ ပေးမည်ဆိုပါက တပ်မ ၄ - ခုသည် မေလ တစ်လလုံး ကုန်သည်အထိ ယခုရှိနေသော ရိက္ခာကို စားသွားနိုင်မည် ဖြစ်၏။ ဗိုလ်ချုပ်ကြီး စကွန်းသည် နောက်ထပ် ရိက္ခာမလိုဘဲ မေလတစ် လလုံး စားသွားနိုင်မည့် အစီအစဉ်ကို ရွေးချယ်လိုက်သည်။

ဗိုလ်ချုပ်ကြီး စကွန်းသည် ဤကဲ့သို့သော အကြောင်းအချက် အမျိုးမျိုးကို တွက်ဆပြီးနောက် အမှတ် ၁၇ - နှင့် ၂၀ - တပ်မ ၂ - ခုအား အင်ဖာလွင်ပြင်တွင် အစောင့်ထား၍ အမှတ် ၁၅ - နှင့် ၂၃ - တပ်မ ၂ - ခုအား ဂျပန်တို့၏ အဓိကစစ်ကြောင်းကြီးဖြစ်သော အမှတ် ၁၅ - တပ်မကို အင်ဖာလွင်ပြင်ဘက်သို့ ထွက်၍ တိုက်ရန် ဆုံးဖြတ်



လိုက်သည်။ အမှတ် ၁၇ - နှင့် အမှတ် ၂၀ - တပ်မ နှစ်ခုသည် ရှန်နမ်မှ တီးတိန် - အင်ဖာလမ်းပေါ်ရှိ ဘီရှန်ပူ တောင်ဘက်အထိ ကျယ်သော အင်ဖာလွင်ပြင် စည်းဝိုင်းကို တင့်ကားတပ်အချို့နှင့်အတူ လှည့်လည် လှုပ်ရှားနေသော တပ်မဟာတစ်ခုဖြင့် စောင့်ကြပ်ကာကွယ် နေရမည်ဖြစ်သည်။

အမှတ် ၅ - နှင့် ၂၃ - တပ်မ ၂ - ခုတို့အနက် အမှတ် ၅ တပ်မသည် အင်ဖာမြောက်ဘက်ရှိ အင်ဖာ - ကိုဟီမားလမ်း တစ်ဘက် တစ်ချက်တွင် နေရာယူထားသော ရန်သူ့အမှတ် ၁၅ - တပ်မမှ တပ် များကို လိုက်လံ ချေမှုန်းရန်ဖြင့်။ အမှတ် ၂၃ - တပ်မသည် အင်ဖာ အရှေ့မြောက်ဘက်ရှိ လီတန်နှင့် ဥခရယ်မှ ဂျပန်အမှတ် ၁၅ - တပ်မ ကို ဖယ်ရှားရန်ဖြင့် တာဝန်ယူရသည်။

ဗိုလ်ချုပ်ကြီး စကွန်းက သူ၏ အပြီးသတ်ချေမှုန်းရေး တိုက်ပွဲ အစီအစဉ်ကို စပင်မစရသေးမီ ဂျပန်တို့သည် ထိုအစီအစဉ်ကြီး တစ်ခု လုံးကို ပျက်သည်းသွားနိုင်လောက်သော ထိုးစစ်တစ်ခုကို အံ့ဩလောက် အောင် ဆင်နွှဲလာလေတော့သည်။

ဖြစ်ပုံကား ဤသို့တည်း။

ဂျပန်တို့၏ အမှတ် ၃၁ - တပ်မမှ လက်ဝဲ စစ်ကြောင်းသည် သံဂဟတ်တွင် အင်္ဂလိပ်တပ်များနှင့် တိုက်ပွဲအပြင်းအထန် ဖြစ်ပွား နေစဉ် ၃၁ - တပ်မသည် သူ၏ ပစ်မှတ်ဖြစ်သော ကိုဟီမားသို့ ချီရာ လမ်းတွင် တွေ့ရသော အတားအဆီးများကို ဖယ်ရှားပြီး ချီတက်လျက် ရှိသည်။ ကိုဟီမား စစ်မျက်နှာနှင့် ပတ်သက်၍ ဖေဖော်ဝါရီလ အတွင်း က ဗိုလ်ချုပ်စကွန်း တွက်ချက်ထားခဲ့သော အချက်အလက်များမှ ယခု အခါတွင် မြင်းကောင်းခွာလိပ်ဖြစ်နေသည်ကို တွေ့လာရသည်။

ဗိုလ်ချုပ်ကြီး စကွန်းသည် ကိုဟီမားစစ်မျက်နှာသို့ ရောက်လာ နိုင်မည့် ဂျပန်တို့၏ အင်အားကို တွက်ချက်ခဲ့ရာ၌ မှားယွင်းစွာ တွက် ချက်မိခဲ့လေသည်။ ချင်းတွင်းမှ ကိုဟီမားသို့ တိုက်ရိုက်ရောက်နိုင်သော ခရီးအကြားတွင် လမ်းဟူ၍မရှိဘဲ တောများ၊ တောင်များ၊ ချောင်းများ သာ အဆင့်ဆင့်ဆီးလျက်ရှိသည်။ တောကျွမ်းပါသည်ဆိုသော ဂျပန်တို့ သည် ဤကန္တာရခရီးကြမ်းမှ လှမ်း၍တက်လာမည်ဆိုလျှင် တပ်မဟာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုစာလောက်သာ ဖြစ်ဖြစ်မြည်အောင် တက်လာနိုင်မည်ဟု ဗိုလ်ချုပ်ကြီး စကွန်းက တွက်ချက်ထားခဲ့၏။

သို့သော် ဤကန္တာရလမ်းမှ လှမ်းတက်ကာ ကိုဟီမား စစ်မျက်နှာသို့ ရောက်လာသည့် ဂျပန်တို့၏ အင်အားမှာ တပ်မကြီးတစ်ခုစာလောက်ပင် ရှိနေသည်ကို အံ့ဩစွာ တွေ့နေရတော့၏။ အမှတ် ၃၁ - ဂျပန်တပ်မမှ တပ်ကြီးတစ်ခုလုံးသည် ကိုဟီမားကို ခြိမ်းခြောက်နေလေပြီ။

မတ်လ ၃၀ - ရက်နေ့တွင် အမှတ် ၃၁ - တပ်မသည် ကိုဟီမားနှင့် မိုင်အနည်းငယ်သာကွာသော မြို့တောင်ဘက်သို့ ရောက်လာပြီးနောက် အင်ဖာ - ကိုဟီမားလမ်းကို ဖြတ်တောက်လိုက်သည်။ ဤတပ်မသည် လမ်းတစ်ဘက်တစ်ချက်တွင် တပ်စွဲပြီးနောက် ကိုဟီမားကို ချက်ချင်းပင် ဆက်၍ဆက်၍ တိုက်တော့၏။ ဧပြီလ ၈ - ရက်နေ့မှ စ၍ အပြင်းထန်ဆုံး ထိုးစစ်ကြီးကို ဆင့်ကဲဆင့်ကဲ ဆင်နွှဲလာသည်။

အမှတ် ၃၁ - တပ်မ၏ တောင်ဘက်တောင်ပံတွင် ရှိနေသော ဂျပန် ၁၅ - တပ်မမှ တပ်အချို့သည် သံဂပတ် တိုက်ပွဲတွင် စွယ်ယောင်ပြသဘောဖြင့် ပါဝင်ပြီးနောက် လီတန်သို့ ဆက်၍ ချီတက်သွားလေသည်။ လီတန်တွင် အမှတ် ၅ - တပ်မမှ ဒုတိယ တပ်ရင်းတစ်ရင်းက တတ်နိုင်သလောက် ကာကွယ်နေသည်။ ပန်ချာဂီ စစ်သားများပါသော ဤတပ်ရင်းမှာ ရခိုင်စစ်မျက်နှာမှ အင်ဖာသို့ ပထမဆုံး လေကြောင်းဖြင့် ချီတက်လာသော တပ်ရင်းဖြစ်သည်။ မကြာမီမှာပင် ဤတပ်ရင်းက တပ်တစ်တပ်အဖြစ် ပါဝင်နေသော အမှတ် ၁၂၃ - တပ်မဟာသည် ရခိုင်မှ ရောက်လာသော လီတန်နှင့် ၁၂ - မိုင်ကွာရှိ ယန်ဂါပိုကီတွင် နေရာယူလိုက်၏။

လီတန်မှ တပ်ရင်းသည် တတ်နိုင်သလောက် ကာကွယ်ပြီးနောက် ရန်သူအင်အားက အဆမတန်များနေသောကြောင့် အမှတ် ၁၂၃ - တပ်မဟာရှိရာသို့ ဆုတ်လာရသည်။ တော်သေးသည်မှာ ဂျပန်တို့သည် နောက်မှ ထက်ကြပ်မကွာ လိုက်လာခြင်းမရှိသဖြင့် တပ်မဟာသည် ကာမန်ချောင်းတွင် အခိုင်အမာ တပ်စွဲရန် အချိန်ရသွားလေသည်။

ကာမန်ချောင်းသည် အကျဉ်းဆုံး နေရာ၌ပင် ကိုက် ၈၀၀ - ကျယ်နေသည်။ ဤကာမန်ချောင်းကို ဥခရေမှလာသော လမ်းကဖြတ်သွားသည်။ ကာမန်ချောင်း တစ်ဘက်တစ်ချက်တွင် ကျောက်ခဲကဲ့သို့ မာနေသော လယ်တောကြီးများရှိနေ၏။ လူနေအိမ်ခြေ ဆယ်အိမ်၊ ဆယ့်ငါးအိမ်လောက်သာ ရှိနေခဲ့သော ကာမန်ရွာကလေးတွင် ယခုအချိန်၌ တစ်အိမ်နှစ်အိမ်ခန့်သာ ကျန်တော့၏။ လယ်တောကြီးထဲတွင် ကျွဲနွားနှင့် ကြက်ဘဲ အချို့မှာ လွတ်လွတ်လပ်လပ်ကြီး အစာရှာစားနေကြသည်။



ကာမန်ချောင်း တစ်ဘက်တစ်ချက်ရှိ တောင်များပေါ်မှ မျှော်ကြည့်လိုက်လျှင် ယန်ဂါပိုကီ ဟိုမှာဘက်ရှိ အရပ်ဒေသများကို ရှင်းရှင်းကြီး မြင်နေရသည်။ ကာမန်ချောင်း တောင်ဘက်ရှိ တောင်များပေါ်တွင် ဒု ဗိုလ်မှူးကြီး ဝု ဦးစီးသော တပ်ရင်းက နေရာယူထားပြီး မြောက်ဘက်ရှိ တောင်များပေါ်တွင် ဒုဗိုလ်မှူးကြီး ဟော့ကင်း အုပ်ချုပ်သော တပ်ရင်းက နေရာယူထားသည်။

ကာမန်ချောင်းအတိုင်း ချီတက်လာကြမည့် ရန်သူ ဂျပန်များအတွက် ပို၍ အခက်အခဲတွေ့နေရန် ကာမန်းချောင်း တောင်ဘက်နှင့် မြောက်ဘက်ကိုဖြတ်လျှက် အလွန်ထူထပ်ပြီး အလွန်ရှည်လျား မြင့်မားသော သံဆူးကြိုးကြီး အတားအဆီးများကို စိုက်ထူထားသည်။ သံဆူးကြိုး အတားအဆီးသို့ ချဉ်းကပ်သည့် နေရာများတွင် မြေမြှုပ်ဗုံးများ၊ ခလုတ်တိုက်ဗုံးများ အနှံ့အပြားချထားပြီး သံဆူးကြိုးထိပ် တစ်ဘက်တစ်ချက်တွင် စက်သေနတ်သမားများကို ထူထူကြီး ချထားသည်။

သံဆူးကြိုး အတားအဆီး၏ နောက်ဘက် ၂ - မိုင်ကွာ လမ်းဘေး တစ်ဘက်တစ်ချက်တွင်လည်း အခိုင်အမာ တပ်စွဲထားသော တပ်တစ်တပ်သည် တောထဲ၌ ကိုယ်ရောင် ဖျောက်လျှက်ရှိနေ၏။ ဤစခန်းသို့ လီတန်မှ တပ်ရင်းတစ်ရင်း ရောက်ရှိလာသည်။ ဤစခန်း၏ နောက်ဘက်တွင် အမှတ် ၁၂၃ - တပ်မဟာ၏ ဌာနချုပ်ကိုဖွင့်လှစ်ထားသည်။ ဌာနချုပ်တွင် အမြောက်တပ်၊ အင်ဂျင်နီယာတပ်၊ တင့်ကားတပ်နှင့် မြင်းတပ်မှ တပ်ဖွဲ့အသီးသီး ရှိနေသည်။ စစ်မြေပြင် သူနာပြုတပ်စခန်းကို ကျင်းနက်နက်တူးကာ အပေါ်မှ ဗုံးဆံမှန်၍ မပေါက်ကွဲနိုင်သော အကာအကွယ်များ ဖုံးအုပ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးမျိုးသော မိုင်းဗုံးများက ဌာနချုပ်စည်းဝိုင်းကို ဂျပန်တို့ ချဉ်းကပ်၍ မလာနိုင်အောင် ဟန့်တားထားသည်။ သို့သော် ဤကဲ့သို့ အခိုင်အမာ တပ်စွဲထားသော ကမန်ချောင်းစခန်းကို ပေ (၄၀၀၀) မြင့်သော "နန်ရှိုဂမ်" တောင်ကြီးက ခပ်လှမ်းလှမ်းမှနေ၍ မိုးကြည့် နေသည်။

"သံဂဟတ်" မှ ဆုတ်ခွာလာခဲ့ရသော အင်္ဂလိပ်တပ်များသည် ဂျပန်တပ်များ ဆက်လက်ချီတက်လာမလာကို အမြဲကင်းထောက်လျှက် ရှိနေကြ၏။ ဂျပန်တို့ အလုံးအရင်းဖြင့် ချီတက်လာမည့် အရိပ်အရောင် ကို မမြင်ရ။ သို့သော် ဧပြီလ ၄ - ရက်နေ့ ညသန်းခေါင်သို့ ရောက်လာ သောအခါတွင်ကား ကမန်ချောင်း တောင်ဘက်တွင် တပ်စွဲထားသော တပ်ရင်းဆီမှ သေနတ်သံများ ပြင်းပြင်းထန်ထန် ပေါ်ထွက်လာတော့၏။

မကြာမီပင် ဌာနချုပ်စခန်းရှိ အမြောက်တပ်အား ကူပစ်ပေး ရန် တောင်ဘက်ရှိ တပ်ရင်းက မီးကျည်ဖြင့် အချက်ပြလာသည်။ ဌာန ချုပ် အောက်ဘက်တွင် နေရာယူထားသော အမှတ် ၂၈ - အမြောက် တပ်က ချက်ချင်းပင် ရန်သူ ဂျပန်များရှိရာသို့ ပစ်ပေးသည်။ သို့သော် ဂျပန်တို့သည် လှိုင်းလုံးကြီးများ ဆင့်ကာဆင့်ကာ လိမ့်၍ဝင်လာသလို ကမန်ချောင်း တောင်ဘက်တွင် တပ်စွဲထားသော ၀ု ၏ တပ်ရင်းကို တိုက်တော့သည်။

နံနက် ၃ - နာရီသို့ ရောက်သောအခါ ကမန်ချောင်းကို ဖြတ်၍ ကာဆီးထားသော သံဆူးကြိုးနှင့် မလှမ်းမကမ်းတွင် ဂျပန်များ ကျင်းတူး ၍ နေရာယူရန် ပြင်ဆင်လာသံကို ကြားလာရ၏။ မိုးလင်း၍ ဂျပန်များ ကျင်းတူးခဲ့သော နေရာသို့ သွားကြည့်သောအခါ ဂျပန် တစ်ယောက်ကို မျှ မတွေ့ရ။ သံဆူးကြိုး အနီးတဝိုက်တွင်သာ ပြန့်ကျဲနေသော ဂျပန် အလောင်းများကို တွေ့ရသည်။

သို့သော် ဂျပန် လက်ဖြောင့်တပ်သားအချို့သည် သစ်ပင်များ ပေါ်တွင် ပုန်းအောင်း၍ တဒိုင်းဒိုင်း ပစ်ခတ်နေသေး၏။ ဂျပန်တို့သည် ၀ု ၏ တပ်ခွဲတစ်ခွဲ နေရာယူထားသော တောင်ကုန်းတစ်ခု၏ အစွန်းကို သိမ်းပိုက်ရန် တိုက်ခိုက်လှာပြန်သည်။ ဤအချိန်မှာပင် ဌာနချုပ်မှ တင့်ကားတပ်များ ပေါက်ချလာသည်။



စစ်မျက်နှာ အရပ်ရပ်မှ အခြေအနေကို အမြဲစောင့်ကြည့်နေ သော အမှတ် ၅ - တပ်မဉီးစီးဖြစ်သူ ဘရစ်သည် ကမန်ချောင်းသို့ ချက်ချင်း ရောက်လာကာ ကိုက် ၃၀၀ - ခန့် အကွာမှနေ၍ တိုက်ပွဲ အခြေအနေကို ကိုယ်တိုင်ကိုယ်ကျ လေ့လာအကဲခတ်သည်။ ဂျပန် တို့သည် တောင်ထိပ်အစွန်းတစ်ခုမှ တစ်ခုသို့ ကူးပြောင်း၍ ခံစစ်ပြု လျှက်ရှိရာ တင့်ကား တပ်တစ်ခုတည်းဖြင့် ဖြိုရန်ခက်နေသည်ကို တွေ့ရ ၏။ ၀ု ၏ တပ်ရင်းမှ တပ်ခွဲတစ်ခွဲသည် ဂျပန်တို့ကို တောင်ထိပ်အစွန်းမှ မောင်းကြရန် ကြိုးစားနေသည်။ သို့သော် ညနေ ၅ - နာရီ အချိန်သို့ ရောက်လာသည့်တိုင် ဂျပန်များကား အကြွင်းအကျန် ရှိနေသေးသည်။

ဖမ်းဆီးရမိသော ဂျပန် သံ့ပန်းတစ်ဦး၏ ပြောပြချက်အရ အမှတ် ၁၅ - တပ်မမှ ဂျပန်စစ်သား ၁၁၂ - ဦး ဤတောင်ကုန်းကို တိုက်ခိုက်သိမ်းယူရန် တာ၀န်ပေးခြင်းခံရသည်ဟု သိရသည်။ ပြန့်ကျဲ နေသော ဂျပန်အလောင်း ၉၈ - လောင်းကို တွေ့ရခြင်းအားဖြင့် ဂျပန် တို့ဘက်မှ ၁၃ - ယောက်သာ အသက်ရှင်သည်ဟု ခန့်မှန်းရ၏။ အင်္ဂလိပ် တို့ အမှတ် ၅ - တပ်မအတွက် ဤတိုက်ပွဲမှာ တစ်ဦးဘီလူးပါ ဆိုသလို ဂျပန် တစ်ရာနီးပါးကို သုတ်သင်လိုက်နိုင်ခြင်းမှာ အင်ဖာစစ်မျက်နှာ တွင် ပထမဆုံးသော အောင်ပွဲပင်ဖြစ်သည်။

ဤတပ်မသည် မကြာမီ ရက်အတွင်းပင် ဤထက်ပြင်းထန် သော တိုက်ပွဲများနှင့် ရင်ဆိုင်ကြရတော့မည် ဆိုသည်မှာလည်း ပို၍ သေချာနေတော့သည်။ အဘယ်ကြောင့်ဆိုသော ဂျပန်တို့သည် ကမန် ချောင်းကို မလွဲမသွေ ကျော်ဖြတ်ကာ ချီတက်ရမည် ဖြစ်သောကြောင့် ပါတည်း။

အမှတ် ၉ - တပ်မဟာက ကမန်ချောင်းတွင် တပ်စွဲနေသော အမှတ် ၁၂၃ - တပ်မဟာသို့ ပြောင်းရွှေ့မလာမီကပင် ဂျပန်များသည် မိုမန်အနီးရှိ တောင်များတွင် နေရာယူနှင့်ပြီး ဖြစ်နေသည်။ ဤတောင် များသည် အင်ဖာလွင်ပြင်၏ အရှေ့မြောက်ဘက်တွင် တည်ရှိပြီး အင်ဖာ လွင်ပြင်ကို စီး၍ မြင်နေရသော အနေအထားရှိသည်။

ဂျပန်တပ်အချို့သည် "မိုင်မန်" မှ ယခင်က အင်္ဂလိပ်တို့၏ ရိက္ခာ စခန်းဟောင်းဖြစ်သော ကန်ဂလာတုန်ဘီသို့ ဆင်းလာပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



တိုက်ကင်း အဖွဲ့များကို အင်ဖာလွင်ပြင် အနောက်မြောက်ဘက်သို့ ရဲရဲဝံ့ဝံ့ စေလွှတ်နေသည်။ အင်ဖာလွင်ပြင်၏ အနောက်မြောက်ဘက်ရှိ တောင်များအကြားတွင် ရေကန်ကြီးတစ်ကန်ရှိရာ ထိုရေကန်မှနေ၍ အင်ဖာသို့ ရေများ ပေးသွင်းနေရသည်။

ထို့ကြောင့် ဂျပန်တို့၏ လှုပ်ရှားမှုမှာ များစွာစိုးရိမ် ကြောင့်ကြစရာ ဖြစ်နေတော့၏။ ရေကန်မှ ရေစက်ကို စောင့်နေသူမှာ မဏိပူရ လူမျိုး ဒရဝမ်ကြီးတစ်ဦးသာဖြစ်သည်။ သူ့တွင် လက်နက်ဆို၍ ဝါးရင်းတုတ်ကြီး တစ်ချောင်းသာရှိသည်။ တစ်မြို့လုံးအား ရေပေးနေသော ရေကန်မှ ရေစုတ်စက်ကို စောင့်ကြပ်ရန် ဝါးရင်းတုတ်ကိုင်သော ဒရဝမ်ကြီးတစ်ဦးသာ ထားရှိသည်ဆိုသည်မှာ ယခုလို စစ်မက်ကြီးဖြစ်နေသော ကာလ၌ "ကဲ . . . မယုံချင်နေ" ဟု ဆိုရမလို ဖြစ်နေသည်။ အင်္ဂလိပ်တို့မှာ ဤမျှ အရေးကြီးသော ရေကန်ကိုပင် သတိမရနိုင်ကြလောက်အောင် ဂျပန်တို့ကို ကြောက်ရွံ့ကာ အရမ်း ရောက်နေကြသည်။

ညတစ်ညသ၌ ဤဒရဝမ်ကြီးသည် ရေစုတ်စက်မှ ခွာကာ အခြားသို့ ကိစ္စတစ်ခုနှင့် သွားနေခိုက် ဂျပန်စစ်သားအချို့ ရောက်လာပြီး ရေစုတ်စက်မှ ပစ္စည်းအချို့ကို ထုခွဲဖျက်စီးလိုက်ခြင်းဖြင့် ရေစုတ်စက်ကြီး ဆက်၍မလည်နိုင်တော့ဟု ယူဆသွားကြဟန်တူသည်။ ထိုဂျပန်စစ်သားများ ထွက်ခွာသွားပြီးနောက် ဒရဝမ်ကြီး ရောက်လာသောအခါ ရေစုတ်စက်မှ ဖျက်စီးနေသော ပစ္စည်းများကို တွေ့ရတော့၏။

ဒရဝမ်ကြီးသည် ဂျပန်စစ်သားများ လာရောက်ဖျက်စီးသွားသည်ကို လုံးဝ မသိသဖြင့် ကြောက်ရွံ့ခြင်းမရှိဘဲ သူစိုးရိမ်လိုက်သည်မှာ သူ့အလုပ်ပြုတ်ရေးသာဖြစ်သည်။ ထို့ကြောင့် သူသည် အရံအဖြစ်ထားသော ရေစုတ်စက် အသစ်ကို ချက်ချင်း စလည်လိုက်သည်။ ဤအချိန်မှစ၍ အင်ဖာသို့ ခါတိုင်းလိုပင် ရေကောင်းရေသန့် ရောက်ရှိနေသည်မှာ ဂျပန်တို့ အဝိုင်းခံနေရရာမှ လွတ်မြောက်သွားသည်အထိ ဖြစ်တော့သည်။

ဧပြီလ ၅ - ရက်နေ့တွင် ဗိုလ်မှူးချုပ် ဆောလမွန် ဦးစီးသော အမှတ် ၉ - တပ်မဟာမှာ အင်ဖာအရှေ့ဘက်ရှိ တောင်ကုန်း ပေါ်များသော ဒေသနှင့် ပေ ၁၀၀၀ - ခန့်မြင့်၍ ကိုက် ၇၀၀၀ - ခန့်ရှည်သော



"နန်ရှီ ဂမ်" တောင်တန်းကို စောင့်ကြပ်ရန် တာဝန်ပေးခြင်းခံရသည်။

တပ်မဟာသည် ကန်ဂလာတုန်ဘီမှ ရိက္ခာများ ရွှေ့ပြောင်းရေးကိုလည်း စောင့်ကြပ်နေရသည်ဖြစ်ရာ နောက်ထပ်တိုးလာသော နယ်မြေ ဒေသအားလုံးကို တပြိုင်တည်း ထိန်းထားရန်အတွက် လူအင်အားများစွာလိုနေတော့၏။ ထို့ကြောင့် တပ်ရင်း ၂ - ရင်းနှင့် စောင့်ရှောက်သည့်တိုင် လုံလောက်နိုင်မည် မဟုတ်သော နန်ရှီဂမ် တောင်တန်းကို တပ်စု ၂ - စုဖြင့်သာ စောင့်နေရသည်။

နန်ရှီဂမ် တောင်တန်းသည် ဗိုလ်ချုပ်ကြီး စကွန်း၏ အမှတ် ၄ - တပ်မကြီးဌာနချုပ်နှင့် ၆ - မိုင်ခန့်သာကွာကာ ကန်ဂလာတုန်ဘီ လေယာဉ်ကွင်းနှင့် ၄ - မိုင်သာဝေးသည်။ တောင်တန်းအကြားနှင့် အမှတ် ၄ - တပ်မကြီးဌာနချုပ်၊ ကန်ဂလာတုန်ဘီ လေယာဉ်ကွင်းတို့အကြားတွင် ရုံးအဖွဲ့များသာ အများအပြားပါသည့် ကင်းဘုတ်များရှိသည်။

ထို့ကြောင့် ဂျပန်တပ်များသာ နန်ရှီဂမ်မှ ဖောက်ထွင်းဝင်ရောက်လာခဲ့သော် တပ်မကြီး ဌာနချုပ်နှင့် အဓိကလေယာဉ်ကွင်း ရိက္ခာဂိုဒေါင်များ၊ ဓာတ်ဆီလှောင်ကန်များ၊ ခဲယမ်းမီးကျောက် တိုက်များရှိရာ အင်ဖာစည်းဝိုင်း ခံတပ်သို့ တောက်လျှောက်ကြီး ရောက်သွားနိုင်သည့် အန္တရာယ်ရှိနေသည်။ နန်ရှီဂမ်သည် ကွင်းပြင်ပြောင်ပြောင်တွင် တည်ရှိနေသဖြင့် ထိုးစစ်ဆင်ရန် အလွန်ကောင်းသော တောင်တန်းဖြစ်သလို ခံစစ်ပြုရန်အတွက်လည်း အလွန်ခိုင်မာသော သဘာဝခံတပ်ကြီး ဖြစ်နေသည်။

ဧပြီလ ၆ - ရက်နေ့တွင် ဗိုလ်မှူးကြီးတစ်ဦး ခေါင်းဆောင်သော အင်္ဂလိပ်တစ်စုနှစ်စုသည် နေပူကြဲကြဲကြီးထဲတွင် နန်ရှီဂမ် တောင်တန်းကို တက်ရောက်ကြပြီးနောက် မှောင်စပျိုးလာသည်နှင့် တပြိုင်နက် ကတုတ်ကျင်းများတူး၊ သံဆူးကြိုးများကာကာ တောင်တန်း၏ တောင်ဘက်အစွန်းတွင် နေရာယူပြီး ဖြစ်နေကြ၏။ ထိုနေ့ည သုံးနာရီအချိန်တွင် ဂျပန်တပ်ခွဲ ၂ - ခွဲသည် မိုးသက် မုန်တိုင်းကျနေသည်ကို အကာအကွယ်ယူ၍ တောင်ထိပ်ပေါ်သို့တက်လာကာ အင်္ဂလိပ်တပ်စု ၂ - စုကို ဝိုင်းဝန်းတိုက်ခိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဧပြီလ ၇ - ရက်နေ့ နံနက် ၆ - နာရီအချိန်သို့ ရောက်လာသောအခါ အင်္ဂလိပ်တို့ဘက်မှ ၂၄ - ယောက် ကျဆုံးနေပြီး အဖက်ဖက်မှ ဂျပန်တို့၏ ဝိုင်းထားခြင်းကို ခံနေရသည်။ ထို့ကြောင့် ဒုဗိုလ်မှူးကြီးသည် မိမိ၏ ရဲဘော်များအား ထိုးဖောက်၍ ထွက်ရန် အမိန့်ပေးရတော့၏။ မြင်မြင်ထင်ထင် ရှိလာသည့်အချိန်တွင် အင်္ဂလိပ်လေတပ်က ဂျပန်များ ရှိနေသော တောင်ကုန်းကို ဗုံးကြဲပေးသည်။ သို့သော် ဂျပန်များက တောင်ကုန်းကို အမိအရတွယ်ထားကြ၏။ ထိုဂျပန်တပ်ခွဲ ၂ - ခွဲမှာ အမှတ် ၁၅ - တပ်မတွင် ပါဝင်သော အမှတ် ၅၁ - တပ်ရင်းမှဖြစ်ရာ ဂျပန်တို့သည် နန်ရှိဂမ်တောင်ကုန်းကို တပ်ရင်းလိုက် အပိုင်စီးထားရန် အကြံရှိသည်ဟု အင်္ဂလိပ်တို့က ယူဆကြသည်။

ဤအချက်အချာကျသော နန်ရှိဂမ် တောင်ကုန်းကို ဂျပန်လက်သို့ ဝကွက်၍ အပ်ရမည့်အရေးမှာ အလွန်ရင်လေးစရာကောင်းလှသည်။ နန်ရှိဂမ်သည် ဗိုလ်ချုပ်ကြီး စကွန်း၏ အမှတ် ၄ - တပ်မကြီးဌာနချုပ်နှင့် ၆ - မိုင်ခန့်သာကွာကာ ကန်ဂလားဘီ လေယာဉ်ကွင်းနှင့် ၄ - မိုင် သာဝေးသည်။ တစ်နည်းဆိုရသော် နန်ရှိဂမ်သည် အင်ဖာစည်းဝိုင်းခံတပ်၏ တံခါးမကြီးဖြစ်နေသည်။

ထို့ကြောင့် ဧပြီလ ၇ - ရက်နေ့တွင်ပင် အိန္ဒိယစစ်သားများပါသော တပ်ခွဲတစ်ခွဲကို တောင်ထိပ်ပေါ်သို့ စေလွှတ်၍ တပ်စွဲထားသော ဂျပန်များကို မောင်းထုတ်စေသည်။ တောင်ထိပ်ပေါ်တွင် နေရာယူထားသော ဂျပန်တပ်ခွဲ ၂ - ခွဲသည် ၆ - ရက်နေ့ညနှင့် ၇ - ရက်နေ့ နံနက်က ဖြစ်ပွားခဲ့သော တိုက်ပွဲများ၌ အတော်ပင် အထိနာခဲ့ဟန်တူသည်။ အဘယ်ကြောင့်ဆိုသော် အိန္ဒိယတပ်ခွဲအား ဂျပန်တို့သည် ပြင်းပြင်းထန်ထန် ခုခံခြင်း မရသောကြောင့်ဖြစ်သည်။

သို့သော် ဧပြီ ၈ - ရက်နှင့် ၉ - ရက်နေ့များတွင် ဂျပန်တို့သည် နန်ရှိဂမ်တောင်ထိပ်ကို သိမ်းယူရန်အတွက် အပြင်းအထန် ကြိုးစားလာတော့သည်။ ဂျပန်တို့သည် တပ်ရင်းတစ်ရင်းလုံးကို သုံး၍ပင် တိုက်ခိုက်လာ၏။ တိုက်ပွဲမှ ဖမ်းဆီးရမိသော ဒိုင်ယာယီတစ်ခုအရ ဂျပန်တို့သည် နန်ရှိဂမ်တောင်ကုန်းကို မည်သည့်နည်းနှင့်မဆို သိမ်းပိုက်ထားရန်နှင့် တိုက်ပွဲတွင် ကျဆုံးသွားကြသော အရာရှိ (၄) ယောက်အတွက် ရက်ရက်



စက်စက် လက်စားချေရန် ကြံစည်ထားကြောင်းသိရသည်။

ဧပြီလ ၁၀ - ရက်နေ့တွင် ဂျပန်တို့သည် ၇၅ - မီတာ အမြောက် အချို့ကို ယူလာနိုင်ပြီး ဤအမြောက်များ အကူအညီဖြင့် တောင်ပေါ်တွင် တပ်စွဲထားသော အင်္ဂလိပ်တပ်ခွဲတစ်ခွဲ၏ ရှေ့တန်းခံစစ် စခန်းကို ဧပြီလ ၁၁ - ရက်နေ့ နံနက်တွင် သိမ်းယူလိုက်နိုင်သည်။ အင်္ဂလိပ်တို့မှာ ထိခိုက်ဒဏ်ရာရသူများသောကြောင့်၎င်း၊ ခဲယမ်းများ လျော့ပါးလာသောကြောင့်၎င်း၊ တောင်ထိပ်ပေါ်မှ ဆင်းလိုက်ကြသည်။ ထိုနေ့တွင်ပင် တပ်ခွဲ ၂ - ဖြင့် ထပ်၍ တိုက်သည်။ တပ်ခွဲမှူး တစ်ဦးနှင့် ရဲဘော်များသာ ကျဆုံးသွားရသည် အောင်မြင်ခြင်းမရှိ။

ဧပြီလ ၁၁ - ရက် ညနေသို့ရောက်သောအခါ အင်္ဂလိပ်တို့အတွက် အခြေအနေမှာ ပို၍ စိုးရိမ်စရာဖြစ်လာသည်။ အင်ဖာစည်းဝိုင်းခံတပ်သည်ပင် ဂျပန်တို့လက်ထဲသို့ ရောက်သွားတော့လေမလားဟု ပူပန်သောကရောက်လာကြသည်။ ကမန်ချောင်းတွင် အခိုင်အမာ တပ်စွဲထားသော အီဝန်၏ အမှတ် ၁၂၃ - တပ်မဟာမှာလည်း နောက်ဘက်မှ ဂျပန်များချဉ်းကပ်လာသောကြောင့် အခြေအနေ မကောင်းလှ။

ထို့ကြောင့် ဧပြီလ ၁၂ - ရက်နေ့ နံနက်တွင် အမှတ် (၁၂၃) တပ်မဟာမှ ဗိုလ်မှူးချုပ် အီဗံန်နှင့် တင့်ကား တပ်မဟာမှ ဗိုလ်ချုပ် ကျူလီစကွန်းတို့ ၂ - ဦးအား အမှတ် ၅ - တပ်မဌာနချုပ်သို့ ခေါ်ယူကာ ဧပြီလ ၁၃ - ရက်နေ့တွင် နန်ရှိဂမ် သိမ်းပိုက်ရေးတိုက်ပွဲကို ဆင်နွှဲရန်အတွက် အမှတ် ၅ - တပ်မမှ ဗိုလ်ချုပ်ကြီး ဘရစ်က ဆွေးနွေးရတော့သည်။

ကျူလီစကွန်းမှာ အမှတ် ၄ - တပ်မကြီးကို အုပ်ချုပ်နေသော ဗိုလ်ချုပ်စကွန်း၏ ညီဖြစ်လျက် တင့်ကားဖြင့် စစ်ဆင်ရေးတွင် ထွင်၍ တိုက်တတ်သူဖြစ်သည်။ ဆွေးနွေးပွဲသို့ ဖိတ်ခေါ်ခံရသူ နောက်တစ်ဦးမှာ ဩစတြေးလျားအမျိုးသားလူငယ် လေတပ်ဗိုလ်ချုပ်ဖြစ်သူ အာချာဖြစ်သည်။ အင်္ဂလိပ်တို့က နန်ရှိဂမ်ကို ဗုံးကြဲလေယာဉ်များ တိုက်လေယာဉ်များဖြင့် ဆင့်ကဲဆင့်ကဲ တိုက်ခိုက်ခဲ့သည် မှန်သော်လည်း ဂျပန်တို့သည် ခံကတုတ်ကျင်းများကို ပြင်ဆင်ရန် အချိန်ရခဲ့သောကြောင့် လေကြောင်းမှ တိုက်ခိုက်မှုမှာ မထိရောက်သလို ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် နန်ရှိုဂမ် တောင်ထိပ်သို့တက်၍ တိုက်မည့် ခြေလျင်အဖွဲ့သည် လေတပ်၊ အမြောက်တပ်၊ တင့်ကားတပ်တို့၏ အကူအညီမပါဘဲ တောင်ထိပ်ကို သိမ်းယူနိုင်မည် မဟုတ်ကြောင်း သဘောတူကြသည်။ တောင်ထိပ်ကို တက်ရောက်သိမ်းယူရန်အတွက် ဝု ၏ တပ်ရင်းကို တာဝန်ပေးသည်။ အပေါ်စား ဗုံးကြဲလေယာဉ်အုပ်စု ၂ - စု၊ အကြီးစား ဗုံးကြဲလေယာဉ် ၂၄ - စင်း၊ အမှတ် ၅ - တပ်မတွင် ရှိသမျှ အမြောက်တပ်အားလုံးအပြင် အလတ်စား အမြောက်များနှင့် တင့်ကားတပ် တစ်တပ်တို့က ဝု ၏ တပ်ရင်းကို ကူ၍ တိုက်ပေးကြမည်ဖြစ်သည်။

သည်လိုနှင့် ဧပြီလ ၁၃ - ရက်နေ့ နံနက် ၄ - နာရီထိုးသည်နှင့် တပြိုင်နက် ဝု ၏ တပ်ရင်းသည် ပန်ချာဘီတပ်အား တာဝန်လွှဲပြောင်းပေးပြီးနောက် ၃ - မိုင်ခန့်ကျယ်သော ခြောက်သွေ့နေသည့် လယ်ကွင်းပြင်ကြီးကို ဖြတ်ကာ နန်ရှိုဂမ်တောင်ခြေရင်းသို့ ချီလာခဲ့၏။ ဤနေရာတွင် တင့်ကားများနှင့် အမြောက်တပ် ရှေ့တန်းကြည့် ကင်းစခန်းတွင် တာဝန်ကျသည့်ဗိုလ်များ စုရုံးလျှက်ရှိသည်။

တောင်ခြေရင်းသို့ ဝု ၏ တပ်ရောက်လာသည့် အချိန်တွင်မှောင်နှင့်မည်းမည်းပင် ရှိနေသေးသည်။ သို့သော် နေထွက်လာသည်နှင့် တပြိုင်နက် စတင်လှုပ်ရှားကြရမည် ဖြစ်သဖြင့် စောစောကြို၍ ထွက်လာခဲ့ကြခြင်းဖြစ်သည်။ ဝုသည် သူ၏ စစ်သည်တော်များအတွက် လဖက်ရည် ကျကျနှင့်ချိချို တစ်ခွက်စီတိုက်နိုင်အောင် တောင်ခြေရင်းတွင် စီစဉ်လိုက်၏။

နေထွက်လာသည်နှင့် တပြိုင်နက် ဝုသည် သူ၏ တပ်ခွဲမှူး ၂ - ဦးကိုခေါ်ကာ နယ်မြေအနေအထားကို လိုက်လံပြသရင်း အသေးစိတ် ညွှန်ကြားချက်များပေးသည်။ ဆယ်နာရီခွဲရန် မိနစ်အနည်းငယ်အလိုတွင် အုပ်ဖွဲ့၍ ပျံသန်းလာသောအပေါ်စား ဗုံးကြဲ လေယာဉ်သံများဆူညံစွာပေါ်ထွက်လာပြီးနောက် နန်ရှိုဂမ်တောင်ထိပ်ကို ထိုးစိုက်၍ ဗုံးကြဲသည့် စံနစ်ဖြင့် တဝုန်းဝုန်းမြည်အောင် ဗုံးကြဲတိုက်ခိုက်လာတော့သည်။

အပေါ်စားဗုန်းကြဲလေယာဉ်များက အဖျိုတော် ၁၂ - ခန်းကို



ပြွန်းပြွန်းကွဲသွားအောင် အသုံးတော်ခံသွားပြီးနောက် အကြီးစား ဗုန်းကြဲလေယာဉ်များ ရောက်လာကာ နန်ရှိုဂမ်တောင်ထိပ်တွင် ဘီလူးထွက်ထွက်နေကြပြန်သည်။ ဖုံလုံကြီးထဲတွင် သစ်ရွက် သစ်ခက်များနှင့်အတူခေါင်းတစ်ခြား ကိုယ်တစ်ခြား ဖြစ်သွားသော ဂျပန် အလောင်းကောင်များ ပျံတက်လာကြ၏။ တောင်ထိပ်တစ်ခုလုံး မဟာအဝိစိ ပွက်သလိုပွတ်နေတော့သည်။

ဗုန်းကြဲလေယာဉ်ပျံကြီးများက နန်ရှိုဂမ်တောင်ထိပ်ကို ဘီလူးထွက်, ထွက်ပြသွားပြီး မိနစ် ၂၀ - အကြာမှာပင် စိန်ပေဒါကြီး၏ ပက်ကြမ်း တိုက်သံနှင့် တူလှသော အမြောက်ကြီး ၈၈ - လက်တို့၏ အဆက်မပြတ် ပစ်ခတ်သံတ ထွက်ပေါ်လာပြန်သည်။ နန်ရှိုဂမ် တောင်ခြေရင်း ကိုက် ၃၀၀၀ - အကွာတွင် ဆိုင်းထောင့်မှထိုင်၍ ပွဲကြည့်နေသော အမှတ် ၂၃ - တပ်မဟာမှ ဗိုလ်မှူးချုပ် ဓါတ်နံသည် ၁၀ - နာရီခွဲသည်နှင့် တပြိုင်နက် အေနှင့်ဘီ တပ်ခွဲနှစ်ခွဲကို တင့်ကားတပ်နှင့်အတူ အရှေ့နှင့်အနောက် တောင်စောင်းမှ စ၍ တက်စေလိုက်လေသည်။

တပ်မဟာဌာနချုပ်၏ ပွဲကြည့်ဆောင်မှ မိမိတင့်ကားများ၏ ချီတက် တိုက်ခိုက်နေကြပုံကို အကဲခတ်နေသော "ယမ်းဂါး"သည် နားကြပ်ကိုနားတွင် ကပ်ထားရင်း တင့်ကားအချင်းချင်း ပြောနေကြသော စကားများကို ရင်တထိတ်ထိတ်နှင့် ကြားနေရသည်။ တစ်ချက်တစ်ချက်တွင် တင့်ကားတပ်ဗိုလ်မှူးက လှမ်း၍ သတင်းပို့သည်။ အခြေအနေကလည်း မြန်ဆန်လွန်းလှသည်။

"ရှေ့ဆုံးတင့်ကားက တစ်ဗိုလ်ကျသွားပြီ"

"ဒုတိယ တင့်ကားက တစ်ဗိုလ် ထိသွားပြီ"

ယန်းဂါးသည် တောင်ထိပ်မှ ရောက်လာသော သတင်းများကို နားထောင်ရင်း ဘုရားကိုပင် တမိနေသည်။

တင့်ကားတပ်မဟာမှ ဗိုလ်မှူးကျဆုံးသွားပြီဖြစ်၍ ဗိုလ်အဆင့်အတန်းရှိ အရာရှိတစ်ဦးအား ဆက်၍ တာဝန်ယူရန် ယန်းဂါးက အမိန့်ပေးလိုက်ရသည်။ ၁၅ - မိနစ်သာခံသည် ထိုအရာရှိလည်း ကျဆုံးသွားပြီဖြစ်ကြောင်း သတင်းရောက်လာပြန်သည်။ တင့်ကားတပ်မှအရာရှိများနှင့် အရာခံဗိုလ်များမှာ တစ်ယောက်ပြီး တစ်ယောက် ထိနိုက်

www.burmeseclassic.com

www.burmeseclassic.com



ကျဆုံးနေရသည်။

တင့်ကား (၆) စီးအနက်မှ (၅) စီးမှ တပ်ဗိုလ်များသည် အလွန်တိုတောင်းလှသော အချိန်အတွင်း သေလောက်အောင် ကြီးကျယ်သော ဒဏ်ရာများကို ရရှိ၍၎င်း၊ အချို့မှာ ပွဲချင်းပြီးသွားပြီးသွားကြ၍၎င်း၊ ယခုအချိန်တွင် သုံးစီးစီ ပါဝင်တိုက်ခိုက်နေကြသော တင့်ကားအုပ်စု ၂ - စုကို အုပ်ချုပ်ရန် ရာထူးအကြီးဆုံးဆို၍ တပ်ကြပ်ကြီး အဆင့်အတန်းရှိသူ "ကရက်ဒေါက်" တစ်ယောက်သာ ကျန်တော့သည်။

သို့သော် ဧပြီလ ၁၃ - ရက်နေ့ နေ့လည် ၂ - နာရီ အချိန်တွင် ဂျပန်တို့၏ နောက်ဆုံး ဘန်ကာသုံးခုကို တင့်ကားတပ်နှင့် ခြေလျင်တပ်တို့က သိမ်းပိုက်လိုက်ကြသည်။ အောင်ပွဲရသည့် ရဲဘော်များမှာ အပန်းမဖြေနိုင်ကြသေး၊ ဂျပန်တို့သည် မှောင်စပျိုးလာသည်နှင့် တပြိုင်နက် တန်ပြန်ထိုးစစ်ဆင်လာမည်မှာ သေချာလှရာ ရဲဘော်များသည် မိမိတို့ တောင်ထိပ်စခန်းကို တင့်ကားများပေါ်တွင် အသင့်ယူဆောင်လာသော သံဆူးကြိုးများကို ခိုင်လုံအောင် အလျင်အမြန်ကာနေကြရသည်။

ထိုနေ့ညနေ ၃ - နာရီတွင် တောင်ခြေရင်းရှိ တပ်ရင်းဌာနချုပ်မှ စေလွှတ်လိုက်သော ဗိုလ်ကြီး "မူရေး" ရောက်ရှိလာကာ အေနှင့် ဘီတပ်ခွဲ ၂ - ခွဲ၏ တာဝန်ကို လွှဲပြောင်းယူလိုက်သည်။ တင့်ကားများသည် ဒဏ်ရာရရှိသူများကို တင်ဆောင်ကာ သူနာပြုစခန်းရှိရာ တောင်အောက်သို့ တဖြည်းဖြည်းပြန်၍ ဆင်းနေကြလေပြီ။

ညနေ ၄ - နာရီခန့်တွင် ဝ ၏ တပ်ရင်းတစ်ရင်းလုံး တောင်ထိပ်ပေါ်သို့ ရောက်လာပြီး ထပ်၍ တပ်စွဲထားလိုက်သည်။ ထို့ကြောင့် ည ၇ - နာရီခန့်တွင် ပြန်လည်သိမ်းပိုက်ရန် ထိုးစစ်ဆင်လာသော ဂျပန်များသည် အကျအဆုံးများစွာနှင့် တပ်လန့်၍ ပြေးကြရတော့သည်။

မိုးလင်း၍ တောင်တန်းတစ်လျှောက်ကို ကင်းထောက်၍ ကြည့်သောအခါ ဂျပန်တစ်ယောက်မှ မတွေ့ရတော့။ ဂျပန်တို့သည် အင်ဖာနှင့် အနီးဆုံးသော နန်ရှိဂန်ကို စွန့်ခွာသွားကြလေပြီ။ အင်ဖာကို မိုးမကျမီ အပြီးသိမ်းယူရန်ဟူသော ဗိုလ်ချုပ်ကြီး မတ္တာဂူချီ၏ အိပ်မက်သည်လည်း ဤသည်ကစ၍ ပျက်ပြေသွားခဲ့လေပြီ။



တောင်ထိပ်ပေါ်တွင် ဂျပန်အလောင်း ၁၀၀ - ကျော်ကို မြှုပ်နှံရပြီး တောင်တန်းတစ်လျှောက်တွင် ဂျပန် ၂၅၀ - ကျော် ကျကျန်ခဲ့ကြောင်း တွေ့ရသည်။ ဤတိုက်ပွဲ၌ အင်္ဂလိပ်တို့ဘက်မှလည်း အကျအဆုံးကားမနည်းခဲ့။ အင်ဖာတိုက်ပွဲတစ်ခုလုံးကို ခြုံကြည့်လျှင် အင်္ဂလိပ်တို့ဘက်မှ ဒဏ်ရာရသူ အရေအတွက်ကြီးလှနာ ၃၀၀၀၀ - မျှကို လေယာဉ်များနှင့် အိန္ဒိယစစ်ဆေးရုံများသို့ ပို့ပေးခဲ့ကြရသည်။

ဗြိတိသျှတို့ ဤသို့ စစ်နိုင်ခဲ့ခြင်းမှာ လူအင်အား၊ လက်နက်အင်အားနှင့် စားနပ်ရိက္ခာများကို အော၍ သုံးနိုင်ခဲ့ကြခြင်းဖြစ်သည်။ လူအင်အား၊ လက်နက်အင်အားတို့မှာလည်း "အတ္တလန်တိတ်ချာတာ" ဟု ခေါ်သော ၂၆ - နိုင်ငံ မဟာမိတ်စာချုပ်အရ နိုင်ငံစုံမှ စစ်သားလူအင်အား များစွာတို့ကို ရေလိုသုံးနိုင်ခဲ့ကြသဖြင့်ဖြစ်သည်။ ဂျပန်တို့မှာမူ ဝင်ရိုးတန်း ဥရောပ၌ ဗိုလ်ကျနေသော ဂျာမနီ အီတလီတို့၏ ဝင်ရိုးတန်းအဖွဲ့သို့ ဝင်ထားသော်လည်း ထိုဝင်ရိုးတန်း နိုင်ငံဖြစ်သော ဂျာမနီနှင့် အီတလီတို့မှာ ဂျပန်ကို စစ်ကူပေးနိုင်ရန်တို့ ဆိုထားနှင့် ထိုအချိန်က သူတို့မှာလည်း ဗုံးဗုံးလဲနေပြီးဖြစ်ရာ ဂျပန်တို့မှာ မိမိတစ်နိုင်ငံတည်းနှင့် မဟာမိတ် ၂၆ - နိုင်ငံကို ခံတိုက်နေရသလို ဖြစ်သွားခဲ့သည်။

ဂျပန်တို့အတွက် အင်ဖာသိမ်းပိုက်ရေး အိပ်မက်ပျောက်ဆုံးသွားချိန်မှာ အင်္ဂလိပ်တို့က အမေရိကန်ကောင် စတီးဝဲလ်၏ မဟာလီဒိုလမ်း အိပ်မက်ကြီးဟု ပျက်ရယ်ပြုခဲ့ကြသော မဟာလီဒိုလမ်းကြီးကား အိပ်မက်မဟုတ်တော့ဘဲ တကယ်ပင် အကောင်အထည် ပေါ်လာနေသည်။ အင်ဖာမှ ဂျပန်တို့ ဆုတ်ခွာပြေးလာရချိန်တွင် မဟာလီဒိုလမ်းမကြီးသည် ဟူကောင်းတောင်ကြားမှသည် မိုးကောင်းတောင်တန်းဘက်သို့ပင် ရောက်ရှိလာလေသည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com



တစ်လက်ကိုဖက်ကာ ငိုက်မျဉ်းနေ၏။ ဤ တံတားစောင့်မှာ ဟူကောင်းတောင်ကြားလို ကျားရဲများ မရှိသည်ကို အတတ်သိသလိုနှင့် စိတ်ချလက်ချ ငိုက်မျဉ်းနေသည့်ပုံပင်။

ကျန်နှစ်ယောက်မှ ကင်းတဲရွက်ဖျင်ထဲဝင်ကာ ဂျူတီ အလှည့်စောင့်ရင်း အိပ်နေကြသည်။ အမှတ် ၁၀၀ - တံတားနားတွင် လူသားဆို၍ သူတို့ သုံးယောက်သာရှိလေသည်။ သူတို့၏ ရှေ့၌ရင်း၊ နောက်၌ရင်း မဟာလီဒိုလမ်းမကြီး၏ အပိုင်းပိုင်းအပြတ်ပြတ် များတွင်တော့ အလုပ်သမားများ ရှိနေကြသည်။

အမှန်က ဤတံတားစောင့် သုံးယောက်မှာ လီဒိုလမ်းမကိုရင်း၊ အင်ဖာတိုက်ပွဲကိုရင်း၊ အင်္ဂလိပ်ကိုရင်း၊ ဂျပန်ကိုရင်း၊ ဒုတိယကမ္ဘာစစ်ကြီးကိုရင်း များစွာ စိတ်ဝင်စားသူများ မဟုတ်ကြ။ တစ်နေ့လျှင် ငွေတမတ်နှင့် အာသံပြည်တွင် ကူလီခံနေရာမှ တစ်နေ့လျှင် ငါးကျပ်ရမည်ဆိုသဖြင့် လီဒိုလမ်းမကို ကူလီ တစ်ယောက်အနေနှင့် ရောက်လာကြသူများသာ ဖြစ်သည်။ ထို့နောက်မှာ တစ်ယောက်သောသူသည် အလုပ်ကောင်းမှုကြောင့် ကူလီခေါင်းရာထူးတက်ပြီး ယခုတော့ အင်ဖာအခြေအနေကြောင့် ကြေးစားစစ်သားငယ်တစ်ယောက် ဖြစ်နေသူပင်။

ရပ်မနီး ရွာမနီးသော ဤမဟာလီဒိုလမ်းမကြီးပေါ်တွင် ရက်ပေါင်း လပေါင်းများစွာ ကြာနေပြီဖြစ်သဖြင့် အာသံမှ ဇနီးနှင့်သမီးနှစ်ယောက်ကိုလည်း လွမ်းလှပြီ။ ရာထူးတက် စစ်သားဖြစ်နေသဖြင့် ကူလီဘဝတုန်းကလို ခွင့်ယူသွားပြီး ပြန်မလာဘဲ နေလို့လည်း မရတော့။ နေ့စဉ် ကြားနေမြင်နေရသော ကားသံ၊ လူသံ၊ စက်ယန္တရားအသံ၊ တဝုန်းဝုန်းတဒိုင်းဒိုင်း ဖောက်ခွဲနေကြသော ဒိုင်းနမိုင်း ပေါက်ကွဲသံ၊ ညရောနေ့ပါ တောတိရစ္ဆာန်များ၏ အော်သံတို့ကိုလည်း ညည်းငွေ့လှပြီ။ ထို့ကြောင့် သူသည် ကြောင့်ကြမဲ့စွာ ငိုက်မျဉ်းနေခြင်းဖြစ်သည်။

□ □ □

၂၁။

အာသံပြည်နယ် လီဒိုမြို့မှ အစပြုလာခဲ့သော မဟာလီဒိုလမ်းမကြီးသည် ပတ်ကိုင်တောင်တန်း၊ ရှင်ဗွေယံချိုင့်ဝှမ်း၊ ဟူကောင်းတောင်တန်းကြီးများကို ကျော်ဖြတ်လာကာ ယခုအခါ မိုးကောင်းတောင်တန်းအဆင်းဘက်သို့ ရောက်လာလေသည်။ ထုံးစံအတိုင်း နံနက်လင်းသည်နှင့် တပြိုင်နက် လီဒိုလမ်းမသည် လှုပ်ရှားစပြုလာသည်။ လူသံ၊ စက်သံ၊ ကားသံများနှင့် ဆူညံလာသည်။ မိုးကောင်းတောင်ကြားရှိ အမှတ် ၉၇- လူနာသယ်လေယာဉ်လမ်းဘေးတွင် မြေညှိစက် တစ်စီးသည် ရှေ့တိုး နောက်ဆုတ်နှင့် လေယာဉ်ပြေးလမ်းကို မြေညှိလျှက်ရှိသည်။

နေပူကြဲကြဲကြီးထဲတွင် မြေညှိနေသော ယန္တယားစက်ကြီးကို မြင်နေရသည်မှာ အလွန် ပျင်းရိ ညည်းငွေ့ဖွယ်ရာ ကောင်းလှသည်။ တစ်ချက်တစ်ချက်တွင် သေခါနီး လူမမာတစ်ယောက်၏ ညည်းညူသံကဲ့သို့ အသံများကိုလည်း မြေညှိစက်ဆီမှ ကြားနေရသည်။ အမှတ်တမဲ့သာဆိုလျှင် မြေမှုန့်အလိမ်းလိမ်းနှင့် မြေညှိစက်ကြီး၏ လှုပ်ရှားနေမှုမှာ စက်ယန္တယားတစ်ခု၏ လှုပ်ရှားနေမှုနှင့်မတူဘဲ သေခါနီး တိရစ္ဆာန်ကြီးတစ်ကောင် ညည်းညူတွားသွားနေသည်နှင့်ပင် တူနေလေသည်။

အမှတ် ၉၇ - လူနာသယ် လေယာဉ်လမ်း၏ တစ်ဘက် ကိုက် ၅၀ - ခန့် အကွာတွင် အမှတ် ၁၀၀ တံတားရှိသည်။ သစ်သားတိုင်သံဘောင်တင် တံတားဖြစ်သော်လည်း အလွန် ခိုင်ခန့်သည်။ တံတားဆောက်လို့ ပြီးသည်မှာလည်း နှစ်ပတ်ကျော်ခန့်သာ ရှိသေးသည်။ တံတားမှာ တောင်ကုန်းအမှတ် (၆၃၄)နှင့် တောင်ကုန်းအမှတ် (၆၃၅)ကို ဆက်သွယ်ထိုးထားသော တံတားဖြစ်သည်။ တံတား၏ အရှည်ပမာဏမှာ ပေ ၅၀ - ခန့်ရှိသည်။

ထိုတံတား၏ အနောက်ဘက်ထိပ်တွင် ဂေါ်ယာ စစ်သားအစောင့်သုံးယောက် အမြဲရှိနေသည်။ တစ်ယောက်မှာ တောင်နှာမောင်းဖျား တံတားကွေ့ရှိ စန့်လက်ခါးပင် တစ်ပင်ကိုမှီပြီး ရိုင်ဖယ်သေနတ်

www.burmeseclassic.com

www.burmeseclassic.com



၂၂။

မိုးကောင်းတောင်တန်းကြီး၏ အစိတ်အပိုင်း တစ်ခုဖြစ်သော အမှတ် ၂၁၁ - တောင်စောင်း နှာမောင်းဖျားကို လမ်းဖောက်လုပ်ရာတွင် ကျောက်ထရံကြီးတစ်ခု ခံနေသည်။ ထိုကျောက်ထရံကြီးကို မိုင်းခွဲအဖွဲ့ အမှတ် (၃) ဒိုင်းနမိုင်းအဖွဲ့က ဖောက်ခွဲဖြိုချရန် တာဝန်ယူရသည်။

ထိုအမှတ် ( ၃ ) အဖွဲ့၏ ခေါင်းဆောင်မှာ အင်္ဂလိပ် ကုလားကပြား မစ္စတာဂျေဖရီယာလ်ဖြစ်သည်။ သူ့လက်အောက်မှာ ကာလကတ္တားမြို့သား ချန္ဒရီယာန်ဖြစ်သည်။ အာစီးရ်နှင့် အာလပွန် ဒူဘရာတို့မှာ အဖွဲ့ဝင်များဖြစ်ကြသည်။

၂၁၁ - တောင်မကြီး၏ ကုန်းစောင်းမှာ အလွန်မတ်စောက်သည်။ တောင်နှာမောင်းကွေ့ကို ပတ်ဖောက်ရန်မှာ ကျောက်ထရံကျောက်စွန်းကြီးတစ်ခုက ငေါထွက်ခံနေသည်။ ထိုကျောက်စွန်း အငေါ်ကို သူတို့က မိုင်းခွဲ ဖြိုချရမည်။ မြေမှုန့်နှင့် ကျောက်မှာ ရောပြွမ်းမြေသားဖြစ်ကြောင်း ရှေ့ပြေးမြေတိုင်းဆာဗေးက အလံပြ မှတ်ချက်ပေးထားခဲ့ပြီ။ လမ်း၏ အကျယ်အဝန်းနှင့် ကျောက်ထရံအောက်မှ မြေသားကိုလည်း အင်ဂျင်နီယာ ရှေ့အဖွဲ့နှင့် ပါသွားသော ဘူမိဗေဒ အဖွဲ့ကလည်း မြေအမျိုးအစားနှင့် သက်နုသက်ရင့် ပမာဏကို သင်္ကေတပေးထားခဲ့ပြီ။

သူတို့တာဝန်မှာ ကျောက်ထရံအောက်နှင့် ပတ်ဝန်းကျင်မှ မြေသားများ မလိုအပ်ဘဲ ပဲ့ပြိုကျသွားလျှင် အလုပ်ဖင့် အချိန်မကုန်စေရန် လိုသမျှအတိုင်းအတာကို ပေါက်ကွဲမှု၊ တုန်ခါမှု ယမ်းအားကို ချိန်ဆကာ ကျောက်ထရံ အငူအစွန်း အငေါ်ကို ဖြိုချရန်ဖြစ်သည်။

ထို့ကြောင့် တစ်နာရီခန့် အချိန်ယူ လေ့လာ ပြင်ဆင်ကြသည်။ သေချာပြီဆိုမှ အမှတ် ၂၁၁ - ကျောက်ထရံ အငူအစွန်းကို မိုင်းခွဲဖြိုချရန် စနက်တံကို မီးရှို့ကာ အမှတ် ( ၃ ) ဒိုင်းနမိုင်း အဖွဲ့သည် တစ်ဘက် တောင်ကမ်းပါးယံသို့ ပြေးလာဝင်ကပ်နေလိုက်ကြသည်။ မိနစ်ပိုင်းအတွင်းမှာပင် သူတို့၏ မိုင်းသည် ဝုန်းခနဲ ထပေါက်တော့သည်။

ကျောက်မာကို ဖောက်ခွဲရသော မိုင်းပေါက်သံကြီးကြောင့် ပတ်ဝန်းကျင် တစ်ခုလုံးရှိ မြေပြင်တို့သည် သိမ့်သိမ့်ခါ တုန်ဟည်းသွားသည်။ လက်သန်းလက်မမှစ၍ အုန်းသီးထန်းသီး တစ်ယောက်ဖက် နှစ်ယောက်ဖက်ရှိ ကျောက်ခဲ ကျောက်မှုန်များ ပတ်ဝန်းကျင်သို့ လွင့်စဉ်သွားကြသည်။ ပတ်ဝန်းကျင်ရှိ တောတိရစ္ဆာန်များ ထိတ်လန့်တကြား ပြေးလွှားထပျံကြသည်။ မိုင်းခွဲလိုက်သံကြီးသည် ဝိုင်းပတ်ကာ အထပ်ထပ်ဖြစ်နေသော တောင်စဉ်တောင်တန်းကြီးများကို ပဲ့တင်ပြန်ရိုက်ကာ မိုးကောင်းချိုင့်ဝှမ်းတွင် စက္ကန့်အတန်ကြာ အသံလှိုင်း ဘောင်ဘင်ခတ်၍ ကျန်ရစ်၏။

သူတို့ချိန်ဆ ဖောက်ခွဲလိုက်သည့်အတိုင်း ဖြစ်မဖြစ်ကို လှမ်းကြည့်နေကြသော မိုင်းအဖွဲ့၏ အကြီးအကဲ မစ္စတာ ဂျေဖရီယာလ်က "ခင်ဗျား တော်ပါပေတယ်ဗျာ . . . နောက်ဆို ဦးဆောင်မှု ပေးနိုင်ပါပြီ" ဟု ချီးကျူးစကားဆိုရင်းက ချန္ဒရီရှ်၏ ပခုံးပေါ် တင်ထားသော လက်ကို ရုပ်လိုက်သည်။

သို့သော် ချန္ဒရီရှ်၏ ပခုံးပေါ် တင်ထားသော ဂျေဖရီယာလ်၏ လက်အရုပ်မှ ဘယ်လိုမှ မမျှော်လင့်ခဲ့ကြသော မြင်ကွင်းတစ်ခုကြောင့် အံ့ဩတကြီး ဖြစ်သွားကြရပြန်သည်။ သူတို့ ဖောက်ခွဲဖြိုချလိုက်သော ကျောက်ထရံကြီး ပြိုကျသွားစဉ်က ဘာမှမဖြစ်ခဲ့သော ကိုက်ငါးဆယ်ခန့် အကွာမှ တောင်ကမ်းပါးယံရှိ သစ်ပင်ကြီးငယ်များသည် ယိမ်းယိုင်လှုပ်ရှားလာကြပြီး မိနစ်ပိုင်းအတွင်းမှာပင် တောင်ကမ်းပါးယံကြီးတစ်ခု ပဲ့ကျပြို ဆင်းလာသည်။

ဝေခွဲမရစိတ်နှင့် အားလုံးအံ့ဩတကြီး ငေးကြည့်နေကြစဉ်မှာပင် စောစောက ပြိုဆင်းကျသွားသော တောင်ကမ်းပါးယံကြီးနှင့် ထဆက်တည်းဖြစ်သော နောက်ထပ် တောင်ကမ်းပါးယံကြီးတစ်ခု ပြိုဆင်းလာပြန်ရာ အားလုံး မိုင်းအဖွဲ့သားများမှာ ချက်ချင်း ထိတ်ထိတ်ပြာပြာ ဖြစ်သွားကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့တစ်ဖွဲ့သည် လီဒိုလမ်းမကြီး ဖောက်လုပ်ရာ၌ နေ့စဉ်လိုလိုပင် ဤသို့ ကျောက်ဆောင်ကျောက်စွန်း ကျောက်ကမ်းပါးယံများကို မိုင်းခွဲလာကြရာ ဤကဲ့သို့သော အဖြစ်အပျက်ကို တစ်ခါမှ မကြုံဖူး မတွေ့ဖူးကြပေ။ သူတို့အဖွဲ့မှာ မိုင်းခွဲရာ၌ ကျွမ်းကျွမ်းကျင်ကျင် ရှိပြီး အလွန်နံမည်ရ အဖွဲ့ဖြစ်သည်။ သူတို့ လိုချင်သော ကျောက်လွှာကျောက်သားများကို အပိုအလို မှားစွာမရှိဘဲ ခွဲခြမ်းစိတ်ဖြာနိုင်သော အဖွဲ့ဖြစ်သည်။

ယခုအခါ မည်သို့ မည်ပုံဖြစ်ပြီး မိုင်းခွဲဖြိုချ လိုက်သော ကျောက်ထရံကြီး အနီးတဝိုက်က တောင်ကမ်းပါးယံတွေ တစ်ဖွဲ့ပြီး တစ်ဖွဲ့ ပြိုကျနေသည်မှာ မည်သို့သော အမှားအယွင်းကြောင့် ဖြစ်သည်ကို ငါးယောက်စလုံးမှာ မခန့်မှန်းတတ် ဖြစ်သွားကြသည်။ ငေးကြည့်နေကြရာမှ အာဝဲန် က - ဂျေဖရီယာလ်အား -

"ဘယ်လိုဖြစ်တာလဲ အာစရိ" ဟု မေးလိုက်၏။

"အေးကွ၊ ဒီတစ်ခါ ဘယ်လိုဖြစ်ပါလိမ့်၊ သိပ်သည်းမှုနည်းတဲ့ မြေလွှာထု . . ." ဟူသော စကားမဆုံးမီပင် တောင်ကမ်းပါးပြိုထဲမှ ရောမ ကြီးမားသော မည်းမည်းလုံးလုံး အတ္တဘောကြီးတစ်ခုသည် တောင်ပြိုထဲက တောင်အောက်သို့ လိမ့်ကျလာသည်။ အစကမူ အောက်ခံမြေသားများ သိပ်သည်းမှု နည်းပါးသဖြင့် မြေကြီး တုန်ခါသွားရခြင်းကြောင့် မြေပွထဲက ကျောက်လုံးကြီးတစ်လုံး ထွက်ကျလာသည် ဟုပင် ထင်လိုက်ကြသည်။

သို့သော် ယခု တောင်ကမ်းပါးယံမှ ထွက်ကျလာသော အရာဝတ္ထုမှာ ကျောက်လုံးကြီးမဟုတ်။ ထိုမည်းမည်း ရှည်ရှည် ကျောက်လုံးကြီးလိုအရာက လှုပ်ရှားလာသည်။ အမှတ် ( ၃ ) မိုင်းခွဲအဖွဲ့ ငါးယောက်စလုံးမှာ ထိုအရာဝတ္ထုကြီးကို ငေးကြည့်နေကြရာမှ "ဟယ် . . ." ကနဲ အသံထွက်သွားကြသည်။

မည်းမည်းရှည်ရှည် လိမ့်ကျလာသော အလုံးကြီးကြောင့် လက်မောင်းလောက် ပေါင်လုံးလောက်ရှိသော သစ်ပင်များမှာ အကုန်ကျိုးပဲ့ လဲကျကုန်သည်။ လူကြီး တစ်ဖက်လောက်ရှိသော မြေစိုင် မြေခဲများ ကျောက်တုံး ကျောက်ခဲကြီးများမှာလည်း တစ်ခဲပြီးတစ်ခဲ တဝေါဝေါ



တသောသောမြည်ကာ တောင်အောက်သို့ လိမ့်ဆင်းလာကြသည်။

လုံးပတ်မှာ လူကြီး လေးငါးယောက်ဖက်ခန့်ရှိပြီး သစ်ပင်ချုံပုတ်များကြောင့် အရှည်ပမာဏ အတိုင်းအတာကို ခန့်မှန်းမရသော ထိုသတ္တဝါကြီးသည် တောင်အောက်ရှိ သစ်ပင်ချုံတောများကို တိုး‌ဝှေ့ကာ အနောက်ဘက်သို့ တောင်ခြေအတိုင်း တရွေ့ရွေ့ တွားသွားနေသည်။ ထိုအခါမှ မည်းမည်းရှည်ရှည် သတ္တဝါကြီးမှာ မည်သည့် ကမ္ဘာကမ္ဘေကပင် မြေကျင်းအောင်းနေသည် မသိရသော မြွေပြိတ္တာကြီး တစ်ကောင်ဖြစ်မှန်း သိကြရတော့သည်။

ထို မြွေပြိတ္တာကြီးသည် မိုးကောင်းတောင်ခြေ အတိုင်း အနောက်ဘက် တောင်တန်းကြီးများဆီ တရွေ့ရွေ့ရွေ့လျား သွားနေသည်။ တောင်ကမ်းပါးကြီးမှ လိမ့်ကျလာပြီး တောင်ခြေရင်းက ထွက်ခွာစတွင် လေးလေးမှန်မှန်သာ တွားသွားနေသော်လည်း သူတို့ အံ့သြတကြီး ငေးကြည့်နေကြစဉ်မှာပင် အသွားနှုန်းက မြန်လာသည်။ သစ်ပင်ကြီးငယ်များ ချုံတောများကို တိုးတိုက်သွားနေသဖြင့် အသံကြီးကလည်း တရှဲရှဲ တဝေါဝေါ မြည်လာသည်။

တစ်ဘက်တောင်ခြေ ကမ်းပါးယံစောင်းတွင် ရောက်နေကြသော အမှတ် ( ၃ ) မိုင်းခွဲ အဖွဲ့သားများမှာ မြွေပြိတ္တာကြီးသွားရာ နောက်ကို မျက်တောင်မခတ် လိုက်ကြည့်နေမိကြသည်။ ငါးမိနစ်ပင်မကြာ ထိုမြွေပြိတ္တာကြီးသည် ထူထပ်သော တောကြီး ချုံကြီးထဲ တိုးဝင်ပျောက်ကွယ်သွားသည်။

မြွေပြိတ္တာကြီးကို မမြင်ကြရတော့ပြီ ဖြစ်သော်လည်း ထိုမြွေပြိတ္တာကြီး တိုးတိုက်သွားသော သစ်ပင်ချုံတောများမှာ ကျိုးကျေပိပြား၍ လဲကျန်ရစ်ကြသည်။ ထိုမြွေပြိတ္တာကြီး တွားရွှေ့ ပြေးသွားသော လမ်းကြောင်းမှာလည်း စွပ်ကြောင်းကြီးဖြစ်၍ ကျန်ရစ်လေသည်။ ထို့ကြောင့်လည်း သစ်ပင်ချုံတောများကို အထိတ်တလန့် တိုးဝှေ့ပြေးသွားသော မြွေပြိတ္တာကြီးသည် ဘယ်နေရာသို့ ရောက်သွားပြီ ဆိုသည်ကိုပင် ပိပြား လဲကျန်ခဲ့သော သစ်ပင်ချုံတောများကို လှမ်းကြည့်၍ ခန့်မှန်းမိကြသည်။ ထိုမြွေပြိတ္တာကြီးကို လုံးဝမမြင်ရသော်လည်း ထိုပြိတ္တာ မြွေကြီးသစ်ပင်ချုံတောများကို တိုးတိုက်သွားနေသော အသံကိုမူ ငါးမိနစ် နီးပါးခန့်

www.burmeseclassic.com

www.burmeseclassic.com



ကြားနေရသေးသည်။

ဆယ်မိနစ်ခန့်ကြာတော့မှ အသံများတိတ်ဆိတ်သွားပြီး ထို မြွေပြိတ္တာကြီးသည် အမှတ် ( ၃ ) မိုင်းအဖွဲ့သားများ၏ မြင်ကွင်းမှ လုံးလုံးလျားလျား ပျောက်ကွယ်သွားလေသည်။ ထိုအခါ အမှတ် ( ၃ ) မိုင်းခွဲအဖွဲ့သားများသည် ထူးဆန်းအံ့ဩဖွယ်ရာ ကောင်းသလို ကြောက်ရွံ့ထိတ်လန့်စရာလည်း ကောင်းသော ပြိတ္တာမြွေကြီး သတင်းနှင့် အဖြစ်အပျက်ကို ထိုနေရာနှင့် အနီးဆုံး စခန်းရှိ အမှတ် ( ၅ ) မော်တော်ယာဉ် စက်ပြင်ရုံက လူများကို သတင်းပို့ ပြောကြားကြသည်။

အမှတ် ( ၅ ) မော်တော်ကား စက်ပြင်ရုံမှ မက်ကင်းနစ်များသည် ထိုသတင်းကို မည်သူမျှ မယုံကြည်ကြ။ တစ်စုံတစ်ခု အမှားမှား အယွင်းယွင်း ဖြစ်လာကြသည်ကို သူတို့ အပြစ်လွတ်ရန် တမင်လုပ်ကြံ လီဆယ် ပြောနေကြခြင်းဟုသာ ထင်ကြသည်။ သို့မဟုတ် တစ်ချို့က ခပ်တည်တည်နှင့် တမင်နောက်ပြောင် နေကြခြင်းဟုသာ ထင်နေကြသည်။

ဤသည်တို့ကြောင့်လည်း စကားကို အမြဲချဲ့ကားပြီး ပြောတတ်သော မဏိပူရသား အာဂံရ်က -

"တကယ်ပြောနေတာဗျို့ . . . တို့အဖွဲ့ မိုင်းခွဲချလိုက်လို့ တူး - ဝမ်း - ဝမ်း တောင်ကမ်းပါးယံက လိမ့်ဆင်းထွက်ကျလာတဲ့ မြွေပြိတ္တာကြီးဟာ ဆစ်၊ နိုင်း၊ ထနိုးကုန်းတုန်းက တို့မြို့ချလိုက်တဲ့ ကျောက်ခွန်းကြီး နီးနီးကို ရှိတာဗျ" ဟု ပြောလိုက်ခါမှ မော်တော်ကား စက်ပြင်ရုံက လူများမှ ပို၍ပင် အယုံအကြည်မဲ့သွားကြပြီး ဝိုင်း၍ပင် ဟားလိုက်ကြသည်။

စစ်ကကောင်း ဟီလီတရိုက် တောင်တန်းသား စက်ပြင်ဆရာကြီး မူရာဂျူးကမူ အာဂံရ်၏ စကားကို "ဟာ . . . မင်းပြောတာ သိပ်ကို ဖြစ်နိုင်တာပေါ့ အာဂံရ်ရာ၊ တို့စစ်တကောင်း ဟီလီတရိုက်က မြွေပြိတ္တာကြီး တစ်ကောင်ဆို တောင်ပို့ တောင်ကတုံးထင်ပြီး တောပစ်သွားသူတွေက ချေ ( ချိ ) တစ်ကောင်ရလို့ ကင်စားဖို့ မြွေပြိတ္တာကြီး ကိုယ်ပေါ် မီးတောင်တက်မွှေးမိကြတယ်တဲ့။ မီးပူလာလို့ မြွေပြိတ္တာကြီး လူးလွန့်လာတော့မှ သေသေချာချာ ကြည့်မိကြတော့ ဟိုက်ရှားလဟား



မြွေပြိတ္တာကြီး အတ္တဘောဖြစ်နေတယ်တဲ့။ ခု အာဂံရ်ပြောတာ ဖြစ်နိုင်တယ်ကွ။ မင်းတို့ မရယ်ကြနဲ့။ တိရစ္ဆာန်တွေကြီးတာကို တွေ့ဖူးကြုံဖူးသူတွေက ရေမှောင်းရွဲ့ ကုန်းမှာမြွေပွေးဆို မဟုတ်လား။ မင်းတို့ကို မြွေကြီးတွဲ့အကြောင်း နောက်တစ်ခုပြောရဦးမယ်။ ဟဲ - ဟဲ" ဟု မူရာဂျူးက စကားဆက်ရန် ဟန်ပြင်လိုက်သောအခါ အာလပ္ပန်နီက -

"ဆရာကြီး ပြောမှာ ကျုပ်သိပါတယ်၊ လီဗိုကနေ တရုတ်ပြည် ချုကင်းယောက်ထိ ရှည်တဲ့ မြွေကြီးတစ်ကောင်ကို ရှင်ဗွေယ်ကုန်းက လွင်ပြင်မှာ တွေ့ခဲ့တယ်လို့ ပြောမလို့မဟုတ်လား" ဟု အာဂံရ်မျက်နှာကို စပ်ဖြဲဖြဲကြည့်ပြီး သရော်စကား ဆိုလိုက်ပြန်သည်။

ထိုအခါ အာလပ္ပန်နီ၏ စကားကို ဝိုင်းဟားကြပြီး စက်ပြင်ဂရိတ် ဝမ်းမူသီးနာရ်က အာဂံရ်စကားကို လှောင်သလိုလို တကယ့်လိုလိုနှင့်-

"မင်းတို့ပြောတာ ဘယ်လူယုံယုံ မယုံယုံ ငါတော့ တို့အဘိုးကိုယ်တွေ့ ပြောပြဖူးလို့ ယုံတယ်ကွ။ အာဂံရ်ရာ။ တို့အဖိုးနဲ့ တို့အဘွားအိမ်ထောင်ကျတော့ တို့ဒေသထုံးစံ အိမ်ခွဲ ဆောက်ရမှာကိုး။ ဒီတော့ အဘိုးနဲ့ သူ့သူငယ်ချင်း လေးငါးယောက် အိမ်တိုင်စိုက်ဖို့ မြေတူးကြတယ်တဲ့။ တွင်းက လက်မောင်းတစ်ဆုံးလောက်လဲရောက်ရော တွင်းထဲက သွေးတွေ ပန်းထွက်လာတယ်တဲ့။ အဲဒါအဘိုးနဲ့ သူ့သူငယ်ချင်းတွေက အံ့ဩထိတ်လန့်ပြီး လူကြီးတွေကို ပြေးခေါ်ပြကြတော့ လူကြီးတွေက အဲဒါမြွေအောင်းနေတဲ့ မြွေပွေးကြီး ကိုယ်ပေါ် တူးမိကြတာဖြစ်မယ်၊ ဆက်မတူးကြနဲ့တော့ မြေပြန်ဖို့ ခိုင်းလိုက်ပြီး အဲဒီနေရာနဲ့ လေးငါးရှစ်လံကွာကို အိမ်နေရာရွှေ့ပြီး တူးကြတာ အဲဒီနေရာမှာလဲ အဲဒီမြွေကြီးနဲ့ မလွတ်လို့ သွေးတွေ ထွက်လာပြန်ရောတဲ့။ မင်းတို့စဉ်းစားကြည့်ကြစမ်း။ ပထမနေရာနဲ့ လေးငါးရှစ်လံအကွာမှာ သွားတူးကြတာတောင် အဲဒီမြွေကြီး ကျောကုန်းနဲ့ မလွတ်သေးဘူးဆိုတော့ အဲဒီမြွေဟာ ဘယ်လောက်ကြီးမလဲဆိုတာ စဉ်းစားသာ ကြည့်ကြတော့။ ဟဲ - ဟဲ -" ခု ငါတို့ အာဂံရ်ဘိုင်ပြောတဲ့ တူး - ဝမ်း - ဝမ်း တောင်ကမ်းပါးယံက ထွက်ကျလာတဲ့ မြွေပြိတ္တာကြီးနဲ့ တို့အဘိုးပြောတဲ့ မြွေနဲ့ဆို အာဂံရ်ဘိုင်မြွေက နည်းနည်းတောင် ငယ်နေသေးလားလို့။ အဲဒါ အာဂံရ်ဘိုင်၊

www.burmeseclassic.com

www.burmeseclassic.com



မင်းမြေ့ တူး - ဝမ်း - ဝမ်း တောင်စောင်းက မြေပြိုတွင်းကြီးကို တို့နည်းနည်း ပြန်ကြီးလိုက်ကြရအောင်ကွာ" ဟူသော ဂရိတ်ဝမ်းကြီး မှူးသိနာရ်၏ စကားအဆုံးမှာ အားလုံး ဝိုင်းရယ်လိုက်ကြပြန်သည်။

သူတို့ အမှန်တကယ် ကိုယ်တွေ့ မြင်လိုက်ကြရသော ဤမြေပြိုတွင်းကြီးအကြောင်း ဤလူများကို ဘယ်လိုမှ ပြောရှယုံကြတော့မည် မဟုတ်မှန်း သိသောအခါ အာဇံရိလည်း ထိုသူများကို နောက်ထပ်ဘာမှ မပြောတော့ဘဲ မစ္စတာ ဂျေဖရီယာလ်ရှိရာသို့သာ ပြန်လာတော့သည်။ သူ့တာဝန်မှာ သတင်းပို့ခဲ့ပြီးပြီ။ တာဝန်ကျေပြီ။ လမ်းလုံခြုံရေးကို တဆင့်သတင်းပို့ ပြောကြားရန်မှာ ယန္တယားအမှတ် (၅) မှ တာဝန်ခံ၏ ကိစ္စသာ။

❑ ❑ ❑

၂၃။

မစ္စတာဂျေဖရီယာလ် ဦးဆောင်သော အမှတ် (၃) ဒိုင်းနမိုင်းအဖွဲ့က နှစ်၊ တစ်၊ တစ်၊ တောင်ကုန်းရှိ ကျောက်ငုစွန်းကြီးကို မိုင်းခွဲထားပြီး နောက်တစ်နေ့မှာပင် စက်ပြင်စက်ရုံကြီး စခန်းနားရှိ လမ်းလုံခြုံရေး အမှတ် ( ၁ ) ဌာနချုပ်သို့သတင်းတစ်ခုရောက်လာပြန်သည်။

ချင်း အမျိုးသားကြီး မနားထန် ဦးဆောင်သော နာဂနှင့် ချင်း အမျိုးသား ဒေသခံများပါဝင်သည့် တောခုတ် ချုံရှင်းအဖွဲ့ တစ်ဖွဲ့က အမှတ် ၅၀၀ - တောင်ကြောဘက်တွင် တောရှင်း ချုံခုတ်နေကြစဉ် ထူးဆန်းသော တောတိုးလာသံ တစ်ခုကို ကြားကြရသဖြင့် နားစွင့်နေကြရာ မည်သည့် တိရစ္ဆာန်ဟု မသိရသော တိရစ္ဆာန်ကြီးတစ်ကောင်သည် အရှေ့ဘက်တောင်ခြေရင်းမှ အနောက်ဘက်သို့ တရွေ့ရွေ့လာ



နေသည်။ ထိုအကောင်ကြီးကို မမြင်ကြရသော်လည်း ထိုတိရစ္ဆာန်ကြီး နင်းသွားသော သစ်ပင်များ ချုံများမှာ ရုတ်တရက် ပြန်မထောင်နိုင်ကြတော့ဘဲ စွပ်ကြောင်းကြီး တစ်ကြောင်းဖြစ်ကျန်ရစ်သည်ဆို၏။

သူတို့ တွေ့လိုက်၊ မြင်လိုက်ရသော ထိုသတင်းကို အမှတ် (၁) လုံခြုံရေး ဌာနချုပ်သို့ သတင်းပို့သည်။ ယန္တယား တပ်မဟာ (၂) နှင့် စက်ပြင် စက်ရုံတို့ကို အုပ်ချုပ်ရသော ပုဂ္ဂိုလ်မှာ တရုတ် ဗိုလ်မှူးကြီး လီဂုချွန်ဖြစ်သည်။ ထိုကာလက အင်ဖာနှင့် ကိုဟီမားဘက်တွင် ရှုပ်ထွေးနေသော စစ်သတင်း အခြေအနေကြောင့် တရုတ်ဗိုလ်မှူးကြီး လီဂုချွန် စိတ်ထိခိုက်နေသည်။ ရန်သူ ဂျပန်တို့၏ မမျှော်မှန်းနိုင်သော တိုက်ကွက်၊ တိုက်ခိုက်မှုများကို အင်္ဂလိပ်တို့ အလူးအလဲ ခံနေရသည် ဆိုသဖြင့် စိတ်ဓာတ်ကျနေသည်။ သူ့လီဒိုလမ်းမကိုပင် မကြာမီ ဂျပန်များ ဖြတ်တိုက်လာလေမလားဟုလည်း စိုးရိမ်ကြီးနေသည်။

ထို့ကြောင့် လီဒိုလမ်းပေါ်ရှိ တောခုတ်၊ တောရှင်းအဖွဲ့ ခေါင်းဆောင် မနားထန် လာပို့သော သတင်းဆိုသည်ကိုပင် ဆုံးအောင် နားမထောင်တော့ဘဲ "ရှေ့မှာ မိုင်းတွေ ဒိလောက် တအုံးအုံး ခွဲနေကြတာ ဆင်အုပ်တွေ လန့်ပြီး ပြေးသွားကြတာ နေမှာပေါ့ကွ၊ ဘာစွပ်ကြောင်းကြီးလဲ၊ ဆင်သွားရင် လမ်းဖြစ်တာဘဲ သွားစမ်းကွာ" ဟု တစ်ဆင့် သတင်းလာပို့သူ တရုတ်စစ်သားကို အော်လွှတ် မောင်းထုတ်လိုက်သည်။

သို့သော် ထိုသတင်းမှာ အလုပ်သမားများဆီ ချက်ချင်းပျံ့နှံ့သွားရာ ဗိုလ်မှူးလီဂုချွန်က ပိုပြီး ဒေါသဖြစ်သွားသည်။ အလုပ်သမားကူလီများထဲက ရွေးချယ်ခန့်ထားသော အာသံမကာပုရပြည်သား စစ်သည်အချို့မှာ ကူလီများလို အိမ်ပြန်ခွင့် ပြန်ပြေးခွင့်လည်း မရှိကြရာ အိမ်ပြန်ချင်ကြသည်နှင့် သက်သက် တောပြော တောင်ပြော သတင်းလွှင့်နေကြသည်ဟု စိတ်ဆိုးနေသည်။ သူတို့သည် အတော်အသင့် ထူရည်လည်သော ကုလားများဖြစ်ကြရာ အင်ဖာနှင့် ကိုဟီမား သတင်းများကိုလည်း နားစွန်နားဖျား ကြားမိကြပြီး လုပ်လုပ်ပြော ဖြစ်နေကြသည်။ ပို၍ဆိုးသည်မှာ အိန္ဒိယ လွတ်လပ်ရေးအတွက် နိုင်ငံရေးသမားများကလည်း အသံတျယ်လာကြသည့်အပြင် အိန္ဒိယ နိုင်ငံရေးသမား

www.burmeseclassic.com



တစ်ဦးဖြစ်သူ ဆုဘတ်ချန္ဒရာဘို့စ်ကလည်း အိန္ဒိယမှ ဂျပန်ဘက် ထွက်ပြေးသွားပြီး မလေးကျွန်းဆွယ်နှင့် စင်္ကာပူမှ ကုလားအရာရှိ အရာခံ အလုပ်သမား ကူလီများကို စည်းရုံးကာ အိန္ဒိယ လွတ်လပ်ရေးတပ်မတော်ကို ဂျပန်တို့နှင့် ပေါင်းပြီး ၁၉၄၁ - ခုနှစ်တပင် တည်ထောင်ထားသည်။ ထိုသူအား ဒေလီ၊ ဘုံဘေ၊ ကာလကတ္တား၊ စစ်တကောင်းရှိ နိုင်ငံရေးသမားများက မျှော်နေကြသည်။

ဆုဘတ်ချန္ဒရာဘို့စ်သည် အိန္ဒိယ လွတ်လပ်ရေးတပ်မတော်ကြီးကို ဦးဆောင်ကာ ဂျပန်များနှင့်အတူ ဒေလီကို ချီတက်လာနေပြီဟုလည်း သတင်းထွက်နေသည်။ ထို့ကြောင့် လီဒိုလမ်းမရှိ အာသံမဏိပူရပြည်သား ကူလီများမှာ နေ့စဉ်ကြားနေကြရသော မိုင်းခွဲသံများကိုပင် ဂျပန်တို့၏ အမြောက်ပစ်သံများလား၊ လီဒိုလမ်းမရှိ မိုးကောင်းဘက်က စတီးဝဲလ်တို့ကို လာတိုက်နေပြီလားဟု ကျိုးလန့်စာစား ဖြစ်နေကြသည်။

ဤသို့သော အခြေအနေကြောင့် လှုပ်လှုပ်ရွရွ ဖြစ်နေသည့်ထဲ မဟုတ်မဟပ် သတင်းတွေက ပေါ်လာပြန်သောအခါ အလုပ်သမား ကူလီများနှင့် အာသံမဏိပူရဇာတိ စစ်သားတစ်ပိုင်းများကို ထိမ်းမရဖြစ်ပြီး ပြန်ပြေးသွားကြမှာနှင့် တန်ပြန် တော်လှန်လာကြမှာကို စိုးရိမ်စရာဖြစ်လာသည်။ ယခင်က အလွန်ကျိုးနွံခဲ့ကြသော အာသံမဏိပူရဇာတိတွေမှာ တရုတ်စစ်သားများကိုပင် မေးခွန်းအမျိုးမျိုး မေးလာကြကြောင်း တရုတ်ဗိုလ်မှူးကြီး လီဂျူချွန်ကြားလာရသည်။ လီဒိုလမ်းမကြီးဖောက်လုပ်ရာတွင် ဒေသခံနာဂ၊ ကချင်၊ ချင်းအမျိုးသားများထက် မဏိပူရ၊ အာသံသားများကိုသာ အားထားနေရရာ ဗိုလ်မှူးကြီးလီဂျူချွန် စိုးရိမ်မည် ဆိုကလည်း စိုးရိမ်စရာပင်။

ထို့ကြောင့် ဗိုလ်မှူးကြီး လီဂျူချွန်က ဂျေဖရီယာလ်နှင့် နာဂ၊ ကချင်၊ ချင်း အမျိုးသားများ မြင်လိုက်၊ တွေ့လိုက်၊ ကြားလိုက်ရသည် ဆိုသော တိရစ္ဆာန်ကြီး အကြောင်းကို မည်သူမျှ မပြောရ၊ မဆိုရဟု အမိန့်ထုတ်သည်။ "မိုင်းခွဲသံကို လန့်ပြီး ဆင်တွေ၊ ဆင်အုပ်တွေ ထွက်ပြေးကြတာကို သိသားနဲ့ ဘာမြွေပြိတ္တာကြီးလဲ၊ အဲဒီအကြောင်း နောက်ပြောသံကြားရင် မင်းတို့ကို ဒီလီဒိုလမ်းမမှာ အကုန်သတ်ပြီး မြှုပ်ထားခဲ့မယ်မှတ်" ဟု ကြိမ်းဝါးထားသည်။



ထိုအခါ သစ္စာရှိ၍ ကတိတည်ကြသော နာဂ, ချင်း, ကချင် အလုပ်သမားများမှာ ထိုအကြောင်း နောက်ထပ် လုံးဝ မပြောကြတော့ဘဲ ရေငုံနှုတ်ပိတ် နေလိုက်ကြရလေသည်။

❑ ❑ ❑

၂၄။

ရေမျက်နှာပြင်မှ ပေပေါင်း ၆၀၀၀ - ကျော်မြင့်သော တောင်တန်းကြီးပေါ်တွင် နေရောင်ခြည်ကို မြင်နေရသေးသည်။ အချိန်ကမူ ညနေ ခြောက်နာရီ 'ကျော်နေလေပြီ။

မိုးကောင်းတောင်ကြားရှိ အမှတ် (၁၀၁) တဲတားကို အစောင့်ကျနေသော ဂေါ်ယာ "မူရနား"သည် တောင်ထိပ်ပေါ်က နေရောင်ခြည် ကွက်တိကွက်ကြားကို အမိပ္ပါယ်မဲ့ ငေးကြည့်နေသည်။ သူ့တာဝန်မှာ ည ၁၂ - နာရီမှ ပြီးဆုံးမည်။ ထို့ကြောင့် တဲတားထိပ် တောင်ကမ်းပါးယံဘေးတွင် လေးဖင့်နွေးကွေးစွာ ထိုင်ချလိုက်သည်။

သူထိုင်ချလိုက်စဉ် ပခုံးပေါ်လွယ်ထားသော အင်္ဂလိပ်ရိုင်ဖယ် ခေါင်းတုံးကြီး သေနတ်ဒင်က မြေပြင်ကို ထိုးထောက်နေသဖြင့် စိတ်မရှည်စွာနှင့် ဆွဲဖြုတ်ကာ ရင်ခွင်ပေါ်ကန့်လန့်ဖြတ် တင်ထားလိုက်သည်။

လီဒိုလမ်းမရှိ အလုပ်သမားများ အားလုံးမှာ နားသွားကြပြီဖြစ်သဖြင့် စက်သံ၊ လူသံ၊ မိုင်းခွဲသံများကိုလည်း မကြားရတော့။ နေ့ခင်းက ဆူညံနေခဲ့သမျှ ယခုတော့ တိတ်ဆိတ်ငြိမ်သက်သွားပြီ။ သို့သော် လူသံ၊ စက်သံ၊ မိုင်းခွဲသံများ တိတ်ဆိတ်သွားသောအခါ ပတ်ဝန်းကျင်ရှိ တောတောင်များက တောတိရစ္ဆာန်အချို့၏ စီစီညံညံ အော်မြည်သံများက ဆူညံလာပြန်သည်။ အတူးသဖြင့် မျောက်လွှဲကျော်တို့၏ ကွိကွိတာတာ

www.burmeseclassic.com

www.burmeseclassic.com



မြည်သံတွေမှာ ပို၍ညံစီလာသည်။ တံတားစောင့် မူရနားသည် နေ့စဉ်ကြားနေကျ အသံများကို လုံးဝစိတ်မဝင်စားဘဲ စီးကရက်တစ်လိပ်ကို မီးညှိခဲကာ အမှတ်မဲ့သာ နေနေလိုက်သည်။

"ဒေါင် . . ."

အနောက်ဘက် တောင်ခြေရှိ အမှတ် ၈၃ - စခန်းမှ ခြောက်နာရီခွဲ သံချောင်း ခေါက်လိုက်သံကြောင့် ရုတ်တရက် သူမတ်တက်ထရပ်လိုက်သည်။ အင်္ဂလိပ် ရိုင်ဖယ်သေနတ်ကို ကမန်းကတန်း ပြန်လွယ်လိုက်ကာ ခြေလှမ်းသွက်သွက်နှင့် တံတားထိပ်ရှိ နာရီတာယာခွက်သို့ လျှောက်လာသည်။ ပြီး - မော်တော်ကား တာယာခံ သံဘီးပြားကို ဂက်စလစ်လုပ်ထားသော အချက်ပေး ကင်းသံကို "ဒေါင်" ကနဲ တစ်ချက် ခေါက်လိုက်သည်။

သူအချက်ပေး ခေါက်လိုက်သော သံချောင်းသံနှင့် ရှေ့ဆင့်နောက်ဆင့်မှာပင် အမှတ် - ၁၀၂ လူနာသယ် လေယာဉ်ကွင်း လမ်းပိုင်းဆီမှ သံချောင်းခေါက်သံ တစ်ချက်ကို ကြားလိုက်ရပြန်သည်။ ဤသည်မှာလည်း ရက်ပေါင်း၊ လပေါင်းများစွာ နေ့စဉ်ညစဉ် ကြားနေကြ အသံဖြစ်သဖြင့် မူရနား လုံးဝစိတ်မဝင်စားတော့။ စောစောက နေရောင်ခြည်ကွက်တိကွက်ကြားကို ထိုင်ကြည့်နေခဲ့ရာ တံတားထိပ်သို့ ပြန်လာထိုင်နေလိုက်သည်။

မိုးကောင်း တောင်ချိုင့်ကြားထဲတွင် မြူနှင့် မင်းလွင်ကွက်များပိုထူပြီး အုံ့ဖွဲ့ မင်းမူလာသည်။ တောင်ထိပ်ပေါ် တစ်ချက်လှမ်းကြည့်လိုက်ရာ နေရောင်ခြည်ကို မမြင်ရတော့။ တောင်ကြား ချိုင့်ဝှမ်းတို့တွင် အမှောင်လွှမ်းလာသည်။ ကောင်းကင်၌မူ ဆည်းဆာရောင်လျှံများ ကျန်နေသေးသည်။

တဖြည်းဖြည်း မှောင်လာသည်နှင့်အမျှ ပိုးကောင် မွှားကောင် ညငှက်ကောင်တို့၏ မြည်သံများနှင့် အတူ တစ်ဘက် တောင်ကြောမှ မျောက်တစ်အုပ်၏ ကွိကွိကွကွ ငြင်းခုံနေကြသံကို ပြတ်တောင်းပြတ်တောင်း ကြားနေရသည်။ ဟူးကောင်းဘက်မှ ကားသံလိုလို ကြားမိသဖြင့် ချက်ချင်း ထရပ်ကာ အမှတ် ၁၀၁ - တံတားထိပ်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလိုက်သည်။



သူဤသို့ လမ်းလျှောက်နေခြင်းမှာ အကယ်၍ အင်္ဂလိပ်စစ်ကား၊ တရုတ်စစ်ကား၊ တစ်စီးစီး ဟူကောင်းဘက်က တက်လာလျှင် သူတာဝန်ကျေကြောင်း မြင်သာထင်သာအောင် ပြသနေခြင်းပင်။ သို့သော် သူလေးငါးခြောက်ခေါက်သာ လမ်းလျှောက်၍ ပြီးသွားသည် ကားတစ်စီးတစ်လေပင် တက်လာသည်ကို မမြင်ရတော့။

လဆန်းပက္ခ၏ ၁၀ - ရက်လသည် တောင်တန်းကြီးများပေါ် ကျော်တက်လာသည်။ လဝန်းနှင့်အတူ မိုးထက်ဝဠာမှ ငွေကြယ်ပွင့်များသည် အဖြူရောင် တိမ်ခဲ တိမ်ဆိုင်များကြားထဲတွင် ပေါ်လိုက် ပျောက်လိုက်နှင့် မျက်တောင်ခတ်နေကြသည်။ မူရနားသည် ကောင်းကင်ကို တစ်ချက် မော့ကြည့်လိုက်ကာ ဝေါကနဲတစ်ချက် သမ်းပစ်လိုက်၏။

ထိုအချိန်မှာ သူကင်းစောင့်နေရာ တောင်ထိပ်ဆီမှ မျောက်လွှဲကျော်တစ်အုပ်က ဆူညံလာကြပြန်သည်။ "တောက် . . . ဒီကောင်တွေ ခုထိ မအိပ်နိုင်ကြသေးဘူး" ဟု စိတ်ထဲက ကျိန်ဆဲနေမိသည်။ သူကမူ အိပ်ချင်နေပြီ။ နားချင်နေပြီဖြစ်သော်လည်း မနားရသေး။ "ဩော် . . . ငါ့ဘဝဟာ တောမျောက်တွေလောက်တောင် လွတ်လပ်မှု မရှိပါလား" ဟုလည်း တွေးမိလိုက်ပြန်သည်။ မျောက်အော်သံမှသည် ကျားဆီ အတွေးရောက်သွားပြန်သောအခါ ရုတ်တရက် မူရနား ကျောချမ်းမိသွားပြန်သည်။ လွန်ခဲ့သော သုံးပတ်လောက်က အမှတ် ( ၉၃ ) တွင် ကင်းစောင့်ရင်း အိပ်ငိုက်နေသော ပန်ချာတစ်ယောက်ကို ကျားဆွဲသွားကြောင်း သတင်းကြားလိုက်ရသည်။

"ဒေါင် . . ."

"ဒေါင် . . ."

"ဒေါင် . . ."

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com



၂၅။

လေးလေးမှန်မှန် ပေါ်ထွက်လာသော ခုနှစ်နာရီ သံချောင်းခေါက် အချက်ဖေးသံကြောင့် သူသတိဝင်လာပြန်သည်။ အတွေးအားလုံး ထွက်ပြေးသွားကြကာ တာဝန်ရှိရာ အချက်ပေး သံချောင်းခေါက်ရမည့် နေရာသို့ အမြန်လျှောက်လာသည်။ ခုနှစ်နာရီ ထိုးပြီ ဖြစ်ကြောင်း အချက်ပေး သံချောင်းကို ကမန်းကတန်း ပြေးခေါက်လိုက်သည်။

သူခေါက်လိုက်သော သံချောင်း ခေါက်သံနှင့်အတူ (၁၀၃) တံတားဘက်မှ ခုနှစ်နာရီ သံချောင်းခေါက်သံ ပေါ်လာသည်။ သို့သော် မျောက်လွှဲကျော်များ၏ အထိက်တလန့် အော်မြည်လာကြ သံကြောင့် သူ့စိတ်ထဲ တစ်မျိုးတစ်ဖုံ အတွေးဝင်လာပြန်သည်။ မျောက်လွှဲကျော်များသည် ကျွားကို မြင်၍များ ယခုလို ဆူညံစွာ အော်ဟစ်နေကြခြင်းလား။

အသံကြားနေရသော မျောက်လွှဲကျော်များရှိရာ တောင်စောင်းဘက် မှုရနား လှမ်းမော့ကြည့်နေသည်။ လရောင်ထဲတွင် သစ်ပင်များလှုပ်ရှားနေသည်ကိုသာ မြင်နေရသည်။ မျောက်လွှဲကျော်များ အော်နေကြသံထဲတွင် လေတိုက်လာသလို အသံတစ်ခုကို ကြားမိလိုက်သဖြင့် နားစွင့်မိပြန်သည်။ မျောက်လွှဲကျော်တို့၏ အော်နေသံကမူ တဖြည်းဖြည်း ဝေးသွားသည်။ သို့သော် လေတိုက်လာသလို တဝေါဝေါတသော သော မြည်လာသံတစ်ခုကိုမူ သူ့နားထဲ ပီပီသသပင်ကြားလာရ၏။ "ဘာသံပါလိမ့်" ဟု သူ့နားကို အစွမ်းကုန် စွင့်ထားလိုက်သည်။ အသံက ပိုကျယ်လာသည်။ ပိုနီးလာသည်။ တောင်ပတ်လည်ဝိုင်းနေသော အရပ်မှ လေတစ်ချက် ဝှေ့သွားသံကိုပင် တောင်များမှ ပဲ့တင်ပြန် ရိုက်ခတ်သံလားဟု တွေးမိပြန်၏။

တောင်ပတ်လည်မှ ပဲ့တင်သံ မဟုတ်။ သူ့ နားကြားလွဲ၍ မဟုတ်။ အသံမှာ ကျယ်သထက် ပို၍ကျယ်လာသည်။ ရုတ်တရက် မှုရနား ထိတ်လန့်သွားသည်။ ရန်သူ ဂျပန် လေယာဉ်များသည် လေထီး တပ်သားများကို လာချပေးနေ[illegible]သလား။ လေယာဉ်များကို မမြင်ရခြင်းမှာ ညဖြစ်နေသည့်အပြင် ဂျပန်လေယာဉ်များသည် တောင်နှစ်လုံးကြားအတိုင်း နိမ့်နိမ့်လေး ပျံနေကြသလားဟုလည်း တွေးပြန်သည်။ အသံမှာ တစ်မိနစ်ထက်တစ်မိနစ် ပိုကျယ်လာသည်။

အင်ဖာနှင့် ကိုဟီမားတို့၏ သတင်းကို နားစွန်နားဖျား ကြားထားရသော မှုရနားမှာ ပို၍ထိတ်လန့်လာသည်။ အင်္ဂလိပ်လေယာဉ်များ ထက်ပင် လျှင်မြန်သော ဂျပန်တို့၏ လေယာဉ်များသည် အာသံပြည်ဘက်ကို အုပ်လိုက်ပျံသွားနေကြသည်ကို မြင်ခဲ့ရသည်ဟု ကိုဟီမားဘက်က လာသူများ ပြောကြသည်ဟု ယခင်နှစ်ပတ်လောက်က မှုရနား ကြားခဲ့ရသည်။

သူ၏ အတွေးမဆုံးမီမှာပင် အသံက ပိုကျယ်လာသည်။ အသံမှာ သစ်တော တောင်ကမ်းပါးယံကို လေတိုးသံ မဟုတ်။ ဂျပန်များ လေထီးနှင့် လာ၍ ချထားခဲ့သော စစ်သားများဆိုလျှင်လည်း ဤသို့ အသံ ကျယ်မည်မဟုတ်။ ခြေသံလုံလုံနှင့်သာ ပုန်းလျှိုးကွက်လျှိုး တိုးတိုး တိတ်တိတ်လာကြမည်။ ယခု ကြားနေရသော အသံမှာ သံရှည်ဆွဲ၍ တဖြည်းဖြည်း ကျယ်လာသည်။ တောခြောက်တယ်ဆိုတာများလား။

မှုရနား အတွေးမဆုံးမီပင် သစ်ခြောက်ပင် တစ်ပင် သို့မဟုတ် သစ်ခြောက်ကိုင်း တစ်ကိုင်း ရုတ်တရက် ကျိုးကျသံကြောင့် မှုရနား ပို၍ အထိတ်တလန့်ဖြစ်ကာ လှမ်းကြည့်လိုက်သည်။ ချက်ချင်း ခေါင်းနားပန်းကြီးသွား၏။ တောခြောက်သံ မဟုတ်။ စောစောက သစ်ကိုင်းကျိုးကျသံနားရှိ သစ်ပင်ငယ်များ ချုံပုတ်တောအုပ်များ ကျိုးကျိုးကျစ်ကျစ်မြည်ကာ လဲကျကုန်ကြသည်။

မှုရနားနှင့် ထိုနေရာမှာ ပေတစ်ရာကျော်လောက်သာ ဝေးတော့သည်။ ထို့ကြောင့်လည်း မှုရနားက ပို၍ ဂရုတစိုက် သေသေချာချာ ကြည့်နေသည်။ အသံကလည်း ပိုကျယ်လာပြီ။ တောချုံပုတ်များကို တိုးတိုက်ပြီး တောင်စောင်း ဆင်ခြေလျှောအတိုင်း ဆင်းလာနေသော အရာဝတ္ထုတစ်ခုကို လှမ်းမြင်လိုက်ရသည်။ အောက်ခြေကို မမြင်ရသော်လည်း ကျိုးကျ ပိပြားသွားသော တောချုံပေါ်မှ မည်းမည်းခုံးခုံး အရာဝတ္ထုတစ်ခုကို အနီးကပ် မြင်လိုက်ရချိန်မှာတော့ မှုရနား

www.burmeseclassic.com



ချက်ချင်းသိလိုက်ပြီ။

လရောင်ထဲတွင် လေယာဉ်နှင့်လာ၍ ချထားခဲ့သော ဂျပန်တို့၏ တင့်ကား၊ သို့မဟုတ် သံချပ်ကားများသည် လီဒိုလမ်းမပေါ် တစ်စီးနှင့် တစ်စီး ချိတ်ဆက်၍ ဆင်းလာနေကြလေပြီ။

"ရန်သူ . . ."

"ရန်သူ . . ."

"ရန်သူ . . ."

အသံကုန် အော်ဟစ်လိုက်သော မူရနားသည် ကင်းသံချောင်းရှိရာသို့ စွပ်ပြေးလာသည်။ သံချောင်းကို အဆက်မပြတ် တဒေါင်ဒေါင်မွှေရင်း ပါးစပ်ကလည်း "ရန်သူ . . . ရန်သူ . . ." ဟု အဆက်မပြတ် အော်ဟစ်နေသည်။ မူရနား၏နားထဲမှာ သူ့လက်နှင့် အဆက်မပြတ် ထုခေါက်နေသော သံချောင်းသံထက် ကျယ်သော သံချပ်ကာ တင့်ကားတပ်တွေ ဆင်းလာသံကိုသာ ကြားနေရသည်။

သတိပေး သံချောင်းမွှေသံနှင့် မူရနား၏ အထိတ်တလန့် အော်နေသံတို့ကြောင့် ကင်းတဲမှ ဂေါ်ယာစစ်သားနှစ်ယောက်မှာလည်း မူရနား သံယောင်ကိုလိုက်ကာ "ရန်သူ - ရန်သူ၊ ဂျပန်တွေ၊ ဂျပန်တွေ" ဟု ကယောင်ချောက်ချား အော်ဟစ်ကာ မူရနားဆီသို့ ပြေးချလာကြသည်။

ပတ်ဝန်းကျင် တစ်ခုလုံး ဆူညံနေသဖြင့် ကင်းတဲထဲမှ ပြေးထွက် လိုက်လာကြသော တံတားစောင့် ဂေါ်ယာစစ်သားနှစ်ယောက်မှာ မူရနားသာ ကြားနေရသော အသံကို လောလောဆယ် သတိမထားမိနိုင်ကြသေး။ ထို့ကြောင့် -

"မူရနား . . . မူရနား . . . ဂျပန်တွေ ဘယ်မှာလဲ" ဟုသာ အထိတ်တလန့်နှင့် ဗိုင်းမေးနေကြ၏။

"ဟို . . . ဟို . . . ဟိုဘက်မှာ၊ တောင်ပေါ်က ဂျပန်သံချပ်ကာ ကားတွေ ဆင်းဆင်းလာနေကြပြီ"

မူရနား ဦးဆောင်သော တံတားစောင့် သုံးယောက်သည် အင်္ဂလိပ် ရိုင်ဖယ်ပြောင်းကို မူရနားပြရာဘက်ကို ချိန်ရွယ်ကာ နီးရာသစ်ပင်များဆီ ပြေးကပ် နေရာယူလိုက်ကြသည်။ ထိုအချိန်မှာပင် တောင်စောင်းအတိုင်း တရွေ့ရွေ့ လျှောဆင်းလာသော မည်းမည်း



လုံးလုံး အတ္တဘောကြီးတစ်ခုမှာ "ဝုန်း" ကနဲ အသံနှင့်အတူ လီဒိုလမ်းမပေါ် ပြုတ်ကျလာလေသည်။ မူရနားနှင့် ထိုအရာဝတ္ထုမှာ ကိုက်အနည်းငယ်သာ ဝေးတော့သည်။

လရောင်နှင့် ပြိုးပြက်သွားသော သတ္တဝါကြီး၏ မျက်လုံး နှစ်လုံးကို အစကမူ တံတားစောင့် သုံးယောက်တို့က မီးမှိတ်ထားသော သံချပ်ကာ ကားမှ မျက်လုံးနှစ်လုံးဟုပင် ထင်လိုက်ကြသေးသည်။ သို့သော် လုံကြီး လက်ခုတ်တစ်ဖောင်ခန့် အမြင့်ရှိပြီး ရှည်လျားသော မည်းမည်းလုံးလုံး သတ္တဝါကြီးကို နဖူးတွေ့ဒူးတွေ့ တွေ့လိုက် မြင်လိုက်ကြရတော့မှ သုံးယောက်စလုံးမှာ "ဟင်- ဟာ- ဟယ်" ဖြစ်ကုန်ကြတော့သည်။

တောင်စောင်းပေါ်မှ ရုတ်တရက် လိမ့်ကျလာသော ထိုသတ္တဝါကြီးက သူ့ခေါင်းကို မူရနားတို့ ရှိရာဘက် ခေါင်းလှည့်လိုက်စဉ် ချန်ကီက "ပစ် . . ." ဟု တအားကုန် အော်လိုက်သည်။

"ဒိုင်း . . ."

"ဒိုင်း . . ."

"ဒိုင်း . . ."

အင်္ဂလိပ် ရိုင်ဖယ်သေနတ်သံ သုံးချက်သည် တောင်တံတိုင်းကြီးတွေကို ပဲ့တင်ရိုက်ဟည်းကာ မိုးယံဘက် လွင့်တက် သောင်ဘင်ခတ်သွားသည်။

သတ္တဝါကြီးမှာ သေနတ်သံလက်နှင့် အဆက်မပြတ် ပစ်ခတ်လိုက်ရသဖြင့် မူရနားတို့ဘက် ခေါင်းလှည့်လာရာမှ တံတားဘက်သို့ လှည့်သွားသည်။ တံတားစောင့် သုံးယောက်မှာ သူတို့နှင့် နီးနီးကပ်ကပ် ရှိနေသော သတ္တဝါကြီးကို အဆက်မပြတ် ပစ်ခတ်နေကြရတုန်း

ကျည်ထိသေနတ်မှန်၍ ရုတ်တရက် တစ်ဘက်လှည့်သွားသော သတ္တဝါကြီး၏ ဦးခေါင်းကို မမြင်ရသော်လည်း လုံကြီး လက်ခုတ် တစ်ဖောင်ခန့်မြင့်သော အတ္တဘောကြီးမှာ သူတို့ရှေ့၌ တောင်တန်းကြီး တစ်ခု ရွေ့လျားနေသလို သွားနေသည်။ ထိုအခါမှ သူတို့သုံးယောက် ရင်ဆိုင် ပစ်ခတ်နေကြရသော သတ္တဝါကြီးမှာ ဧရာမ မြွေကြီး တစ်ကောင်ဖြစ်မှန်း သိလိုက်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မြွေအစစ်ဟု သူတို့ မထင်ကြ။ နာနာဘာဝ၊ ဝိနာဘာဝ တစ်ကောင်သည် မြွေသဏ္ဌာန်ယောင်ဆောင်ကာ သူတို့ကို လာခြောက်နေသည်ဟု ထင်လိုက်ကြသည်။ ထို့ကြောင့်လည်း လရောင်ထဲတွင် ထင်ထင်ရှားရှား မြင်နေရသော ထိုမိစ္ဆာကောင်ကြီး၏ အတ္တဘောကြီးကို သူတို့ သုံးယောက်မှာ အင်္ဂလိပ်ရိုင်ဖယ် သေနတ်သုံးလက်နှင့် အဆက်မပြတ် တည်ပစ်နေကြသည်။

သူတို့၏ တဒိုင်းဒိုင်း ပစ်ခတ်နေသံထဲ၌ပင် အမှတ် (၁၀၁) တံတားကြီး ဝုန်းကနဲ ကျိုးကျသံကို ကြားလိုက်ကြရပြန်သည်။ တံတားကြီး ပြိုကျသံ၊ သေနတ်သံ၊ ကြားရာအရပ်ရှိ လီဒိုလမ်းမ တစ်လျှောက်မှ သံချောင်းမြွေသံတို့မှာ ဆူညံနေသည်။

ဤတံတားကြီးမှာ နေ့စဉ်နှင့်အမျှ ထရပ်ကားကြီးများ၊ မြေညှိမြေထိုးစက်ကြီးများ၊ မြေကော် မြေကြိတ်စက်ကြီးများအပြင် တင့်ကား၊ သံချပ်ကာ ကားများလည်း ဥဒဟိုသွားလာနေကြသော တံတားဖြစ်သည်။ ဤမျှထိ အလေးချိန်ကို ခံနိုင်သော တံတားကြီးက ယခု ဝုန်းကနဲ ကျိုးကျသံနှင့်အတူ တံတားစောင့် သုံးယောက်တို့၏ တဒိုင်းဒိုင်း ပစ်ခတ်နေကြသံနှင့်အတူ မြွေသတ္တဝါကြီးမှာလည်း ချောက်ထဲသို့ ဝေါကနဲ ထိုးကျသွားလေသည်။

တံတားစောင့် သုံးယောက်မှာ ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် တံတားထိပ်ဘက် ပြေးသွားကြပြီး မဝံ့မရဲ လှမ်းငုံ့ကြည့်လိုက်ကြ၏။ မြွေသတ္တဝါကြီး၏ အမြီးပိုင်းနှင့် လိမ်ယှက်ပတ်ငြိနေသော တံတားတိုင်ကြီး တစ်လုံးသည် သူတို့မျက်စိရှေ့၌ပင် ကျိုးကျလဲဆင်းသွားပြန်သည်။ ဖရိုဖရဲ ဖြစ်သွားသော အခင်းပျဉ်ပြားများနှင့် တုတ်လျှောက် ဒိုင်းမြား သံဘောင်ကြီးများသည် မြွေပြိတ္တာကြီးကိုယ်ပေါ် ပုံကျသွားကြသည်။

ထိုအခါ မြွေပြိတ္တာကြီးသည် တံတားပျက်မှ သူ့ကိုယ်ပေါ် ပုံကျလာသော တုတ်လျှောက် ဒိုင်းမြား သံဘောင်ကြီးများကြားထဲက ထိုးထွက်သွားကာ သစ်ပင်ချုံတောများကို တိုးတိုက်ပြီး တံတားကြီး ဖြတ်ထိုးထားသော ချောင်းအတိုင်း မြောက်ဘက်သို့ ဆန်တက်သွား



ချောင်းအတိုင်း ဆန်တက် ပြေးသွားသော မြွေပြိတ္တာကြီးကို တံတားစောင့် သုံးယောက်မှာ တစ်မိနစ် နှစ်မိနစ်ခန့် ကြာသည်အထိ လှမ်းကြည့် ငေးနေမိကြသည်။

မြွေပြိတ္တာကြီး ထွက်ပြေးသွားပြီး မိနစ်နှစ်ဆယ်ခန့်အကြာတွင် လီဒိုလမ်းမ၏ အရှေ့ဘက်မှ စစ်ကားတစ်စီး ဆင်းချလာသည်။ သို့သော် တံတားကြီး ကျိုးကျနေသဖြင့် ချောက်ကမ်းပါးထိပ်၌ပင် ကားရပ်သွား၏။ တရုတ် စစ်ဗိုလ်တစ်ဦးက လက်နှိပ်ဓာတ်မီးနှင့် လှမ်းထိုးကာ တံတားစောင့်ကို "ကျုတိ . . . ကျုတိ . . ." ဟု လှမ်းအော်ခေါ်သည်။ သံချောင်းမြွေသံ, သေနတ်သံတို့ကိုလည်း လှမ်းမေးသည်။

တံတားစောင့်များဖြစ်ကြသော မူရုနားနှင့် ချန်ကီတို့က ဖြစ်ကြောင်း ကုန်စင်ကို အထိတ်တလန့် ပြန်ပြောနေကြစဉ် ရှင်ဗွေယံနှင့် ဟူးကောင်း အခြေစိုက်စခန်းများမှ အင်္ဂလိပ် စစ်ဗိုလ်နှစ်ဦးနှင့် စစ်သားအပြည့်ပါသော စစ်ကားကြီးနှစ်စီးသည် အမှတ် ၁၀၁ - တံတား၏ ဤမှာဘက်ထိပ် အနောက်ဘက်သို့ ရောက်လာကြပြန်သည်။

သည်လိုနှင့် ၁၀၁ - တံတား၏ ဟိုဘက် သည်ဘက်သို့ ရောက်လာကြသော တပ်မှ စစ်သားများသည် မူရုနားနှင့် တံတားစောင့်တို့ကို မေးမြန်းရင်းမေးရင်းနှင့် တစ်ညလုံး တံတားပြိုကြီးကို ကြည့်ကြ၊ ဓာတ်ပုံရိုက်ကြ၊ ထပ်မေးကြနှင့် အလုပ်ရှုပ်နေကြသည်။ သူတို့ကို ကြည့်ရသည်မှာ မြွေပြိတ္တာကြီးကြောင့် တံတားကျိုးကျ ပျက်စီးသွားသည်ကိုပင် မယုံသင်္ကာ ဖြစ်နေကြသလိုပင်။ ထို့ကြောင့်လည်း ထပ်မေးလိုက် မြွေပြိတ္တာကြီး လိမ့်ကျလာပါသည်ဆိုသော တောင်ကမ်းပါးယံကို အထပ်ထပ်အခါခါ ကြည့်လိုက်နှင့် မိုးလင်းသွား၏။

နံနက် မိုးမလင်းမီ အချိန်ကလေးမှာပင် တရုတ်ဗိုလ်မှူးကြီး လီတုံချွန်လည်း မြွေပြိတ္တာကြီးကြောင့် ကျိုးကျနေသော တံတား အမှတ် (၁၀၁)သို့ ပေါက်ချလာသည်။ မူရုနားနှင့် ချန်ကီတို့ကို အသေးစိတ်မေးပြီး တံတားကျိုးအောက်ထဲထိ ဆင်းကြည့်သည်။ ဓာတ်ပုံတွေ ထပ်ရိုက်ပြန်သည်။ ကျိုးပဲ့နေသော တိုင်များ၊ တုတ်လျှောက် ဒိုင်းမြားများနှင့် ကပ်ငြိကျန်နေခဲ့သော မြွေအကြေးခွံကြီးများ၊ သွေးအိုင် သွေးကွက်ကြီးများကို ငုံ့ကြည့်ပြီး မည်သည့် အဓိပ္ပါယ်မှန်းမသိ ခေါင်းတွင်တွင်ညိတ်

www.burmeseclassic.com

www.burmeseclassic.com



လုပ်၍ ပြန်သွားလေသည်။

ဗိုလ်မှူးကြီး လီဗျူးလ်ုန် ပြန်သွားသောအခါ အမှတ် (၁၀၁) တံတားကို လာကြည့်ကြသော အိန္ဒိယစစ်သား ကုလားအလုပ်သမား ထဲမှ ကချင်နှင့် နာဂ အလုပ်သမားများသည် မြွေပြိတ္တာကြီး၏ အကြေးခွံများကို သူ့ထက်ငါဦး လုဆင်းကောက်ကြသည်။ သူတို့၏ ဓလေ့စရိုက်မှာ ထူးဆန်းကြီးမားသော တိရစ္ဆာန်ကြီးများ၏ ဦးချို၊ အရိုး၊ အစွယ်၊ အမွေး အတောင် စသည်များကို အမှတ်တရ အထိမ်းအမှတ် ထားတတ်ကြ လေ့ရှိရာ ဤတံတား (၁၀၁)ကို ဖျက်စီးသွားသော မြွေပြိတ္တာကြီး၏ အကြေးခွံများကိုလည်း အမှတ်တရ အထိမ်းအမှတ်အဖြစ် ထားလို၍ ကောက်ယူခဲ့ကြခြင်းဖြစ်သည်။

ထို့ကြောင့်လည်း ဟူကောင်း၊ ရှင်ဗွေယံရှိ နာဂရွာ အချို့တွင် လီဒိုလမ်းမက ကောက်ယူလာခဲ့ကြသော မြွေပြိတ္တာကြီး၏ အကြေးခွံများမှာ ယနေ့တိုင် ရှိနေကြတုန်းပင်။ ထိုမြွေပြိတ္တာကြီး၏ အကြေးခွံကြီး တစ်ချပ်တစ်ချပ်မှာ ပန်ကန်ပြားထက်ပင်ကြီးသဖြင့် ထိုပတ်ဝန်းကျင်မှ နာဂ အမျိုးသားများသည် ထိုမြွေပြိတ္တာကြီး၏ အကြေးခွံကို ဂုဏ်ယူ ဝင့်ကြွားစွာ ပွဲလမ်းသဘင်များတွင် လည်ပင်း၌ ဆွဲ၍ ကခုန်တတ်ကြ လေသည်။

ထိုစဉ်က မြွေပြိတ္တာကြီး တံတားဖျက်သွားသည့် အကြောင်းမှာ အာသံပြည်ထုတ် သတင်းစာ၌ သတင်းပါခဲ့သည်။ သို့သော် ထိုအချိန်က မြွေပြိတ္တာကြီးထက် သူတို့၏ အင်ဖာရွှေမြို့တော်ကြီး၏ သတင်းက ပိုပြီး အရေးကြီးသော သတင်းဖြစ်နေသဖြင့် မြွေပြိတ္တာကြီးသတင်းမှာ မှေးမှိန် သွားခဲ့လေသည်။

အိန္ဒိယပြည် လီဒိုမှ တရုတ်ပြည် ချူကင်းသို့ ဖောက်ခဲ့သော မဟာလီဒိုလမ်းမကြီးသည် ၁၉၄၅ - ခု၊ ဇန်နဝါရီလ ၂၇ - ရက်နေ့တွင် ဆက်မိသွားလေသည်။ ၂၈ - ရက်ကစ၍ လီဒိုမှ အမေရိကန် ပစ္စည်း များနှင့် လော်ရီကားတန်းကြီးသည် တရုတ်ပြည်ဘက်သို့ မောင်းဝင်သွား ကြလေသည်။

✍

မိုးကျော့

❑ ❑ ❑